## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး
## ပဉ္စမနေ့ မှတ်တမ်း

၁၃၇၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်

( ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက် )

[ သောကြာနေ့ ]

**အချိန်၊ ၁၀း၁၅။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ အစီအစဉ်ကို နံနက် ၁၀း၁၅ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်း မော်၊ ညွှန်ကြားရေး မှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၁၅။**

**အခမ်းအနားမှူး ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ ပဉ္စမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့်စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

# အမျိုးသားလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးပဉ္စမနေ့မှာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တ က်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၇)ဦးရှိပြီး၊ ဒီကနေ့ အစည်းအဝေးကို (၁၉၁)ဦး တက်ရောက် ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကို ယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၈.၀၂)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ် ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စား လှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော် လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၀ နဲ့ နည်းဥပဒေ ၂၀(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ (က)နဲ့ (ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်။ ၁၀း၁၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေးရဲ့ ပဉ္စမနေ့အစီအစဉ်ကို အမျိုးသားလွှတ် တော် ကိုယ်စားလှယ် များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

# အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ
# ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ဆိုင်ရာနည်းဥပဒေ ၄ ၊ နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေခွဲငယ်(၁)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော် ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော် လည်းကောင်း၊ မိမိအတွက်အခြားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန် ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ယခုခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။ ခွင့်ပန်ကြားချက်နဲ့ ပတ်သက်လို့ လွှတ်တော်ရဲ့ သဘော တူညီချက်ကို အချိန်ကို ငွေ့ညှာတဲ့အနေနဲ့ နောက်ဆုံးမှာ စုပေါင်းပြီးတော့ ဆောင်ရွက်မှာ ဖြစ်ပါ တယ်။ အားလုံးသဘောတူပါသလား ခင်ဗျား။

**ကိုယ်စားလှယ်များ။** ။သဘောတူပါသည်။

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ဒေါက်တာခင်မောင်လေး တင်ပြဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဒေါက်တာခင်မောင်လေး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ချိုဦး သည် မိခင်ကျန်းမာရေးကိစ္စ ဆောင်ရွက်ရန် ရှိပါ သဖြင့် ဒီကနေ့ ဖေဖော် ဝါရီလ ၁၇ ရက်နေ့အား ခွင့်အဖြစ်သတ်မှတ်ပေးရန် ၎င်း၏ကိုယ်စား ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်လေး မှ ခွင့်ပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဦးဉာဏ်လင်း၊ ဧရာဝတီ တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဦးဉာဏ်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဉာဏ်လင်း ဖြစ်ပါတယ်။ ဧရာ ဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)မှ

အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးညွန့်လှိုင် ၏ကိုယ်စား ခွင့်ပန်ကြားခြင်း ဖြစ်ပါတယ်။ ဦးညွန့်လှိုင် ဟာ ကိုယ် တိုင်ဆောင်ရွက်ရန်ကိစ္စ ရှိပါသဖြင့် ယနေ့ ၁၇-၂-၂၀၁၂ ရက်အား ခွင့်(၁)ရက် သတ်မှတ်ပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဦးအုန်းတင် တင်ပြဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၄) မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်စောဖြူ သည် နေမကောင်းပြန်ဖြစ်နေပါသဖြင့် ၁၇-၂-၂၀၁၂ ရက်နေ့(၁)ရက်အား ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ၎င်း၏ကိုယ်စား ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးအုန်းတင် မှ ခွင့်ပန်ကြား အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဦးစိုးမြင့် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဦးစိုးမြင့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစံထွန်း သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့်၁၇-၂-၂၀၁၂ မှ ၂၀-၂-၂၀၁၂ ရက်နေ့အထိ ခွင့် အဖြစ် သတ်မှတ်ပေးနိုင်ရန် ဦးစံထွန်း ကိုယ်စား ကျွန် တော် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးမြင့် မှ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ဦးထွန်းလွင်၊ ကချင်(၉) တင်ပြဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဦးထွန်းလွင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးထွန်းလွင် ဖြစ်ပါတယ်။ ကချင်ပြည်နယ်

မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမြအုန်း ၏ ကိုယ်စား ခွင့်ပန်ကြားခြင်းဖြစ်ပါတယ်။ဦးမြအုန်း သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့်၇-၂-၂၀၁၂ ရက်နေ့မှ ၂၄-၂-၂၀၁၂ ရက်နေ့ထိ ခွင့် (၈)ရက် သတ်မှတ်ပေးပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးစိုင်းတင်အောင် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဦးစိုင်းတင်အောင် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခက်ထိန်နန် ဟာ ကိုယ်တိုင်ဆောင်ရွက်ရမယ့် ကိစ္စရှိပါသဖြင့် ယနေ့ ၁၇-၂-၂၀၁၂ ရက်နေ့ကို ခွင့် (၁)ရက်အဖြစ် သတ်မှတ်ပေးပါရန် ဦးခက်ထိန်နန် ရဲ့ ကိုယ်စား ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးစိုင်းတင်အောင် မှ လေးစားစွာ ခွင့်တိုင်အပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာဗညားအောင်မိုး တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနိုင်ထွန်းအုံ သည် ခုတင် (၁၀၀၀)ဆေးရုံသို့ ဆီးနှင့်ကျောက်ကပ် ဆရာ ဝန်ကြီးကိုပြရန် လိုအပ်ပါသဖြင့် ယနေ့ ၁၇-၂-၂၀၁၂ ရက်နေ့ (၁)ရက်ကို ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ယင်း၏ကိုယ်စား မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ် (၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဒေါက်တာဗညားအော င်မိုး က လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးသန်းဆွေ၊ မကွေး(၇) တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၅။**

**ဦးသန်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်သည် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသန်းဆွေ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးထွန်းဇော် (ခ) ကိုပေါက် ၏ ကိုယ်စား ခွင့်ပန်ကြားမှာ ဖြစ်ပါတယ်။ ဦးထွန်းဇော် သည် မိမိကိုယ်တိုင် ဆောင်ရွက်ရမည့် ကိစ္စရှိပါသဖြင့် ၁၇-၂-၂၀၁၂ ရက်နေ့ (၁)ရက်အား ခွင့်အဖြစ် သတ်မှတ်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးစိုင်းဝင်းမောင် တင်ပြဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၅။**

**ဦးစိုင်းဝင်းမောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ် (၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်း ဝင်းမောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးရှု မောင်၏ ကိုယ်စား ခွင့်တိုင်ကြားမှာ ဖြစ်ပါတယ်။ ဦးရှုမောင် ဟာ ကျောက်ကပ်ရောဂါကြောင့် ဆက်လက်ပြီး ဆေးကုသမှုခံယူရန် ရှိပါသဖြင့် ဒီကနေ့ ၁၇-၂-၂၀၁၂ ရက်နေ့ (၁)ရက်အား ခွင့်သတ်မှတ် ပေးပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးလှိုင်ဦး တင်ပြဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဦးလှိုင်ဦး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ဧရာ ဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦး လှိုင်ဦး ဖြစ်ပါတယ်။ ဧရာ ဝတီတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ် (၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဌေးနိုင်၏ ကိုယ်စား ခွင့်ပန်ကြားခြင်း ဖြစ်ပါတယ်။ ဒေါက်တာဌေးနိုင် သည် အအေးမိပြီး နေမကောင်း

ပါသဖြင့် ၁၇-၂-၂၀၁၂ ရက်နေ့ (၁)ရက်အား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် လေးစား စွာတင်ပြ အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးဇော်နိုင်ဦး တင်ပြဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဦးဇော်နိုင်ဦး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွန်း ၏ကိုယ်စား ခွင့်ပန်ကြားခြင်းဖြစ်ပါတယ်။ ဦးညီညီထွန်း သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ၁၇-၂-၂၀၁၂ ရက်နေ့အား ခွင့် (၁)ရက်အဖြစ် သတ်မှတ်ပေးနိုင်ပါရန် ကျွန်တော် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇော်နိုင်ဦး မှ လေးစားစွာခွင့်ပန်ကြားရခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းသိန်း ၊ ဧရာဝတီ(၉) တင်ပြဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၇။**

**ဦးဝင်းသိန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ကတော့ ဧရာ ဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းသိန်း ဖြစ်ပါတယ်။ ဧရာဝတီ တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးသက်လင်း သည် မိသားစုကျန်းမာရေးကိစ္စ ဆောင်ရွက် ရန်ရှိပါသဖြင့် ၁၇-၂-၂၀၁၂ ရက်နေ့ (၁)နေ့အား ခွင့် (၁)ရက်အဖြစ် သတ်မှတ်ပေးနိုင်ပါရန် ဦးသက်လင်း ၏ ကိုယ်စား ခွင့်ပန်ကြားရခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးဆလိုင်းခွဲယန် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၇။**

**ဦးဆလိုင်းခွဲယန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆလိုင်းခွဲယန် ဖြစ်ပါတယ်။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆွန်ဒုတ်ကျင့် ၏ ကိုယ်စား

ခွင့်ပန်ကြားခြင်းဖြစ်ပါတယ်။ ဦးဆွန်ဒုတ်ကျင့် သည် အရေးကြီးသော လူမှုကိစ္စဆောင်ရွက်ရန် ရှိပါသဖြင့် ၁၇-၂-၂၀၁၂ ရက်နေ့ ယနေ့ (သောကြာနေ့)ကို ခွင့် (၁)ရက် သတ်မှတ်ပေးပါရန် လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးလှသိန်း တင်ပြဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၈။**

**ဦးလှသိန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှသိန်း ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁) မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကြည်ထွန်း ကိုယ်စား ခွင့်တင်ပြတောင်းခံသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ဦးကြည်ထွန်း သည် ခါးနာရောဂါကို ခုတင် (၁၀၀၀)ဆံ့ဆေးရုံတွင် တက်ရောက်ဆေးကုသမှု ခံယူနေပါသဖြင့် ၁၇-၂-၂၀၁၂ ရက်နေ့ (၁)ရက်အား ခွင့် အဖြစ် သတ်မှတ်ပေးပါရန် လေးစားစွာ ဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးတင်ယု တင်ပြဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၈။**

**ဦးတင်ယု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန် တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုး သည် နေမကောင်းပါသဖြင့် ယနေ့ ၁၇-၂-၂၀၁၂ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိပါသဖြင့် ခွင့်အဖြစ် သတ်မှတ်ပေးနိုင်ပါရန် ဒေါက်တာမြတ်ဉာဏစိုး ကိုယ်စား ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးတင်ယု က ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာစိုးဝင်း၊ မွန်(၂) တင်ပြဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဒေါက်တာစိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလှသိန်း သည် မိသားစုကျန်းမာရေးကိစ္စ ဆောင်ရွက်ရန်ရှိနေပါသဖြင့် ၁၇-၂-၂၀၁၂ ရက်နေ့ ယနေ့အား ခွင့် (၁)ရက်အဖြစ် သတ်မှတ်ပေးနိုင်ပါရန် ဒေါက်တာလှသိန်း ကိုယ်စား မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဒေါက်တာစိုးဝင်း မှ လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဦးကျော်သူဦး ၊ မကွေး(၅) တင်ပြဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဦးကျော်သူဦး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်သူဦး ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်ဝင်း ကိုယ်စား ခွင့်ပန်ကြားခြင်းဖြစ်ပါတယ်။ ဦးတင် ဝင်း သည် အအေးမိနေမကောင်းပါသဖြင့် ၁၇-၂-၂၀၁၂ ရက်နေ့ (၁)ရက်အား ခွင့်ရက်အဖြစ် သတ်မှတ်ပေးနိုင်ပါရန် ဦးတင်ဝင်း ကိုယ်စားလေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဦးမြင့်လှိုင် ၊ ရခိုင်(၁၂) တင်ပြဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဦးမြင့်လှိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမြင့်လှိုင် ဖြစ်ပါတယ်။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးငွေး ဝင်းမှာ မိမိကိုယ်တိုင် ဆောင်ရွက်ရန်အရေးကြီး ကိစ္စရှိနေပါသဖြင့် ၁၇-၂-၂၀၁၂ ရက်နေ့ (၁)ရက်ကို ခွင့်ရက်အဖြစ် သတ်မှတ်ပေးနိုင်ပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှ တ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်အေးထွန်း မှာ ဆရာ ဝန် ညွှန်ကြားချက်အရ နေပြည်တော်ခုတင် (၁၀၀၀) ဆေးရုံတွင် ဆေးစစ်ခံရန်ရှိနေပါသဖြင့် ၁၇-၂-၂၀၁၂ ရက်နေ့ (၁)ရက်ကို ခွင့်အဖြစ်သတ်မှတ် ပေးပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါ တယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးမိုးမြင့် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဦးမိုးမြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်ပါ သော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတို င်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမိုးမြင့် ဖြစ်ပါတယ်။ တနင်္သာရီ တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျားမောင် ၏ ကိုယ်စား ခွင့်ပန်ကြားခြင်းဖြစ်ပါတယ်။ ဦးကျားမော င် သည် မိသားစုကျန်းမာရေးကိစ္စ များ ဆောင်ရွက်ရန်ရှိပါသဖြင့် ၁၇-၂-၂၀၁၂ ရက်နေ့ (၁)ရက်ကို ခွင့်အဖြစ် သတ်မှတ်ပေးနိုင်ပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးသန်းဆွေ၊ တနင်္သာရီ(၂)တင်ပြဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၁။**

**ဦးသန်းဆွေ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် က တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးသန်းဆွေ ဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင် ဝင်း ကိုယ်စား ခွင့်ပန်ကြားခြင်း ဖြစ်ပါတယ်။ ဦးအောင်ဝင်း ဟာ ဖြစ်ပွားနေသော အစာအိမ်ရောဂါ ပိုဆိုးလာပါသဖြင့် ရန်ကု န်သို့ သွားပြ ရသောကြောင့် ၁၇-၂-၂၀၁၂ ရက်နေ့ (၁)ရက်ကို ခွင့်အဖြစ်သတ်မှတ်ပေးပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားသော ကိုယ်စားလှယ် (၂၁)ဦးရဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်ကခွင့်ပြုကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၇)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၅)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၁)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပန်ကြား၍ခွင့်ပြုထားသူ (၂၆)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေခွဲငယ်(၂) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အ ခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အ ခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ။** ။ယနေ့ အစည်းအ ဝေးကို ၁၀း၀၀ နာရီ ချိန်း ဆိုထားသော်လည်း အမျိုးသားစီမံကိန်း ဥပဒေကြမ်းဆိုင်ရာ ညှိနှိုင်းဆွေးနွေး နေတာနဲ့ နည်းနည်းနောက်ကျသွားတာ လွှတ်တော်ကို တင်ပြပါတယ်။ အမျိုးသား စီမံကိန်းဥပဒေကြမ်းနဲ့ ပတ်သက်လို့ ပြည်ထောင်စု လွှတ်တော်မှာ ဆွေးနွေးထားတဲ့ပုဂ္ဂိုလ်များ၊ ဝန်ကြီးဌာနအလိုက် ဘတ်ဂျက်ကို စစ်ဆေးဖို့အတွက် အစည်းအဝေး ဆုံးဖြတ်ချက်အရ တာ ဝန်ပေးအပ်ထားတဲ့ ကော်မတီဥက္ကဋ္ဌနဲ့ အတွင်း ရေးမှူးများ နေ့လယ် ထမင်းစား ပြီးတဲ့အချိန် ၁၄း၀၀ နာရီမှာ ဇာတ်သဘင်ခန်းမမှာ ဥပဒေကြမ်းပူးပေါင်း ကော်မတီနဲ့ ညှိနှိုင်းဖို့ရှိပါတယ်။ ဒီအစည်းအ ဝေးတက်ဖို့ ရှိပါတယ်။ ကျန်တဲ့ပုဂ္ဂိုလ်တွေနဲ့ အမျိုးသားလွှတ်တော် အစည်းအဝေးကို ဆက်လက်ကျင်းပမှာ ဖြစ်ပါတယ်။ ဆွေးနွေးထားတဲ့ ပုဂ္ဂိုလ်များ ကတော့ ဒေါက်တာမြဦး၊ ပဲခူး (၉)ဖြစ်ပါတယ်။ ဦးဖုန်းမြင့်အောင် ၊ ရန်ကုန် (၃)၊ ဦးနေဝင်းထွန်း ၊ ရှမ်း (၉)၊ ဒေါက်တာမြင့်ကြည် ၊ ရန်ကုန် (၈)၊ ဦးကျော်ကျော် ၊ ရခိုင် (၂)၊ ဒေါက်တာမြတ်ဉာဏစိုး ဒီနေ့ ခွင့်သွားနောယ်ဆိုရင်လည်း ဒီအစည်းအဝေးဟာ စနေ၊ တနင်္ဂနွေမှာ ဆက်ရှိမှာဖြစ်တဲ့အတွက် နီးစပ်ရာကနေဆက်ပြီးတော့ အသိပေးဖို့ ဖြစ်ပါတယ်။ ဦးစောမော်ထွန်း၊ ဦးစံပြည့်၊ ဦးမောင်စောဖြူ၊ ဦးလှဆွေ၊ ဦးသန်းဆွေ တနင်္သာရီ (၂)၊ ဒေါက်တာတင်ရွှေ၊ ဦးမြင့်ထွန်း၊ ဦးခင်မောင်လတ်၊ ဦးဇော်မြင့်ဖေ၊ ဦးဇုန်လှယ်ထန်း၊ ဦးအုန်းတင်၊ ဦးငွေးရယ်၊ ဦးခင်မောင်ရီ၊ ဒေါက်တာအေးမောင်၊ ဒေါက်တာဗညားအောင်မိုး တို့ဖြစ်ပါတယ်။ ဘယ်သူကျန်သေးလဲ ဆွေးနွေးတဲ့အထဲမှာ အားလုံးပါလား။ ဆွေးနွေးထားတဲ့ ပုဂ္ဂိုလ်တွေအားလုံးနဲ့ ကော် မတီဥက္ကဋ္ဌ၊ အတွင်းအရေးမှူးအားလုံး ဇာတ်သဘင်ဆောင်မှာ နေ့လယ် ဥပဒေကြမ်းပူးပေါင်းကော်မတီနဲ့ အစည်းအဝေးကို တက်လိုက်ပါ။ ကျန်တဲ့ပုဂ္ဂိုလ်တွေနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ လုပ်ငန်းတွေ ကို ဆက်ပြီးတော့ လုပ်သွားမှာ ဖြစ်ပါတယ်။

## ဦးမန်းကံညွန့်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် စာကြည့်တိုက်အတွက် အလှူငွေ လှူဒါန်းခြင်းကို အမျိုးသားလွှတ်တော်က မှတ်တမ်းတင်ထားမည်ဖြစ်ကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမန်းကံညွန့် က အမျိုးသားလွှတ်တော် စာကြည့်တိုက်အတွက် အလှူငွေ ကျပ် နှစ်သောင်း လှူဒါန်းထားပါတယ်။

အလှူငွေ လှူဒါန်းခြင်းအတွ က် အမျိုးသားလွှတ်တော်က မှတ်တမ်း တင်ပါကြောင်း ကြေညာအပ်ပါတယ်။ (သြဘာသံများ )

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားသော မေးခွန်းများကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာဖြစ်ပါတယ်။

## ဝန်ထမ်းများအား လစာတိုးပေးရန်နှင့် ဌာနဆိုင်ရာတွင် တပ်မတော်မှ ပြောင်းရွှေ့ လာသူများအား ခန့်ထားသည့် ပေါ်လစီကို ပြန်လည်သုံးသပ်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ၊** ။ပထမဦးစွာချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဗင်သာဘိတ် က ဝန်ထမ်းများအား လစာတိုးပေးရန်နှင့် ဌာနဆိုင်ရာတွင် တပ်မတော်မှ ပြောင်းရွှေ့ လာသူများအား ခန့်ထားသည့် ပေါ်လစီကို ပြန်လည်သုံးသပ်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၄။**

**ဦးစတီဖင်သာဘိတ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြ ည်ထောင်စုဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ် များခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၄)မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးစတီဖင်သာဘိတ် ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ဝန်ထမ်းများအား လစာ တိုးပေးရေးနှင့် တပ်မတော်ဝန်ထမ်း များအား ဌာနဆိုင်ရာအသီးသီးသို့ ပြောင်းရွှေ့ ခန့်ထားမှု ပေါ်လစီ ပြန်လည်သုံးသပ်ရန် အစီအစဉ်ရှိ/မရှိကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား ။ ဝန်ထမ်းလစာနဲ့ပတ်သက်လို့ ပြည်သူ့ လွှတ်တော် ဥက္ကဋ္ဌ က ပြည်ထောင်စုလွှတ်တော်တွင် လမ်းညွှန်မိန့်ကြားမှုအပေါ် သမ္မတကြီး၏ကိုယ်စား ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးမှ ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် တင်ပြဆွေးနွေးသွားပြီး ဖြစ်သော်လည်း ကျွန်တော့်အနေနဲ့ ဆက်လက်တင်ပြ ဆွေးနွေးခွင့်ပြုပါရန် တောင်းခံအပ်ပါတယ် ခင်ဗျား။ အချိန်ကို လေးစားသောအားဖြင့် ကျွန်တော့် ဆွေးနွေးချက်ကို ဖတ်ကြားခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား ဝန်ကြီးဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းကြီးငယ် များ ရှိပြီး သက်ကြီးရွယ် အိုများ နှစ်စဉ်နှင့်အမျှ ဌာနအသီးသီးမှ အငြိမ်းစား ယူကြသလို တက္ကသိုလ် ကောလိပ်မှ ပညာ ဆည်းပူးပြီး ဘွဲ့အသီးသီးရယူကြ သော လူငယ်များလည်း မိမိဝါသနာ အလျောက် ရရှိသော ဌာနဆိုင်ရာ အလုပ်ဖြစ်စေ၊ ရရာအလုပ်ကိုဖြစ် စေ လုပ်ကိုင်ကြသော ဝန်ထမ်းများ ရှိကြပါတယ်။ မိ မိရရှိသော လစာဝင်ငွေအပေါ် မိသားစုရပ်တည်ရန် ရုန်းကန်နေ သော ဝန်ထမ်းရှိသလို ငွေကြေးပြည့်စုံပြီး မိမိရတဲ့လစာဝင်ငွေအပေါ် ရပ်တည်စရာမလိုတဲ့ အပျော်တမ်း ဝန်ထမ်း အချို့လည်း ရှိပါတယ်။ ဆိုလိုတာက တော့ နိုင်ငံ့ဝန်ထမ်းလောကထဲမှာ ပုံစံအမျိုးမျိုးနဲ့ ပတ်ဝန်းကျင်အမျိုးမျိုး ခံယူတာဝန်ထမ်းဆောင်ကြသည်ကို တွေ့ရမှာ ဖြစ်ပါတယ်။ ၎င်းဝန်ထမ်းများထဲမှ မိမိ လစာဝင်ငွေကို မှီခိုပြီး မိမိ မိသားစုဝမ်းစာ၊ စားဝတ်နေရေး ဖူလုံရေး၊ ဘဝတိုးတက်ရာ တိုးတက် ကြောင်းကို စိတ်ရောကိုယ်ပါအားစိုက်ပြီး မိမိဌာနအပေါ် သံယောဇဉ် များစွာနဲ့ ကြိုးစားပမ်းစားလုပ်ကြသော ဝန်ထ မ်းများမှာ အများစုဖြစ်နေကြောင်းကို သုံးသပ်ရ ပါတယ်။ နှစ်စဉ်နှစ်တိုး မှန်မှန်လေးရရှိရေး ကိုပါ မျှော်မှန်းစောင့်ဆိုင်းနေကြသော ဝန်ထမ်းလည်း မနည်းကြပါဘူး။ သို့သော်လည်းပဲ တိုင်းပြည်ရဲ့ စီးပွားရေးအခြေအနေအရ ဝမ်းစာဖူလုံအောင် လစာပေးနိုင်ခြင်း မရှိသေးတဲ့အတွက် ဝန်ထမ်းကြီးငယ်အများစုဟာ စားဝတ်နေရေး ကြပ်တည်းမှု

ရှိသောကြောင့် ဌာနဆိုင်ရာအလုပ်အပေါ် အာရုံစိုက်မှုလျော့နည်းပြီး ပြင်ပအလုပ်မှအစ ဌာနအတွင်းပစ္စည်း၊ ဘဏ္ဍာငွေ အလွဲသုံးစားမှုအထိ လာဘ်ပေးလာဘ်ယူ ပြုလုပ်မှုအဆုံး အကျင့်စာရိတ္တ ပျက်ပြားမှု ရှိနေခြင်း ဒီအချက်ဟာ ကျွန်တော်တို့ တိုင်းပြည်ရဲ့ တိုးတက်မှုအပေါ် စိန်ခေါ်မှုတစ်ရပ်ကြီး ဖြစ်နေပါတယ်။ အဲဒါကြောင့်လည်း သမ္မတကြီးရဲ့ လမ်းညွှန်ချက်အရ Clean Government ဖြစ်အောင် ဌာနဆိုင်ရာတိုင်းမှာ ရှိရမယ်၊ ဖြစ်ရမယ်လို့ အင်မတန် ကောင်းမွန်သော ပေါ်လစီချမှတ်ပေးသော်လည်း ဌာနဆိုင်ရာအသီးသီး ဝန်ထမ်းကြီးငယ် အဆင့်အထိ သက်ရောက်မှု မရှိသေးကြောင်းကို နယ်အသီးသီး၊ ဌာနဆိုင်ရာအသီးသီးရဲ့ အတွေ့အကြုံအရ သိရှိရပါတယ်။ ဒီလို အကျင့်ပျက်ခြစားမှု ဖြစ်ရခြင်းဟာလည်း အစိုးရ အပေါ်မှာ တာဝန်မကင်းကြောင်းကို ဆွေးနွေး သုံးသပ်လိုပါတယ် ခင်ဗျား။

ၾငင်းအပြင် ပိုမိုပြီး ဝန်ထမ်းများခံစားမှု တစ်ခုအနေဖြင့် တင်ပြရမယ်ဆိုရင် ပညာတတ်၊ လူတော်လူကောင်းဝန်ထမ်းများဌာနအတွင်းလုပ်သက်ရှန်ထမ်းများလည်း မိမိတို့ပညာအလျောက် သော်လည်းကောင်း၊ မိမိတို့လုပ်သက်အရသော်လည်းကောင်း ရှေ့တစ်လှမ်းတက်လှမ်းဖို့ အထက် ရာထူးအဆင့်၊ ရာထူးမြင့်တိုးမြှင့်ဖို့ စောင့်ဆိုင်းနေကြ သောဝန်ထမ်းများ မိမိတို့လုပ်ငန်းကဏ္ဍ အလိုက်ရှိကြသော်လည်းပဲ မိမိတို့ဌာနဝန်ထမ်းထဲမှ ရာထူးတိုးပေးဆောင်ရွက်မှုမရှိဘဲ တပ်မတော် မှပြောင်းရွှေ့လာသော ဝန်ထမ်းများအား မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ ပြည်နယ်တိုင်းအဆင့်မှ ဗဟိုအဆင့်အထိ ခန့်ထားမှုများရှိနေသောကြောင့် အရပ်ဝန်ထမ်းများ မျှော်မှန်းထားသော ရာထူး နေရာများတွင် ရာထူးတက်ခွင့် မရှိတော့တဲ့ ပြဿနာကြီးဟာလည်း ကျွန်တော်တို့ မြန်မာနိုင်ငံ အတွင်း ဌာနဆိုင်ရာအသီးသီးနှင့် အရပ်သားဝန်ထမ်းများ စိတ်ဓာတ်ကျဆင်းမှု ၎င်းပုဂ္ဂိုလ်တို့နှင့် ဌာနအတွင်းဆက်ဆံရေး မပြေလည်မှု အချို့ သောအရာရှိတို့၏ ဩဇာအာဏာပြမှုဆိုတဲ့ မပြေလည်မှု များစွာရှိသောကြောင့် အချို့ဝန်ထမ်းများ သည် မိမိဘဝတစ်သက်တာ နောက် တစ်ဆင့် ရာထူးတက်ဖို့ လမ်းပိတ်သွားတဲ့ အတွက် အလုပ်ပေါ် အာရုံပြုမှု၊ ကြိုးစားအားထုတ်မှု လျော့နည်းပြီး၊ ကျွမ်းကျင်မှုရှိ ပြီးသော ဝန်ထမ်းကောင်းများ အလုပ် မှ နုတ်ထွက်သွားသော ဝန်ထမ်းကောင်းလည်း မနည်းတော့ပါ ကြောင်း တွေ့ရှိနေပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ တပ်မတော်ဝန်ထမ်းများအပေါ် ပုဂ္ဂိုလ်ရေးရာနှင့် လုံးဝမသက်ဆိုင်ပါကြောင်းကို အထူးအသိပေး ပြောကြားလိုပါတယ်။ ချမှတ်ထား သော ပေါ်လစီအပိုင်းကိုပဲ တင်ပြ ခြင်း ဖြစ်ပါတယ်။ အခုအချိန်ဟာ ပြည်သူလူထုနဲ့ တပ်မတော်ကြား၊ အရပ်ဝန်ထမ်းနဲ့ တပ်မတော်ကြား နားလည်မှု

လွဲမှားမှုပပျောက်အောင် တိုင်းပြည်တိုးတက်အောင် အတူတကွ လက်တွဲဆောင် ရွက်မယ့် အချိန်ကာလဖြစ်နေကြောင်း သုံးသပ်လိုပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ အခုလက်ရှိ ဖြစ်ပျက် နေသော ဝန်ထမ်းလောကအခြေအနေကို တင်ပြရရင် (၁) မိမိရရှိသော လစာဝင်ငွေ မလုံလောက်မှုရှိခြင်း ၊ (၂) အဲဒါကြောင့် မိမိလုပ်ငန်းအပေါ် ကြိုးစားအားထုတ်မှု လျော့နည်းခြင်း ၊ (၃) ကုန်ဈေးနှုန်းများ မြင့်တက်ခြင်းနဲ့ အစိုးရဌာန၏ ဝန်ဆောင်မှုမြင့်တက်ခြင်းကြောင့် ပိုမို ခက်ခဲမှုရှိခြင်း၊ (၄) ဝန်ထမ်းအကြီးအကဲများမှ မိမိလက်အောက်ငယ်သား ဝန်ထမ်းများအပေါ် စောင့်ရှောက်မှု အားနည်းခြင်း၊ (၅) စားဝတ်နေရေး ကြပ်တည်းမှုကြောင့် ဌာနအတွင်း၊ ဌာန ပြင်ပတွင် မသမာမှု များလာခြင်း(၆) အရပ်ဘက်ဝန်ထမ်းများ ရာထူးတစ်ဆင့်တက်ရောက်ရန် မျှော်မှန်းထား သော်လည်း မြို့နယ်အဆင့်မှ ခရိုင်၊ ပြည်နယ်၊ တိုင်းဗဟိုအဆင့် ရာထူးများအထိ တပ်မတော် ဝန်ထမ်းများ ဝင်ရောက်ခန့်ထားသဖြင့် ရာထူးတိုးမြှ င့်တဲ့နေရာ ပိတ်ဆို့မှုရှိခြင်း၊ (၇) အချို့သော တပ်မတော် အရာရှိနှင့် အရပ်သားဝန်ထမ်းများအကြား ဩဇာအာဏာပြမှုနှင့် ဆက်ဆံမှု မပြေလည်ခြင်းကြောင့် ဝန်ထမ်းများ စိတ်ဓာတ်ကျဆင်းခြင်း၊ အလုပ်မှနုတ်ထွက်ခြင်း စသည့် စသည့် အချက်များ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလက်ရှိ မြန်မာနိုင်ငံတော်ကြီးဟာ ဒီမိုကရေစီလမ်းကြောင်း ပေါ်မှာ မှန်မှန်ကြီး လျှောက်လှမ်းနေတဲ့အချိန်မှာ ဝန်ထမ်းတိုင်းက ဘယ်ကဏ္ဍကပဲ တိုင်းပြည် အတွက် တာဝန်ယူယူပင်ပန်းသော အလုပ်တာ ဝန်ပဲလုပ်လုပ်၊ သက်သာသော တာဝန်ပဲလုပ်လုပ် တိုင်းပြည်ထူထောင်ရေးမှာ တန်းတူ တာဝန်ရှိသလို၊ တန်းတူ အခွင့်အရေးလည်းရှိဖို့ လိုပါတယ်။ ပြည်သူလူထုနဲ့ တက်ညီလက်ညီလက်တွဲပြီး မိမိကျရာကဏ္ဍကနေ တာဝန် ယူဆောင်ရွက်ကြဖို့ အထူးလိုအပ်တဲ့ အချိန်ကာလ ဖြစ်နေပါတယ်။ အဲဒါကြောင့် အထက်ပါတင်ပြချ က်များကြောင့် တိုင်းပြည်တိုးတက်မှုကို အဟန့်အတားဖြစ်ပြီး ပြည်သူလူထုများ တိုင်းပြည်အတွက် အကျိုးစီးပွား နစ်နာမှုများ ရှိနေပါတယ်။ သို့ပါ၍ ကျွန်တော် မေးမြန်းလိုသည်မှာ ပထမမေးခွန်းကို ဝန်ထမ်း လစာတိုးပေးရေး မေးမြန်းရန်ဖြစ်သော်လည်း ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ဘဏ္ဍာ ရေးနှင့် အခွန်ဝန်ကြီးမှ ဖြေကြားသွားပြီဖြစ်တဲ့အတွက် မေးမြန်းခြင်း မပြုတော့ဘဲ အကြံပဲပြုချင်ပါတယ် ခင်ဗျား။ ဝန်ကြီးဌာနအသီးသီးမှ ပြည်သူလူထုကို ချက်ချင်းအကျိုးမပြုနိုင်သေးတဲ့ အချို့စီမံကိန်း များကို ခေတ္တ (၂)နှစ်၊ (၃)နှစ်ခန့် ရွှေ့ဆိုင်းပြီး ထွက်လာသောဘတ်ဂျက်မှ ဝန်ထမ်းလစာ

စရိတ်ကိုတော့ မဖြစ်မနေ တိုးပေးသင့်ပါကြောင်း ဥက္ကဋ္ဌကြီး မှတစ်ဆင့် တင်ပြလိုပါတယ်ခင်ဗျား။ မေးခွန်း(၂) ယခုလက်ရှိ ကျင့်သုံးနေသော ဌာနဆိုင်ရာတိုင်းမှာ မြို့နယ်အဆင့်မှ ခရိုင်အဆင့်၊ ပြည်နယ်တိုင်းအဆင့်၊ ဗဟိုအဆင့်များတွင် တပ်မတော်ဝန်ထမ်းများခန့်ထားမှု ပေါ်လစီကို ပြန်လည်သုံးသပ်ရန် အစီအစဥ် မရှိသေးဘူးလား။ (၃) အစီအစဥ် မရှိဘူးဆိုပါက အဘယ် ကြောင့်နည်း။ (၄) အစီအစဥ် ရှိတယ်ဆိုပါက ဘယ်နှစ်ခုနှစ် လောက်မှာ စတင်ကျင့်သုံးမည်ကို ပြည်သူလူထုနဲ့ နိုင်ငံ့ဝန်ထမ်းများ ဝန်ထမ်းများရဲ့မိသားစုကိုယ်စား မေးမြန်းရခြင်းဖြစ်ပါကြောင်း လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ** ။မေးခွန်းနဲ့ ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၄၂။**

**ဦးစိုးမောင်(ပြည်ထောင်စုဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၂)။** ။ လေးစားအပ်ပါ သော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ ကျန်းမာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန(၂)၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဟားခါးမြို့နယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစတီဗင်သာဘိတ် ရဲ့ မေးခွန်းများကို ဖြေကြားခွင့်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါကြောင်း ပဏာမ တင်ပြလိုပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဝန်ထမ်းများ လစာတိုးပေးရန်ကိစ္စနှင့်ပတ်သက်လို့ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ပြည်ထောင်စုလွှတ်တော်မှာ အသေးစိတ်တင်ပြခဲ့ပြီးဖြစ်လို့ ကျွန်တော့်အနေနဲ့ ထပ်မံမတင်ပြ တော့ပါဘူး။ ဆက်လက်ပြီး တင်ပြလိုတာကတော့ မိမိလုပ်ငန်းအပေါ် ကြိုးစားအားထုတ်မှု လျော့နည်းခြင်းနဲ့ပတ်သက်လို့ အနည်းငယ် ဆွေးနွေးလိုပါတယ်။ လူတစ်ယောက်ဟာ မိမိ လုပ်ကိုင်နေတဲ့ လုပ်ငန်းအပေါ် သစ္စာရှိမှုများဖြစ်တဲ့ ကြိုးစားမှု၊ အားထုတ်မှု၊ အားသွန်ခွန်စိုက် လုပ်ကိုင်မှု၊ တီထွင်ကြံဆမှု၊ ပေါင်းစပ်ညှိနှိုင်းမှု၊ အကြံဉာဏ်ရယူမှု၊ လေ့လာသုံးသပ်မှုပြုလုပ်ပြီး တစ်နေ့ထက်တစ်နေ့ တိုးတက်အောင် လုပ်ဆောင်ရမယ့် တာဝန်တွေ ရှိပါတယ်။ ဒီတာဝန်တွေ ပျက်ကွက်ရင် ပျက်ကွက်သူမှာပဲ တာဝန်ရှိပါတယ်။ တောင်သူလယ်သမားတစ်ယောက်ဟာ ဒီနှစ်မိုးရွာမလား၊ ဒီနှစ်မိုးခေါင်မလားဆိုတာ စဉ်းစားနေချိန် မရှိပါဘူး။ နွေရာသီမှာကတည်းက

ဖုံတထောင်းထောင်းနဲ့ ထွန်ယက်နေတာဖြစ်ပါတယ်။ လယ်သမားများကလည်း သူ့အချိန်တန်ရင် ထယ်ရေး(တမန်း) ညက်အောင် ထွန်ကြရတာပဲ ဖြစ်ပါတယ်။ ဒီနှစ်မိုးခေါင်မှာဆိုပြီး ယာမထွန်၊ လယ်မထွန်ဘဲနဲ့ မနေပါဘူး။ မိုးရွာလာတဲ့အခါ ဒီနှစ်အဆင်သင့်ဖြစ်အောင် ကြိုတင် ပြင်ဆင်ကြရတာ ဖြစ်ပါတယ်။ အရပ်စကားနဲ့ပြောရရင် ကျွန်တော်တို့ဝန်ထမ်းတွေမှာ မိုးခေါင်တယ်ဆိုတာ မရှိပါဘူး။ အရိပ်လိုချင်ရင် နေပူကစောင့် ဆိုသလို အနာခံမှလည်း အသာစံရမှာ ဖြစ်ပါတယ်။ ဒါပေးမှ ဒါလုပ်မယ် Give And Take ဆိုတာ နေရာတိုင်းမှာ ကျင့်သုံးရမယ့် သဘောမရှိပါဘူး။ သားသမီးတိုင်းက မိဘတိုင်းအပေါ်မှာ သားသမီးဝတ္တရား ငါးပါးနဲ့အညီ တာဝန်ကျေပွန်ဖို့လိုသလိုဝန်ထမ်းတိုင်းကမိမိရဲ့တာဝန်ကိုကျေပွန်ရမှာဖြစ်ပါတယ်။ နိုင်ငံသားတိုင်းက နိုင်ငံသားတာဝန်ကျေပွန်မှသာ နိုင်ငံရဲ့အသီးအပွင့်ကို ခံစားကြရမှာဖြစ်ပါတယ်။ ကိုယ်တိုင်စားချင်မှ စားရမယ်လို့သိပေမယ့် စိုက်ပျိုးထားခဲ့တဲ့ အဖိုးအဖွားရဲ့ သရက်၊ ပိန္နဲ၊ အုန်း၊ ထန်း၊ မန်ကျည်း၊ ဒူးရင်း၊ ဩဇာ စတဲ့ နှစ်ရှည်ပင်တွေရဲ့ အသီးကို ရာသီရောက်တိုင်းရောက်တိုင်း သားသမီး၊ မြေး၊ မြစ်တွေက ပြုံးပြုံးရွှင်ရွှင်နဲ့ ခူးဆွတ်စားချင်ကြပေမယ့် မိမိကမွေးထုတ်လိုက်တဲ့ သားသမီး၊ မြေး၊ မြစ်၊ တီ၊ တွတ် အတွက် မိမိကိုယ်တိုင်က ရှင်သန်ဖွံ့ဖြိုးအောင် တိုးတက်စည်ပင်အောင် မစိုက်ပျိုးပေးခဲ့ရင် ကိုယ့်မိသားစုတွေရဲ့ နောင်လာ သားစဥ်မြေးဆက်၊ မြစ်၊ တီ၊ တွတ်၊ တွေဟာ စိုက်ပျိုးပေးခဲ့တဲ့ သူများမိသားစုရဲ့ သားစဥ်မြေးဆက်၊ မြစ်၊ တီ၊ တွတ် တွေလို အရန်သင့်၊ အဆင်သင့် ခူးစားသလို မိမိတို့မှာ ခူး၊ ဆွတ်စားစရာ ရှိပါ့မလားဆိုတာကိုလည်း ရေရှည် Long Term အတွက် မျှော်မြင်ကြည့်စေချင်ပါတယ်။ ကိုယ့်အလှည့်၊ ကိုယ့်တာဝန်ကျလို့ တာဝန်ကျေပွန်အောင် တာဝန်သိသိ မခိုမကပ် လုပ်ကြမယ်ဆိုရင် အနစ်နာခံကြမယ်ဆိုရင် အနစ်နာမခံထိုက်ဘူးလားဆိုတာ ပြန်လည်သုံးသပ် ဆင်ခြင်ဖို့လိုပါတယ်။ ဒီနေရာမှာ ကြုံကြိုက်လို့ တင်ပြလိုပါတယ်။ ယခုလို ဒီမိုကရေစီလမ်းကြောင်းပေါ်ကို အေးချမ်းတည်ငြိမ်စွာနဲ့ ကူးပြောင်းရောက်ရှိလာနိုင်အောင် (၁၇)နှစ်တိုင်တိုင် ရုံးမှာပဲအိပ်ပြီး စီမံဆောင်ရွက်ပေးသူများနဲ့ လုပ်ငန်းခွင်များမှာ နေ့မအားညမနား ပြည်တွင်းပြည်ပ ခလုတ်ကန်သင်းတွေကြားက ပန်းတွေခင်းပေးနိုင်ခဲ့အောင်တာဝန်အပေါ် အလေးအနက်ထားလုပ်ဆောင်အကောင်အထည်ဖော်ခဲ့သူများနဲ့ ပြည်သူများအားလုံးကို အထူးကျေးဇူးတင်မိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အလုပ်ဟူသမျှ ဂုဏ်ရှိစွ အလုပ်ရှိမှထမင်း ရှိမယ်။ အလုပ်မရှိ ထမင်းမရှိဆိုတဲ့ သတိပေးဆောင်ပုဒ်တွေနဲ့အညီ ဒီမိုကရေစီခေတ် လမ်းကြောင်းပေါ်မှာ

မှီခိုကပ်ရပ်တဲ့စိတ် အချောင်သမားစိတ်၊ ရေသာခိုစိတ်၊ တွက်ကပ်စိတ်တွေကို ဘေးဖယ်ထားပြီး ဒီမိုကရေစီအနှစ်သာရနဲ့အညီ လူတိုင်းဟာ စတင်အလုပ်လုပ်နိုင်တဲ့ အရွယ်ကစပြီး အလုပ်လုပ်ပြီး အလုပ်လုပ်နိုင်သေးတဲ့ အရွယ်အထိ မခိုမကပ် တာဝန်ကျေပွန်အောင် မိမိအိမ်မှာ မိမိလုပ်ငန်းခွင်မှာ အချိန်ပြည့်၊ စွမ်းအားအပြည့် အလုပ်လုပ်ကြဖို့ တိုက်တွန်းလိုပါတယ်။ မိမိရဲ့ အဖေ၊ အမေ ညီအစ်ကိုမောင်နှမကို ချစ်တတ်မှ မိသားစုစိတ်ဓာတ်ရှိသူ ဖြစ်ပါမယ်။ မိမိအလုပ်ကို ချစ်တတ်မှ ဝန်ထမ်းကောင်း ဖြစ်ပါမယ်။ မိမိဇာတိမြေကို ချစ်တတ်မှ ဇာတိသွေး၊ ဇာတိမာန်ရှိသူဖြစ်ပါမယ်။ မိမိနိုင်ငံကို ချစ်တတ်မှ နိုင်ငံသားကောင်းဖြစ်ပါမယ်။ လူသားတွေကို ချစ်တတ်မှ လူပီသပါမ ယ်။ ဒီတာဝန်တွေဟာ မွေးရာပါတာဝန်တွေဖြစ်လို့ မိမိဟာ ဒီတာဝန်တွေကို ဘယ်လောက်ကျေပွန်သလဲလို့ ကိုယ့်ကိုကိုယ် ပြန်လည်သုံးသပ်ကြည့်ရင် ပြဿနာရှိတော့မှာ မဟုတ်ပါဘူး။ နိုင်ငံသားအမြင်၊ လူသားအမြင်နဲ့လည်း ကြည့်ပေးကြပါလို့ မေတ္တာရပ်ခံတင်ပြလိုပါတယ်။

ဝန်ထမ်းအကြီးအကဲရဲ့ စောင့်ရှောက်မှုနှင့်ပတ်သက်လို့ လူတိုင်းဟာ ကိုယ့်ကိုကိုယ် အားကိုးရမှာ ဖြစ်ပါတယ်။ ကိုယ့်အားကိုယ်ကိုးစိတ်မရှိရင် စွန့်စားမှု၊ တီထွင်ကြံဆမှု Intiative ပျောက်ဆုံးပြီးတော့ မှီခိုကပ်ရပ်လိုစိတ်၊ နောက်မြီးဆွဲဝါဒ၊ ရေသာခိုအချောင်လိုက်တတ်တဲ့ စိတ်ဓာတ်တွေနဲ့ အားငယ်ညှိုးနွမ်းပြီး ကိုယ့်ကိုကိုယ် ယုံကြည်စိတ်တွေ ပျောက်ဆုံးသွားနိုင်ပါတယ်။ မိသားစုတစ်စုချင်းအတွင်းမှာတောင် သစ်တစ်ပင်ကောင်းရင် ငှက်တစ်သောင်းနားမယ်ဆိုတဲ့ စိတ်ဓာတ်နဲ့အဖေ့လုပ်စာအပေါ်မှာ ထိုင်စားလိုစိတ်ကနေ ဝန်ထမ်းဖြစ်လာတော့လည်း ဝန်ထမ်းအကြီးအကဲအပေါ်၊ ဌာနအပေါ်၊ အစိုးရအပေါ်ပဲ မိမိတာဝန်ကို ပုခုံးပြောင်းတင်ပေးချင်တဲ့ စိတ်တွေမရှိသင့်ပါဘူး။ ချို့တဲ့မှုဟာ မိဘဝင်ငွေမကောင်းလို့ဟု ရှုမြင်သုံးသပ်နေရင် တစ်ဦးချင်းမှာရှိတဲ့ ကိုယ့်ဘဝကိုယ်ကျောင်းရမယ့် ကိုယ်စီတာဝန်တွေဟာ ဘယ်နေရာမှာ သွားလုပ်တော့မလဲလို့ မေးစရာရှိလာပါတယ်။ ဒီနေရာမှာ နိုင်ငံတကာအများစု ကျင့်သုံးနေတာတွေကို တင်ပြလိုပါတယ်။ အသက်(၁၈)နှစ်၊ အချို့နိုင်ငံများမှာ အသက်(၂၀)နှစ်ပြည့်တာနဲ့ သားသမီး တစ်ဦးချင်းဟာ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ရမယ်လို့ သတ်မှတ်ထားတဲ့ ကျင့်စဉ်၊ ဓလေ့ထုံးတမ်းရှိတဲ့နိုင်ငံတွေမှာ မိဘအပေါ် မှီခိုကပ်ရပ်နေတဲ့ အမှီခိုစိတ်ဓာတ်မရှိဘဲ ကိုယ့်ဒူးကိုယ်ချွန် စိတ်ဓာတ်၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်လိုတဲ့ တစ်ဦးချင်းစီရဲ့ စိတ်ဓာတ်နဲ့ ဇွဲ၊ လုံ့လ၊ ဝီရိယတွေကြောင့် တစ်ဦးချင်းက တိုးတက်လာသလို၊ တစ်မိသားစုချင်း

ကလည်းပဲ တိုးတက်လာပြီး တစ်နိုင်ငံချင်းစီဟာ ဖွံ့ဖြိုးတိုးတက်နေတာ လက်ညှိုးထိုးပြလို့ ရပါတယ်။ ဆက်လက်ပြီးတော့ ကုန်စျေးနှုန်းမြင့်တက်ခြင်းနဲ့ ပတ်သက်လို့တင်ပြရရင် မေးမြန်း ထောက်ပြချက်မှာပါတဲ့ အစိုးရဌာနရဲ့ ဝန်ဆောင်မှု မြင့်တက်ခြင်းဆိုတာ အစိုးရအဖွဲ့က ချမှတ်ထားတဲ့ သတ်မှတ်ဝန်ဆောင်မှုဟာ Zero ရာခိုင်နှုန်း နီးပါးဖြစ်ပါတယ်။ ဌာနဝန်ဆောင်မှု ကောက်ခံတဲ့ဌာနဆိုလို့ မိမိဝင်ငွေမိမိရှာပြီး မိမိဝန်ထမ်း လစာကို မိမိဌာနကပေးချေတဲ့ စည်ပင်သာယာရေးဝန်ကြီးဌာနနဲ့ဆောက်လုပ်ရေးဝန်ကြီးဌာနလောက်ဖြစ်ဌာနကြေးဆိုတာဝန်ဆောင်ခ ပေးသွင်းရတာမျိုး ရှိပါတယ်။ ကျန်တဲ့အစိုးရဌာနများဟာ ဝန်ဆောင်ခ တောင်းခံခြင်း/ပေးသွင်း စေခြင်း မရှိပါဘူး။ သို့သော် မိမိလုပ်ငန်းအတွက် တင်ပြထားချက်၊ မိမိတောင်းခံထားတဲ့ ခွင့်ပြုမိန့်များ မြန်မြန်ရလိုမှုကြောင့် ဝန်ထမ်းများကို တရားမဝင်လာဘ်ထိုးသူများရဲ့ စည်းကမ်း ဖောက်ဖျက်မှုကနေ ရေစီးကမ်းပြိုလိုက်သွားတဲ့ လမ်းကြောင်းဟာ ကျယ်သထက်ကျယ်၊ နက်သထက်နက်လာတဲ့အခါ သားသမီးမကောင်း မိဘခေါင်း ဆိုတာမျိုး ဖြစ်လာပါတယ်။ လာဘ်ထိုးသူကလည်းထိုး၊ လာဘ်ယူသူကလည်း ယူခဲ့ကြတယ်။ ဒါကြောင့် နိုင်ငံတော် သမ္မတကြီးက လာဘ်ပေးလာဘ်ယူမှုဟာ လူတစ်ဦးချင်း ထိခိုက်စေသည်သာမက နိုင်ငံနဲ့ လူမျိုးရဲ့ ဂုဏ်သိက္ခာပါ ထိခိုက်စေတဲ့အတွက် ပြည်သူရဲ့ အကူအညီကိုရယူပြီး ထိရောက်စွာ တားဆီးသွားပါမယ်လို့ မိန့်ကြားခဲ့ပါတယ်။

နိုင်ငံတော်သမ္မတ၏ တာဝန်ပေးချက်အရ သမ္မတရုံးဝန်ကြီးဌာန(၂)အနေဖြင့် Good Governance and Clean Government အတွက် ၅-၄-၂၀၁၁ ရက်နေ့မှ စပြီးတော့ ၃၁-၁-၂၀၁၂ရက်နေ့အထိ ကာလအတွင်းမှာ နိုင်ငံတော်သမ္မတထံတင်ပြတဲ့စာပေါင်း(၆၆၆၀)စောင် ရှိပါတယ်။ အဲဒီအနက်ကနေပြီးတော့ စိစစ်ပြီးတဲ့စာပေါင်းဟာ (၂၇၀၀)စောင် ရှိခဲ့ပါတယ်။ ဆက်လက်ပြီးလည်း စိစစ်ဆဲ (၁၉၅၁)စောင် ရှိခဲ့ပါတယ်။ အဆင့်မမီတဲ့ အကြိမ်ကြိမ်တိုင်ကြားမှု (၁၉၂၉)စောင် ဖြစ်ပါတယ်။ အဆိုပါစာစောင်များနဲ့ ပတ်သက်ပြီးတော့ တရားရေးကဏ္ဍ၌ တရားသူကြီးကို တိုင်ကြားမှု(၄၉)စောင်၊ တရားစီရင်မှုကို တိုင်ကြားမှု(၈၆)စောင်၊ ရှေ့နေကို တိုင်ကြားမှုက (၃၉)စောင် ရှိပါသည်။ တရားမမှုတွင် အမွေမှု(၂၄)စောင်နှင့် မြေမှု(၃၆၆)စောင် ရှိပြီး ရာဇဝတ်မှုတွင် အလွဲသုံးစားမှု(၅၁)စောင်၊ လူသတ်မှု (၆)စောင်၊ မုဒိမ်းမှု(၉)စောင်၊ အမျိုးသမီးမှု (၈)စောင်၊ ညှဉ်းပမ်းနှိပ်စက်မှု(၂၉)စောင်၊ လိမ်လည်မှု(၆၄)စောင်၊ လာဘ်ပေး လာဘ်ယူမှု (၄၁)စောင်၊ ဘာသာရေးဆိုင်ရာ(၆၉)စောင်၊ အရပ်သားအချင်းချင်း တိုင်ကြားမှု

(၁၃၂၅)စောင်၊ ကျေးရွာအုပ်ချုပ်ရေးမှူးကိုတိုင်ကြားမှု(၂၁၄)စောင်၊ ဝန်ထမ်းများနှင့် ပတ်သက်၍ တိုင်ကြားရာတွင် တပ်မတော်ဆိုင်ရာ(၇၀)စောင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ (၁၂၆)စောင်၊ ဆရာဝန်ကို တိုင်ကြားမှု (၁၂)စောင်၊ အထွေထွေအုပ်ချုပ်ရေး ဝန်ထမ်းတိုင်ကြားမှု(၄၆)စောင်၊ စည်ပင်ဝန်ထမ်း တိုင်ကြားမှု (၇၂)စောင်၊ ပညာရေးဝန်ထမ်းတိုင်ကြားမှု(၇၄)စောင်တို့ကို စိစစ်ရာ မှန်ကန်ကြောင်းတွေ့ရတဲ့သူများကို ကျူးလွန်တဲ့ပြစ်မှုအလိုက် ထောင်ချထုတ်ပစ်ခြင်း၊ ထုတ်ပစ်ခြင်း၊ အငြိမ်းစားပေးခြင်း၊ အဆင့်လျှော့ချခြင်း၊ အဆင့်တိုးမြှင့်မှုကို ရပ်ဆိုင်းခြင်း၊ နေရာရွှေ့ပြောင်းခြင်း၊ မှတ်တမ်းဝင်သတိပေးခြင်း၊ နှုတ်ဖြင့်သတိပေးခြင်းတို့ကို ဆောင်ရွက်၍ အရေးယူထိန်းသိမ်းဆောင်ရွက်လျက် ရှိပါတယ်။ ဆက်လက်လည်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ တိုင်ကြားတင်ပြရာမှာ နစ်နာသူကိုယ်တိုင်က အမည်၊ မှတ်ပုံတင်အမှတ်၊ လက်မှတ် သို့မဟုတ် လက်ဗွေ၊ ဓာတ်ပုံ၊ လိပ်စာအပြည့်အစုံ၊ ခိုင်ခိုင်မာမာ အထောက်အထားဖြင့် တိုင်ကြားတင်ပြချက်ကိုသာ အရေးယူဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ မမှန်မကန် တိုင်ကြားစာ များ (၁၂၆)စောင် လက်ခံရရှိခဲ့ရာ ရုံးလုပ်ငန်းမှာ အချိန်ကုန် လူပမ်းဖြစ်တဲ့အတွက် မမှန်မကန်တိုင်ကြားသူများကို ဤသို့မပြုလုပ်ရန် မှတ်တမ်းတင် သတိပေးခဲ့ရပါတယ်။ နောင်တွင် မနာလိုဝန်တိုမှု၊ လုပ်ကြံမှု၊ အသရေဖျက်လိုမှုကြောင့် မမှန်မကန်တင်ပြ တိုင်ကြားသူများကိုလည်း ထိရောက်စွာ အရေးယူသွားမှာ ဖြစ်ပါတယ်။

အစိုးရအဖွဲ့ဟာ Good Governance and Clean Government ဖြစ်ရေး အတွက် ရေးဆွဲပြဋ္ဌာန်းပြီး ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေတွေကို လက်တွေ့အကောင်အထည်ဖော်ရင်း ပြင်ဆင်သင့်တဲ့ ဥပဒေ/နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေကို အချိန်နဲ့အမျှ ပြင်ဆင်ပေးနေပါတယ်။ သို့သော်လည်း ဝန်ထမ်းအပါအဝင် နိုင်ငံသားအားလုံးက တာဝန်သိသိနဲ့ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေအတိုင်း တိတိကျကျလိုက်နာ အကောင်အထည် ဖော်ကြဖို့လိုပါတယ်။ မျက်နှာကြီးငယ်မဟူ ထောက်ထားငဲ့ညှာမှု၊ အားနာမှု၊ မျက်နှာလိုက်မှု၊ ဘက်လိုက်မှုမရှိပဲ No One Is Above The Law Everyone Is Equal Before The Law ဆိုတဲ့အတိုင်း တိတိကျကျလိုက်နာဆောင်ရွက်မှု အားနည်းနေသေးသမျှ အမှန်တရား၊ ထင်သာမြင်သာ ရှိမှု၊ ပွင့်လင်းမြင်သာမှုတွေဟာ လိုချင်တဲ့အဆင့်ကို ရောက်ဦးမှာ မဟုတ်ပါကြောင်း တင်ပြလိုပါတယ်။ ဒါကြောင့် ဘယ်သူမပြု မိမိမှုဆိုတဲ့အတိုင်း လူတိုင်း

လူတိုင်းဟာ ရဲရဲရင့်ရင့်နဲ့ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဥ်းဥပဒေ၊ စည်းကမ်းဥပဒေကို လေးစားလိုက်နာတတ်အောင် ကိုယ့်ကိုကိုယ် စတင်ပြုစုပျိုးထောင်ရင်း ပတ်ဝန်းကျင်ကိုလည်း တွန်းတွန်းတိုက်တိုက် ဆွဲခေါ်သွားဖို့ လိုပါတယ်။ မိမိကိုယ်ကို ဝေဖန်ပြီး နိုင်ငံသားပီပီ မိမိနိုင်ငံတိုးတက်ရေးအတွက် အသိတရားရှိရှိ သတိတရားမိမိလက်ကိုင်ထားပြီးနိုင်ငံသားကောင်းစိတ်ဓာတ်တွေ မွေးမြူကျင့်သုံး လုပ်ဆောင်ကြဖို့ လိုပါတယ်။ ကုန်ဈေးနှုန်း မြင့်မားခြင်းဟာ အစိုးရအဖွဲ့သာမက နိုင်ငံသားတိုင်းမှာ တာဝန်ရှိပါတယ်။ ကုန်ဈေးနှုန်းမြင့်မားခြင်းကို ဝေဖန်နေရုံနဲ့ မရပါဘူး။ မိမိကိုယ်တိုင်ရတဲ့အချိန်၊ ရတဲ့နေရာ၊ ရှိတဲ့အင်အား၊ ရှိတဲ့အခွင့်အရေးကို အသုံးချပြီး မိသားစုရဲ့ ထွက်ငွေလျှော့ချရေးမှသည် ပြည်တွင်းသွင်းကုန်လျှော့ချရေး၊ မိသားစုအပိုဝင်ငွေရရှိရေးမှသည် နိုင်ငံအတွက်ကုန်ကြမ်းထုတ်လုပ်ရေး၊ ကုန်ကြမ်းမှသည် ကုန်ချောထုတ်လုပ်ရေး၊ ကုန်ချောထုတ်လုပ်ရေးမှ ပြည်ပပို့ကုန်တိုးတက်ရေးတို့ကို တစ်တပ်တအား ပါဝင်ဆောင်ရွက်ပေးခြင်းမျိုးကို ကိုယ်စီကိုယ်ငှ လုပ်ကြဖို့လိုပါတယ်။ လာမယ့် ၂၀၁၅ ခုနှစ်ကစပြီး ASEAN Free Trade အတွက် နိုင်ငံသားတိုင်းက အရည်အသွေး၊ အရည်အချင်းမီတဲ့ ထုတ်ကုန်များ ထုတ်လုပ်တင်ပို့ နိုင်ရေးအတွက် အသိတရား၊ သတိတရားရှိကြဖို့ မီးမောင်းထိုးပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကုန်ဈေးနှုန်းမြင့်မားရေးမှာ အရေးပါတဲ့ လေလံနဲ့တင်ဒါကိစ္စများကိုလည်း သင့်တင့်တဲ့ လေလံ/တင်ဒါ ဈေးနှုန်းအတွင်းသာ ဆောင်ရွက်ရေးအတွက် ပွင့်လင်းမြင်သာရှိအောင် ချိတ်ပိတ်လေလံ၊ ချိတ်ပိတ်တင်ဒါ(အစား) အိတ်ဖွင့်လေလံနဲ့ အိတ်ဖွင့်တင်ဒါစနစ် ကျင့်သုံးရေးအတွက် ညွှန်ကြားချက်ထုတ်ပြန်ပြီး ကြပ်မတ်ဆောင်ရွက်နေပါတယ်။ B.O.T စနစ်များကိုလည်း သတ်မှတ်ဈေးနှုန်းထက် ပိုမိုပြီးငွေကောက်ခံမှုမပြုရန် ညွှန်ကြားကြပ်မတ်လျက် ရှိပါတယ်။ ပွင့်လင်းမြင်သာမှုရှိအောင် Toll ဂိတ်များ၊ လမ်း-တံတား၊ မြို့ဝင်ကြေး၊ လေယာဥ်လက်မှတ်၊ မီးရထားလက်မှတ်၊ ကားလက်မှတ်ဈေးနှုန်းများကို ပွင့်လင်းမြင်သာအောင် သက်ဆိုင်ရာနေရာအလိုက် ရေးသားချိတ်ဆွဲရန် ထုတ်ပြန်ညွှ န်ကြား ကြပ်မတ်နေပါတယ်။ လေလံတွေမှာလည်း လက်တွေ့လုပ်ကိုင်သူကိုသာ လေလံအောင်စေပြီး တစ်ဆင့်ခံ လေလံဆွဲသူ၊ လေလံဈေး တမင်သက်သက် မြင့်တက်အောင် လေလံဈေးဝင်ဖျက်သူများနဲ့ တစ်ဆင့်ခံ လေလံဆွဲသူများကိုလည်း ဥပဒေကြောင်းအရ အရေးယူရှင်းလင်းသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် လေလံကို ကြမ်းခင်းဈေး ကျော်ရုံနဲ့ လူတိုင်း လေလံအောင်နိုင်အောင် ဆောင်ရွက်ပေးပြီး

တစ်ဖက်က ကုန်ဈေးနှုန်း မတက်အောင် စည်းကမ်းအတိုင်းမလိုက်နာတဲ့ လေလံအောင်သူများကို အကြိမ်ကြိမ်ဖယ်ရှားပြီး စည်းကမ်းအတိုင်း အကောင်အထည်ဖော်စေခြင်းဖြင့် ကုန်ဈေးနှုန်းကို တစ်ဖက်က ထိန်းကျောင်း ပေးရင်း ဝန်ထမ်းများရဲ့ လစာနဲ့ လုံလောက်အောင် တစ်နည်းအားဖြင့် မိမိနိုင်ငံရဲ့ ငွေကြေးတန်ဖိုး ပြန်လည်တိုးတက်အောင် ကြပ်မတ်ပေးသွားမှာ ဖြစ်ပါတယ်။ ဒီမိုကရေစီရဲ့ အနှစ်သာရဖြစ်တဲ့ စည်းကမ်းသည်ပထမ၊ စည်းကမ်းသည် ဒုတိယ၊ စည်းကမ်းသည် တတိယဆိုတဲ့အတိုင်း နေရာတိုင်းမှာ ဥပဒေနဲ့စည်းကမ်းနဲ့ ထိန်းကျောင်းသွားမှာ ဖြစ်ပါတယ်။

ဒီဇယ်ဈေးနှုန်းမြင့်မားမှုကို ယှဉ်ပြိုင်ထွင်းစနစ်နဲ့ ဈေးနှုန်းလျော့ကျအောင် ဆောင်ရွက်ပြီး မော်တော်ယာဉ်သယ်ယူပို့ဆောင်ရေး ဈေးနှု န်းမြင့်မားမှုကို ရေကြောင်းသယ်ယူပို့ဆောင်ရေးနဲ့ ရထားသယ်ယူပို့ဆောင်ရေးဖြင့် ချိတ် ဆက်ပြီးတော့ လျော့ချသွားမှာ ဖြစ်ပါတယ်။ အစိုးရဌာနများ၏ ဝ န်ထမ်းများကြောင့် ဝန်ဆောင်ခကြီးမားမှုကို ပြည်သူလူထုရဲ့ တင်ပြ မှုအကူအညီ၊ စာနယ်ဇင်းများရဲ့ ဖော်ပြချက် အကူအညီများဖြင့် လျော့ချပေးလျှက်ရှိပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ဝန်ထမ်းများ ရွေးချယ်လေ့ကျင့်ခန့်ထားရေးအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဖွဲ့စည်းဆောင်ရွက်ထားရှိပြီး ၂၀၁၁ ခုနှစ်၊ ဇူလိုင်တွင် ရုံးလုပ်ငန်းလက်စွဲ၊ နိုင်ငံ့ဝန်ထမ်းများအတွက် ဝန်ထမ်းစည်းမျဉ်းဆိုင်ရာများ ကောက်နုတ်ချက်စာစောင် ၁၉၈၄၊ ဝန်ထမ်းစည်းကမ်းထိန်းသိမ်းရေး လက်စွဲ စာစောင် ၁၉၈၅၊ ဝန်ထမ်းကျင့်ဝတ် ၂၀၀၄ ပြဋ္ဌာန်းပြီး ဝန်ထမ်းကောင်းများဖြစ်လာစေရေး ထိန်းသိမ်းကြ ပ်မတ်ပေးလျက် ရှိပါတယ်။ နိုင်ငံ့တာဝန် ၊ ဌာနဆိုင်ရာတာဝန်များ ထမ်းဆောင်ရာတွင် ဝန်ထမ်းများ၏ ရပိုင်ခွင့်၊ ရနိုင်ခွင့်၊ ခံစားခွင့် အခွင့်အရေးများ ပြည့်ပြည့်ဝဝရရှိမှသာလျှင် ဝန်ထမ်းများ စိတ်ရှင်လန်းတက်ကြွစွာ နိုင်ငံ့အကျိုး၊ ဌာနအကျိုး ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ဝန်ထမ်းစည်းမျဉ်းများဆိုင်ရာ ကောက်နုတ်ချက်စာစောင်ပါ ဝန်ထမ်းခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ နှစ်တိုးခံစားခွင့် ပြုခြင်း၊ ကြိုတင်နှစ်တိုးခွင့်ပြုခြင်း၊ ခွင့်ခံစားစေခြင်း၊ ဉာဏ်ပူဇော်ခ၊ အခကြေးငွေချီးမြှင့်ခြင်း၊ကူးပြောင်းချိန် ခံစားခွင့်ပေးခြင်း၊ ပင်စင်ခံစားခွင့်များအတွက် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ခံစားစေခြင်းများ ဆောင်ရွက်ပေးလျက် ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်ကြီးအား လျှင်မြန်စွာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကဏ္ဍအလိုက် နိုင်ငံ့ဝန်ထမ်းများဖြင့်၊ စနစ်တကျ မောင်းနှင်လည်ပတ် ဆောင်ရွက်ရပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ နိုင်ငံတော်ရဲ့ လိုအပ်ချက်ဌာန ဆိုင်ရာများ၏ လုပ်ငန်းလျှင်မြန်စွာ ဆောင်ရွက်နိုင်စေရေးအတွက် ဝန်ကြီးဌာနတစ်ခုနှင့် တစ်ခု ဝန်ထမ်းများကို တာဝန်လွှဲပြောင်းပေးရတဲ့အခါများလည်း ရှိမှာဖြစ်ပါတယ်။ ဘယ်ဌာနက ဝန်ထမ်းကို ဘယ်ဌာနကိုပြောင်းလို့ဆိုတာထက် အလုပ်ဖြစ်ဖို့ ၊ ရုံးလုပ်ငန်းတွေသွက်လက်ဖို့ က အဓိကကျပါတယ်။ ယနေ့ကမ္ဘာပေါ်မှာ စီးပွားရေးနဲ့လုံခြုံရေးပါ ရှေ့တန်းရောက်နေတဲ့ ဒီမိုကရေစီနိုင်ငံငယ်၊ နိုင်ငံလတ်တွေရဲ့ ဝန်ထမ်းရွေးချယ်ခန့်ထားအသုံးပြုမှုကို လေ့လာ ကြည့်ရင် အမိန့်နာခံမှု၊ ဇွဲရှိမှု၊ ခံနိုင်ရည်ရှိမှု၊ စည်းကမ်းရှိမှု၊ စွန့်စားမှု၊ တီထွင်ကြံဆမှု၊ ပေါင်းစပ်ညှိနှိုင်းမှု၊ အထက်အောက်လေးစားမှု၊ အထက်ကချမှတ်ပေးတဲ့ရည်မှန်းချက်ကို မဖြစ်မနေ အချိန်မီဆောင်ရွက် အကောင်အထည်ဖော်ပေးနိုင်မှု၊ ကွပ်ကဲမှုအနည်းဆုံးနဲ့ တာဝန်ကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်မှု၊ အနစ်နာခံမှု၊ ကိုယ်ချင်းစာမှုစတဲ့ အမျိုးသားနိုင်ငံရေး စိတ်ဓာတ်နဲ့ ခံယူချက်၊ ယုံကြည်ချက် ပြည့်ဝအောင် အသားကျလေ့ကျင့်ရည်ပြည့်ဝတဲ့ ပုဂ္ဂိုလ်တွေကို ဦးစားပေးရွေးချယ် နေရာပေးခန့်ထားမှုကြောင့် အဲဒီ ဒီမိုကရေစီနိုင်ငံငယ်၊ နိုင်ငံလတ်တွေဟာ ဖွံ့ဖြိုးပြီး နိုင်ငံအဆင့်နားအထိ ရောက်နေတာကို လက်တွေ့သက်သေပြလို့ ရပါတယ်။ ဒါကြောင့် ကျွန်တော်အထက်က တင်ပြခဲ့သလို အရည်အချင်း၊ အရည်အသွေး၊ ခံယူချက်၊ ယုံကြည်ချက်၊ အဆင့်အတန်းတူသူတွေဟာ သူ့နေရာနဲ့ သူ့အဆင့်အတန်းကို ရရှိခံစားနေရပြီ ဖြစ်ကြောင်း သက်သေသာဓကတွေရှိပြီးသား ဖြစ်ပါတယ်။ ဒီနေရာမှာ တန်းတူအခွင့်အရေး ပေးထားပြီး ဖြစ်ပါတယ်။ တန်းတူအခွင့်အရေး၊ တန်းတူအခွင့်အရေးဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပါယ်ကို တစ်လုံးချင်း သေသေချာချာ အဓိပ္ပါယ်ဖော်ကြည့်စေချင်ပါတယ်။ အတန်းတူမှ အခွင့်အရေး တူမှာ ဖြစ်ပါတယ်။ ဥပမာ-ပထမတန်း အရည်အချင်းရှိသူဟာ ပထမတန်း အခွင့်အရေးသာ ရမှာဖြစ်ပြီး ဘွဲ့ရသူကတော့ ဘွဲ့နဲ့ထိုက်တန်တဲ့ အခွင့်အရေးရမှာ ဖြစ်ပါတယ်။ တန်းတူအခွင့်အရေးဆိုတာ အတန်းတူ အရည်အချင်းတူမှ အခွင့်အရေးတူရမယ် ဆိုတဲ့ သဘောအဓိပ္ပါယ် ဖြစ်ပါတယ်။ ဒါကြောင့် ကြိုးစားမှု၊ သစ္စာရှိမှု၊ ဇွဲ၊ လုံ့လ၊ ဝီရိယရှိမှု၊ စွန့်စားမှု၊ စွန့်လွှတ်မှု၊ အနစ်နာခံမှုအပေါ်မှာ ဝန်ထမ်းများရဲ့ အရည်အသွေးဟာ ကွဲပြားမှုရှိနေမှာ ဖြစ်ပါတယ်။ ဒီမိုကရေစီသက်တမ်း ရင့်ကျက်လာတာနဲ့အမျှ ယှဉ်ပြိုင်နိုင်မှု အခွင့်အရေးကို

ယှဉ်ပြိုင်နိုင်သလောက်ခံစားရမှာ ဖြစ်ပါတယ်။ မိမိစိုက်သလောက်သာ မိမိရိတ်သိမ်းရမယ် ဆိုတဲ့ နိယာမအတိုင်း ဒီမိုကရေစီ ကျင့်စဉ်နဲ့အညီ ဆောင်ရွက်ပေးလျက် ရှိပါတယ်။ နိုင်ငံတော်အတွက် လိုအပ်ချက်အပေါ်မူတည်ပြီး နေရာဌာနအလိုက် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနှင့်အညီ အမှန်တကယ် အရည်အသွေးပြည့်မီတဲ့ ဝန်ထမ်းများကို နေရာချထားတာဝန်ပေး ဆောင်ရွက်လျက် ရှိပါတယ်။

အဓိကကတော့ ကျွန်တော်တို့ဟာ ဒီမိုကရေစီခေတ်သို့ ချီတက်နေပြီဖြစ်တာနဲ့အညီ ဒီမိုကရေစီစိတ်ဓာတ်ကို တစ်ဦးချင်းက ပြောင်းလဲကြဖို့လိုပါတယ်။ တာဝန်သိစိတ်၊ တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်လိုစိတ်များအဖြစ် မိမိနဲ့ မိမိမိသားစု မိမိမြို့ရွာ မိမိနိုင်ငံတိုးတက်အောင် မိမိက ဘာလုပ်ပေးနိုင်မလဲဆိုတာ မိမိလုပ်ရမယ့်တာဝန်ကို ကျေပွန်ပြီလားဆိုတာ မိမိကိုယ်ကို ဝေဖန်ပြီးတော့ မိမိတို့တာဝန်ကို ကျေပွန်တာနဲ့အမျှ လိုအင်ဆန္ဒတွေ ပြည့်ဝလာမှာ ဖြစ်တယ်။ ဒါ့ကြောင့် မိမိဘဝတိုးတက်ရေးနဲ့ နိုင်ငံတော်တိုးတက်ရေးအတွက် အားသွန်ခွန်စိုက် အလုပ်လုပ်ကြဖို့သာလိုပါကြောင်း တင်ပြရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ် (၄)ဦးက မေးမြန်းတဲ့ မေးခွန်းတွေဟာ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးတစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကိုတစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**တနင်္သာရီမြို့နယ်၊ ပြည်သူ့ဆေးရုံတွင် သွားဘက်ဆိုင်ရာဆရာဝန်ကြီးနှင့် သိန်းဒေါ ကျေးရွာအုပ်စု ကျေးလက်ကျန်းမာရေးဌာနတွင် ကျန်းမာရေးမှူးတစ်ဦး ခန့်ထား ပေးရန် အစီအစဉ် ရှိ /မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၀၂။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသန်းမြင့် က တနင်္သာရီမြို့နယ်၊ ပြည်သူ့ဆေးရုံတွင် သွားဘက်ဆိုင်ရာ ဆရာဝန်ကြီးနှင့် သိန်းဒေါကျေးရွာအုပ်စု ကျေးလက်ကျန်းမာရေးဌာနတွင် ကျန်းမာရေးမှူးတစ်ဦးခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၂။**

**ဦးသန်းမြင့်၊ တနသ်ာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ တနသ်ာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့် ဖြစ်ပါတယ်။ ကျွန်တော်တင်ပြမေးမြန်းမှာကတော့ ကျွန်တော်တို့ တနသ်ာရီမြို့နယ်မှာ လိုအပ်နေတဲ့ သွားဘက်ဆိုင်ရာ ဆရာဝန်တစ်ဦးနဲ့ သိန်းဒေါကျေးရွာမှာ လိုအပ်နေတဲ့ ကျန်းမာရေးမှူးတစ်ဦး လိုအပ်နေကြောင်းကို ခန့်ထားပေးနိုင်ဖို့အတွက် တင်ပြမေးမြန်းမှာပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ တနသ်ာရီမြို့နယ်ဟာ လူဦးရေ(၇)သောင်း ကျော်ခန့်နေထိုင်တဲ့ မြို့နယ်တစ်ခု ဖြစ်ပါတယ်။ တနသ်ာရီမြို့နယ်မှာ ဆေးရုံဆိုတာ ကုတင်(၅၀)ဆံ့ ဆေးရုံတစ်ခုတည်း ရှိပါတယ်။ အဲဒီမှာ သွားဘက်ဆိုင်ရာဆရာဝန်နဲ့ ပတ်သက်ပြီး ကျွန်တော်မှတ်မိသလောက် တင်ပြရမယ်ဆိုရင် ကျွန်တော်တို့ တနသ်ာရီမြို့နယ်ကို လွန်ခဲ့တဲ့ အနှစ် ၂၀၊ ၃၀ ခန့်က တစ်ကြိမ်တော့ ခန့်ထားပေးလို့ ရောက်လာဖူးပါတယ်။ ဒါပေမဲ့ တစ်နှစ်လောက်ပဲ တာဝန်ထမ်းဆောင်ပြီးတော့ ပြန်လည်ပြောင်းရွှေ့သွားခဲ့တာ ဒီကနေ့အထိ ကျွန်တော်တို့ တနသ်ာရီမြို့နယ်မှာ သွားဘက်ဆိုင်ရာဆရာဝန်ဆိုတာ မရှိခဲ့ပါဘူး။ သွားနဲ့ပတ်သက်တဲ့ ခံတွင်းဝေဒနာတွေ ခံစားနေရမယ်ဆိုရင် ကျွန်တော်တို့ ဒေသခံပြည်သူတွေဟာ တတ်နိုင်သလောက် ဆေးမြီးတိုနဲ့ ကုရင်ကု၊ မကုနိုင်တော့ဘူးဆိုရင် တနသ်ာရီမြို့နယ်နဲ့ မိုင်(၅၀)ကျော်ဝေးကွာတဲ့ မြိတ်မြို့အထိရောက်အောင် ပင်ပန်းဒုက္ခခံငွေကြေးစရိတ်စက အကုန်အကျခံပြီးတော့ အခက်အခဲမျိုးစုံကျော်လွှားပြီးတော့သွားရောက်ကုသကြရပါတယ်။ အဲဒီလို အလားတူပဲ သိန်းဒေါကျေးရွာ မှာဆိုလည်း ကျန်းမာရေးဆေးခန်းက အရင်ကတည်းကရှိပါတယ်။ ကျန်းမာရေးမှူးကလည်း အရင်က ခန့်ထားပေးဖူးပါတယ်။ ဒါပေမဲ့ လွန်ခဲ့တဲ့ (၂)နှစ် (၃)နှစ် လောက်ကစပြီး တနသ်ာရီမြို့နယ်၊ သိန်းဒေါကျေးရွာမှာ ခန့်ထားပေးတဲ့ ကျန်းမာရေးမှူးဟာ တာဝန်ထမ်းဆောင်ရာမှ ပြောင်းရွှေ့သွားခဲ့ပြီးဖြစ်တယ်။ အဲဒီနောက် ဒီနေ့အထိ ပြန်လည်ခန့်ထားခြင်း မရှိတဲ့အတွက် တနသ်ာရီမြို့နဲ့ (၂၅)မိုင်ခန့်လောက် ဝေးတဲ့ သိန်းဒေါကျေးရွာအုပ်စုမှာ ဒေသခံပြည်သူတွေရဲ့ ရောဂါဝေဒနာဖြစ်လို့ရှိရင် ခရီး ဝေးကွာတဲ့ တနသ်ာရီမြို့ကို လာရင်လာ၊ မလာနိုင်ရင် ငွေကြေးတတ်နိုင်သူတွေက မြိတ်မြို့အထိ သွားရောက်ကုသလို့ရပေမယ့် အခက်အခဲမျိုးစုံ ကျော်လွှားရလို့ စရိတ်စက ကုန်တယ်။ ငွေကုန်

တယ်။ လူ ပင်ပန်းခံရတယ်။ အဲဒါကြောင့် အခက်အခဲမျိုးစုံဖြစ်နေတဲ့ ကျွန်တော်တို့ တနင်္သာရီ မြို့နယ်မှာ သွားဘက်ဆိုင်ရာ ဆရာဝန် တစ်ဦးနဲ့ သိမ်းဒေါ်ကျေးရွာမှာ ကျန်းမာရေးမှူးတစ်ဦး ခန့်ထားပေးနိုင်ဖို့ အစီအစဉ် ရှိ/မရှိ ကို မေးမြန်းလိုခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တိုင်းရင်း ဆေးပညာဦးစီးဌာနမှ ခုတင် (၅၀)ဆံ့ တိုင်းရင်း ဆေးရုံများ ထပ်မံတိုးချဲ့ဖွင့်လှစ်ပေးရန်အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)မှ ဦးခင်မောင်ဌွေး က တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တိုင်းရင်းဆေးပညာဦးစီးဌာနမှ ခုတင် (၅၀)ဆံ့ တိုင်းရင်းဆေးရုံများ ထပ်မံတိုးချဲ့ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဦးခင်မောင်ဌွေး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာဆုတောင်း မေတ္တာပို့သ ဂါရဝပြုအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဌွေး ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ နိုင်ငံအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနမှ ခုတင်(၅၀)ဆံ့ တိုင်းရင်းဆေးရုံများ ထပ်မံတိုးချဲ့ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် ပတ်သက်ပြီး မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ခေတ်အခါသမယမှာ လူတို့ရဲ့ နေထိုင်စားသုံးမှု၊ နေထိုင်မှု ပြောင်းလဲလာတာနဲ့အမျှ ရောဂါအသစ်အဆန်းများလည်း တိုးပွားလာလျက်ရှိပါတယ်။ မြန်မာ့ ရေမြေသဘာဝနဲ့ နီးစပ်တဲ့ ပြည်ပနိုင်ငံအချို့မှာ ဆေးပညာရှင်များဟာ မိမိတို့ရဲ့ တိုင်းရင်းဆေး သဘာဝဆေးပညာကို ပူးတွဲလေ့လာကာ ကုသမှုများပြုလုပ်လာကြတာကို လေ့လာတွေ့ရှိတာ ဖြစ်ပါတယ်။ ပေါင်းကူးဆေးပညာဖော်ထုတ်ပြီး ရိုးရာတိုင်းရင်းဆေးများ သဘာဝဆေးမြစ်များမှ

ထုတ်လုပ်တဲ့ ဆေးများကို ရှာဖွေဖော်ထုတ်ပြီး ၎င်းဆေးများနဲ့ ကုသလာနေကြတာကိုလည်း တွေ့ရှိနေကြပြီဖြစ်ပါတယ်။ နွယ်၊ မြက် သစ်ပင် ဆေးဖက်ဝင် ဆိုတဲ့စကားအရ သဘာဝ ပေါက်ရောက်တဲ့ အပင်များမှ ထုတ်ယူဖော်စပ်ရတဲ့ ဆေးများဟာ သိပ္ပံနည်းကျ ဖော်စပ်ရတဲ့ ဆေးများထက် ဓာတ်မတည့်ချင်းမျိုး ဖြစ်ပေါ်မှုနည်းပါးပြီး ဘေးထွက်ဆိုးကျိုးများလည်း နည်းပါးကြောင်း လေ့လာတွေ့ရှိရပါတယ်။ သဘာဝအပင်များမှ ဖော်စပ်ရတဲ့ တိုင်းရင်းဆေးများ ကို ပြည်သူများက ကျယ်ကျယ်ပြန့်ပြန့်အားကိုးပြီး ယုံကြည်စွာနဲ့ သုံးစွဲလာနေကြပြီ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်သူများက တိုင်းရင်းဆေးဝါးများကို ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲလာကြသော်လည်းပဲ တိုင်းရင်းဆေးရုံများမှာ ဆရာဝန်ကြီးများနှင့် စနစ်တကျ ဆေးဝါးကုသမည့်ကိစ္စအတွက် ဆိုရင်တော့ ကျွန်တော်တို့နိုင်ငံအတွင်းမှာ ခုတင် (၅၀)ဆံ့ တိုင်းရင်းဆေးရုံ(၂)ရုံသာ ရှိပြီးတော့မှ (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံကတော့ ကျွန်တော်တို့ နိုင်ငံအတွင်းမှာ (၁၄)ရုံရှိတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ပြည်သူများအနေနဲ့ ဘေးထွက်ဆိုးကျိုးနည်းပါးတဲ့ တိုင်းရင်းဆေးဝါးများကို စနစ်တကျ ကုသခံယူနိုင်ဖို့အတွက် ယခုလက်ရှိ တိုင်းရင်းဆေးရုံများအပြင် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှာ ပြည်သူများရဲ့ ကျန်းမာရေး အထောက်အကူရရှိနိုင်ဖို့အတွက် (၁၆)ခုတင်ဆံ့ ဆေးရုံကနေပြီးတော့မှ ခုတင် (၅၀)ဆံ့ တိုင်းရင်းဆေးရုံများ ထပ်မံတိုးချဲ့ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ ပတ်သက်ပြီးတော့ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ပြည်တွင်းဖြစ် ယမကာ/အရက်များ၏ ကျန်းမာရေးနှင့် ညီညွတ်မှု ရှိ/မရှိ နှင့် ဓာတ်ခွဲစမ်းသပ်ခြင်းအား အခါအားလျော်စွာ ဈေးကွက်တွင် ကောက်ယူစစ်ဆေးခြင်းများပြု/မပြု နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၀၉။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)မှ ဦးဖုန်းမြင့်အောင် က ပြည်တွင်းဖြစ် ယမကာ/အရက်များ၏ ကျန်းမာရေး နှင့်ညီညွတ်မှု ရှိ /မရှိ နှင့်ဓာတ်ခွဲ စမ်းသပ်ခြင်းအား အခါအားလျော်စွာ ဈေးကွက်တွင် ကောက်ယူစစ်ဆေးခြင်းများ ပြု/မပြု နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၉။**

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်မေးမြန်းတဲ့အကြောင်းအရာ ကတော့ အရက်နဲ့ပတ်သက်တဲ့ အကြောင်းအရာ ဖြစ်ပါတယ်။ ဒီမေးခွန်းကို မေးမြန်းခွင့်ရဖို့အတွက် ကျွန်တော် အမျိုးသားလွှတ်တော်ရုံးကို တင်ပြပြီးတဲ့နောက်ပိုင်းမှာ ဒီဂျာနယ်တစ်စောင်မှာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ရဲ့ အရက်နဲ့ပတ်သက်တဲ့ ပြောကြားချက် တစ်ခု ပါလာပါတယ်။ အဲဒါကတော့ ဦးဝင်းမြင့် က သူ့နယ်ကို ရောက်သွားတဲ့အခါမှာ လူတော်တော်များများဟာ အရက်ကြောင့် မလုပ်နိုင်၊ မကိုင်နိုင်ဖြစ်နေတာကို တွေ့ရပါတယ်တဲ့။ ကျန်းမာရေးကျဆင်းသွားကြောင်း ပါပါတယ်။ နောက်ပြီးတော့လည်း လူဦးရေ အရေအတွက် တော်တော်များများလည်း လျော့ကျသွားကြောင်း အဲဒီဂျာနယ်ထဲမှာ ပြောကြားထားတာကို ကျွန်တော်တို့ ဖတ်ရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ အရက်ထုတ်လုပ်သူ အများအပြားဟာ အရက်မျိုးစုံကို တံဆိပ်မျိုးစုံနဲ့ နေရာအနှံ့အပြား ရောင်းချနေပါတယ်။ ထုတ်လုပ်သူများက အရက်တွေကို အရက်ဈေးနှုန်းကို အပြိုင်အဆိုင် ဈေးနှုန်းလျော့ချလာတဲ့အတွက် အရက်ဈေးနှုန်းဟာ အလွန်ချိုသာနေတာကို တွေ့ရပါတယ်။ ကျွန်တော်တို့ အများပြည်သူသောက်တဲ့ အရက်အများစုဟာ ဈေးနှုန်းအားဖြင့် ရာဂဏန်းသာ ရှိပါတယ်။ ဒီလို ဈေးနှုန်းချိုသာတဲ့အတွက် ကျန်းမာရေးနဲ့ ညီညွတ်မှု ရှိ/မရှိ သံသယဖြစ်စရာ ရှိပါတယ်။ ကျွန်တော်တို့ နိုင်ငံခြားအရက်ကို သောက်သုံးသူအများက ပြည်တွင်းဖြစ်အရက်တွေကို ဖောရှော်လို့ တံဆိပ်ကပ် ကြပါတယ်။ ဒါကြောင့် ကျန်းမာရေးဌာနက အဆိုပါ အရက်များကို ကျန်းမာရေးနှင့် ညီညွတ်မှု ရှိ/မရှိ ဓာတ်ခွဲခန်းစမ်းသပ်ခြင်းတွေကို အခါအားလျော်စွာ ဈေးကွက်အတွင်း ကောက်ယူစစ်ဆေးခြင်း ရှိ/မရှိ မေးမြန်းရခြင်းဖြစ်ပါတယ် ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ကြောက်တတ်သဖြင့် Red Label လေးသာ ပုံမှန်မှီဝဲနေကြောင်း ဝန်ခံပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ကျောက်ပန်းတောင်းမြို့နယ်၊ ခပေါင်းကုန်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၁၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ ဦးမျိုးမြင့် က ကျောက်ပန်းတောင်းမြို့နယ်၊ ခပေါင်းကုန်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ပေးရန်အစီအစဉ် ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၁။**

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ ၊ ကြွရောက်လာကြတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ဆန္ဒပြုရင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ယနေ့ ကျောက်ပန်းတောင်းမြို့နယ်၊ ခပေါင်းကုန်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ပေးရန်နှင့် ဆက်စပ်ပြီးတော့ ရှင်းလင်းတင်ပြပြီး သိရှိလို တဲ့အချက်များကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်ပန်းတောင်း မြို့နယ်၊ ခပေါင်းကုန်း ကျေးရွာဟာ အိမ်ခြေ (၅၁၀)၊ လူဦးရေ (၃၀၀၀)ခန့် နေထိုင်သော ကျေးရွာကြီး ဖြစ်ပါတယ်။ ခပေါင်းကုန်းကျေးရွာဟာ ကျောက်ပန်းတောင်းမြို့နှင့် မိုင်(၂၀)ခန့်ကွာဝေးပြီးတော့အနီးဆုံး တိုက်နယ်ဆေးရုံရှိတဲ့ လက်ပံပြား ကျေးရွာနှင့်ဆိုရင် (၁၄)မိုင်ခန့်ဝေးပါတယ်။ ဒါ့အပြင် ခပေါင်းကုန်းကျေးရွာကို ကျောက်ပန်းတောင်း နတ်မောက်လမ်းရဲ့ အရှေ့ဘက်ခြမ်း၊ နတ်မောက် -မိတ္ထီလာ-ကျောက်ပန်း တောင်း နယ်စပ်ရှိ ကျေးရွာများ မှီ ခိုအားထားနေရတဲ့ ကျေးရွာကြီးလည်း ဖြစ်ပါတယ်။ ခပေါင်းကုန်းကျေးရွာမှာ ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်နိုင်ဖို့အတွက် ၊ ကျောက်ပန်းတောင်းမြို့နယ်၊ ကျန်းမာရေး ဦးစီးဌာနမှ ၁၉-၄-၁၉၉၀ ရက်စွဲပါ စာအမှတ်၊ ၂၂၉/မဆန/ခွင့်ပြုမိန့်/၉၀ ဖြင့် လိုအပ်သော ပြင်ဆင်မှုများပြုလုပ်ထားရန် အကြောင်းကြားခဲ့ပါတယ်။ ဒီနောက် တော့ ကျန်းမာရေး ဆေးပေး ခန်းအတွက် အလျား (၆၀)ပေ၊ အနံ(၃၀)ပေရှိတဲ့ ဆေးပေးခန်း တစ်ဆောင်၊ အလျား(၃၂)ပေ၊

အနံ(၃၂)ပေရှိတဲ့ ကျန်းမာရေးဝန်ထမ်းများအတွက် နေအိမ်တစ်လုံးတို့ ကို ဒေသခံပြည်သူများ စုပေါင်းလှူဒါန်းငွေဖြင့် ၁၉၉၀ ပြည့်နှစ်က တည်ဆောက်ပြီးစီးခဲ့ပြီး ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ ခပေ ါင်းကုန်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန ခွဲဖွင့်လှစ်ခွင့်ပြုပေးပါက ကျောက်ပန်းတောင်းမြို့နယ် အတွင်းမှာရှိတဲ့ ကျေးရွာအုပ်စု(၅)အုပ်စုမှ ကျေးရွာပေါင်း(၁၈)ရွာ၊ စုစုပေါင်းနေထိုင်ကြသူ လူဦးရေ(၂၅၀၀၀)ခန့်ဟာ မှီခိုအားထားနိုင်မည် ဖြစ်ပါကြောင်းလည်း တင်ပြလိုပါတယ်။ မှီခိုအားထားနိုင် ကြမယ့် ကျေးရွာ (၁၈)ရွာကတော့ ခပေါင်းကုန်းကျေးရွာ အုပ်စုမှ (၃)ရွာ၊ တလင်းကုန်းကျေးရွာအုပ်စုမှ(၆)ရွာ၊ ရွာကောက် ကျေးရွာအုပ်စုမှ(၃)ရွာ၊ ဆင်ဂေါင်းကျေးရွာအုပ်စုမှ(၃)ရွာ၊ တယ်ပင်တဲ ကျေးရွာအုပ်စုမှ(၃)ရွာတို့ ဖြစ် ကြပါတယ်ခင်ဗျား။ သို့ဖြစ်ပါ၍ ကျောက်ပန်းတောင်းမြို့နယ်၊ ခပေါင်းကုန်းကျေးရွာမှာ ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ် ပေးရန်၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ/မရှိ သိရှိလို၍ မေးမြန်းရခြင်း ဖြစ်ကြပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၁၄။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၁း၁၄။**

**ဒေါက်တာဖေသက်ခင်(ပြည်ထောင်စုဝန်ကြီး၊ကျန်းမာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီးတော့ ကိုယ့် အကျိုး၊ အများအကျိုးတိုးပွားအောင် ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသန်းမြင့် ရဲ့ မေးခွန်းကို ပြန်လည် ဖြေကြားရမယ်ဆိုရင် တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီပြည်သူ့ဆေးရုံတွင် လစ်လပ် နေတဲ့ သွားဘက်ဆိုင်ရာ ဆရာဝန်တစ်ဦးကို လက်ရှိ ဇီးပင်ကြီးမှာ အရာထမ်းလောင်း အခြေခံသင်တန်းသို့ တက်ရောက်နေသော သစ်လွင်သွား ဘက်ဆိုင်ရာ ဆရာဝန်များထဲမှ သင်တန်းပြီးဆုံးအောင်မြင်ချိန် ကျန်းမာရေးဝန်ကြီးဌာနကို သတင်းပေးပို့လာပါက ဦးစားပေးခန့်ထားပေးမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ် ။

နောက်မေးခွန်းတစ်ခုဖြစ်တဲ့ တနင်္သာရီမြို့နယ်၊ သိန်းဒေါကျေးလက် ကျန်းမာရေး ဌာနတွင် လစ်လပ်လျက်ရှိသော လက်ထောက်ကျန်းမာရေးမှူးနေရာသို့ ဖြည့်ဆည်းဖို့ကို တနင်္သာရီ တိုင်းဒေသကြီး၊ ကျန်းမာရေးဦးစီးဌာနမှ စီစဥ်ဆောင်ရွက်လျက်ရှိပါသည်။ ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှာ အခြေခံကျန်းမာရေးဝန်ထမ်းများ ကို အနည်းဆုံး လိုအပ်ချက် ပြည့်မီအောင် ခန့်ထားပေးနေပါတယ်။ တနင်္သာရီတိုင်းဒေသကြီးအနေနဲ့ လက်ထောက် ကျန်းမာရေးမှူး ခွင့်ပြုအင်အား မှာ တစ်တိုင်းလုံးအနေနဲ့ (၄၁)နေရာရှိပြီးတော့ ခန့်ထားပြီး အင်အားမှာ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလအကုန်အထိ (၃၈)နေရာမှာ ခန့်ထားပြီးဖြစ် တဲ့အတွက် (၃)နေရာ လစ်လပ်မှု ရှိပါတယ်။ အချို့သော တိုင်းဒေသကြီး/ပြည်နယ်များနဲ့စာရင် တနင်္သာရီတိုင်း ဒေသကြီးဟာ အများကြီး ကုသိုလ် ကောင်းနေတယ်လို့လည်း ပြော လို့ ရပါတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ဟာ အခုချိန်မှာ အခြေ ခံကျန်းမာရေးတက္ကသိုလ်(မကွေး)ကနေ အခြေခံကျန်းမာရေး သိပ္ပံဘွဲ့ရတဲ့ သင်တန်းဆင်းများကို လက်ထောက်ကျန်းမာရေးမှူးများအဖြစ် ခန့်ထားရန် ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြ ထားတာ ရှိပါတယ်။ ခန့်ထားရန်ခွင့်ပြုချက် ရရှိသည့်အခါ ကျန်တဲ့ လစ်လပ်နေရာများတွင် ဖြည့်စွက်ခန့်ထားပေးမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းအနေ နဲ့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ငြေး ရဲ့ မေးခွန်းကို ကျွန်တော် ဆက်လက် ဖြေကြားပါ့မယ်။ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်း ရင်းဆေးပညာဦးစီးဌာနအနေဖြင့်တိုင်းရင်းဆေး ဖြင့် ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုဆောင်ရွက်ပေးနိုင်ရန်အတွက် တိုင်းရင်း ဆေးရုံနှင့် တိုင်းရင်းဆေးခန်းများ တိုးချဲ့ ဖွင့်လှစ်မှုကို စနစ်တကျစီမံကိန်းများ ချမှတ် ပြီးတော့ ဆောင်ရွက်လျက်ရှိပါသည်။အခုလက်ရှိ ရေးဆွဲပြုစုတဲ့ (၂၀၁၁-၂၀၁၂)ခုနှစ်မှ (၂၀၁၅-၂၀၁၆)ခုနှစ် အထိ အမျိုးသားစီမံကိန်းရည်မှန်းချက်များအရ ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့ရှိ အရင် ခုတင်(၅၀)ဆံ့ တိုင်းရင်းဆေးရုံ(၂)ရုံကို ခုတင်(၁၀၀)ဆံ့ဆေးရုံအဖြစ်သို့လည်းကောင်း၊ မုံရွာမြို့မှာရှိတဲ့(၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံကို ခုတင်(၅၀)ဆံ့ ဆေးရုံအဖြစ်သို့လည်းကောင်း ဖွဲ့စည်းပုံတိုးမြှင့်ဖွင့်လှစ်ခွင့်ပြုရန် ၁၂-၁-၂၀၁၂ ရက်နေ့တွင် ပြုလုပ်သော ပြ ည်ထောင်စုအစိုးရအဖွဲ့၊ အစည်းအဝေးအမှတ်စဥ် (၂/၂၀၁၂)က သဘောတူခွင့်ပြုခဲ့ပြီး ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ အမျိုးသားစီမံကိန်း ရည်မှန်းချက်မှာ ရေးဆွဲထားသည့်အတိုင်း တိုင်းရင်းဆေးရုံများကို နှစ်စဥ် အဆင့်မြှင့်တင် တိုးချဲ့ရေးကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

တတိယမေးခွန်းအနေနဲ့ ရန်ကုန် တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင်ရဲ့ မေးခွန်းကို ပြန်လည်ဖြေကြားရမယ်ဆိုရင်ကျွန်တော် ကျန်းမာရေးဝန်ကြီးအနေနဲ့ရော ဆရာဝန်တ စ်ယောက်အနေနဲ့ရော ကျန်းမာရေး နဲ့ညီညွတ်တဲ့အရက်ဆိုတာကတော့ တော်တော်ပြောရခက်တယ်လို့ ပြောပါရစေ။ဘယ် အရက်က ကျန်းမာရေးနဲ့ ညီညွတ်ပြီးတော့ ဘယ်အရက်ကတော့ ကျန်းမာရေးနဲ့ မညီညွတ်ပါဘူးဆိုတာ ပြောရရင် အကြိုက်ကို အခြေခံတဲ့ အပြောပဲဖြစ်ပြီးတော့။ သိပ္ပံနည်းမကျဘူးလို့ ဖြစ်နေပါတယ်။ ကျွန်တော် ပြင်ဆင် နည်းနည်းလေး အကြံပေး ဖြေကြားချင်တာကတော့ စံချိန်စံညွှန်းနဲ့ ကိုက်ညီမှု ရှိတဲ့အရက်နဲ့ မရှိတဲ့ အရက်ပဲ ပေါ့လေ။ ဒီလိုပဲ ကျွန် တော့်အနေနဲ့ ဖြေကြားပါရစေ။ ယမကာ /အရက်များကို အလွန်အကျွံ သုံးစွဲရင် ကျန်းမာရေးထိခိုက်စေနိုင်တယ်ဆိုတာကို အများပြည်သူကို ကျွန်တော်တို့က ပညာပေးထားပြီး ဖြစ်တဲ့အတွက် ကျန်းမာရေးနဲ့ ဒီအရက် ကတော့ ညီညွ တ်ပါတယ်လို့ပြောရရင် ရှေ့စကား နောက်စကား မညီသလို ဖြစ်ပါ တယ်။ အများပြည်သူများ သိရှိထားတဲ့အတိုင်း အရက်ရဲ့ ဘေးထွက်ဆိုးကျိုးတွေကို လိုက်နာနိုင် အောင် ကျန်းမာရေးပညာပေးလုပ်ဆောင်ခြင်း၊ ကုသရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကိုလည်း ဆောင်ရွက်နေပါတယ်။ ကျန်းမာရေး ဝန်ကြီးဌာနအနေနဲ့ ပြည်တွင်း၌ထုတ်လုပ်သော ယမ ကာ/ အရက်များ သတ်မှတ်စံချိန်စံညွှန်း နဲ့ ကိုက်ညီမှု ရှိ/မရှိကို ဈေးကွက်နမူနာ ကောက်ယူ စမ်းသပ် စစ်ဆေးခြင်းများ ပြုလုပ်နိုင်ပါတယ်။ ပြုလုပ်လည်း ပြုလုပ်လျက်ရှိပါတယ် ဆိုတဲ့အကြောင်းလည်း ဖြေကြားလိုပါတယ်။ Red Label နဲ့ ပတ်သက်လို့ ပြောပြရင်တော့ အင်မိသွားရင်တော့ ကျန်းမာရေးနဲ့ မညီညွတ်နိုင် ပါကြောင်း တင်ပြရင်းနိဂုံးချုပ်ပါတယ်။

နောက်ဆုံးမေးခွန်းအနေနဲ့တော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့် ရဲ့ မေးခွန်းကို ပြန်လည် ဖြေကြားပါမယ်။ ကျောက်ပန်းတောင်းမြို့နယ်အတွင်း ခုတင်(၅၀)ဆံ့ ဆေးရုံတစ်ရုံ၊ (၁၆)ခုတင်ဆံ့ ပွေးကျစ်တိုက်နယ် ဆေးရုံတစ်ရုံ လက်ပံပြားတိုက်နယ် ဆေးရုံ (၁)ရုံ၊ ပုပ္ပါးသံဃာ တိုက်နယ်ဆေးရုံတစ်ရုံ စုစုပေါင်း တိုက်နယ်ဆေးရုံ(၃)ရုံ၊ ကျေးလက်ကျန်းမာရေးဌာနကြီး(၆)ခု၊ မကြီးတိုင်း၊ နတ်ကန်လည်၊မကြီးကုန်း၊ တလိုင်းကန်၊ သပြေကိုင်း ၊ စိတ္တိ န်းနှင့် ကျေးလက်ကျန်းမာရေး ဌာနခွဲ(၃၆)ခု ဖွင့်လှစ်ထားရှိပြီး ဖြစ်ပါတယ်။ လူကြီးမင်းတင်ပြထားတဲ့ ကျောက်ပန်းတောင်းမြို့နယ် မှာရှိတဲ့ ခပေါင်းကုန်းကျေးရွာ သည် လက်ပံပြားတိုက်နယ်ကျန်းမာရေးဌာနအောက်မှာရှိတဲ့ တံခွန်တိုင်ကျေးလက်ကျန်းမာရေး

ဌာနခွဲမှ လက်လှမ်းမီ စောင့်ရှောက်မှုပေးလျက်ရှိပါတယ်။ တံခွန်တိုင်ကျေးလက်ကျန်းမာရေးဌာနနဲ့ (၁)မိုင်ခန့်သာ ကွာဝေးတာဖြစ်တဲ့အတွက် ယခုလက်ရှိအနေထားမှာတော့ ကျောက်ပန်းတောင်းမြို့နယ်၊ ခပေါင်းကုန်းကျေးရွာမှာ ကျေးလက်ကျန်းမာရေးဌာနခွဲ ထပ်မံဖွင့်လှစ်ဖို့ လောလောဆယ် အစီအစဉ် မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်(သြဘာသံများ)

**အချိန်၊ ၁၁း၂၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ် သုံးဦးက မေးမြန်းသည့် မေးခွန်းတွေဟာ အားကစားဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရေနံချောင်းမြို့နယ် ဘောလုံးအားကစားကွင်း၊ မိုးလုံ လေလုံအားကစားရုံနှင့် ရေကူးကန်၊ တင်းနစ်ကွင်းများ ပြန်လည် အဆင့်မြှင့်တင် ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၂၀။**

**ဥက္ကဋ္ဌ၊** ။ ပထမဦးစွာမကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း က ရေနံချောင်းမြို့နယ် ဘောလုံးအားကစားကွင်း၊ မိုးလုံလေလုံ အားကစားရုံနှင့် ရေကူး ကန်၊ တင်းနစ်ကွင်းများ ပြန်လည် အဆင့်မြှင့်တင်ပြုပြင်ပေးရန် အစီအစဉ် ရှိ /မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၀။**

**ဦးအောင်ငြိမ်းမကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နဲ့တကွ ပြည်ထောင်စုဝန်ကြီးများ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ငြိမ်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းစိစစ်ကတော့

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ် ဘောလုံးအားကစားကွင်း၊ အားကစားရုံနှင့် ရေကူးကန်၊ တင်းနစ်ကွင်းများ ပြန်လည်အဆင့်မြှင့်တင်ပြုပြင်ပေးနိုင်ရေးကိစ္စပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဦးစွာ မီတာ(၄၀၀)ပါ ဘောလုံးကွင်း ကိစ္စ ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ၊ မြို့နယ်အားကစားကွင်းဟာ သစ်တပွေ ရပ်ကွက် ရွှေဘုံသာရပ် မြေစာရင်း မှတ်ပုံတင်စာရင်း(၁-က)အရ ကွင်းအမှတ်(၁၄/အိုးဘိုစု) ဦးပိုင်အမှတ် (၆၇) မြေဧရိယာ (၇)ဧကရှိ မြေပေါ်မှာ တည်ရှိပါတယ်။ အဆိုပါ အားကစား ကွင်းမှာ ကွင်းဆင်းတိုင်းတာချက်များအရ အလျား (၆၆၉)ပေ၊ အနံ (၄၉၂)ပေရှိပြီးတော့ ယခင်က ဘီအို စီ ကုမ္ပဏီပိုင်ဖြစ်ပြီးအပိုလိုကွင်းအဖြစ် စတင်အသုံးပြုခဲ့ခြင်း ဖြစ်ပါတယ်။ အားကစားကွင်းမှာ တောင်မြောက် တည်ရှိပြီး တော့မှ အနောက်ဖက်မှာ အထူးတန်းပွဲကြည့်စင်တစ်ခု မြောက်ဖက်မှာ ရိုးရိုးပွဲကြည့်စင် တစ်ခုရှိခဲ့ ပါတယ်။ ၁၉၅၄ ခုနှစ် ကိုယ်လက် ကြံ့ခိုင်ရေးကောင်စီ လက်ထက်မှာ တော့ ဘောလုံးကွင်းအဖြစ် ပြင်ဆင်အသုံးပြုခဲ့ပါတယ်။ ၁၉၆၄ ခုနှစ်မှာတော့ ကို ယ်လက် ကြံ့ခိုင်ရေးကောင်စီကို ဖျက်သိမ်းပြီးတော့မှ မြို့နယ်အားကစားနဲ့ ကာယပညာကော်မတီအမည်ဖြင့် ဆက်လက်ထိန်းသိမ်း ဆောင်ရွက်ခဲ့ပါတယ် ခင်ဗျား။ ၁၉၇၁ ခုနှစ်မှာတော့ တစ်နိုင်ငံလုံးရှိ အားကစားကွင်းများကို မီတာ(၄၀၀)ပြေးခုန်ပစ်ကွင်းများ ပါဝင်အောင် တည်ဆောက်ရန် ညွှန်ကြား လာတဲ့အတွက် ဘောလုံးအားကစားကွင်းကို အရှေ့၊ အနောက်၊ ပြန် လည်တည်ဆောက်ခဲ့ရာ မူလက အနောက်ဖက်ရှိ အထူးတန်းပွဲကြ ည့်စင်ကို တောင်ဖက် အထူးတန်းပွဲ ကြည့်စင်အဖြစ် ပြောင်းရွှေ့ခဲ့ပါတယ်။ မြောက်ဖက်ရှိ ရိုးရိုးတန်း ပွဲကြည့်စင်ကိုတော့ မူလအတိုင်း ထားရှိခဲ့ပါတယ်။ ၁၉၈၉ခုနှစ်မှာကတော့ အားကစားကွင်းများကို နိုင်ငံတကာသတ်မှတ်ချက်အတိုင်း တောင်မြောက် တည်ဆောက်ရန် လမ်းညွှန်မှုပြုခဲ့တဲ့အတွက် ပြန်လည်ပြုပြင် တည်ဆောက်ခဲ့ရာမှာ ဘောလုံးကွင်း အရှေ့ဖက်မှာ ရိုးရိုးပွဲကြည့်စင်နှစ်ခု၊ အနောက်ဖက်တွင် ရိုးရိုးပွဲကြည့်စင်နှစ်ခု တည်ဆောက်ခဲ့ ပါ တယ်။ ပြေးခုန်ပစ်ကွင်းကတော့ သတ်မှတ်ချက်မြေဧရိယာပြည့်မီခြင်း မရှိတဲ့အတွက် တည်ဆောက် ခြင်းမရှိပါဘူး ခင်ဗျား။ ၂၀၀၀ ပြည့်နှစ် အားကစားဝန်ကြီးရဲ့ မကွေးတို င်းခရီးစဉ်မှာ ရေနံချောင်းမြို့ မြို့နယ်အားကစားကွင်းကိုလာရောက်စစ်ဆေးရာ ပြေးခုန်ပစ်ကွင်းမရှိတဲ့ အတွက် တောင်မြောက် ဘောလုံးကွင်းကို အရှေ့ အနောက် ယခင်အတိုင်း ပြန်လည်တည်ဆောက်ရန် ညွှန်ကြားခဲ့ပြန်ပါတယ်။ ၂၀၀၁ ခုနှစ်မှာ မူလပွဲကြည့်စင် အဆောက်အဦများ အတွင်းစည်းကာရံ ထားမှုများကို ပြန်လည် ဖျက်သိမ်းခဲ့ရပါတယ်။ ၂၀၀၂ ခုနှစ်အထိ ဘောလုံးကွင်းကို ပြန်လည်

တည်ဆောက် ပြုပြင် နိုင်ခြင်းမရှိခဲ့ပါဘူးခင်ဗျား။ ၂၀၀၃ ခုနှစ် နိုင်ငံတော်ဝန်ကြီးချုပ် ခရီးစဉ်မှာ ရဟတ်ယာဉ် ဆင်းသက်နိုင်ရန် အတွက် အားကစားကွင်းအတွင်းမှာ ရဟတ်ယာဉ်ကွင်း နှစ်ကွင်း ကို အခိုင်အမာတည်ဆောက် ခဲ့တဲ့အတွက် အားကစားကွင်းကို ပြန် လည်ပြုပြင် တည်ဆောက်နိုင်ရေး ကြန့်ကြာ နေခဲ့ပါတယ်။ ၂၀၀၆ ခုနှစ်မှာတော့ အားကစားဝန်ကြီးဌာနမှ ရဟတ်ယာဉ်ကွင်း နှစ်ကွင်းကို ပြန်လည် ဖယ်ရှားရေးနဲ့ ဘောလုံးကွင်းနဲ့ ပြေး ခုန်ပစ်ကွင်း တည်ဆောက်နိုင်ရန် မြေထိုးစက် ၊ မြေညှိစက်တို့ဖြင့်ဆောင်ရွက်ပေးခဲ့ရာမှာ ၂၀၀၇ ခုနှစ်မှ စပြီးတော့ ရပ်ကွက်ကျေးရွာအုပ်စု ဘောလုံးပြိုင်ပွဲများ ကို နှစ်စဉ် ပြန်လည်ကျင်းပပေးနိုင်ခဲ့ပါ တယ်ခင်ဗျား။ သို့ရာတွင် ဘောလုံးကွင်းရှိသော် လည်းပဲ ပြန်လည် အဆင့်မြှင့်တင်ပေးရန် လိုအပ်နေပါတယ်။ ပွဲကြည့်စင်များ ပြန်လည်တည်ဆောက်ခြင်း မရှိတဲ့အတွက် ဘောလုံးပွဲကြည့် ပရိသတ်များအနေဖြင့် နေပူမရှောင် ၊ မိုးရွာမရှောင် အလျှဉ်းသင့်သလို ကြည့်ရှုအားပေးနေရ ပါတယ် ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ဒုတိယအနေနဲ့ တင်ပြလိုသည်မှာ မိုးလုံလေလုံအားကစားရုံ အခြေအနေ ဖြစ်ပါတယ်။ မြို့နယ် အားကစားရုံမှာ အထက်ကတင်ပြတဲ့အတိုင်း ဦးပိုင်အမှတ်(၆၇) မြေဧရိယာ(၇)ဧကရှိ အားကစားကွင်းအတွင်း တည်ဆောက်ထားခြင်းဖြစ်ပြီး မြန်မာ့ရေနံကော်ပိုရေးရှင်းမှ ရေနံမြေ ဒေသပေါင်းစုံ အားကစား ပြိုင်ပွဲအတွက်လည်းကောင်း မြို့နယ်ရှိအားကစားသမားများ လေ့ကျင့်ရန်နှင့်ပြိုင်ပွဲများပြုလုပ်နိုင် ရေးအတွက် ရည်ရွယ်ပြီးတော့မှ တည်ဆောက်ပေးခဲ့ခြင်း ဖြစ်ပါတယ်။ အား ကစားရုံ အလျား (၁၄၀)ပေ၊ အနံ (၇၆)ပေ၊ အမြင့် (၃၃)ပေ ရှိပြီးတော့မှ အားကစားရုံနှင့် တစ်ဆက် တည်းသော အားကစားစင်မြင့်ကို၁၉၈၂ခုနှစ်တွင် မြို့နယ်အားကစားနှင့်ကာယပညာကော်မတီမှ တည်ဆောက် ပေးခဲ့ခြင်း ဖြစ်ပါတယ်။ စင်မြင့် ရဲ့ အလျား(၄၅)ပေ၊ အနံ (၆၅)ပေ၊ အမြင့် (၂၇)ပေ ရှိပါတယ်။ အဆိုပါ မိုးလုံလေလုံ အားကစားရုံနှင့် အားကစားစင်မြင့်မှာလည်း ယိုယွင်းပျက်စီးပြီး အခင်းများ လည်းပေါက်ပြဲ၊ ပျက်စီးမှုများ ရှိနေတဲ့အတွက် ပြန်လည်ပြုပြင်အဆင့်မြှင့်တင်ပေးရန် လိုအပ် နေကြောင်းတွေ့ရှိရပါတယ် ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တတိယအနေနဲ့ တင်းနစ်ကွင်းများနှင့် ရေကူးကန်ကိစ္စ ဖြစ်ပါတယ်။ တင်းနစ်ကွင်းများနှင့် ရေကူး ကန်မှာ ရေနံချောင်းမြို့ သစ်တပွေ

ရပ်ကွက်၊ ရွှေဘုံသာရပ်၊ မြေစာရင်း မှတ်ပုံတင်စာရင်း(၁-က)အရ ကွင်းအမှတ် (၁၄/အိုးဘိုစု)၊ ဦးပိုင်အမှတ်(၆၄/ဇ) ဧရိယာ(၀.၇၃၈)ဧက ရှိပါသည်။ ရေကူးကန် (၁)ကန်၊ တင်းနစ်ကွင်း (၂)ကွင်း၊ ဘော်လီဘောကွင်း(၁)ကွင်း၊ ဝန်ထမ်းအိမ်ရာတိုက်(၁)လုံး၊ ဝန်ထမ်းနေအိမ် ၃-ပင် အိမ် (၁)လုံး ရှိပါတယ်။ အဆိုပါ တင်းနစ်ကွင်းနှင့် ရေကူးကန်၊ ဝန်ထမ်း အိမ်ရာ အဆောက်အဦများကို ၂-၂-၁၉၉၀ ရက်နေ့မှာ ယခင်ရေနံ့သာကလပ် အဖွဲ့ဝင်များကနေပြီးတော့ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီးတော့ မြို့နယ်အားကစားနှင့် ကာယပညာ ကော်မတီကလည်းပဲ အားကစားဝန်ကြီးဌာနကို လွှဲပြောင်းပေးအပ်ခဲ့ခြင်း ဖြစ်ပါတယ်။ ရေကူးကန်မှာ အလျား(၇၅.၆)ပေ၊ အနံ(၃၅.၄)ပေ၊ အနက် (၈)ပေရှိပြီး အုတ်အင်္ဂတေ ရေကူးကန် အမျိုးအစား ဖြစ်ပါတယ်။ တင်းနစ်ကွင်း (၂)ကွင်းနှင့် ဘော်လီဘောကွင်း (၁)ကွင်းကတော့ အလျား(၁၁၀)ပေ၊ အနံ(၄၅)ပေရှိ အင်္ဂတေခင်း အမျိုးအစားကွင်းများ ဖြစ်ပါတယ်။

သို့ပါ၍ ရေနံချောင်းမြို့ မြို့နယ်အားကစားကွင်းနှင့် ပတ်သက်ပြီးတော့ မြို့နယ်အဆင့်မီ မီတာ (၄၀၀)ပြေးလမ်းပါသော ဘောလုံးအားကစားကွင်းအား အဆင့်မြှင့်တင်ပေးရန် လိုအပ်ခြင်း၊ ပွဲကြည့်စင် လုံးဝမရှိပါ၍ အခိုင်အမာ ပွဲကြည့်စင်များ အသစ်ပြန်လည်ပြုလုပ်ပေးရန် လိုအပ်ခြင်း၊ ရှိပြီးသား မိုးလုံလေလုံအားကစားရုံမှာလည်းပျက်စီး၊ ပေါက်ပြဲနေပါ၍ ပြန်လည်ပြုပြင်ပေးပါရန် လိုအပ်ခြင်း၊ တင်းနစ်ကွင်း(၂)ကွင်း၊ ဘော်လီဘောကွင်း(၁)ကွင်းနှင့် ရေကူးကန်တို့ ပြန်လည် ပြုပြင်အဆင့်မြှင့်တင်ရန် လိုအပ်ကြောင်း တွေ့ရှိရပါတယ်ခင်ဗျား။ မြန်မာ့ အားကစား ကမ္ဘာကို လွှမ်းစေရမည် ဆောင်ပုဒ်အညီဖြစ်စေရန် တစ်နိုင်ငံလုံးရှိမြို့နယ်တိုင်းမှာ အဆင့်နှင့် လျော်ညီသော အားကစားကွင်းများ ရှိနေရန်လိုအပ်ပါတယ်။ မြို့နယ်များကိုအခြေခံ၍ အားကစားသမားကောင်း များ မွေးထုတ်ပေးရန် လို အပ်ပါမ ယ်။ ရေနံချောင်းမြို့နယ် မှာလည်း နိုင်ငံ့ ဂုဏ်ဆောင် အားကစားသမားများကို မွေးထုတ်ပေးနိုင်တဲ့ အစဉ် အလာများလည်း ရှိခဲ့ပါတယ် ခင်ဗျား။ သို့ပါ၍ မကွေးတိုင်းဒေသကြီး ၊ ရေနံချောင်းမြို့နယ်ရှိ မြို့နယ်ဘောလုံးအားကစားကွင်း ၊ မိုးလုံလေလုံ အားကစားရုံနှင့် တင်းနစ် ကွင်းများ ၊ ရေကူးကန် တို့ကို အဆင့်မြှ င့်တင် ပြန်လည် ပြုပြင် တည်ဆောက်ပေးနိုင်ပါရန်နှင့် ဆောင်ရွက်ပေး နိုင်မည့် အခြေအနေ၊ ပြန်လည်အဆင့် မြှင့်တင် ပြုပြင်ပေးမည့် အစီအစဉ်တို့ကို သိရှိလိုပါ သဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြ အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## မူဆယ်မြို့နယ်တွင် အများပြည်သူဝင်ရောက်ကစားနိုင်သော အားကစားကွင်းတစ်ကွင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၁း၂၈။**

**ဥက္ကဋ္ဌ၊** ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၅)မှ ဦးစိုင်းဝင်းမောင်က မူဆယ်မြို့နယ်တွင် အများပြည်သူ ဝင်ရောက်ကစားနိုင်သော အားကစားကွင်းတစ်ကွင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၈။**

**ဦးစိုင်းဝင်းမောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်ထောင်စု ဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့နှုတ်ခွန်းဆက်သ ဂါရဝပြုရင်းနဲ့အားလုံးပဲ ကာယသုခ စိတ္တသုခ နှစ်ဖြာသော သုခအပေါင်းနှင့် ထာဝစဥ်ပြည့်စုံခညောင်းပါစေလို့ ဆုမွန် ကောင်း တောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၅)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းမောင် ဖြစ်ပါတယ်။ ကျွန်တော်ဟာ ပြည်သူများ ရဲ့ ဆန္ဒနဲ့ ရွေးချယ်တင်မြှောက်ခံရတဲ့ ပြည်သူ့ ကိုယ်စားလှယ်၊ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးဖြစ်ပြီး ပြည်သူ့အသံ၊ လွှတ်တော် အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့၏ မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်ဆို တဲ့ ဆောင်ပုဒ်အတိုင်း ပြည်သူ့အသံ၊ ပြည်သူ့ ဆန္ဒ၊ ပြည်သူ့ မျှော်လင့်ချက်တွေကို ဒီပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒ၊ ပြ ည်သူ့မျှော်လင့်ချက်စတဲ့ ကုန်ကြမ်းတွေကို ကျွန်တော်သယ်ဆောင်လာပြီး တော့ ဤလွှတ်တော်မှာ ကုန်ချောအဖြစ် ထုတ် လုပ်ဖို့အတွက် ဒီမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ မူဆယ်မြို့နယ်တွင် အများပြည်သူ ဝင်ရောက်ကစားနိုင်သည့် အားကစားကွင်းတစ်ကွင်း တည်ဆောက် ပေးနိုင်မယ့် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့် မေးခွန်း မေးမြန်းချက်များကို အချိန်သက် ညှာသောအားဖြင့် ဖတ်ကြားခွင့်ပြုပါရန် တောင်းပန်အပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အားကစားဟာ လူငယ်လူရွယ်များအ တွက် ကျန်းမာသန်စွမ်းရေး၊ အကျင့် စာရိတ္တ ကောင်းမွန်ရေး၊ ငယ်ရွယ်စဥ်ကာလ၌ အားကစား

လိုက်စားခြင်းအားဖြင့် အားကစား စိတ်ဓာတ် ရယူကျင့်သုံးတတ်ရေးနှင့် အရွယ်ရောက်ပြီး လုပ်ငန်းခွင် ဝင်ရောက်တဲ့အချိန်မှာ ထို အားကစားစိတ်ဓာတ်ဟာ ဘဝအောင်မြင်ရေးအတွက် အလွန်အရေးပါကြောင်း တွေ့ရပါတယ်။ အားကစားစိတ်ဓာတ်ဟာ သည်းခံတတ်ခြင်း၊ ကူညီဖေးမတတ်ခြင်း၊ ဘဝတွင် အောင်မြင်မှုဒဏ်ကို ခံနိုင်ရည်ရှိတဲ့အပြင် နစ်နာဆုံးရှုံးမှုဒဏ် ကိုလည်း ခံနိုင်ခြင်း၊ အများနဲ့ပူးပေါင်းဆောင်ရွက်တတ်ခြင်းစတဲ့ ကောင်းမြတ်တဲ့စိတ်ဓာတ်များ ဖြစ်ပေါ်ကာ လူကြီးဘဝမှာ ရယူပိုင်ဆိုင်စေနိုင်ပါတယ်။ ဂေါက်သီး၊ တင်းနစ်၊ ကြက်တောင် ကစားခြင်းတို့ဟာ စရိတ်စက ကြီးမားသဖြင့် ကလေးလူငယ်တိုင်း မက စားနိုင်ပါဘူး။ ဒါကြောင့် ဆင်းရဲချမ်းသာ မရွေး ဝင်ရောက်ကစား နိုင်တဲ့ အားကစားကွင်းမျိုး ဥပမာ -ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ပိုက် ကျော်ခြင်းစတဲ့ အားကစားနည်းများ ပါရှိတဲ့ အား ကစားကွင်းမျိုးမှာ လူငယ်လူရွယ်များအတွက် မရှိမဖြစ် အရေးပါအရာရောက်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈(က)တွင် "နိုင်ငံတော်သည် ပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေး တိုးတက်စေရေးတို့အတွက် အလေးထားဆောင်ရွက် ရမည်" ဟု အတိအလင်း ဖော်ပြထားပါတယ် ခင်ဗျား။ ထိုအားကစားကွင်းမျိုး ပေါ်ပေါက်လာနိုင်ရန် အစိုးရတွင်သာမက အမျိုးသားကျန်းမာရေးအတွက် လူတိုင်းမှာ တာဝန်ရှိပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့တိုင်း မြို့တိုင်းမှာ အားကစားကွင်းများ အပြည့် အစုံ တည်ဆောက်ဖန်တီးပေးထားမည်ဆိုလို့ရှိရင် နိုင်ငံနှင့် လူမျိုးအတွက် ထူးချွန်ထက်မြက်သော အားကစားသမားများ ပေါ်ထွန်းလာပါမယ်။ နေပြည်တော်၌ အားကစားတာဝန်ရှိသူများနဲ့ တွေ့ဆုံအမှာစကားပြောကြားရာမှာ နိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း က "အားကစားသမားများ ထူး ချွန်ထက်မြက်ရေးအတွက် အားကစားသမားများ ကိုယ်တိုင်လည်း တာဝန်ရှိ တယ်။ ကျွန်တဲ့အုပ်ချုပ်သူ နည်းပြ တို့လည်း တာဝန်ရှိပါတယ်" ဟု ပြောကြားခဲ့ပါတယ်။ ဒါကြောင့် အားကစားသမားကောင်းများ မွေးထုတ်နိုင်ရေးအတွက် အားကစားကွင်းရှိရပါမယ်။ ရန်ပုံ ငွေလည်း ပြည့်စုံရပါမယ်။ နည်းပြ ကောင်းတွေလည်း ရှိရပါမယ်။ အားကစားတာဝန်ရှိသူများရဲ့ အားပေးမှုလည်း ရှိရပါမယ်။ ဤအချက်များ ပြည့်စုံမှသာလျှင် နိုင်ငံ့ကိုယ်စား ထူးချွန်သောအားကစားသမားများ ပေါ်ထွန်းလာမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဤဆယ်စုနှစ် တစ်ခုလောက်

အတွင်းမှာ  မူဆယ်မြို့မှာ ဆင်းရဲချမ်းသာမရွေး ကလေးလူငယ်တိုင်း ဝင်ရောက်ကစားနိုင်တဲ့ အားကစားကွင်းမျိုး မရှိတော့ပါဘူး။ အချို့ကလေးတွေဆိုလျှင် ဘော်လီဘောကစားနည်းလိုမျိုး မတွေ့ဘူး၊ မမြင်ဘူးတဲ့ အခြေအနေထိ ဖြစ်နေတာကို ဝမ်းနည်းစွာ  တွေ့နေရပါတယ်။ ကလေး လူငယ်များဟာ အားကစားလေ့ကျင့်ရမယ့် နေရာမရှိတော့ တီဗွီဂိမ်းဆိုင်တွေ၊ ကာရာအိုကေဆိုင် တွေဆီသွားပြီး အချိန်ဖြုန်း၊ ငွေဖြုန်းတဲ့အလုပ်နဲ့ နောက်ဆုံးသူတို့ရဲ့ ပညာရေးနဲ့ ကျန်းမာရေးများ ထိခိုက်လာနိုင်ကြပါတယ်။ အချို့ကလေးတွေ ဆိုလျှင် သူတို့ရဲ့ ပညာရေးနဲ့ ကျန်းမာရေးတွေမှာ ထိခိုက်ရုံတင်မကဘဲ အကျင့်စာရိတ္တပိုင်း ဆိုင်ရာပါ ပျက်စီးယိုယွင်းမှု စသည့် ဆိုးကျိုးအမွေများ ကိုပါ ဆက်ခံရရှိကြပါတယ်။ ဤသည်မှာ နိုင်ငံပြုပြင်တည်ဆောက်ရာ၌ မရှိမဖြစ် လိုအပ်လှသော မျိုးဆက်သစ်လူငယ်များ၏ အခန်းကဏ္ဍကို ရင်လေးဖွယ်  အဖြစ်အပျက်တစ်ခုအနေနဲ့ တွေ့ရှိနေ ရပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား ။  "အနာဂတ်နိုင်ငံတော်သည် ယနေ့ မျိုးဆက်သစ်များနှင့် တစ်သားတည်း" ဖြစ်နေပါတယ်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်ရာမှာ ကျန်းမာရေးနှင့် ပညာရေးတို့ကို အဓိကဖြည့်ဆည်းပေးရမှာဖြစ်သလို အကျင့်စာရိတ္တ ကောင်းမွန်သော ကျန်းမာ  သန့်စွမ်းသော လူငယ်လူရွယ်များ ၊ အများအပြား မွေးထုတ်နိုင်ရေး သည်လည်း အရေးတကြီး လိုအပ်လျက်ရှိပါတယ်။ ဒါကြောင့် ဒေ  သတွင်းဖွံ့ဖြိုးရေးလုပ်ငန်း များကို လုပ်ဆောင်ရာ၌ လူတိုင်း  အလွယ်တကူ ဝင်ရောက်ကစားနိုင်တဲ့  အားကစားကွင်းများကို မြို့တိုင်း မြို့တိုင်းမှာ တည်ဆောက်ပေးဖို့ လိုအပ်လျက်ရှိပါတယ်။ ကျန်း  မာသန့်စွမ်းသော လူငယ်များ၏ လူ့စွမ်းအား အရင်းအမြစ်တို့  စဉ်ဆက်မပြတ်  ဖွံ့ဖြိုးတိုးတက်မှု  (Sustainable Development)  ရှိမှသာလျှင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ရာ၌ ထိရောက်မြန်ဆန် နိုင်မည် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ "ယနေ့ လူငယ် နောင်ဝယ် လူကြီး" ဆိုသလို "ကျွန်ုပ်တို့ နိုင်ငံအနာဂတ်သည် ယနေ့လူငယ်များပေါ် မူတည်နေပါသည်" ယခင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီခေတ်ကာလ၌ လူထု အားကစားကွင်းများ အလွန်ပေါများသဖြင့် ရှမ်း ပြည်နယ်(မြောက်ပိုင်း) သည် မြန်မာ့လက်ရွေးစင်အားကစားသမားများ အများအပြား ပေါ်ထွန်းတတ်သည့် အစဉ်အလာ ရှိခဲ့ပါတယ်။ ယခုအခါ မြို့ပြတည်ဆောက်ရေးလုပ်ငန်းများကြောင့် လူထုအားကစားကွင်း

များသည် မြို့နယ်အများအပြား၌ ပျောက်ကွယ်လုနီးပါးဖြစ်နေပါသဖြင့် ယင်းအစဥ်အလာကောင်းလည်း လိုက်၍ လိုက်၍ ပျောက်ကွယ်သွားပါပြီ။

ကလေးငယ်များကို တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ် လေ့ကျင့်ပျိုးထောင်မွေးမြူပေးရန်အတွက် အကောင်းဆုံးနေရာကတော့ အားကစားကွင်းများ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လွန်ခဲ့သော ဆယ်နှစ်ပတ်ဝန်းကျင်ခန့်က အားက စားမျိုးစုံကစားနိုင်တဲ့ အားကစားကွင်းမျိုး မူဆယ်မြို့နယ်မှာ ရှိခဲ့ဖူးပါတယ်။ ယခု ယင်းကဲ့သို့ အလားတူ အားကစားကွင်းမျိုး တည်ဆောက်ပေးရန် လိုအပ်လျက်ရှိကြောင်း တင်ပြတောင်းခံခြင်းဖြစ်ပါ့ "မူဆယ်မြို့နယ်တွင် အများပြည်သူဝင်ရောက်ကစားနိုင်တဲ့ အားကစားကွင်းတစ်ကွင်း တည်ဆောက်ပေးနိုင်မည့် အစီအစဥ် ရှိ /မရှိ" ကို ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးခွန်းမေးမြန်းခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**နိုင်ငံခြားသားများ နယ်မြေသွားလာခွင့်အား ကန့်သတ်ထားခြင်းကို ဖြေလျော့ပေးရန် အစီအစဥ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၄၀။**

**ဥက္ကဋ္ဌ၊** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)မှ ဦးသိန်းလှိုင် က နိုင်ငံခြားသားများ နယ်မြေ သွားလာခွင့်အား ကန့်သတ်ထားခြင်းကို ဖြေလျော့ပေးရန် အစီအစဥ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၀။**

**ဦးသိန်းလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသိန်းလှိုင် ဖြစ်ပါတယ်။ ဒီမေးခွန်းဟာ ကျွန်တော်တို့ ပထမအကြိမ် ပုံမှန်အစည်းအဝေးမှာရော၊ ဒုတိယအကြိမ် ပုံ မှန်အစည်းအဝေးမှာရော မေးခဲ့တဲ့ မေးခွန်း ဖြစ်ပါတယ်။ သို့သော်လည်းပဲ ကျွန်တော် ဒီအစည်းအဝေးကို မတက်ရောက်မီ တတိယအကြိမ် ပုံမှန်အစည်းအဝေး မတက်ရောက်မီအထိ ကျွန်တော်တို့ဒေသမှာ ထူးထူးခြားခြား ဘာမှဖြစ်မလာတဲ့အတွက် ကျွန်တော့်အနေနဲ့ ဒီမေးခွန်းကို မေးရခြင်းဖြစ်ပါတယ်။ ကျွန်တော့်တို့ ကလေးမြို့ဟာ နိုင်ငံခြားသားများနေ့စဥ်လိုလို အဝင်အထွက်

ရှိပါတယ်။ အဲ ဒီလို အဝင်အထွက်ရှိတဲ့နေရာမှာ တချို့ တစ်ဦးချင်း တစ်ဦးချင်း လာသလို တချို့ ကျတော့လည်း Guide နဲ့ ဘာနဲ့ ကျွန်တော်တို့ Package Tour သဘောမျိုး အစုအဖွဲ့နဲ့ လာကြတာတွေ ရှိပါတယ်။ အဲဒီတော့ ဒီ နိုင်ငံခြား သားများရဲ့ အခက်အခဲကတော့ သူတို့ဟာ ကလေးမြို့ပေါ်ကိုပဲ သွားလာခွင့်ရှိပြီး ကျန်တဲ့ အခြားကျေးရွာတွေ အခြားမြို့တွေကို သွားလာခွင့် မရှိဘူးလို့ အချို့တာဝန်ရှိပုဂ္ဂိုလ်များ က ပြောပါတယ်။ ဒါကြောင့်မို့ ကလေးမြို့မှာရောက်လာတဲ့ နိုင်ငံခြားသားများဟာ ဒါနဲ့ပတ်သက်ပြီး အခက်အခဲတွေ့ ကြပါ တယ်။ သို့သော်လည်းပဲ လာတဲ့ နိုင်ငံခြားသားများဟာ မြို့ နယ်အတွင်း အခြားကျေးရွာတွေလည်း သွားတယ်။ နောက်တစ်ခါ အခြားမြို့တွေလည်း သွားတယ်။ နောက်ပြီး ချင်းပြည်နယ် ကိုတောင်မှ တက်သွားတာ တွေ့ရ ပါတယ်။ သို့သော်လည်းပဲ ကျွန်တော်သိရသလောက် ဒါဟာ နားလည်မှုနဲ့ ခွင့်ပြုတာလို့ သိရ ပါတယ်။ နားလည်မှုနဲ့ ခွင့်ပြုပေးရခြင်းက လည်း ဒါကျွန်တော်တို့ ပြဿနာမဖြစ် နိုင်တာရော၊ အန္တရာယ် မရှိတာရောကြောင့် ခွင့်ပြုပေးနေခြင်းလို့ သိရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ကလေးဒေသဟာ တမူးမြို့နယ် ကတော့ အိန္ဒိယနယ်စပ်ဖြစ်တဲ့အတွက် ကြောင့် ခွင့်ပြုပေးဖို့ မသင့်တော်သော်လည်းပဲ အခြား ဒေသများ ချင်းပြည်နယ်သော်လည်း ကောင်း၊ ကျွန်တော်တို့ ချင်းတွင်းမြစ်ရိုးသော်လည်းကောင်း ဒီဒေသတွေဟာ အန္တရာယ်မရှိဘူး၊ ပြဿနာ မဖြစ်ပွားနိုင်တဲ့ ဒေသတွေဖြစ်တယ်။ အဖြူရောင်နယ်မြေ ဖြစ်ပါတယ်။ ဒီဒေသတွေကို တော့ ကျွန်တော်တို့ ဒါ နိုင်ငံခြားသားများကို ခရီးသွားလာခွင့် ပြုခြင်းအားဖြင့် နယ်မြေဒေသတွေ မှာ အကျိုးကျေး ဇူး များစွာခံစားခွင့်ရရှိကြမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့အနေနဲ့ ဒေသက ပုဂ္ဂိုလ်များ အနေနဲ့ ဒီ နို င်ငံခြားသားများကို ပတ်ဝန်းကျင်ကျေးရွာများကိုသော်လည်းကောင်း၊ နောက်တစ်ခါ ချင်းတွင်းမြစ်ရိုးကိုသော်လည်းကောင်း၊ ချင်းပြည်နယ်ကိုသော် လည်းကောင်း သွားလာခွင့်ပေး သင့်ပါတယ်။ အဲဒီလို သွားလာခွင့်ပေးမယ်ဆိုရင်လည်း ကျွန်တော်တို့ သိသာထင်ရှားအောင်၊ ထင်သာမြင်သာရှိအောင် ညွှန်ကြားချက်များ တိတိကျကျနဲ့ သွားလာခွင့်ပေးသင့်ပါတယ်။ နောက် တစ်ခါ ကျွန်တော်တို့ နယ်မြေဒေသမှာရှိတဲ့ အာဏာပိုင် အဖွဲ့အစည်းများ၊ တာဝန်ရှိပုဂ္ဂိုလ်များ ကိုလည်း ပြော သင့်ပါတယ်။ အခု ကျွန်တော် သိရ သလောက်တော့ ဒီ ခရီးသွားလာခွင့်တွေဟာ ဖြေလျှော့ပေးထားတယ်လို့ ကြားသိရပါတယ်။ သို့ သော်လည်းပဲ အခုထိတော့ ကျွန်တော်တို့ ကလေးမြို့မှာတော့ တာဝန်ရှိပုဂ္ဂိုလ်တွေဟာ တရားဝင်ခွင့်ပြုခြင်း မရှိပါဘူး။ နားလည်မှုနဲ့ ခွင့်ပြုခြင်း ဖြစ်ပါတယ်။ တချို့နိုင်ငံခြားသား ခရီးသွားတွေဟာ ဂုဏ်သိက္ခာရှိရှိလာတဲ့ ပုဂ္ဂိုလ်တွေ

ဖြစ်ပါတယ်။ အခုတစ်ခေါက်တော့ ဒါသူတို့ ဟာ ဘယ်လိုပဲဖြစ်ဖြစ် တရားမဝင် သွားလိုက်ကြပါတယ်။ သို့သော်လည်းပဲ နောင်မှာတော့ အဲဒီလို တရားမဝင် သွားလာရမယ်ဆိုရင်တော့ သူတို့ မသွားချင်ဘူးလို့ ပြောပါတယ်။ ဒါကြောင့်မို့ ကျွန်တော့်အနေနဲ့ မေးခွန်းမေးလိုတာကတော့ နိုင်ငံခြားခရီးသွားဧည့်သည်များ မြန်မာပြည်ကို လာရောက်တဲ့အခ ါမှာ နယ်မြေကန့်သတ်မှုများပြားလွန်းခြင်းအား အများသိသာအောင် ညွှန်ကြားချက်များ ထုတ်ပြန်၍ ဖြေလျှော့ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုကြောင်း အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီး မှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၄၂။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး အားကစားဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၁း၄၂။**

**ဦးတင့်ဆန်း(ပြည်ထောင်စုဝန်ကြီး၊ အားကစားဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယ ပုံမှန်အစည်းအဝေးမှာ မေးမြန်းတဲ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ငြိမ်း ရဲ့ "မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့မှာရှိတဲ့ မြို့နယ်ဘောလုံး အားကစားကွင်း၊ မိုးလုံလေလုံ အားကစားရုံ၊ တင်းနစ်ကွင်း နဲ့ ရေကူးကန်တို့အား အဆင့်မြှင့်တင် ပြန်လည်ပြုပြင် တည်ဆောက်ပေးနိုင်ပါရန်နှင့် ဆောင်ရွက်ပေးနိုင်မယ့် အခြေအနေ" ကြယ်ပွင့်ပြမေးခွန်းနဲ့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၅) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းမောင် ရဲ့ "မူဆယ်မြို့နယ်တွင် အများပြည်သူဝင်ရောက်ကစားနိုင်သော အားကစားကွင်း (၁)ကွင်း တည်ဆောက်ပေးမည့် အစီအစဉ် ရှိ/မရှိ" မေးမြန်းလာသော ကြယ်ပွင့်ပြမေးခွန်းများအား တစ်ပေါင်းတည်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

အားကစားဝန်ကြီးဌာနအနေဖြင့် ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလအတွင်း နေပြည်တော်တွင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် အောင်မြင်စွာ လက်ခံကျင်းပနိုင်ရေးအတွက် လိုအပ်တဲ့အားကစားကွင်း၊ အားကစားရုံများကို အားကစားရွာ တည်ဆောက်ခြင်းလုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်နေရပါတယ်။ ဒီလိုပဲ ကျွန်တော်တို့ (၂၇)ကြိမ်မြောက်မှာ ထည့်သွင်းကျင်းပမယ့် အား ကစားနည်း (၃၂)နည်း အောင်နိုင်ရေး လုပ်ငန်းများကိုလည်း အလေးထားပြီးတော့ ကိုယ့်နိုင်ငံမှာ ကျင်းပတဲ့အချိန်မှာ ကိုယ့်ဘက်က အောင်နိုင်ရေးကို များများရရှိရေးအတွက် အလေးထား ဆောင်ရွက်နေရတာလည်း ရှိပါတယ်။ ဒီ့အပြင်ကို ဖွင့်ပွဲပိတ်ပွဲများ ဆောင်ရွက်တဲ့နေရာမှာလည်း နိုင်ငံတကာအဆင့်မီဖြ စ်အောင် သူများနိုင်ငံ များနဲ့ တန်းတူညီတူရှိအောင် ကျင်းပနိုင်ရေး လုပ်ငန်းများကိုလည်း အချိန်နဲ့ တစ်ပြေးညီ လူအား ၊ ငွေအားတွေနဲ့ ဆောင်ရွက်နေတာရှိပါတယ်။ ဒါကြောင့်မို့လို့ မကွေးတိုင်းဒေသကြီး ရေနံချောင်း မြို့နယ်ရှိ အား ကစားကွင်း၊ အားကစားရုံနဲ့ တင်းနစ်ကွင်း၊ ရေကူးကန် တို့အား အဆင့်မြှင့်တင် ပြန်လည်တည်ဆောက်ပေးနိုင်ရေးနဲ့ ပတ် သက်၍ ဆွေးနွေးပေးကြတဲ့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ကြီးများဖြစ်တဲ့ ဦးအောင်ငြိမ်း နဲ့ ဦးစိုင်းဝင်းမောင် တို့ကို အထူးပဲ ကျေးဇူးတင် ပါတယ်။ မေးခွန်းများ မေးတဲ့အပြင်ကို အား ကစားလုပ်ငန်းအပေါ်မှာ ဆောင်ရွက် ရမယ့် အခြေအနေများကိုလည်း ပူးတွဲပြီးတော့ ရှင်းလင်းတင်ပြသွားတာဖြစ်တဲ့အတွက် အားကစား ဝန်ကြီးဌာနအနေနဲ့ အရမ်းပဲ ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ လက်ရှိ အခြေအနေ အရ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပြီးစီးတဲ့အချိန်မှသာ ဦးစားပေး အဆင့်အလိုက် စိစစ်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ မူဆယ်မြို့မှာ အများပြည်သူ အသုံးပြုနိုင်မယ့် မီတာ (၄၀၀)ပြေးလမ်းနှင့် ပရိသတ် (၃၀၀၀)ဆံ့ RC နှစ်ထပ်ပွဲကြည့်စင်ပါ ပြည်ထောင်စုအားကစားကွင်း(၁)ကွင်းနှင့် မြို့နယ်အဆင့် လေ့ကျင့်ရေးအား ကစားကွင်း(၁)ကွင်း တည်ဆောက်ထားပြီး အားကစားပြိုင် ပွဲများ ကျင်းပလျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ မူဆယ်မြို့ မှာလည်း အားကစားကွင်း (၂)ကွင်း ရှိပြီးသားဖြစ်တဲ့အတွက် (၂၇)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲ ပြီးမှသာ အထက်က တင်ပြပြီးသလို ဦးစားပေးဆောင်ရွက်မှာ ဖြစ်တဲ့ အတွက် မူဆယ်မြို့မှာရှိ တဲ့ အားကစားကွင်း (၁)ကွင်း ထပ်မံတည်ဆောက်ပေးမည့် အစီအစဉ် မရှိသေးပါကြောင်း ဖြေကြားရှင်းလင်းအပ်ပါတယ်။

ဆက်လက်ပြီးတော့ စစ်ကိုင်း တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသိန်းလှိုင် မှ "နိုင်ငံခြားခရီးသွားဧည့်သည်များ မြန်မာ ပြည်သို့ လာရောက်သည့်အခါ နယ်မြေ ကန့်သတ်မှု များပြားလွန်းခြင်းအား ဖြေလျှော့ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း" မေးခွန်းနှင့်ပတ်သက်၍ ကမ္ဘာလှည့်ခရီးသည် ဗီဇာဖြင့် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သော နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များအား မြန်မာနိုင်ငံအတွင်း ခွင့်ပြုခရီးစဉ်များအတွက် ၎င်းတို့၏ ခရီးစဉ်အတိုင်း သွားလာစေခြင်း ၊ ခွင့်ပြုချက်ရယူရန် လိုအပ်သော ခရီးစဉ်များအတွက် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှတစ်ဆင့် အထက်ဌာနသို့ တင်ပြခွင့်ပြုချက်ရယူ၍ သွားလာစေခြင်းများအား ပြည်ထဲရေးဝန်ကြီးဌာန၏ ကမ္ဘာလှည့်ခရီးသည်များနှင့် နိုင်ငံခြားသားခရီးသည်များ ခရီးသွားလာခြင်းဆိုင်ရာ စည်းကမ်း သတ်မှတ်ချက်၊ အမိန့်နှင့်ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ၂၀၀၇ ခုနှစ်၌ ပြည်ထဲရေးဝန်ကြီး ဌာနက စီးပွားရေးလုပ်ကိုင်မည့် နိုင်ငံခြားသားများ ကမ္ဘာလှည့် ခရီးသည်များနှင့် အကြောင်းအမျိုးမျိုးဖြင့် ဝင် ထွက်သွားလာနေကြသည့် နိုင်ငံခြား သားများ အတွက် လိုအပ်သည့် ညွှန်ကြားချက်များ ထုတ်ပြန်ပြီး ခရီးသွားကုမ္ပဏီများ၏ အစီအစဉ်ဖြင့် လှည့်လည်သွားလာသည့်အဖွဲ့ (Package Tour Group )နှင့် တစ်ဦးချင်း လွတ်လပ်စွာ သွားလာသူ (F.I.T) (Foreign Independent Traveller ) များအတွက် စစ်ကိုင်းတိုင်း ဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် သွား လာခွင့်ပြုထားသည့် ကန့်သတ်နယ်မြေ ဒေသများအား အောက်ပါအတိုင်း ဖော်ပြထားပါသည် -

(က) အလောင်းတော်ကဿပ၊ ဖို လ်ဝင်တောင်၊ မုံရွာ ၊ တွင်းတောင်၊ ဘုတလင်၊ ကျောက္ကာ၊ ယင်းမာပင်နှင့် ရေလျှံတွင်းဒေသများသို့ Package Tour နှင့် F.I.T များအား မော်တော်ယာဉ်ဖြင့် သွားလာခွင့်ပြုထားပါတယ်။

( ခ) ခန္တီးသို့ Package Tour နှင့် F.I.T များအား လေယာဉ်၊ ရေယာဉ်ဖြင့် သွားလာခွင့် ပြုထားပါတယ်။ မြို့အပြင်ဘက်ကိုတော့ သွားရောက်ခွင့် မပြုထားပါဘူး။

( ဂ) ဟုမ္မလင်းသို့ Package Tour နှင့် F.I.T Tour များအား ရေယာဉ်ဖြင့် သွားလာခွင့် ပြုသည်။ မြို့အပြင်ဘက်သို့ သွားရောက်ခွင့်မပြုပါဘူး။

(ဃ) ကလေးသို့ Package Tour နှင့် F.I.T များအား လေယာဉ်ဖြင့် သွားခွင့်ပြုပြီး မြို့နှင့် (၄) မိုင်ပတ်လည်သာ သွားရောက်ခွင့် ပြုထားပါတယ်။

( င) ချင်းပြည်နယ်သို့ ကမ္ဘာလှည့်ခရီးသည်နှ င့် နိုင်ငံခြားသားဧည့်သည်များအား သွားရောက်ခွင့် မပြုပါ။

အထက်ပါ ကန့်သတ်နယ်မြေများ သတ်မှတ်ထားသော်လည်း ထိုဒေသများထက် ကျော်လွန်သွားရောက်လိုပါက သက်ဆိုင်ရာဝန်ကြီးဌာနများ၏ တာဝန်ခံချက်ဖြင့် အထက်ဌာနသို့ တင်ပြခွင့်ပြုချက် ရရှိပါက ခွင့်ပြုခရီးစဉ်လမ်းကြောင်းများအတိုင်း သွားရောက် ခွင့်ပြုလျက်ရှိပြီး နားလည်မှုဖြင့် ခွင့်ပြုပေးခြင်းများမရှိဘဲ ကလေးဒေသ၊ ချင်းတောင်ဒေသနှင့် ချင်းတွင်းမြစ်ရိုးတစ်လျှောက်ရှိ ဒေသများသည် တောင်ပေါ်ဒေသများဖြစ်၍ လမ်းခရီးကြမ်းတမ်းခြင်း၊ ပို့ဆောင်ရေးယာဉ်များ ခက်ခဲခြင်း၊ ခရီးသွားလာရာတွင် အချိန်ကြာမြင့်ခြင်း၊ လမ်း ခရီးတစ်လျှောက် တည်းခိုနေထိုင်ရန် အဆောက်အဦ ကန့်သတ်ချက်ရှိခြင်းတို့ကြောင့် နယ်မြေကန့်သတ်၍ သွားလာခွင့်ပြုခဲ့ခြင်းများ ဖြစ်ပါတယ်။

မြန်မာနိုင်ငံသို့ ၂၀၁၀ ခုနှစ်မှာ လေဆိပ်၊ ရေဆိပ်နှင့် နယ်စပ်ဝင်ပေါက်များမှ နိုင်ငံခြားသားဧည့်သည် (၇၉၁၅၀၅) ဦး၊ ၂၀၁၁ ခုနှစ်မှာ လေဆိပ်၊ ရေဆိပ်နှင့် နယ်စပ်ဝင်ပေါက်များမှ နိုင်ငံခြားသားဧည့်သည် (၈၁၆၃၆၉)ဦး တိုးတက်ဝင်ရောက်ခဲ့ကြောင်း တွေ့ရှိပါတယ်။ မြန်မာနိုင်ငံသို့ နှစ်စဉ် ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှု ပိုမိုများပြားလာသည်နှင့်အမျှ ကလေးဒေသ၊ ချင်းတောင်ဒေသ နှင့် ချင်းတွင်းမြစ်ရိုးတစ်လျှောက်ရှိ ဒေသများသို့ လာရောက်လည်ပတ်မှုမှာလည်း အချိုးညီစွာ တိုးတက်များပြားလာပါတယ်။ ၎င်းအပြင် နိုင်ငံခြားသားခရီးသွားဧည့်သည်များ တိုးတက်လာသည်နှင့်အမျှ အခြေခံ အဆောက်အဦများလည်း သင့်တင့်လျောက်ပတ်စွာ တည်ရှိရန်လိုအပ်လာပြီး အခြေခံ အဆောက်အဦများ တိုးတက်လာသည်နှင့်အမျှ ခရီးသ ည်များ၏ ကျေနပ် နှစ်သိမ့်မှုရရှိ၍ ထပ်မံ ပိုမိုလာရောက်ကြမည် ဖြစ်ပါတယ်။ ယင်းကဲ့သို့ လမ်းပန်း ဆက်သွယ်ရေးကအစ အခြေခံ အဆောက်အဦများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ပြည်ထောင်စုအစိုးရသစ်၏ ပြောင်းလဲ တိုးတက်လာသော မူဝါဒများနှင့်အညီ နယ်မြေကန့်သတ်ချက်များကိုလည်း ဖြေလျှော့ဖို့ အစီအစဉ် ရှိပါတယ်။ ကျွန်တော်တို့ နယ်မြေဒေသ ဖြေလျှော့တာကို ဆက်လက် ရှင်းလင်း တင်ပြလိုတာကတော့ ကျွန်တော်တို့ နိုင်ငံခြားသား

ခရီးသည်များ မြန်မာပြည်ကို လာရောက် ၊ ဝင်ရောက်တဲ့အခါမှာ ကျွန်တော်တို့ အခြေအနေ အားလုံး(၂)မျိုး ရှိပါတယ်။ နိုင်ငံခြား သားရဲ့ သူ့ရဲ့ အသက်အန္တရာယ် ကအစ သူ့လုံခြုံရေးကို ကျွန်တော်တို့ နိုင်ငံဖက်က တာဝန်ယူခဲ့ရသလို ၊ သူတို့ရဲ့ နိုင်ငံခြားသားတိုင်းမှာလည်း သူတို့ရဲ့စိတ်ထဲမှာ တစ်ပြေးညီ မရှိပါဘူး။ အမျိုးမျိုးရှိတဲ့အတွက် ကျွန်တော်တို့ နိုင်ငံက သတင်းအတိုအထွာနဲ့ အခြေအနေကိုလာစုံစမ်းခဲ့တဲ့ နိုင်ငံခြားသားများဆိုရင်လည်း ကျွန်တော်တို့က ကာကွယ်ရတဲ့အနေအထားတွေ ရှိပါတယ်။ ဒါကြောင့်မို့လို့ သူ့ကို ကျွန်တော်တို့က ကာကွယ် ပေးရသလို ကျွန်တော်တို့ နိုင်ငံအတွက် သူတို့ဆီပါသွားမယ့် သတင်းကို ကာကွယ်ပေးတဲ့ အခြေအနေတွေ ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီဟာတွေနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ခရီးစဉ်ဒေသတွေကို ကန့်သတ် နယ်မြေ၊ ခွင့်တောင်းပြီးမှ နယ်မြေ ဆိုပြီးတော့ ခွဲခြားထားတာတွေ ရှိပါတယ်။ နောက် ကျွန်တော်တို့ အစိုးရအနေနဲ့ ဝန်ကြီးဌာနအနေနဲ့ ဒီလုပ်ငန်းများကို နှစ်ဖက် ချိန်ဆပြီးတော့ အခြေအနေပေါ်မှာ ဆောင်ရွက်နေရတာဖြစ်တဲ့အတွက် လက်ရှိကျွန်တော်တို့ ကန့်သတ်ထားတဲ့ နယ်မြေကိုလည်း ကျွန်တော်တို့ သင့်တော်တဲ့အချိန်၊ သင့်တော်တဲ့အခါတွေမှာ အမြန်ဆောင်ရွက်နိုင်အောင်လို့ စီစဉ်ဆောင်ရွက်ဆဲ ရှိပါတယ်။ ဒါကြောင့်မို့လို့ အခုတင်ပြတဲ့ ကလေးမြို့နဲ့ ကလေးခရီးစဉ်ဒေသအားလုံးမှာလည်း ရေရှည်အနေနဲ့ ဒါတွေကို ကျွန်တော်တို့ ဝန်ကြီးဌာ နအနေနဲ့ စဉ်း စားပြီးတော့ အမြန်ဆုံးရနို င်အောင် စီစဉ် ဆောင်ရွက်ပေးသွားဖို့၊ နောက် ဒီအပြင် ကျန်တဲ့နယ်မြေများကိုလည်း ဒီလိုပဲ အလားတူ ဖြေလျှော့ ပေးသွားနိုင်ဖို့ကို စီစဉ်ဆောင်ရွက်နေတာဖြစ်ပါကြောင်းတင်ပြရင်း နိဂုံးချုပ်ပါတယ်။(ဩဘာသံများ)

**အချိန်၊ ၁၁း၅၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးက မေးမြန်းသည့် မေးခွန်းများသည် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။ မေးမြန်းရာမှာ တိုတိုနဲ့လိုရင်းကို မေးမြန်းဖို့ တိုက်တွန်းပါတယ်။

**ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်ရုံးစိုက်ရာ မိုးညှင်းဘူတာအတွက် ရိုးရိုး တန်း၊ အထက်တန်းနှင့် အိပ်စင်ရထားလက်မှတ်စောင်ရေ တိုးမြှင့်ခွင့်ပြုပေးရန် အ စီအစဉ် ရှိ /မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၅၁။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းတင်အောင် က ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်ရုံးစိုက်ရာ မိုးညှင်းဘူတာအတွက် ရိုးရိုးတန်း၊ အထက်တန်းနှင့် အိပ်စင်ရထား လက်မှတ်စောင်ရေ တိုးမြှင့်ခွင့်ပြုပေးရန် အစီအစဉ် ရှိ /မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၁။**

**ဦးစိုင်းတင်အောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ လေးစားစွာ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အ မျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းတင်အောင် ဖြစ်ပါတယ်။ အခု ကျွန်တော်မေးမယ့် မေးခွန်းကတော့ မိုးညှင်းမြို့ မီးရထား ဘူတာရုံနဲ့ မီးရထားဘူတာရုံက ရထားလက်မှတ်နဲ့ ပတ်သက်တဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကချင်ပြည်နယ်၊ မိုးညှင်း မြို့အတွင်းမှာ မှီတင်းနေထိုင် တဲ့ တိုင်းရင်းသားပြည်သူတို့ဟာ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုစီးပွားဘဝအတွက် ခရီး သွားလာရေးမှာ အဓိကအားထားရတဲ့ လမ်းမကြီး(၂)ခုဖြစ်တဲ့ ကားလမ်း၊ မီးရထားလမ်းကိုပဲ အဓိက အားထားသွားလာနေကြရပါတယ်။ ဒီလိုသွားလာနေရတဲ့နေရာမှာလည်း မိုးညှင်းမီးရထားဘူတာရုံ က ခွင့်ပြုချမှတ်ပေးတဲ့ မီးရထားလက်မှတ်စောင်ရေနဲ့ အခု တိုးတက်များပြားလာတဲ့ လူဦးရေနဲ့ မမျှတတော့တဲ့အတွက် ခရီးသွားပြည်သူများ အခက်အခဲများ စွာ ကြုံတွေ့ရပါတယ်။ သို့ပါ သောကြောင့် မိုးညှင်းမီးရထားဘူတာရုံအတွက် ရိုးရိုးတန်း၊ အထက်တန်း၊ အိပ်စင် ရထားများ အတွက် ရ ထားလက်မှတ်များ တိုးမြှင့်ချမှတ်ပေးဖို့ အစီအစဉ် ရှိ /မရှိ လေးစားစွာ မေးမြန်းတင်ပြ အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မန္တလေး-မြစ်ကြီးနား မီးရထားစင်းရေ တိုးမြှင့်ပြေးဆွဲနိုင်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၅၃။**

**ဥက္ကဋ္ဌ၊** ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၇)မှ ဦးစံပြည့် က မန္တလေး-မြစ်ကြီးနား မီးရထားစင်းရေ တိုးမြှင့်ပြေးဆွဲနိုင်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၃။**

**ဦးစံပြည့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၇)မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးစံပြည့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေး -မြစ်ကြီးနား မီးရထားစင်းရေ တိုးမြှင့်ပြေးဆွဲနိုင်ရေး ဆောင်ရွက်ပေးနိုင်မယ့် အခြေအနေကို သိရှိလိုတဲ့အတွက် ဥက္ကဋ္ဌကြီး မှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်ဟာ မြန်မာနိုင်ငံရဲ့ မြောက်ပိုင်းအစွန်ဆုံးမှာ တည်ရှိပြီးတော့ လူဦးရေ အားဖြင့် (၁၂)သိန်းကျော်နေထိုင်လျက် ရှိပါတယ်။ ပြည်နယ်နှင့် ပြည်မ ဆက်သွယ်သွားလာဖို့အတွက် မီးရထားလမ်း၊ ကားလမ်းနဲ့ လေကြောင်းလမ်းများ ရှိပါတယ်။ လေကြောင်းလမ်းကတော့ လေယာဉ်စီးခနှုန်းကြီးမားတဲ့အတွက် ငွေကြေးတတ်နိုင်သူများသာ သုံးစွဲနိုင်ကြတာ ဖြစ်ပါတယ်။ မြစ်ကြီးနား-ရွှေဘို-မန္တလေး ကားလမ်းကလည်း လူစီးယာဉ်များ လုံးဝပြေးဆွဲနိုင်တဲ့ အနေအထား မရှိပါဘူး။ ဖားကန့်မှာ လုပ်ငန်းတွေကို လုပ်ဆောင်ဖို့အတွက် စက်သုံးဆီသယ်ဆောင်မှုနဲ့ လုပ်ငန်း သုံးပစ္စည်းတွေကို သယ်ဆောင်တဲ့ အနေအထားပဲ ရှိပါတယ်။ ဒါကြောင့်မို့လို့ ကချင်ပြည်နယ်မှာရှိတဲ့ ပြည်သူများဟာ မန္တလေး -မြစ်ကြီးနားလမ်းတစ်ခုတည်းကိုပဲ အားထားပြီးတော့ ကူးလူးဆက်ဆံသွားလာနေရတာ ဖြစ်ပါတယ်။ အဲဒီတော့ မြစ်ကြီးနားနဲ့ မန္တလေးကို နေ့စဉ်ပြေးဆွဲတဲ့ ရထားက လူစီးရ ထား(၅)စင်းနဲ့ လော်ကယ်ရထား(၁)စင်း၊ ပါဆယ်ရထား (၁)စင်းနဲ့ ကုန်ရထား (၁)စင်း ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့

ကချင်ပြည်နယ် မီးရထားလမ်းတစ်လျှောက်ဟာ ဘူတာ စုစုပေါင်း (၂၀) ရှိပါတယ်။ အဲဒီဘူတာ (၂၀)မှာ တကယ်ကြီးကြီးမားမား လူအင်အားအများအပြားနဲ့ ခရီးသည်အများအပြားနဲ့ သွားနေတဲ့ ဘူတာဟာ မိုးညှင်း၊ မိုးကောင်းနဲ့ မြစ်ကြီးနားဘူတာပဲ ရှိပါတယ်။ အဲဒီတော့ ဒီမီးရထား လက်မှတ်ဝယ်ရတဲ့အခါမှာ ခက်ခဲတဲ့အနေအထားလေးတွေ ရှိတယ်ဆိုတာ ကျွန်တော် ကြားသိရတဲ့အတွက် ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့မှာ ကျွန်တော် မိုးကောင်းဘူတာကို သွားပါတယ်။ သွားပြီးတော့ တာဝန်ရှိသူများနဲ့ တွေ့ပြီးတော့ မီးရထားပို့ဆောင်ရေး အခြေအနေတွေကို မေးမြန်းကြည့်ပါတယ်။ မေးမြန်းကြည့်တဲ့အခါမှာ မိုးကောင်းဘူတာကနေပြီးတော့ မန္တလေးကို သွားချင်တဲ့၊ ပြည်မကိုသွားချင်တဲ့ ခရီးသည်များဟာ နေ့စဉ် မီးရထားတစ်စင်းချင်းအလိုက် လက်မှတ်သူ့ရဲ့ ဝယ်ယူမရနိုင်တဲ့ လူဦး ရေ၊ ခရီးသည်ဦးရေဟာ အမှတ် (၃၄)မီးရထားမှာ (၄၅)ဦးခန့် ရှိပါတယ်။ မန္တလာရထားအမှတ်(၅၈)မှာ (၁၃၀)ဦး ရှိပါတယ်။ ဒါပျမ်းမျှတင်ပြတာပါ။ အမှတ် (၅၆) အထူးအမြန်မှာ (၃၅)ဦး ရှိပါတယ်။ (၃၅)ဦးခန့်ပါ။ ဒုတိယအမြန်မှာ (၃၀)ဦးခန့်နှင့် အမှတ်(၅၈)မီးရထား အမြန်မှာ (၆၃)ဦးခန့် ရှိပါတယ်။ ဒါကတော့ သီးခြားတာဝန်ရှိသူများနဲ့ ဆွေးနွေးချက်အရ သိရှိရတဲ့ ပျမ်းမျှအရေအတွက်ပါ။ အဲဒီတော့ မီးရထား(၅)စင်း စုစုပေါင်းလိုက်ရင် (၃၀၃)ဦး ရှိပါတယ်။ အဲဒီ လူတွေကတော့ မီးရထားမှာ သူ့ရဲ့ လူဝင်ဆံ့မှု ကန့်သတ်ချက်အရ ဘယ်လိုမှကို ရောင်းပေးလို့မရနိုင်တော့တဲ့ အခြေအနေပါ။ အဲဒီတော့ တစ်ရက်ကို (၃၀၃)ဦးရှိပါတယ်။ အဲဒီတော့ ခုနတုန်းက ကျွန်တော်တင်ပြခဲ့တဲ့ ကျွန်တော်တို့ ကချင်ပြည်နယ်မှာ ဘူတာကြီး (၃)ဘူတာ ရှိပါတယ်။ အဲဒီ (၃)ဘူတာကို ကျန်တဲ့ (၁၇)ဘူတာကို ထည့်မတွက်ဘဲနဲ့ (၃)ဘူတာပဲ ထည့်တွက်မယ်ဆိုရင်တောင်မှ တစ်ရက် တစ်ရက်ကို ပြည်မကိုသွားချင်တဲ့ လူ(၉၀၀) သွား ချင်တဲ့ရက်မှာ မသွားရဘဲနဲ့ ရက်ရွှေ့ဆိုင်းနေရတဲ့ အနေအထား ရှိပါတယ်။ ဒီဟာကတော့ ကျွန်တော် ခုနတုန်းက တင်ပြတဲ့ မီးရထားစင်းရေ တိုးပေးဖို့ လိုအပ်တယ်ဆိုတဲ့ အနေအထားလေးကို တင်ပြတာ ဖြစ်ပါတယ်။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ နောက်တစ်ချက် ကျွန်တော် အထူးတင်ပြချင်တာကတော့ မန္တလေးကနေပြီးတော့ ကျွန်တော်တို့ မြစ်ကြီးနားကို သွားတဲ့ မီးရထား လမ်းတစ်လျှောက်မှာ နမ့်ခမ်းနဲ့ မိုးညှင်းဘူတာ (၂)ဘူတာဟာ ဒါ မြေပြန့်ကနေပြီးတော့ တောင်တက်ခရီး ဖြစ်ပါတယ်။ တောင်တက်ခရီး ဖြစ်တဲ့အတွက်ကြောင့်မို့လို့ အဲဒီမှာ သဘာဝ ဘေးအန္တရာယ်တွေ အထူးသဖြင့် မိုးရာသီပေါ့။ ရေကြီးတဲ့အခါတွေမှာ တောင်တွေပြိုတယ်။ လမ်း၊ တံတားတွေ ပျက်စီးတယ်။ အဲဒီအခါ နှစ်စဉ် နှစ်စဉ် အများဆုံး လမ်းချော်တာ၊ ရထား မတော်တဆ

ဖြစ်စဉ်ဟာ အဲဒီဒေသမှာ အများဆုံးဖြစ်ပါတယ်။ အဲဒီနေရာပေါ့။ အဲဒီနေရာက(၇၄ မိုင်) ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ လေ့လာချက်အရ ၂၀၁၁ ခုနှစ်မှာ အဲဒီကြားပေါ့။ နမ့်ခမ်းနဲ့ မိုးညှင်းဘူတာကြားမှာ မီးရထားလမ်းချော်မှုဖြစ်စဉ်ဟာ မေလမှာ (၂)ကြိမ် ဖြစ်ပါတယ်။ ဇွန်လမှာ (၂)ကြိမ် ရှိပါတယ်။ ဇူလိုင်လမှာ(၄)ကြိမ်ဖြစ်ပါတယ်။ ဩဂုတ်လမှာ(၂)ကြိမ် ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ရထားစင်းရေ တိုး လိုက်လို့ရှိရင် ဖြစ်စဉ်တွေလည်း များသွားမယ်ထင်တယ်။ ပိုပြီးတော့...

**ဦးစံပြည့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၇)။** ။ဟုတ်ကဲ့။ ကျွန်တော်ဆက်တင်ပြပါမယ် ခင်ဗျား။ စက် တင်ဘာလမှာ (၁)ကြိမ်နဲ့ အောက်တိုဘာ လမှာ (၂)ကြိမ်၊ နိုဝင်ဘာလမှာ (၄)ကြိမ်၊ ဒီဇင်ဘာလမှာ (၂)ကြိမ် ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော် တင်ပြချင်တာကတော့ အဲဒီမှာ သူ့ရဲ့ (၈)လတာကာလအတွင်းမှာ ဖြစ်စဉ် (၁၉)ကြိမ် ရှိပါတယ်။ အဲဒီလိုမဖြစ်ရအောင် အဲဒီနေရာမှာ အဲဒီဟာတွေဖြစ်တဲ့အတွက်ကြောင့်မို့လို့ ခရီးသည်တွေက ရထားကဖြစ်စဉ်တစ်ခု ဖြစ်ပြီဆိုတာနဲ့ ဒါကုန်စည်စီးဆင်းမှုဟာ ရပ်တန့်သွားတာ ဖြစ်ပ ါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီပြည်မကို အချိန်းအချက်နဲ့ သွားရမဲ့ အရေးတကြီးကိစ္စတွေ သွားလာလို့ မရပါဘူး။ အဲဒီတော့ ကုန်စည်စီးဆင်းမှု ရပ်တန့်သွား တဲ့အတွက်ကြောင့်မို့ ကုန်ဈေး နှုန်းတွေကလည်း မတန်တဆ ချက်ချင်းကိုတက်တာ ဖြစ်ပါတယ်။ အဲဒီတော့ အဲဒါတွေကို ဒီဒုက္ခတွေနဲ့ ကင်းဝေးအောင် ကျွန်တော့်အနေနဲ့ ဆန္ဒပြုချင်တာက ဒီ နမ့်ခမ်းနဲ့ မိုးညှင်းကြားမှာ နှစ်လမ်းသွား (ဒွေးလမ်း) အဲဒါကို တည်ဆောက်ပေးနိုင်မယ် ဆိုလို့ရှိရင် ခုနတုန်းက ဖော်ပြခဲ့တဲ့ လူမှုဒုက္ခတွေ ကင်းဝေးသွားနိုင်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်က အချက်နှစ်ချက်ကို ဥက္ကဋ္ဌကြီး မှတစ်ဆင့် မေးမြန်းလိုပါတယ်။

ပထမတစ်ချက်ကတော့ က ချင်ပြည်နယ် ပြည်သူများ ပြည်မနဲ့ဆက်သွယ် သွားလာရာတွင် ယခုလက်ရှိပြေးဆွဲတဲ့ မီးရထားအရေအတွက်နဲ့ လုံလောက်ခြင်း မရှိသဖြင့် မီးရထားအရေအတွက် တိုးမြှင့်ပြေးဆွဲနိုင်ရန် စီမံဆောင်ရွက်ပေးနိုင်မည့် အခြေအနေ ရှိ /မရှိ။ စီမံဆောင်ရွက်ပေးရန်ရှိပါက မည်သို့စီမံဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် စတင်ဆောင်ရွက်ပေးနိုင်မယ့် ကာလကို သိရှိလိုပါတယ်။ ဒုတိယတစ်ချက်အနေနဲ့ မီးရထားလမ်းရပ်တန့် ပိတ်ဆို့မှုကြောင့် ခရီးသည်များ ဒုက္ခရောက်ရမှုနဲ့ ကုန်ဈေးနှုန်း တစ်ဟုန်ထိုး မြင့်တက်မှုတို့မှ ကင်းဝေး ရန်၊

အများဆုံး မီးရထားရပ်တန့်မှုဖြစ်တဲ့ နမ့်ခမ်းနဲ့ မိုးညှင်းဘူတာအကြား (၇၄) မိုင်အား (၂)လမ်းသွား (ဒွေးလမ်း) ဆောင်ရွက်ပေးနိုင်မှု ရှိ/မရှိ။ ဆောင်ရွက်ပေးရန် ရှိပါက စတင်ဆောင်ရွက်ပေးနိုင်မယ့် ကာလကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၂း၀၂။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၂း၀၂။**

**ဦးအောင်မင်း (ပြည်ထောင်စုဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးစိုင်းတင်အောင် က ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးညှင်းခရိုင်ရုံးစိုက်ရာ မိုးညှင်းဘူတာအတွက် ရိုးရိုးတန်း၊ အထက်တန်းနှင့် အိပ်စင် ရထားလက်မှတ်စောင်ရေ တိုးမြှင့်ခွင့်ပြုပေးမည့် အစီအစဉ် ရှိ /မရှိ သိလိုပါကြောင်း မေးမြန်းသည့် မေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။

မိုးညှင်းဘူတာတွင် မြစ်ကြီးနားမန္တလေးခရီးစဉ်၌ အစုန်လူစီးရထား(၅)စင်း ရပ်တန့်ပေးလျက်ရှိပြီး၊ ထိုင်ခုံခွဲတမ်းအနေဖြင့် အဆိုပါ ရထား (၅)စီးလုံးအတွက် နေ့စဉ် အိပ်စင် (၁၂)နေရာ၊ အထက်တန်းထိုင်ခုံ(၁၁)နေရာ၊ ပထမတန်း(၂၄)နေရာ၊ ရိုးရိုးတန်း(၁၃၁)နေရာ၊ စုစုပေါင်း (၁၇၈) နေရာကို စီစဉ်ပေးလျက်ရှိပါသည်။ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလတစ်လလုံးတွင် မိုးညှ င်းဘူတာ၏ ခရီးသည် စီးနင်းမှုကိုစိစစ်ခဲ့ရာ (၉၅၅၅)ဦးဖြစ်၍ တစ်ရက်ပျမ်းမျှ (၃၁၆)ဦး စီးနင်းလျက်ရှိကြောင်း တွေ့ရှိရပါတယ်။ ခရီးသည် စီးနင်းမှုများပြားသော ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်ရုံးစိုက်ရာ မိုးညှင်း ဘူတာအတွက် အမှတ် (၅၆)အစုန်ရထားတွင် အထက်တန်း (၂)နေရာ၊ (၅၈) အစုန်ရထားတွင် အထက်တန်း(၂)နေရာ၊ (၃၈)အစုန်ရထားတွင် အထက်တန်း(၅)နေရာ၊ ရိုးရိုးတန်း (၅)နေရာ၊ အမှတ် (၃၄)အစုန်ရထားတွင် အိပ်စင်(၈)နေရာနှင့် ရထား (၄)စီးတွင် စုစုပေါင်း (၂၂)နေရာ ထပ်မံတိုးမြှင့်စီစဉ်သွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

ဒုတိယမေးခွန်းကို ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကချ င်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစံပြည့် မှ မန္တလေး-မြစ်ကြီးနား မီးရထားစင်းရေ တိုးမြှင့်ပြေးဆွဲနိုင်ရေး စီမံဆောင်ရွက်ပေးနိုင်မည့် အခြေအနေ ရှိ /မရှိ၊ မီးရထားအများဆုံးရပ်တန့်မှုဖြစ်သည့် နမ့်ခမ်းနှင့် မိုးညှင်းအကြား (၇၄)မိုင်အား (ဒွေးလမ်း) ဆောင်ရွက်ပေးနိုင်မှု ရှိ /မရှိ မေးမြန်းသည့် မေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကချင်ပြည်နယ်သို့ ရထားဖြင့် ဆက်သွယ်သွားလာနိုင်ရန်အတွက် မန္တလေး -မြစ်ကြီးနားလမ်းပိုင်းတွင် လူစီးရထား(၁၀)စင်း နေ့စဉ် ပြေးဆွဲပေးလျက် ရှိပါသည်။ ရထားထိုင်ခုံ နေရာ ခွဲတမ်းများကို ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်၊ ကျေးရွာအဆင့်အလိုက်နှင့် ခရီးသည်စီးနင်းမှု အခြေအနေ အပေါ်မှာ မူတည်၍ ခွဲဝေမျှတသတ်မှတ် ပေးထားပါတယ်။ ဘူတာ တစ်ခုနှင့်တစ်ခု ထိုင်ခုံနေရာ လက်ကျန်စာရင်းကို တယ်လီဖုန်း ဖြင့်လည်းကောင်း၊ ဆက်သွယ်ရေးစက် ဖြင့်လည်းကောင်း၊ ဆက်သွယ်ပေးပို့စေပြီး ခရီးသည်များပြားသည့် ဘူတာများ အဆင်ပြေစေရေး ဆောင်ရွက် ပေးလျက်ရှိပါတယ်။ ထိုင်ခုံခွဲတမ်း ကျော်လွန်သည့် ဘူတာများတွင် ရိုးရိုးတန်းတွဲ၌ ထိုင်ခုံမဲ့ လက်မှတ်များကို ကန့်သတ်ရောင်းချပေးလျက် ရှိပါတယ်။ လမ်းပိုင်းအချို့ရှိ ဘူတာများတွင် ခရီးသည်စီးနင်းမှုများပြားသဖြင့် ထိုင်ခုံနေရာတိုးမြှင့်ပေးရန် တောင်းဆိုမှုများအရ အောက်ပါ ဘူတာများတွင် ဖော်ပြပါအတိုင်း ထိုင်ခုံနေရာ များကို တိုးမြှင့်စီစဉ်ပေးရန် စီစဉ်ထားပြီး ဖြစ်ပါတယ်။ မိုးကောင်းဘူတာ (၂၃)နေရာ၊ မိုးညှင်းဘူတာ (၂၂)နေရာ၊ ကသာဘူတာ (၁၉)နေရာ၊ နဘားဘူတာ (၁၂)နေရာ၊ မော်လူးဘူတာ(၆)နေရာ၊ နန့်စီအောင်ဘူတာ (၄)နေရာနဲ့ ဝန်းသို ဘူတာ (၈)နေရာ ဖြ စ်ပါတယ်။ ထို့အပြင် မန္တလေး-မြစ်ကြီးနား ရထားလမ်းအပိုင်းတွင် အမှတ်(၃၃)အဆန်၊ (၃၄)အစုန် အထူးအမြန်ရထား တွဲဆိုင်းတစ်ဆိုင်းတည်းဖြင့် ရက်ခြားပြေးဆွဲ လျက်ရှိရာမှာ ၉-၁-၂၀၁၂ ရက်နေ့မှစပြီးတော့ တွဲဆို င်းတစ်ဆိုင်း ထပ်မံဖြည့်တင်းပြီး နေ့စဉ် အစုန်ရထားတစ်စင်း၊ အဆန်ရထား တစ်စင်း တိုးချဲ့ပြေးဆွဲပေးလျက် ရှိပါတယ်။ လက်ရှိတွင် ခရီးသည်ရထားတစ်စင်း ထပ်မံပြေးဆွဲရန် တွဲလုံလောက်မှု မရှိသေးပါ၊ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် လူစီးတွဲအသစ်(၃၀)ကို မြစ်ငယ်၌ တည်ဆောက်ရန်ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ပနိုင်ငံများမှ လူစီးတွဲများကိုလည်း ဝယ်ယူရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသဖြင့် ရောက်ရှိပါက လူစီးရထား တစ်ဆိုင်း ထပ်မံတိုးချဲ့ပြေးဆွဲပေးသွား မှာ ဖြစ်ပါတယ်။ နမ့်ခမ်းနဲ့ မိုးညှင်းအကြား (၇၄)မိုင်တွင် ဆင်ခြေလျော ကန့်သတ်ချက်များအရ လမ်းအူကြောင်း ကြပ်တည်းမှု (Bottle Neck ) ရှိသော

နေရာ (၂)နေရာမှာ နမ့်ခမ်းနဲ့ ဘုံချောင်းလမ်းပိုင်း (၇)မိုင်နှင့် မော်ဟန် -ကာဒူ(၁၀)မိုင်တို့ ဖြစ်ပါတယ်။ လက်ရှိရထားပြေးဆွဲမှုသည် ၎င်း(၂)နေရာ၌ ရထားပြေးဆွဲနိုင်မှု အရေအတွက်(Line Capacity )ထက် အနည်းငယ်ကျော်လွန်နေသဖြင့် လမ်းကြောင်းကြပ်တည်းမှု ရှိ နေခြင်း ဖြစ်ပါတယ်။ လမ်းကြောင်းကြပ်တည်းမှုရှိနေသော နေရာ (၂)နေရာအား အကြီးစား လမ်းအဆင့် မြှင့်တင်ခြင်း၊ (ကွေ့ဖြောင့်ခြင်း၊ မြေထိန်းနံရံများပြုလုပ်ခြင်း၊ လမ်းကွေ့သုံး ကွန်ကရစ် ဇလီဖားတုံး များလဲလှယ်တပ်ဆင်ခြင်း) လုပ်ငန်းများကို ဆောင်ရွက်ဆဲဖြစ်ပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေကျပ်(၁၁၂)သန်းဖြင့်လည်းကောင်း၊၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ကျပ်(၂၀၀) သန်းခန့် ဖြင့်လည်းကောင်း ဆောင်ရွက်လျက် ရှိပါတယ်။ လက်ရှိ ပြေးဆွဲနေသော ရထားစင်းရေ အရေအတွက်သည် အကြီးစားပြင်ဆင်မှု လုပ်ငန်းများ ပြီးစီးမှုအပေါ်တွင်မူတည်၍ နှောင့်နှေး မှုများ လျော့ကျသွားမည်ဖြစ်ပါသဖြင့် ယခုလောလောဆယ်တွင် ဒွေးလမ်းဖောက်လုပ်ရန် လိုအပ်မှု မရှိသေးပါကြောင်းနှင့် လိုအပ်မှုရှိလာပါက နိုင်ငံတော်သို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်။ ၁၂း၁၀။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အစည်းအဝေး ကို မိနစ်(၂၀)ခန့်ရပ်နားပါမယ်။၁၂း၃၀ နာရီမှာ ပြန်လည်စတင်မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၂း၁၀ နာရီတွင်ခေတ္တရပ်နားပြီး နေ့လယ် ၁၂း၃၀ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၂း၃၀။**

**အခမ်းအနားမှူး** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့်စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

# အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လူမှုဖူလုံရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း

**အချိန်၊ ၁၂း၃၀။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် လူမှုဖူလုံရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင် ဦးမှတ်ကြီး က ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။

**အချိန်၊ ၁၂း၃၁။**

**ဦးမှတ်ကြီး ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)။** ။အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လူမှုဖူလုံရေးဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ။

ရက်စွဲ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၇) ရက်၊

နိဒါန်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပေးပို့၍ ပြည်ထောင်စုလွှတ်တော်၏ (၂၅-၁-၂၀၁၂) ရက်စွဲပါ စာအမှတ်၊ ၁/ပထ(စည်းဝေး) ၁၀/၂၀၁၂-၃ ဖြင့် ပေးပို့လာသည့် လူမှုဖူလုံရေး ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေနည်းဥပဒေများနှင့်အညီ လေ့လာစိစစ်ရန် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီသို့ ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းတွင် အခန်းပေါင်း (၁၂)ခန်းနှင့် ပုဒ်မပေါင်း(၁၀၄)ခုပါရှိပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် လူမှုဖူလုံရေးဥပဒေကြမ်းကို လေ့လာစိစစ်ရာ၌ အောက်ပါအတိုင်း လေ့လာစိစစ်တွေ့ရှိရပါသည်-

(က) လူမှုဖူလုံရေးဥပဒေကြမ်းသည် မြန်မာနိုင်ငံမှ ပါဝင်ပြီးဖြစ်သည့် ILO Convention များအား အကောင်အထည်ဖော် ဆောင်ရွက် ရန်နှင့် မကြာခင်ဝင်ရောက်တော့မည့် ILO Convention များပါ Minimun Standard များနှင့်အညီ ကိုက်ညီစေရန် ပြင်ဆင်ရေးဆွဲရမည့် အချက်များမှာ မူလ ၁၉၅၄ ခုနှစ်၊ လူမှုဖူလုံရေးအက်ဥပဒေပါ ပြဋ္ဌာန်းချက်များ၏ ထက်ဝက်ကျော်ကိုပြင် ဆင်ရမည်ဖြစ်သည့်အပြင် Human Right များနှင့်လည်းဆက်စပ်ပြီး အသစ်ထပ်မံဖြည့်စွက်ရမည့် အချက်များလည်း ပါရှိသဖြင့် ဥပဒေအသစ်ရေးဆွဲရန်လိုအပ်သောကြောင့် ILO Convention များနှင့် နိုင်ငံပေါင်း (၁၅၀)ကျော်၏ လူမှုဖူလုံရေး ဥပဒေများကို လေ့လာ၍ လူမှုဖူလုံရေးဥပဒေသစ် ရေးဆွဲခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) ဤဥပဒေကြမ်းတွင် မူလဥပဒေ၌ မပါရှိသည့် ဝင်ငွေနည်း အလုပ်သမားများ၏ ပညာသင်ကြားနေသော သားသမီးများအတွက် ပညာသင်စရိတ်ခံစားခွင့်၊ သဘာဝဘေးအန္တရာယ် ကြုံတွေ့လာရသည့်အခါ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ထောက်ပံ့ကူညီမှု အကျိုးခံစားခွင့်၊ အလုပ်သမားများအား မှီခိုသူများအတွက်သင့်လျော်သည့် အကျိုးခံစားခွင့်၊ အလုပ် လုပ်ကိုင်နိုင်စွမ်းမရှိမှု အကျိုးခံစားခွင့်၊ သက်ပြည့်အငြိမ်းစား အကျိုးခံစားခွင့်၊ အလုပ်ကို အကြောင်းပြု၍ မဟုတ်ပဲ သေဆုံးမှုအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့်၊ အလုပ် လက်မဲ့ အကျိုးခံစားခွင့်ရရှိသူများအား ကျန်းမာရေးစောင့်ရှောက်ခွင့်၊ လုပ်ငန်းခွင်မှ အလုပ်လက်မဲ့ ဖြစ်မှုအတွက် ငွေကြေးအကျိုးခံစားခွင့်၊ အိမ်ရာစီမံကိန်းများဖြင့် ထူထောင်ထားသည့် လူမှုဖူလုံရေး အိမ်ရာများတွင် အာမခံထားသူများအား စည်းကမ်းချက်များနှင့်အညီ နေထိုင်ခွင့်၊ ငှား ရမ်းနေထိုင်ခွင့်၊ အသုံးပြုခွင့်၊ ပိုင်ဆိုင်ခွင့်၊

ယင်းအိမ်ရာဝယ်ယူနိုင်ရေးအတွက် ငွေချေးခွင့်၊ ဝယ်ယူခွင့်၊ ရောင်းချခွင့်၊ (သို့မဟုတ်) တစ်ခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခွင့်ပြု ခြင်းတို့ ဖြည့်စွက်ထားကြောင်း တွေ့ရှိရပါသည်။

(ဂ) လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင် ထိခိုက်မှု အကျိုးခံစားခွင့် ရန်ပုံငွေတို့သည် အာမခံထားသူ အလုပ်သမားများ၏ လူမှုဖူလုံရေးနှင့် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်အတွက် ထည့်ဝင်စုဆောင်းထားသောငွေဖြစ်သဖြင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ လွှဲပြောင်းပေးသွင်းခြင်းမပြုရန် ဖော်ပြထားကြောင်း တွေ့ရှိရပါသည်။

(ဃ) ဤဥပဒေကြမ်းပုဒ်မ ၁(က)ပါ ဥပဒေအမည်နှင့် စပ်လျဉ်း၍ ၁၉၅၄ ခုနှစ်၊ လူမှုဖူလုံရေးအက်ဥပဒေနှင့် ရောထွေးမှုမရှိစေရန်၊ လူမှုဖူလုံရေးဥပဒေအစား ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေဟု ဖြည့်စွက်ပြင်ဆင်သင့်ပါသည်။

(င) ဤဥပဒေကြမ်းပုဒ်မ ၁(ခ)အား ဤဥပ ဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သည့် နေ့ရက်မှ စတင်အာဏာတည်စေရမည်ဟုပြင်ဆင်ပြီး ပုဒ်မ ၁(ဂ)အဖြစ် ဤဥပဒေသည် ၁၉၅၄ ခုနှစ်၊ လူမှုဖူလုံရေးအက်ဥပဒေအရ အာဏာတည်ခဲ့သည့် အရပ်ဒေသများတွင် ဆက်လက်အာဏာ တည်စေရမည်။ ထိုအရပ် ဒေသများအပြင် ဤဥပဒေထပ်မံအာဏာတည်ရမည့် အရပ်ဒေသများကို အလုပ်သမားဝန်ကြီးဌာနက လူမှုဖူလုံရေးအဖွဲ့ နှင့် ညှိနှိုင်း၍ ပြည်ထောင်စုအစိုးရ အဖွဲ့၏ အတည်ပြုချက်ဖြင့် အမိန့်ကြော် ငြာစာထုတ်ပြန်၍ သတ်မှတ်နိုင်သည်ဟု ထပ်မံဖြည့်စွက်သင့်ပါသည်။

(စ) ဤဥပဒေကြမ်းပါ ပုဒ်မ ၃၊ ပုဒ်မခွဲ (င)တွင် အလုပ်နှင့်သက်ဆိုင်သည့် ထိခိုက်ဒဏ်ရာရမှု၊ ရောဂါရမှုနှင့် သေဆုံးမှုဟု ရေးသားထားရာ ဤဥပဒေကြမ်းပုဒ်မ ၂၊ ပုဒ်မခွဲ (စ)တွင် အလုပ်တွင် ထိခိုက်မှုဆိုသည့် စကားရပ်အဓိပ္ပါယ်ဖွင့်ဆိုချက်တွင် အလုပ်နှင့်သက်ဆိုင်သည့် ထိခိုက်ဒဏ်ရာရမှု၊ ရောဂါရမှုနှင့် သေဆုံးမှု ပါဝင်ပြီးဖြစ်သောကြောင့် ထိုအဓိပ္ပါယ်

ဖွင့်ဆိုချက် စကားရပ်အတိုင်း သုံးနှုန်းသင့်ပါသဖြင့် ယင်းစကားရပ်အစား အလုပ်တွင်ထိခိုက်မှုဟူသည့် စကားရပ်နှင့် အစားထိုးသင့်ပါသည်။

(ဆ) ဤဥပဒေအရဖွဲ့စည်းမည့် လူမှုဖူလုံရေးအဖွဲ့တွင် အလုပ်သမားဝန်ကြီးက ဥက္ကဋ္ဌအဖြစ်ပါဝင်သင့်ပြီး သက်ဆိုင်ရာအခြား ပြည်ထောင်စုဝန်ကြီးဌာနများမှ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးတို့လည်း ပါဝင်သင့်ပါသည်။ ထိုအဖွဲ့သည် သီးခြားလွတ်လပ်သည့် အဖွဲ့အစည်းတစ်ခုဖြစ်သင့်ပြီး ဝန်ကြီးတစ်ဦးတည်း၏ သဘောဖြင့် ယင်းအဖွဲ့ကို မလွှမ်းမိုးသင့် ပါ၊ ထို့ အပြင် ယင်းအဖွဲ့သည် ပါတီနိုင်ငံရေးကင်းရှင်းသည့် အဖွဲ့ဖြစ်သင့်ပါသည်။ သို့ဖြစ်၍ယင်းပုဒ်မ ၄၊ ပုဒ်မခွဲ(က)တွင် အလုပ်သမားဝန်ကြီးက ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ အလုပ်သမားဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ် လည်းကောင်း ပါဝင်သည်ဆိုသော စကားရပ်ကို ဖြည့်စွက်သင့်ကြောင်း ဆွေးနွေးချက်အပေါ် မူလရေးသားထားသည့် အလုပ်သမား ဝန်ကြီးဌာ န နှင့် သက်ဆိုင်ရာ အစိုးရ ဌာနအဖွဲ့အစည်းများဟူသည့် စကားရပ်အား အလုပ်သမားဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ အစိုးရဌာနအဖွဲ့အစည်းများဟူသည့် စကားရပ်နှင့်အစားထိုးပြီး ပုဒ်မ ၄(က) ပါ လူမှုဖူလုံရေးအဖွဲ့ကို ဖွဲ့စည်းရမည်ဟူသော စကားရပ်၏ ရှေ့တွင် အဖွဲ့၏အဆင့်ကို သတ်မှတ်နိုင်ရန် အမျိုးသားအဆင့်ဟူသော စကားရပ်ကို ဖြည့်စွက်သင့်ပါသည်။

(ဇ) ဤဥပဒေကြမ်းပါ ပုဒ်မ ၅(က)ပါ လိုအပ်သော စီမံခန့်ခွဲမှုနှင့် ကြီးကြပ်ကွပ်ကဲခြင်းဟူသည့် စကားရပ်အား စာအရေးအသား ရှေ့နောက် ညီညွတ်မှုရှိစေရန် လိုအပ်သော စီမံခန့် ခွဲမှုနှင့် ကြီးကြပ်ကွပ်ကဲမှုပြုခြင်းဟူ၍ ပြင်ဆင်သင့်ပါသည်။

(ဈ) ဤဥပဒေကြမ်းပုဒ်မ ၅၊ ပုဒ်မခွဲ (ဆ)တွင် လုပ်ငန်းဌာန အမျိုးအစားအလိုက် အနည်းဆုံးမည်၍ မည်မျှအချိုးအစားဖြင့် သီးသန့်ထားရမည်ဟူသော စကားရပ်နှင့် ပုဒ်မ ၆၁ ပါစကားရပ် ရှေ့နောက်ညီညွတ်မှုရှိစေရန်

ထိုစကားရပ်အား လုပ်ငန်း ဌာန အမျိုးအစားအလိုက် အနည်းဆုံးထားရှိရမည့် အချိုးအစားဟု ပြင်ဆင်သင့်ပါသည်။

(ည) ဤဥပဒေကြမ်း ပုဒ်မ ၅၊ ပုဒ်မခွဲ (ဋ)နှင့် ပုဒ်မ ၄၂(က)(ခ)တို့တွင် ပါရှိသော လူမှုဖူလုံရေးအိမ်ရာများတွင် စည်းကမ်းချက် များသတ်မှတ်၍ နေထိုင်ခွင့်၊ ငှားရမ်းနေထိုင်ခွင့်၊ ဝယ်ယူခွင့်၊ ပိုင် ဆိုင်ခွင့်၊ အသုံးပြုခွင့် သို့မဟုတ် ယင်းအိမ်ရာ ဝယ်ယူနိုင်ရေးအတွက် ငွေချေးယူခွင့်ပြုခြင်းဟူသော စာပိုဒ်အား လူမှုဖူလုံရေး အိမ်ရာများတွင် သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ နေထိုင်ခွင့်၊ ငှားရမ်းနေထိုင်ခွင့်၊အသုံးပြုခွင့်၊ ပိုင်ဆိုင်ခွင့်၊ ဝယ်ယူခွင့်၊ ရောင်းချခွင့် (သို့မဟုတ်) အခြားတစ်နည်းနည်းဖြင့် လွှဲ ပြောင်းခွင့်ပြုခြင်းဟု ပြင်ဆင်သင့်ပါသည်။

(ဋ) ဤဥပဒေကြမ်းပုဒ်မ ၅၊ ပုဒ်မခွဲ (ဇ)ပါ လူမှုဖူလုံရေးအဖွဲ့၏ လုပ်ငန်းတာဝန်များအား သင့်လျော်သော ဌာနအဖွဲ့အစည်း များနှင့် ပုဂ္ဂိုလ်များအား လွှဲအပ်တာဝန်ပေးခြင်းနှင့် စပ် လျဉ်း၍ထိုစကားရပ်အရ လူမှုဖူလုံရေးအဖွဲ့၏ လုပ်ငန်းတာဝန်အားလုံးကို လွှဲအပ်တာဝန်ပေးရမည့် သဘောဖြစ်နေ၍ ယင်းစကားရပ်ပါ လုပ်ငန်း တာဝန်များအစား လုပ်ငန်းတာဝန်တစ်ရပ်ရပ်ဟု ပြင်ဆင်သင့်ပါသည်။

(ဌ) ဤဥပဒေကြမ်း ပုဒ်မ ၈(က)၊ ၁၁(က)၊ ၁၁(က)(၁၅)၊ ၁၂(ခ)(၄)၊ ၁၃(င)(၂)၊ ၁၅(က)(၅)၊ ၁၇၊ ၂၀(င)၊ ၃၄၊ ၄၄၊ ၄၅(ခ)၊ ၅၀၊ ၁၀၀၊ ၁၀၃(က) တို့ပါ အလုပ်သမားဝန်ကြီးဌာနသည် /က ဟူသည့် စကားရပ်များ၏ နောက်တွင် လူမှုဖူလုံရေးအဖွဲ့နှင့် ညှိနှိုင်း၍ ဟူသည့်စကားရပ် ကို ဖြည့်စွက်သင့်ပါသည်။ (၃) ဤဥပဒေကြမ်းပုဒ်မ ၈၊ ပုဒ်မခွဲ (ခ) အောက်တွင် ပုဒ်မခွဲ (ဂ) အဖြစ် လူမှု ဖူလုံရေးအဖွဲ့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ လိုအပ်သော လုပ်ငန်းတာဝန်များနှင့် လူမှုဖူလုံရေးအဖွဲ့၏ ရုံးလုပ်ငန်းဆိုင်ရာတာဝန်များကို ဆောင်ရွက်နိုင်ရန် အတွက် မိမိရန်ပုံငွေအခြေအနေပေါ် မူတည်၍ ပုဒ်မခွဲ (က)ပါ လူမှုဖူလုံရေး

ရုံးများ၊ ဆေး ရုံများနှင့် ဆေးခန်းများကို ဖွဲ့စည်းတည်ထောင်ခြင်း၊ လိုအပ်သောအရာထမ်းနှင့် အမှုထမ်းများကို ခန့်အပ်တာဝန်ပေးခြင်းတို့နှင့် စပ်လျဥ်း၍ ပုဒ်မခွဲ (ခ)ပါ ခံစားခွင့်များအစား လစာ၊ စရိတ်နှင့် ချီးမြှင့်ငွေများကိုလည်းကောင်း၊ အခြားခံစားခွင့်များကိုလည်းကောင်း မိမိရန်ပုံ ငွေဖြင့် ခံစားခွင့်ပြုနိုင်သည်ဟု ထပ်မံဖြည့်စွက်သင့်ပါသည်။

(ပ) ဤဥပဒေကြမ်းပါ ပုဒ်မ ၇၊ ၈(ခ)၊ ၉(ခ)၊ ၁၄၊ ၂၉၊ ၈၆၊ ၉၇ တို့ပါ နိုင်ငံ့ဝန်ထမ်းဟူသည့် စကားရပ်အား အစိုးရဝန်ထမ်းဟု ပြင်ဆင်သင့်ပါသည်။

(ဏ) ဤဥပဒေကြမ်းပါ ပုဒ်မ ၁၀(ခ)ပါ အလုပ်သမား ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ အောက်ဖော် ပြပါ လူမှုဖူလုံရေး ရုံးများ၊ ဆေးရုံများနှင့် ဆေးခန်းများ၏ လုပ်ငန်း တာဝန်များဆောင်ရွက်မှုကို ကြီးကြပ်ရမည်ဟူသည့် စာပိုဒ် (၇၉)(င)ပါ အလုပ်သမားဝန်ကြီးဌာနက ညွှ န်ကြားသည့် အခြားဘဏ်ဟူသည့် စကားရပ် ပုဒ်မ ၉၁(က)ပါ အလုပ်သမားဝန်ကြီးဌာနသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဖူလုံရေးရုံး၏ ဆုံးဖြတ်ချက်အပေါ် အယူခံမှုကို ကြားနာ နိုင်ရန် သင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် လူမှုဖူလုံရေးအယူခံခုံအဖွဲ့ကို ဖွဲ့စည်းရမည်ဟူသည့် စာပိုဒ်တို့ပါ အလုပ်သမားဝန်ကြီးဌာနအစား လူမှုဖူလုံရေးအဖွဲ့ကို လုပ်ပိုင်ခွင့်အာဏာအပ်နှင်းသင့် ၍ ယင်းပုဒ်မခွဲများပါ အလုပ်သမားဝ န်ကြီးဌာနအစား လူမှုဖူလုံရေးအဖွဲ့ဟု အစားထိုးသင့်ပါသည်။ အလားတူ ပုဒ်မ၁၁၁ ပါ အလုပ်သမားဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူ၍ဟူသည့်စကားရပ်ပုဒ်မ ၈၄(က) ပါ အလုပ်သမားဝန်ကြီးဌာနက ညွှ န်ကြားသည်ဟူသည့် စကားရပ်တို့အား နုတ်ပယ်သင့်ပါသည်။

(တ) ဤဥပဒေကြမ်းပုဒ်မ ၈(က)၊ ၁၀(ခ)၊ ၈၆ တို့ပါ လူမှုဖူလုံရေးရုံး အဆင့်ဆင့်ဖွဲ့စည်းရာတွင် ပုဒ်မခွဲငယ် (၂)၊ တိုင်းဒေသကြီး လူမှု ဖူလုံရေးရုံးနှင့် ပြည်နယ်လူမှုဖူလုံရေးရုံးများ၏အောက်တွင် ပုဒ်မခွဲငယ် (၃)အဖြစ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း လူမှုဖူလုံရေးရုံးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ

ဒေသ လူမှုဖူလုံရေးရုံးများနှင့် ပုဒ်မခွဲငယ် (၄)ခရိုင်လူမှုဖူလုံရေးရုံးများအား ဖြည့်စွက်ပြီး မူလပုဒ်မခွဲငယ်(၃)(၄)(၅)တို့အား (၅)(၆)(၇)အဖြစ် ပြောင်းလဲ အမှတ်စဉ်သင့်ပါသည်။ ပုဒ်မ ၈၆ တွင် အဆိုပါ (၂)ရုံးအား ပုဒ်မခွဲ(ဂ)(ဃ) အဖြစ် ဖြည့်စွက်ပြီး မူလပုဒ်မခွဲ (ဂ)(ဃ)(င)တို့အား ပုဒ်မခွဲ (င)(စ)(ဆ) အဖြစ် ပြောင်းလဲအကွခရာ စဉ်သင့်ပါသည်။

(ထ) ဤဥပဒေကြမ်းပုဒ်မ ၁၂(က)(၆)ပါ အလုပ်သမား မပါရှိဘဲ ကိုယ်ပိုင် မိသားစုနှင့်သာ လုပ်ကိုင်သော လုပ်ငန်းဌာနများ ဟူသည့် စကားရပ်အား အလုပ်သမားမပါရှိဘဲ မိမိ၏မိသားစု ဖြင့်သာ လုပ်ကိုင်သော ကိုယ်ပိုင် လုပ်ငန်းဌာနများဟု လည်းကောင်း၊ ပုဒ်မ ၁၂(က)(၇) ပါ စီးပွားရေး လုပ်ငန်းအတွက် မဟုတ်ဘဲ အိမ်တွင်း မိသားစုနှင့်ဆိုင်သော လုပ်ငန်း အတွက်သာ လုပ်ကိုင်သော လုပ်ငန်းများဟူသည့် စကားရပ်အစား စီးပွားရေးလုပ်ငန်းအတွက် မဟုတ်ဘဲ အိမ်တွင်းဝန်ဆောင်မှု လုပ်ငန်းများ ဟူသည့် စကားရပ်ဖြင့်လည်းကောင်း ပြင်ဆင်သင့်ပါသည်။

(ဒ) ဤဥပဒေကြမ်းပုဒ်မ ၁၈၊ ပုဒ်မ ၅၁၊ ပုဒ်မ ၈၈ တို့ပါ အလုပ်ရှင်က ထည့်ဝင်ရမည့် ရန်ပုံငွေများအား ထည့်ဝင်ရမည့် နေ့ရက်ကို ထည့်သွင်း ဖော်ပြသင့်ကြောင်း ဆွေးနွေးချက်အပေါ် နည်းဥပဒေ၌ ထည့်သွင်း သတ်မှတ်မည် ဖြစ်ကြောင်း သိရှိရပါသည်။

(ဓ) ဤဥပဒေကြမ်းပုဒ်မ ၂၁၊ ပုဒ်မခွဲ (ခ)ပါ အာမခံထားသူ သေဆုံးသည့်အခါ ထိုသူက အမည်စာရင်း ပေးသွင်းထားခြင်းခံရသူကဖြစ်စေ၊ ထိုသို့ အမည် စာရင်းပေးသွင်းခဲ့ခြင်းမရှိလျှင် ထိုသူအား မှီခိုသူ သို့မဟုတ် နာရေး စရိတ်ကို စိုက်ထုတ် ပေးသူက တောင်းခံလာလျှင်ဖြစ်စေ ဟူသည့် အရေးအသားတွင် နာရေးစရိတ်ကို စိုက်ထုတ်ပေးသူက တောင်းခံမှသာ ရနိုင်မည့် အဓိပ္ပာယ်သက်ရောက်နေ၍ဖြစ်စေ စကားလုံးအား နာရေး စရိတ်ကို စိုက်ထုတ်ပေးသူက ဆိုသည့် စကားရပ်နောက်တွင် ထားရှိမှသာ မြန်မာသဒ္ဒါရေးထုံးနှင့် ကိုက်ညီမည်ဖြစ်သောကြော င့် အာမခံထားသူ

သေဆုံးသည့်အခါ ထိုသူက မူလအမည်စာရင်း ပေးသွင်း ခံရသူကဖြစ်စေ၊ ထိုသို့ အမည်စာရင်းပေးသွင်းခဲ့ခြင်း မရှိလျှင် ထိုသူအား မှီခိုသူ သို့မဟုတ် နာရေးစရိတ်ကို စိုက်ထုတ် ပေးသူကဖြစ်စေ တောင်းခံလာလျှင် ဟု ပြင်ဆင်သင့်ပါသည်။

(န) ဤ ဥပဒေကြမ်းပါပုဒ်မ ၂(ည)၊ ၁၁(က)၊ ၁၂(ခ)(၄)၊ ၁၃(င)(၂)၊ ၁၅၊ ၁၇၊ ၂၀(င)၊ ၅၀၊ ၈၅(က)နှင့် ၁၀၀ တို့တွင် ပြည်ထောင် စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့်ဟု ရေးသားထားပြီး ပုဒ်မ ၁၀၃(က)တွင် ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်ဟု ရေးသားထား၍ ဤဥပဒေ တွင် ရှေ့နောက်ကိုက်ညီစေရန် ပုဒ်မ ၁၀၃(က)ပါ ပြည်ထော င်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဟူသည့် စကားရပ်အစား ပြည်ထောင်စုအစိုးရ အဖွဲ့၏ အတည်ပြုချက်ဖြင့်ဟု ပြင်ဆင်သင့်ပါသည်။

(ပ) ဤ ဥပဒေကြမ်း အခန်း(၅)၊ ပုဒ်မ ၂၃ အထက်ရှိ ခေါင်းစဥ်ငယ် ဖြစ်သည့် ငွေကြေး အကျိုးခံစားခွင့် ခေါင်းစဥ်အောက်ပါ ပုဒ်မ ၂၃ နှင့် ၂၄ တို့မှာ မကျန်းမာမှုနှင့် ဆိုင်သည့် ငွေကြေးအကျိုး ခံစားခွင့်နှင့် စပ်လျဥ်းသည့် ပုဒ်မများဖြစ်၍ ယင်းခေါင်းစဥ်ငယ်အား မကျန်းမာမှုနှင့်ဆိုင်သည့် ငွေကြေး အကျိုးခံစားခွင့်ဟု ပြင်ဆင်သင့်ပါသည်။ ပုဒ်မ ၂၃ ပါ မကျန်းမာမှုနှင့် ဆိုင်သော ငွေကြေးအကျိုးခံစားခွင့် ဟူသည့် စကားရပ်ပါ သောဟူသည့် စကားလုံးအစား ပုဒ်မ ၂၄ နှင့် ညီညွတ်စေရန်ဟူသည့် စကားလုံးဖြင့် ပြင်ဆင်သင့်ပါသည်။

(ဖ) ဥပဒေကြမ်း ပုဒ်မ ၂၇(က)ပါ မီးဖွားခွင့်ကာလအတွင်း မီးဖွားမှု နှင့် ဆိုင်သည့် အကျိုးခံစားခွင့် အဖြစ်နှင့် ၂၈(ခ)ပါ အာမခံထားသူဖြစ်သော ဇနီးမီးဖွားသည့်အခါ ပုဒ်မခွဲ (က)ပါ ခွင့်ကာလ အတွင်း မီးဖွားမှုနှင့် ဆိုင်သည့် အကျိုးခံစားခွင့် ဟူသောစကားရပ်များပါ ခွင့်ကာလအတွင်း ဟူသည့် စကားရပ်အစား အကျိုးခံစားခွင့် ရရှိမည့်ကာလကို အတိ အကျ

ညွှန်းဆိုနိုင်ရန် ခွင့်ကာလအတွက် ဟူသော စကားရပ်ဖြင့် အစားထိုး ပြင်ဆင်သင့်ပါသည်။

( ဗ ) ဥပဒေကြမ်းပုဒ်မ ၄၃ စာကိုယ်ပါ လူမှုဖူလုံရေး အိမ်ရာများတွင် နေထိုင်ခွင့်၊ ငှားရမ်းနေထိုင်ခွင့်၊ ဝယ်ယူခွင့် သို့မဟုတ် အသုံးပြုခွင့်ရရှိသူသည်ဟူသည့် စကားရပ်အစား ပုဒ်မ ၄၂ တွင် ပုဒ်မ ၅(ဠ)ပါ ခံစားခွင့်များ ပြင်ဆင်ပြီး၍ ပြည့်စုံပြီးဖြစ်သည့် ပုဒ်မ ၄၂ အား ရည်ညွှန်း၍ လူမှုဖူလုံရေးအိမ်ရာ များတွင် ပုဒ်မ ၄၂ ပါ ခံစားခွင့်ရှိသူသည် ဟူသည့် စကားရပ်ဖြင့် အစားထိုးပြီး ပုဒ်မ ၄၃ (က)ပါ သတ်မှတ်ထားသော စည်းကမ်းချက် များနှင့်အညီ လူမှုဖူလုံရေးအိမ်ရာများကို နေထိုင်အသုံးပြု ရမည်ဟူသည့် စကားရပ်အစား သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာရ မည်ဟု အစားထိုးသင့်ပါသည်။

(ဘ) ဤဥပဒေကြမ်းပုဒ်မ ၆၁ ပါ ခန့်ပေးရမည့် အလုပ်နေရာများ တွင်ဟူသည့် စကားရပ်အစား ခန့်ပေးရမည့် လုပ်ငန်းဌာန အမျိုးအစားအလိုက် ဟူသည့် စကားရပ်များဖြင့်လည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာနက ဟူသည့် စကားရပ်အစား လူမှုဖူလုံရေးအဖွဲ့က အလုပ်သမား ဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ဟူသည့် စကားရပ်ဖြင့် အစားထိုးသင့်ပါသည်။

( မ ) ဤဥပဒေကြမ်းပုဒ်မ ၆၈ ပါ ထမြောက်အောင်မြင်စွာ ဟူသည့် စကားရပ်ပါ ထမြောက်ဟူသည့် စကားလုံးအား နှုတ်ပယ်သင့်ပါသည်။

(ယ) ဤဥပဒေကြမ်း ပုဒ်မ ၂(ဃ)၊ ၁၄၊ ၁၅(က)(၅)၊ ၁၅(က)(၆)၊ ၁၅(ခ)၊ ၁၅(ဂ)၊ ၁၅(ဃ)၊ ၁၆(က)(၁)၊ ၁၆(က)(၂)၊ ၂၅(စ)၊ ၂၇(က)၊ ၂၇(ဂ)၊ ၂၈(ခ)၊ ၂၈(ဂ)၊ ၃၃(ခ)၊ ၃၅(ခ)၊ ၃၈(ဂ)၊ ၃၈(ဃ)၊ ၃၉(က)(၁)၊ ၄၂(က)၊ ၄၂(ခ)၊ ၄၄၊ ၄၅(က)၊ ၄၆၊ ၄၉(က)၊ ၄၉(ခ)၊ ၇၇(က)၊ ၇၈(က)၊ ၈၀(က)(၆)၊ ၈၇(င)၊ ၈၉(ခ)၊ ၉၀(က)၊ ၉၁(ခ)၊ ၉၂(ခ)၊ ၉၂(ဂ)၊ ၉၄(က)၊ ၉၄(ခ)၊ ၉၄(ဃ) တို့ပါ ပုဒ်မနှင့်ပုဒ်မခွဲတို့အကြားတွင် ပုဒ်ဖြတ်ထည့်သွင်းသင့်ပါသည်။ မြန်မာသဒ္ဒါ ရေးထုံးနှင့် ညီညွတ်စေရန် ဖြစ်ပါသည်။

(ရ) ဤဥပဒေကြမ်းပုဒ်မ ၈၄(စ)ပါ အလုပ်သမားဝန်ကြီးဌာန၏ သဘော တူညီချက်ဖြင့် အခြားလုပ်ငန်းတစ်ခုခုကို လုပ်ကိုင်ခြင်းဟူသည့် စာကြောင်းပါ အလုပ်သမား ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဟူသော စကားရပ် အစား လူ မှုဖူလုံရေးအဖွဲ့၏ အကျိုး အတွက်ဟူသည့် စကား ရပ်ဖြင့် အစားထိုးသင့်ပါသည်။

(လ) ဤဥပဒေကြမ်းပုဒ်မ ၈၅ ပါ ပုဒ်မခွဲ (က)နှင့်(ခ)တို့ကို နုတ်ပယ်ပြီး ပုဒ်မခွဲ(ဂ)အား ပုဒ်မ ၈၅ အဖြစ် ပြောင်းလဲပြီး ယင်းစာသားအား လူမှုဖူလုံရေးအဖွဲ့သည် လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင်ထိခိုက်မှု အကျိုးခံစားခွင့် ရန်ပုံငွေတို့နှင့် စပ်လျဉ်း၍ လာမည့်ဘဏ္ဍာရေးနှစ်အတွက် ခန့်မှန်းခြေရငွေနှင့် သုံးငွေများကို ဖော်ပြ သည့် ရသုံးမှန်းခြေ ငွေစာရင်းကို ပြုစုပြီး အလုပ်သမားဝန်ကြီးဌာနမှတ စ်ဆင့် ပြည်ထောင်စု အစိုးရအဖွဲ့သို့ တင်ပြရမည်ဟု ပြင်ဆင်သင့်ပါသည်။

(ဝ) ဤဥပဒေကြမ်းပုဒ်မ ၈၆ အား လူမှုဖူလုံရေး အဖွဲ့က ပုဒ်မ ၈၊ ပုဒ်မခွဲ (ဂ) အရ လူမှုဖူလုံရေးရုံးများ၊ ဆေးရုံများနှင့် ဆေးခန်းများကို ယင်း၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းတည်ထောင်ခြင်း၊ လိုအပ်သော အရာထမ်း၊ အမှုထမ်း များကို ခန့်အပ်၍ ခံစားခွင့်များပေးခြင်း မပြုနိုင်မီ အလုပ်သမားဝန်ကြီး ဌာနသည် လူမှုဖူလုံရေးအဖွဲ့ နှင့် ညှိနှိုင်း၍ ပြည်ထောင်စု အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဝန်ထမ်းဖွဲ့စည်းပုံနှင့်အညီ လူမှုဖူလုံရေးရုံးများ၊ ဆေးရုံများ နှင့် ဆေးခန်းများရှိ အရာထမ်း၊ အမှုထမ်းများကို ခန့်အပ်တာဝန်ပေးပြီး ၎င်းတို့၏ လစာ၊ စရိတ်၊ ပင်စင်လစာနှင့် အခြားခံစား ခွင့်များကို အစိုးရ ဝန်ထမ်းများနှင့် သက်ဆိုင်သည့် ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်း များ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှ န်ကြားချက်များနှင့်အညီ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲခွင့် ပြုရမည် ဟု ပြင်ဆင်သင့်ပါသည်။

(သ) ဤ ဥပဒေကြမ်းပုဒ်မ ၈၇ တွင် ပုဒ်မ ခွဲ(ခ) အောက်၌ ပုဒ်မခွဲ (ဂ) အဖြစ် အလုပ်သမားဝန်ကြီး ဌာနသည် ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေမှ ကျခံ

သုံးစွဲသည့်ငွေ၊ ထည့်ဝင်ငွေ၊ ထောက်ပံ့ငွေတို့နှင့် စပ်လျဉ်း၍ နှစ်စဉ် ရသုံးမှန်းခြေ ငွေစာရင်း ကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ အတည်ပြုချက်ရယူပြီး လူမှုဖူလုံရေးအဖွဲ့အား စီမံခန့်ခွဲစေရမည် ဟု လည်းကောင်း၊ ပုဒ်မခွဲ (ဃ)အဖြစ် လူ မှုဖူလုံရေးအဖွဲ့သည် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲသည့်ငွေ၊ ထည့်ဝင်ငွေ၊ ထောက်ပံ့ငွေတို့နှင့် စပ်လျဉ်း၍ ပုံမှန် စာရင်း စစ်ဆေးမှု ပြုလုပ်ရမည့်အပြင် ပြည်ထောင်စု စာရင်းစစ်ချုပ်အဖွဲ့၏ စာရင်းစစ်ဆေးမှုကိုလည်း ခံယူရမည်။ ထို့ပြင် နှစ်စဉ် စာရင်း စစ်ဆေးချက်အစီရင်ခံစာကို အလု ပ်သမားဝန်ကြီးဌာနသို့ တင်ပြရ မည်ဟုလည်းကောင်း၊ ပုဒ်မ ၈၅၊ ပုဒ်မခွဲ (က)နှင့်(ခ)တို့ပါ ရေးသားချက် များအား ပြင်ဆင်၍ ဖြည့်စွက်သင့်ပါသည်။

ကော်မတီ၏ သဘောထားမှတ်ချက်

၃။ ဤဥပဒေကြမ်းအား လေ့လာတွေ့ရှိချက်အရ လူမှုဖူလုံရေးအဖွဲ့အား အလုပ်သမား ဝန်ကြီးဌာန၏ ဌာနခွဲတစ်ခုသဖွယ် သဘောသက်ရောက်သည့် ပြဋ္ဌာန်းချက်များ တွေ့ရှိရပါသည်။ လူမှုဖူလုံရေးအဖွဲ့သည် လွ တ်လပ်ပြီး ပါတီနိုင်ငံရေးနှင့် ကင်းရှင်းသည့် အမျိုးသားအဆင့် အဖွဲ့တစ်ခုဖြစ်သင့်သလို NGO အဖွဲ့များကဲ့သို့လည်း မဖြစ်သင့်ပါ၊ လူမှုဖူလုံရေးအဖွဲ့၏ ကိုယ်ပိုင် ရန်ပုံငွေဖြင့် လူမှုဖူလုံရေးရုံးအဆင့်ဆင့်နှင့်ဆေးရုံဆေးခန်းများ ဖွဲ့ စည်းထူထောင်၍ ကုန်ကျစရိတ် များကိုလည်း ကျခံသင့်ပါသည်။ သို့သော် အလုပ်သမားဝန်ကြီး ဌာနမှ တာဝန်ယူဆောင်ရွက် ပေးရမည့်ကိစ္စရပ်များနှင့်လည်းကောင်းကျန်းမာရေးဝန်ကြီးဌာနနှင့်လည်းကောင်း ချိတ်ဆက်ရမည့် အဖွဲ့ဖြစ်၍ လုပ်ပိုင်ခွင့်ကိုလည်း အပြည့်အဝ ရယူသင့်သည့်အဖွဲ့ ဖြစ်ပါသည်။ အပိုဒ် (၄) ဤဥပဒေကြမ်းကို အလုပ်သမားဝန်ကြီး ဌာနနှင့် အသေးစိတ်ညှိ နှိုင်းပြီး ပြင်ဆင်ဖြည့်စွက် ထားသော လူမှုဖူလုံရေးဥပဒေကြမ်းအား အမျိုးသားလွှတ်တော်မှ အတည်ပြုဆောင်ရွက်နိုင်ရန် သဘောထားမှတ်ချက်ပြုတင်ပြအပ်ပါသည်။

**အချိန်၊ ၁၂း၄၉။**

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်တို့ ဒီအထဲမှာ ဦးမြညိမ်း တော့ ပြန်ကြည့်ပြီးပြီလား မသိဘူး။ လူမှုဖူလုံရေးအကျိုးခံစားခွင့်အနေနဲ့ အစိုးရဝ န်ထမ်းကိစ္စပေါ့။ အစိုးရဝန်ထမ်းကလည်း

စီးပွားရေးဆိုင်ရာဝန်ထမ်း ဝန်ကြီးဌာနတွေက ဆန္ဒအလျော က် လူမှုဖူလုံရေးကို ထည့်ဝင်နိုင်တာ ရှိပါတယ်။ ဥပမာတစ်ခုပေါ့။ ပုဒ်မ ၂၅(ဂ) မီးမဖွားမီရက်သတ္တပတ်(၆)ပတ်၊ မီးဖွားပြီးနောက် ရက်သတ္တပတ်(၈)ပတ် စုစုပေါင်း ရက်သတ္တပတ်(၁၄)ပတ်ထိ မီးဖွားခွင့် ကို ခံစားခွင့်ရှိသည်။ ထို့အပြင် အမွှာကလေးမွေးပါက မီးဖွားခွင့်ခံစားပြီးနောက် ကလေးစောင့်ရှောက်ရန် ရက်သတ္တပတ် (၄)ပတ်ကို ဆက်လက်ပြီး ခံစားခွင့် အဲ ဒီတော့ ဝန်ကြီးဌာန အစိုးရက သတ်မှတ်ထားတဲ့ဥစ္စာနဲ့ မကိုက်ညီလို့ရှိရင် လူမှုဖူလုံရေးဝင်တဲ့ဝန်ထမ်းက ဘယ်လို ခံစားရမလဲဆိုတာ ရှင်းရှင်းလင်းလင်း ခွဲခွဲခြားခြားလုပ်ထားဖို့ လိုပါတယ်။ နောက်တစ်ခု (ဃ) ပြစ်ဒဏ်ထိုက်သင့်သည့် ကိုယ်ဝန် ပျက်စေခြင်း မဟုတ်ဘဲ ကိုယ်ဝန်ပျက်သည့်ကိစ္စတွင် အများဆုံး ရက်သတ္တပတ် (၆)ပတ်အထိ မီးဖွားခွင့်အဖြစ်ခံစားရန် ဒါအစိုးရက ပြဋ္ဌာန်းထားတဲ့ ခွင့်ဥပဒေမှာ ပါ/မပါ။ နောက်(င) ကိုယ်ဝန် ဆောင်စဉ်ခွဲစိတ်ပြုထားသည့် ဆေးရုံဆေးခန်းနှင့် စမ်းသပ်စစ်ဆေးပြသနိုင်ရန်အတွက် တစ်ကြိမ်လျှင် တစ်ရက်နှုန်းဖြင့် အများဆုံး (၇)ကြိမ်အထိ လုပ်ခအပြည့်ခံစားခွင့် ဒါတွေက ဆေးခန်းသွားပြတဲ့ အတွက် ခွင့်ယူရမှာလား၊ မယူရဘူးလား ဆိုတဲ့ကိစ္စတွေလည်း ရှိပါတယ်။ နောက်တစ်ခုက (၂၈)မှာ အာမခံထားသူအမျိုး သားသည် ဇနီးမီးဖွားမှုအတွက် ဆေးသက်သေခံလက်မှတ်အရ သတ်မှတ်ချက်များနှင့်အညီ အောက်ပါဖခင်ဘဝ အကျိုးခံစားခွင့် ရှိသည်။ (က) အာမခံထားသူ ဖြစ်သော ဇနီးမီးဖွားသည့်အခါ မွေးကင်းစကလေးငယ်အား ပြုစုခွင့် (၁၅)ရက်ခံစားခွင့် စသည် ဖြင့်ပေါ့နော်။ ဥပမာပေါ့။ အဲဒီတော့ လူမှုဖူလုံရေးအဖွဲ့ ကို အစိုးရဌာနက ဝန်ထမ်းတွေလည်း ဆန္ဒ အလျောက် ဝင်ခွင့်ရှိတယ်ဆိုတဲ့အခါမှာ ခွင့်ကိစ္စနှင့် အလားတူအခြားကိစ္စတွေမှာ အစိုးရရဲ့ ပြဋ္ဌာန်းတဲ့ ဥပဒေနဲ့လူမှုဖူလုံရေးဥပဒေနဲ့ ကွာခြားနေလို့ရှိရင် အစိုးရဝန်ထမ်းများသည် အစိုးရကသတ်မှတ်ထားတဲ့ဥပဒေအတိုင်း ခံစားခွင့်ရှိသည်ဆိုတဲ့ ကိစ္စမျိုးတော့ ထည့်ပေးဖို့လိုမယ် ထင်တယ်။ သို့မဟုတ် ဒီနှစ်ခုက ခြားနားနေတဲ့အတွက် ဒီဝန်ထမ်းတွေ နဲ့ပတ်သက်လို့ ဌာန ဆိုင်ရာမှာ အငြင်းပွားမှုတွေ ဖြစ်လာနိုင်မယ့် အနေအထား ရှိပါတယ်။ ဒါ ပြန်လည်သုံးသပ်တဲ့ အခါမှာ ဆွေးနွေးပြီးလို့ ပြန်လည်သုံးသပ်တဲ့အခါမှာ ခင်ဗျားတို့ ပြန်လည်ထည့်သွင်း စဉ်းစား ပေးဖို့ပေါ့။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လူမှုဖူလုံရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လူမှုဖူလုံရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ် နှစ်ဦး အမည်စာရင်း တင်သွင်းထားပါတယ်။ ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာမြဦး ဆွေးနွေးနိုင်ပါပြီ။ တိုတို ဆွေးနွေးနော်။ နောက်မို့ ထမင်းစားမယ့် သဘောရှိတယ်။ အစည်းအဝေးလည်း ရှိသေးတယ်။

**အချိန်၊ ၁၂း၄၉။**

**ဒေါက်တာမြဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော့်အနေနဲ့တော့ တိုတိုတောင်းတောင်းနဲ့တော့ ဆွေးနွေးကြည့်ပါမယ်။ အဲ ဒီတော့ ကျွန်တော်တို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်တဲ့နေရာမှာ ပထမဆုံးလူအများသိတဲ့အတိုင်း ကျန်းမာရေးကို(၄)မျိုးပေါ့။ Health Promotion၊ Disease Prevention နောက်ကုသရေး၊ ပြန်လည်ထူထောင်ရေး ဆိုတာ လုပ်ပါတယ်။ ဒီလိုလုပ်နေတဲ့ဥစ္စာမှာ ဒုတိယတာဝန်ဖြစ်တဲ့ နာမကျန်းဖြစ်တဲ့အခါ ဒုက္ခိတဖြစ်တဲ့အခါမှာ ဝင်ငွေနည်းသူတွေ၊ ဆင်းရဲတဲ့သူတွေ ဒီဘဏ္ဍာရေး အတိဒုက္ခ မကျရောက်စေရန် အင်္ဂလိပ်လိုဆိုရင်တော့ Financial Catastrophe လို့ပြောပါတယ်။ ဒါမကျရောက်အောင်လုပ်ဖို့ ဒုတိယတာဝန်ဟာ ကျွန်တော်တို့ ကျန်းမာရေးစနစ်မှာ အဓိကလိုအပ်ချက် တစ်ခုလည်း ဖြစ်ပါတယ်။ ဒီလိုအပ်ချက်ကို လူမှုဖူလုံရေးစနစ်ပေါ့ ။ Social Security Scheme ပေါ့။ Radius ဒါက ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်မှာ ဆင်းရဲတဲ့လူတွေ အတွက် ငွေပဒေသာပင် စိုက်ထုတ်ပြီး လုပ်ခဲ့တယ်။ နောက် စရိတ်မျှပေး ကျန်းမာရေးစနစ်တွေ လုပ်ခဲ့တယ်။ ဒါပေမဲ့ များ သောအားဖြင့် ဝင်ငွေနည်းပါးသူ၊ ဆင်းရဲသူတွေက အိတ်ကနေစိုက်ပြီးတော့ တိုက်ရိုက် Out of Pocket ခေါ်တာပေါ့။ OOP ပေါ့။ Out of Pocket က ဒီနေ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ဒါတွေ့ကြုံ နေရတဲ့ဥစ္စာ ဖြစ်ပါတယ်။ အဲဒီတော့ OOP ဆိုတဲ့နေရာမှာ ဒီနေ့ ဘယ်လောက်ထိ သုံးနေရလဲဆိုရင် (၈၀)နဲ့ (၉၀)ရာခိုင်နှုန်းလောက် သုံးနေရပါတယ်။ ဒီမှာ လူတစ်ဦးရဲ့ House Hold Expenditure ကို စစ်တမ်းများအရ ကြည့်ရင် (၇၀)ရာခိုင်နှုန်းက

အစားအသောက်နဲ့ ကုန်နေပါတယ်။ ဒါကြောင့် Financial Catastrophe ဆိုတာ နေထိုင်မကောင်းရင် အစားအသောက်အတွက် ချန်ပြီးတော့ (၄၀)ရာခိုင်နှုန်းထက်ကျော်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုဆိုရင် ဒါ ချွတ်ခြုံကျမှု၊ နောက်တစ်ခါ ကျန်းမာ ရေး စောင့်ရှောက်မှုအတွက် ချေးရတယ်၊ ငှားရတယ်၊ ပေါင်ရတယ်၊ နှံရတယ်။ ဒါတွေဆိုရင်လည်းပဲ Financial Catastrophe လို့ ခေါ်ပါတယ်။ အတိဒုက္ခရောက်တယ်လို့ ခေါ်ပါတယ်။ အဲဒီတော့ ဒီဟာကို ဖြေရှင်းနိုင်ဖို့အတွက် နည်းလမ်းတွေရှာတဲ့အခါမှာ နိုင်ငံတော်အစိုး ရကလည်း လုပ်မယ်။ တခြားလူမှု Social Insurance Scheme လုပ်ဖို့က နိုင်ငံတိုင်းက ကြိုးစားနေတာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီ Social Security Scheme မှာ လုပ်ဖို့အတွက် ကျွ န်တော်တို့ ကျန်းမာရေးဝန်ကြီးဌာနမှာ တာဝန်ယူတဲ့ နှစ်ပေါင်းမြောက်မြားစွာ၊ အကြိမ်ပေါင်း မြောက်မြားစွာ ဒီ Alternative Financial System ကို တည်ဆောက်ဖို့အတွက် လုပ်ပါတယ်။ အဲဒီတော့ ဒီစနစ်တွေကို သက်ဆိုင်ရာ ပညာရှင်တွေနဲ့ ကျွန်တော်တို့ ဆွေး နွေးခဲ့ပါတယ်။ ဆွေးနွေးတဲ့အခါမှာ လည်းပဲ ဒီ Social Security Scheme မှာ အလုပ်သမားဝန်ကြီးဌာနက ပုဂ္ဂိုလ်တွေ၊ အာမခံစနစ်က ပုဂ္ဂိုလ်တွေ၊ ကျန်းမာရေးဝန်ကြီးဌာနက ပုဂ္ဂိုလ်တွေ ဒါတွေကို လုပ်တဲ့အခါမှာ အဲဒီမှာ ကျွန်တော်တို့ ရလဒ်ကတော့ ဒီ Social Security Scheme ကို Breadth and Depth ကျယ်ကျယ်ပြန့်ပြန့်နဲ့ နက်နက်ရှိုင်းရှိုင်း ဖြစ်ဖို့အတွက် လုပ်ဖို့ဆိုပြီး ကျွန်တော် တို့ ဆွေးနွေးခဲ့ကြပါတယ်။

အဲဒီတော့ ဒီနေ့ တင်ပြတဲ့ လူမှုဖူလုံရေးစနစ်ဟာ နှစ် ပေါင်းမြောက်မြားစွာ ကြိုးစားလာပြီးတော့ အခုခေတ်နဲ့အညီ ဆောင်ရွက်ခဲ့တဲ့အတွက် ကျွန်တော်က ဦးစွာပထမ ကြိုဆိုထောက်ခံပါတယ်။ အဲ ဒီတော့ ဒီနေရာမှာကြည့်ရင် ကျွန်တော်တို့ ဥပဒေပိုင်းကို ကြည့်ရင်တော့ ခုန ဥပဒေပိုင်းဆိုင်ရာတွေကတော့ ရေးပုံ၊ ရေးနည်း၊ အရေးအသား၊ အထားအသို အကုန်လုံး ပြောသွားပေမယ့် ကျွန်တော်က အတွင်းသရုပ်ကို အနည်းငယ် ဆွေးနွေးချင် ပါတယ်။ အခန်း (၂) ရည်ရွယ်ချက်တွေမှာ ကောင်း ပါတယ်။ အကုန်လုံး။ သို့ သော် (င)မှာ အိမ်ရာ နေထိုင်ခွင့်ဆိုတာကတော့ ဖြစ်နိုင်တယ်။ ပိုင်ဆိုင်ခွင့်ပေးမယ်ဆို ဥပဒေတစ်ရပ်မှာ ရေးပြီးရင် မလုပ်နိုင်ရင် တစ်မျိုးဖြစ်ပါမယ်။ လုပ်နိုင်ရင်တော့ ကောင်းပါတယ်။ ဒါကတော့ ကျွန်တော်ရဲ့ တစ်ဦးတည်းအမြင်ဖြစ်ပါတယ်။ အိမ်ရာ နေထိုင်ခွင့်၊ ပိုင်ဆိုင်ခွင့် ဆိုတဲ့ဥစ္စာက မလုပ် နိုင်ရင် ဥပဒေကြီးကတော့ ဥပဒေပဲ။ အဲ ဒီတော့ အခြေအနေပေးပါက ပိုင် ဆိုင်ခွင့်ကို ဆောင်ရွက်နိုင်မယ်လို့ ပြင်ရင်လည်း

ပြင်ပါ။ နောက် ဒီ (င)အပိုဒ်က ရည်မှန်းချက်ဆိုရင်လည်း ရေးထားတာကြီးက များပါတယ်။ ရည်မှန်းချက်ဆိုတာ ကျစ်ကျစ်လစ်လစ်၊ သိပ်သိပ်သည်းသည်းနဲ့ တကယ်လို့များ ဒုတိယ အပိုဒ်ဖြစ်တဲ့ ကာယ၊ ဉာဏ၊ အလုပ်သမားများ၊ ကျန်းမာရေး ချို့တဲ့ရင် နာမကျန်းဖြစ်ရင် လည်းကောင်း၊ ဒုက္ခိတဖြစ် ရင်သော်လည်းကောင်း၊ ဒီဘဏ္ဍာငွေ အတိဒုက္ခရောက်မှုမှ သက်သာစေရန် သို့မဟုတ် ကာကွယ်ရန် ဆိုတဲ့ဟာမျိုးကို ရည်မှန်းချက်ထဲမှာ ထည့်သင့် / မထည့်သင့်ဆိုတာကတော့ အားလုံး လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် ဒီပုဂ္ဂိုလ်ကြီးများကို ကျွန်တော် တင်ပြပါတယ်။ နောက်တစ်ခုကတော့ လူမှုဖူလုံရေးစနစ်တွေ လုပ်တဲ့နေရာမှာ ကျွန်တော်တို့ ဒါက မြို့ပေါ်မှာ Formal Sector မှာပဲ လုပ်တာ ဖြစ်ပါတယ်။ Formal Sector မှာ လုပ်တဲ့အတွက် ယခင်တု န်းက ၁၉၅၄ ခုနှစ်မှာ ပြဋ္ဌာန်းပြီး ၁၉၅၆ ခုနှစ်မှာ လုပ်ခဲ့တဲ့ဥစ္စာက (၅)ယောက်ထဲနဲ့ Voluntary ဖြစ်ပါတယ်။ ဒါတောင် ၂၀၀၆ ခုနှစ်မှာ (၅)သိန်းလောက် အကျိုးခံစားခွင့်ရတယ်လို့ ကျွန်တော် စာရင်းဇယား များအရ သိပါတယ်။ အဲဒီတော့ ဖြစ်သင့် တာကတော့ ကာယ၊ ဉာဏ အလုပ် သမားတိုင်း Formal Sector ပေါ့။ Premium ကောက်လို့ ရတဲ့လူတိုင်း ပါဝင်သင့်တယ်လို့ ကျွန်တော် ရှင်း ပြပါတယ်။ ဒီမှာက အပိုဒ် ၁၁(က)မှာတော့ Compulsory အပိုဒ် ၁၂ မှာတော့ စီးပွားရေး လုပ်ငန်းလုပ်ကိုင်ခြင်း မရှိသော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ သို့မဟုတ် ဒေသန္တရ ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့ အစည်းများလို့ ရေးထား တာဟာ တစ်ခုက Compulsory၊ တစ်ခုက Voluntary ကျွန်တော်တို့ အာမခံစနစ် ဘယ်ဟာပဲ ကျင့်သုံးကျင့်သုံး လုပ်ချင်ရင် ကျန်းမာတဲ့ လူရော၊ မကျန်းမာတဲ့လူရော အားလုံး လွှမ်းခြုံပြီးတော့ Largest Possible Pool ဆိုတာ ဒါ အခြေခံ လိုအပ်ချက် တစ်ခု ဖြစ်ပါတယ်။ ဒါ မှ ငွေကြေးတောင့်တင်းခိုင်မာတဲ့ အာမခံစနစ် ဖြစ်မယ်လို့ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော် တို့ ကတော့ အမြဲတမ်း ဝန်ထမ်းတွေအားလုံးကို စီးပွားရေး လုပ်ငန်းလုပ်တာဖြစ်ဖြစ်၊ ဝန်ထမ်းတွေ အားလုံးကို Mandatory Compulsory ဖြစ်သင့်တယ်လို့ ကျွန်တော်ကတော့ မြင်ပါတယ်။ ဒီတချို့ Private Sector မှာ သူဌေးသူကြွယ် တွေထဲကတော့ Private Insurance Scheme အခု မဖြစ်နိုင်သေးပါဘူး။ ဒါကျတော့ သူတို့ဟာသူတို့ Voluntary သွားပါလိမ့်မယ်။ ဒီလိုဟာမျိုးဟာ Voluntary။ Formal Sector မှာကတော့ Compulsory ဖြစ်ရင် အကောင်းဆုံးပဲလို့ ဒီ Viable Insurance Scheme ဆိုရင် ရှင်သန်ဖို့အတွက်က အဓိပ္ပာယ် ကတော့ ကျန်းမာတဲ့သူတွေ၊ ငွေကြေးတတ်နိုင်တဲ့သူတွေက မကျန်းမာတဲ့သူတွေ၊ ဆင်းရဲတဲ့

သူတွေကို Share လုပ်တယ်ဆိုတဲ့ ဦးတည်ချက်ပဲ ဖြစ်ပါတယ်။ ဒါကြောင့် ကျန်းမာသော၊ မကျန်းမာသော အားလုံးဟာ ပါဝင်သင့်တယ်လို့ ကျွန်တော်က Formal Sector ပေါ့။ အဓိကကတော့ အနာဂတ်မှာ အလုပ်သမားလူတန်းစားက များလာပါလိမ့်မယ်။ Industrialization လုပ်တဲ့အခါမှာ အဲဒါကြောင့် ကျွန်တော့် အနေနဲ့ကတော့ ဒီလို ခွဲခြားမှုထက် ကျွန်တော်တို့ နိုင်ငံ့ဝန်ထမ်းတွေအားလုံး ပါဝင်သင့်အောင်များဆောင်ရွက်ရင် မကောင်းဘူးလားလို့ ကျွန်တော်က တင်ပြခြင်း ဖြစ်ပါတယ်။

နောင်အနာဂတ်မှာ မိသားစုတွေ အတွက်ပါ ပါဝင်လာအောင် ခုန ကျွန်တော်တို့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး တင်ပြတဲ့အထဲမှာ အမျိုးသမီးများဆိုတဲ့ အဓိပ္ပာယ်ကတော့ အမျိုးသမီးက အာမခံစနစ်ဖြင့် ဇနီးမယား က တစ်ခါတလေကျရင် အလုပ်လုပ်တာ မဟုတ်ဘဲနဲ့ အာမခံစနစ်ကို ကျွန်တော်တို့ ပါသင့်တယ်လို့ ကျွန်တော်က တော့ မြင်ပါတယ်။ ဒါက နောင်အနာဂတ်မှာ စဉ်းစားဖို့အချက် ဖြစ်ပါတယ်။ အဲဒီတော့ Formal Sector မှာ All Inclusive ဒီလိုဆောင်ရွက်မှသာ ကျွန်တော်တို့ရဲ့ Largest Pool ဖြစ်လို့ ရပါတယ်။ အဲဒါကြောင့် နောက်တစ်ခုကတော့ ပုဒ်မ ၁၉ မှာ ဆေးရုံများ၊ ဆေးခန်း များ တည်ထောင်ဖွင့်လှစ်ခြင်း၊ ကျခံသုံးစွဲခြင်း ဆိုတဲ့ဟာ ဒီနေ့ ဒီအလုပ်သမား ဝန်ကြီးဌာနက လူမှုဖူလုံရေးစနစ်နဲ့ ရန်ကုန်မှာ အလုပ်သမားဆေးရုံကြီး၊ နောက် တီဘီဆေးရုံ။ မန္တလေးမှာ အလုပ်သမားဆေးရုံကြီး။ အဲဒီတော့ တိုင်းနဲ့ပြည်နယ်တွေမှာ အလားတူ ဆေးရုံများ တည်ဆောက်မယ်ဆိုရင် ကျွန်တော် ကြိုတင်ပြီး ပြောတာပါ။ ငွေကြေးကုန်ကျမှု အလွန်များ ပါလိမ့်မယ်။ အဲဒီတော့ သီးသန့်ကြီး ရန်ကုန်နဲ့ မန္တလေးမှာ ရှိနေတယ်။ ဒီလို သီးသန့်ကြီး မထူထောင် ဘဲနဲ့ ဘာလို့လဲဆိုတော့ အပိုဒ်မှာ ရေးထားတာက ဆေးရုံများ တည်ဆောက်ခြင်းဆိုတာလည်း ပါပါတယ်။ အဲဒီလို ဒီလိုဟာမျိုးကို တိုင်းနဲ့ ပြည်နယ်တွေမှာ ဆေးရုံတွေကို ထပ်မံမတည်ဆောက်ဘဲနဲ့ ကျန်းမာရေးဝန်ကြီးဌာနက ဒီနေရာ တွေမှာ Specialist တွေနဲ့ အထူးကုဆရာဝန်ကြီးတွေနဲ့ ခရိုင်အဆင့်ထိ ကျွန်တော်တို့ ခန့်ထားတာတွေကို Contract သဘောမျိုးနဲ့ ငှားရမ်းအသုံးပြုရင် ဒီ Supplier Provider က ကျန်းမာရေးဌာန Purchaser လို့ခေါ်တဲ့ ပုဂ္ဂိုလ်၊ ဝယ်ယူတဲ့ ပုဂ္ဂိုလ်က ဒီလူမှုဖူလုံရေး စနစ် ဒီမှာ Package အလိုက် ဘယ် လို Package ဆိုရင် ဘယ်လောက်ဘယ်လောက် ဆိုတဲ့ ဟာမျိုးကို ညှိနှိုင်းပြီးတော့လုပ်မယ်ဆိုရင် ငွေကုန်ကြေးကျများ သက်သာမလားလို့ ကျွန်တော် ဒီလို ထင်ပါ တယ်။ ယူဆပါတယ်။ အဲဒီတော့ ဒါက ကျွန်တော်တို့ ဆေးရုံ၊ ဆေးခန်းတွေ။ သို့သော်

ဆေးခန်းကတော့ လူမှုဖူလုံရေးစနစ်အနေနဲ့ နောက်ပိုင်း ကျွန်တော် ဆွေးနွေးတဲ့အထဲ ပါတယ်။ ထားသင့်ပါတယ်။ ဒီဥစ္စာက သို့မဟုတ်လည်းပဲ အစိုး ရဌာနက ဆေးခန်းအနေဖြင့်လည်း ထားသင့်တယ်။ သို့သော် တရားဝင်ဖြစ်ဖို့ တော့ လိုပါ တယ်။ အဲဒီလိုမ ဟုတ်ဆိုရင် အခွင့်အရေး ယူပြီးတော့ ကိုယ်ဟာကို ဆေးရုံတက်သွားရင် ကုန်ကျစရိတ်တွေ အများကြီး ဒီစနစ်က ကျခံရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒါကို Gate Keeping လို့ခေါ်တဲ့ဥစ္စာမျိုးလည်း လိုအပ်ပါတယ်။ အဲဒီတော့ ငွေကြေးအကျိုးခံစားမှုမှာ ပုဒ်မ ၂၃(က)မှာ Qualify Period ကို ရည်ရွယ်ပြီးတော့ ရေးထားပါတယ်။ သူကမကျန်းမာခင်မှာ (၆)လပြီးရင် (၄)လငွေသွင်းပြီးရင် အကျိုးခံစားခွင့် ရှိမယ်လို့ ရိုးရိုးရှင်း ရှင်းများ Qualify Period ကို ဝင်ကြေးသတ်မှတ်ပြီး (၆)လအနည်းဆုံး (၆)လထည့်ဝင်မယ်ဆို (၄)လတွေလည်း မလုပ်တော့ဘူး။ (၆)လလည်း မလု ပ်တော့ဘူး။ ဘာကြောင့်လဲဆိုတော့ တချို့လူတွေက လက်ရှိလုပ်နေ တယ်။ ဒီအချိန် ဖွင့်တဲ့အခါကျမှ ဝင်မယ်။ ဝင်ရင် (၆)လမှာ Qualify Period ရှိတယ်။ ဒီ Qualify Period က အာမခံ စနစ်တိုင်းမှာ ရှိရပါမယ်။ မရှိရင် နေမကောင်းမှ ဝင်လာပြီး အကျိုးခံစားမယ်။ ဒါကြောင့် ဒီ (၆)လကိုတော့ ကျွန်တော်တို့ ရိုးရိုးရှင်းရှင်းများ ပြန်ရေးလိုက်ရင် ကောင်းမလားလို့ ကျွန်တော် အကြံပြုခြင်း ဖြစ်ပါတယ်။

နောက်တစ်ခုက ပုဒ်မ ၂၅ မှာ ကိုယ်ဝန်ဆောင်နဲ့ မီးဖွားခွင့်ကိစ္စများ ဖော်ပြ ထားပါတယ်။ ဒီဖော်ပြမှုသည် ကျွန်တော်တို့ ဟိုတ စ်လောကလည်း ဒေါ်ခင်ဝိုင်းကြည် တို့ ဆွေးနွေးထား တာတွေလည်း ရှိပါတယ်။ ခုန ကျွန်တော်တို့ရဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြီး ကလည်းပဲ မိန့်ကြားသွား တာ ရှိပါတယ်။ အဲဒီတော့ ဒီထဲမှာပါတဲ့ ရှေ့က (၆)ပတ်၊ နောက်က (၈)ပတ်ဆိုတာ (၁၄)ပတ်က Convention on Maternity Protection No .183 ၂၀၀၀ ခုနှစ် က Propose လုပ်ထားတာကို အခြေခံတယ်လို့ ကျွန်တော် ဒီလိုပဲ လေ့လာမိပါတယ်။ သူကတော့ Minimum of Fourteen Weeks for All Women ဆိုပြီးတော့ ရေးပြီးတော့ (၁၄)ပတ်မှာ Six Weeks Compulsory Post Natal Leave at National Level လို့ ရေးထားပါ တယ်။ နောက်ပြီးတော့ ထပ်ဆောင်းပြီးတော့ Additional Leave Incase of Illness Complicatioins on Races နေထိုင်မကောင်းလို့ ဆက်ပြီးဖြစ်နေရင် ဆက်ပေးမယ် ဆိုတဲ့ သဘော ဖြစ်ပါတယ်။ ခုန ကျွန်တော်တို့ရဲ့ ဥက္ကဋ္ဌကြီး အမိန့်ရှိသလို နိုင်ငံတော်အစိုးရက သတ်မှတ်ထားတာထက် ဒီ Maternity Leave နဲ့လည်းပဲ အံဝင်ဂွင်ကျဖို့ ဖြစ်ပါတယ်။

ဒါကိုဆိုရင် ကျွ န်တော်တို့ Asia ၊ Pacific နိုင်ငံတွေမှာကြည့်ရင် (၁၄)ပတ်ကို သုံးနေတာတွေလည်း တွေ့ ပါတယ်။ သို့သော် ဒီနေရာမှာ ထပ်ပြီးတော့ Convention က ဘာပြောလဲ ဆိုတော့ Periodic Break of Reduction Work hours of Work In order to Breast Feeding ဆိုပြီးတော့ ဒါတွေကိုလည်းပဲ လစာအပြည့်နဲ့ ကြားထဲမှာ အလုပ်လုပ်နေရင် ဖြတ်ဖြတ်ပြီးတော့ နို့တိုက်နိုင်ဖို့ကိစ္စကို ဒီနိုင်ငံတွေက၊ မလေးရှားနိုင်ငံတို့ တချို့နိုင်ငံတွေ တော်တော်များများမှာ ဒါတွေ လုပ်နေတယ်။ အဲ ဒီတော့ ကျွန်တော်တို့ ဒီစနစ်ကလည်း Working Mother ပေါ့။ ဒီလိုအလု ပ်လုပ်နေတဲ့ အမျိုးသမီးတွေ ကို နို့ တိုက်ဖို့။ နို့တိုက်ဖို့ဆိုတော့ အိမ်မှာတိုက်ပြီးတော့ ညှစ်ပစ်ခဲ့လို့လည်း မရဘူး။ မရတော့ ကျွန်တော်တို့က ဒီအလုပ်ရုံတွေမှာ ကြီးကြီးမားမားအလုပ်ရုံ ဘယ်လောက်ဆိုတာ သတ်မှတ်ပြီးတော့ နို့တိုက်တဲ့ဌာနလု ပ်ပြီးတော့ မိခင်ဟာ တစ်နာရီ သူ့ဌာနရဲ့ သတ်မှတ်ချက်တွေ ကျွန် တော် အချိန်ကုန်မှာ စိုးလို့ပါ။ သတ်မှတ်ချက်တွေ ရှိပါတယ်။ တစ်နာရီ တစ်နေ့ကို နှစ်ကြိမ် သူနို့တိုက်ခွင့်ရှိတာကို ခွင့်ပြုတာဖြစ်ပါတယ်။ အဲဒီတော့ ဘာလုပ်သလဲဆိုတော့ စက်ရုံအလုပ်ရုံတွေမှာ ငယ်ငယ်လေး တွေတော့ မလုပ်နိုင်ဘူးပေါ့လေ။ အကြီးကြီးတွေမှာတော့ ဒီနို့တိုက်တဲ့ ဌာန လုပ် ပြီးတော့ ဒါတွေကို ပိုင်ရှင်က ကုန်ကျခံရပါတယ်။ ကုန်ကျခံရင် ဒါအတွက် Tax Exemption ဒီကုန်ကျစရိတ်အတွက် အခွန်ကောက်ခံမှုကို လျှော့ပေါ့တဲ့အနေအထား Tax Exemption ပေးတယ်ဆိုတာ ဒါ မလေးရှားနိုင်ငံတွေမှာလည်း ဒီလိုပဲလုပ်နေတာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဒါများစဉ်းစား ရင်များ ဘယ်လိုနေမလဲ ဆိုတဲ့ဥစ္စာကို ကျွန်တော်တင်ပြခြင်း ဖြစ်ပါ တယ်။ သူတို့ကျတော့ Crèche ခေါ်တာပေါ့။ ကျွန်တော်လည်း Dictionary ကြည့်တော့ နို့တိုက်တဲ့ဌာနလေး၊ နေရာလေး တွေပေါ့။ သပ်သပ်ရပ်ရပ်နဲ့ သေသေချာချာနဲ့ လုပ်ပြီးတော့ နောက် ဆက်ပြီးတော့ အလုပ်လုပ် နေတဲ့အခါမှာ (၄)လ (၆)လကျော်လာတဲ့အခါတော့ Feeding ဆိုတော့ လွယ်လွယ်လေး ပြောရင်တော့ Nursery Care လိုဟာမျိုးလေး ကျွန်တော်တို့ လုပ်နိုင်ရင်စဉ်းစားဖို့ သက်ဆိုင်ရာလွှတ်တော်နဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများနဲ့ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီး ကိုလည်းပဲ တင်ပြခြင်း ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ဘယ်အာမခံစနစ်မဆို သုံးစွဲတဲ့လူက အလွဲသုံးစားမလုပ်ဖို့၊ နောက်တစ်ခုက စောင့်ရှောက်တဲ့လူက အလွဲသုံးစားမလုပ်ဖို့ ဒါက Moral Hazzard ဆိုတာတွေ ရှိပါတယ်။ အဲဒီတော့ ဒီမှာ Gate Keeping ဆိုတာ စောစောက ကျွန်တော် တင်ပြသလို Dispensary တွေ၊ ဘာတွေကကြည့်ပြီးတော့မှ ဆေးရုံ တက်ဖို့လိုတဲ့လူကိုသာ ဆေးရုံတက်ခွင့်ပြုဖို့၊ ကိုယ့်ဟာ

ကိုယ်လည်း ဆေးရုံမသွားဖို့၊ ဒါကြောင့် Dispensary လောက်ကိုတော့ ဒီအာမခံစနစ်က နေပြီးတော့ ဖွင့် လှစ်သင့်တယ်လို့ ကျွန်တော် မြင်ပ ါတယ်။ နောက်တစ်ချက်က ရန်ပုံငွေဟာ ထားနေရင် Inflation နဲ့ ကျကျသွားပြီး တန်ဖိုးက ကျသွားတယ်။ ဒါကို ဘယ်လိုနည်းနဲ့ ဒီရန်ပုံငွေကို အနည်းဆုံးတော့ တန်ဖိုးမကျအောင် လုပ်ရမယ်။ သို့သော် ဒီလိုလုပ်တဲ့နေရာမှာ အစိုးရအဖွဲ့ရဲ့ သဘောတူညီချက် နဲ့သာ လုပ်ပိုင်ခွင့် မျိုးပေးသင့်တယ်လို့ ကျွန်တော် မြင်ပါတယ်။ နောက်မို့ဆိုရင် inflation ဖြစ်သွားရင် တဖြည်းဖြည်း တဖြည်းဖြည်းနဲ့ ဒီငွေတွေဟာ အရေအတွက် ရှိပေမယ့် တန်ဖိုးကျဆင်းကျဆင်းသွားလိမ့်မယ်လို့ ကျွန်တော် ထင်ပါတယ်။ အဲဒါ Viable ဖြစ်ဖို့ အတွက် စနစ်တစ်ခု ဖြစ်ပါတယ်။ နောက်တစ်ခုက သူ လိုတဲ့စနစ်မှာ ကုန်ကျမှုသက်သာဖို့အတွက် ကျန်းမာရေးမြှင့်တင်တဲ့လုပ်ငန်း ပညာပေး တွေပေးတယ်ဆိုပေမယ့် ထိထိရောက်ရောက်ပေးဖို့ လိုပါတယ်။ ဥပမာ အစားအသောက် တစ်ခါတလေ အလုပ်လုပ်နေတဲ့အချိန်မှာ ကာ ယ လေ့ကျင့်ခန်းလိုဟာမျိုး၊ break လုပ်တာ၊ ဆေးလိပ်နဲ့ ဆေးရွက်ကြီး သုံးစွဲမှု Sateser ဒါတွေဟာ လိုပါတယ်။ အရက်သောက်သုံးမှု၊ စောစောတုန်းကတော့ ဝန်ကြီးက အရက်က ကျန်းမာရေးနဲ့ မညီညွတ်ဘူးလို့ တင်ပြလို့ ကျွန်တော်ကတော့ (၂)ပက်သောက်ရင် ကျန်းမာရေးနဲ့ ညီညွတ် တယ် လို့ပြောခြင်း ဖြစ်ပါတယ်။ အဲဒီတော့ နှလုံးရောဂါတို့ ကိုလက်စရော တို့၊ ဘာ တို့ (၂)ပက်က ဒါပေမယ့် ကျွန်တော်တို့ နိုင်ငံက (၂)ပက်နဲ့ ထိန်းလို့မရရင်တော့၊ သို့သော် ယေဘုယျ ပြည်သူ လူထု ပညာပေး တဲ့အခါမှာတော့ ကျွန်တော်တို့က အရက်မသောက်နဲ့ဘဲ ပြောတယ်။ အရက်ကို Abuse လို့ သုံးပါတယ်။ Tobacco ကျတော့ Use လို့ သုံးပါတယ်။ Use ဆိုတာ လွန်ကဲအောင် သုံးတာ။ အဲဒီတော့ အဲဒါလေးတွေကို ကျွန်တော်တို့ လုပ်ချင်ရင် ဒါတွေဟာ ဥရောပမှာလုပ်ခဲ့ တဲ့ အတွက်ကြောင့် Absenteism လည်း နည်းသွားပါတယ်။ ကျန်းမာရေးလည်း ကောင်းသွားတယ်။ ကုန်ထုတ်စွမ်းအားလည်း ပိုပြီးများပါတယ်လို့ အတွေ့အကြုံတွေက ပြောပါတယ်။ အဲဒီတော့ ဒီလို လုပ်ငန်းတွေနဲ့ ပတ်သက်လို့ နောက်တစ်ခုက ကျွန်တော်တို့ ခရီးစဥ်တွေများသွားရင် လုပ်ငန်းခွင် ကျန်းမာရေးက အင်မတန် အားနည်းပါတယ်။ အားနည်းတဲ့ အတွက်ကြောင့် တ စ်ခါတလေ ကျွန်တော်တို့ကိုတော့ Mask တွေပေး၊ ဟိုမှာအလုပ်သမားတွေ အမျိုးသမီးတွေကျတော့ ဒီအတိုင်းပဲ လုပ်နေတာပဲ။ ကျွန်တော်မေးတော့ ဘာကြောင့်များ မလုပ်ကြတာလဲလို့ စက်ရုံ မှူးကို မေးတော့ ပေးပါတယ်တဲ့ ဖြုတ်ဖြုတ်ပစ်တာပါ။ မွန်းလို့ဆိုပြီး ဖြုတ်ဖြုတ်ပစ်တယ် ။ ဒါတွေ ကတော့ ကျန်းမာရေးအန္တရာယ်တွေကို ကာကွယ်ရင် ကုသရေးထက် ပိုပြီးထိရောက်ပါတယ်

ဆိုရင် အာမခံစနစ်မှာ Disease Prevention နဲ့ Health Promotion တွေကိုပါမှ ဖြစ်ပါမယ်။ အဲဒီတော့ ဒါ ကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကလည်း Worker Health ဟာကြီးကို Topic တစ်ခုလိုပဲ ကျွန်တော်တို့ စဉ်းသားသင့်ပါတယ်။ အဲဒီတော့ နိဂုံးချုပ်အနေနဲ့ ကျွန်တော် တင်ပြရရင် Viable Social Scheme အတွက် အခုတင်ပြတဲ့ဟာကို ကျွန်တော်ရဲ့ အကြံပြုချက်များနဲ့အတူ ထောက်ခံပါတယ်။ နောက်ပြီးတော့ အဲလိုဖြစ်ဖို့အတွက် Largest Pool Possible Pool ဆိုတဲ့ ကာယ၊ ဉာဏ အလုပ်သမားတွေ မြို့ တွေပေါ်မှာ Formal Sector က အားလုံး နိုင်ငံ့ဝန်ထမ်းများအားလုံး ပါဝင်တဲ့ဥစ္စာဖြစ်ပါတယ်။ Qualify Period ရှိတဲ့အတွက်လည်း ကောင်းပါတယ်။ Gate Keeping စနစ်ရှိတဲ့အတွက်လည်း ကောင်းပါတယ်။ အကျိုးခံစားခွင့်ကိုတော့ စေတနာနဲ့ ဆောင်ရွက်တာထက် ဖြစ်နိုင်တဲ့ကိစ္စရပ်များကို ထိထိရောက်ရောက် ဆောင်ရွက်ဖို့ လိုပါလိမ့်မယ်။ ကိုယ်ဝန်ဆောင်ကိုတော့ နိုင်ငံတော်အစိုးရရဲ့ သတ်မှတ်တာနဲ့ ခုနက ကျွန်တော် တင်ပြခဲ့တဲ့ Convention on Maternity Protection No.183 လုပ်ဖို့ နောက် ဘဏ္ဍာရေး ကို မကျဆင်းသွားအောင်၊ တိုးပွားအောင် အစိုးရရဲ့သဘောတူညီချက်ဖြင့် ဆောင်ရွက်ရန်၊ နောက်တစ်ခုကတော့ ခုန ဥပဒေပါအချက်အလက်များကို ဥပဒေရေးပုံရေးနည်း ကျစ်လစ်စေရန် ဆိုတဲ့ဥစ္စာကို တင်ပြရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၃း၁၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၁၄း၀၀ နာရီမှာလည်း အစည်းအဝေးဆက်ရမယ့် ပုဂ္ဂိုလ်များရှိတဲ့အတွက်ယခု နေ့လယ်စာ ထမင်း သုံးဆောင်ဖို့ တစ်နာရီတိတိ ရပ်နားပါမယ်။ အစည်းအဝေးကို ၁၄း၁၅ နာရီမှာ ပြန်လည်စတင် ကျင်းပမှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး** ။ အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၃း၁၀ နာရီတွင်ခေတ္တရပ်နားပြီး နေ့လယ် ၁၄း၁၅ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၄း၁၅။**

**အခမ်းအနားမှူး** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်မှူးမင်ဗျား။အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။ [အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့်စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၄း၁၅။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာဝင်းမြင့်အောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၁၅။**

**ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့်အောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လူမှုဖူလုံရေးဥပဒေကြမ်းနဲ့ ပတ်သက်၍ ထောက်ခံအကြံပြု ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံလူမှုဖူလုံရေး အက်ဥပဒေကို ၁၉၅၄ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့၌ ထုတ်ပြန်ကြေညာခဲ့ပြီး ၁၉၅၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှာ စတင်ကျင့်သုံးအကောင်အထည် ဖော်ခဲ့ပါတယ်။ နိုင်ငံတကာ လူမှုဖူလုံရေးအသင်း ISSA တွင် မြန်မာနိုင်ငံအပါအဝင် အဖွဲ့ဝင်နိုင်ငံပေါင်း (၁၅၀)နဲ့ အဖွဲ့ပေါင်း(၃၅၀)ရှိပါတယ်။ လူမှုဖူလုံရေးစီမံကိန်းဟာ နိုင်ငံများရဲ့ စီး ပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးတဲ့ စီမံကိန်းတစ်ရပ်ဖြစ်တာကြောင့် မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးပြီး၊ ဖွံ့ဖြိုးဆဲနိုင်ငံများအားလုံးတွင် လူမှုဖူလုံရေးစီမံကိန်းများကို အလေးထား ကျင့်သုံးနေတာကို တွေ့ရှိရပါတယ်။ ၁၉၅၄ ခုနှစ်၊ လူမှုဖူလုံရေး

ဥပဒေကို ၁၉၅၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနဲ့အညီ ရေးဆွဲခဲ့တာဖြစ်လို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ် နဲ့ညီညွတ်တဲ့ ဥပဒေကြမ်းကို ရေးဆွဲရခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒီလိုရေးဆွဲထားတဲ့ ဥပဒေကြမ်းကို လေ့လာတဲ့အခါမှာ ခေတ်နဲ့လျော်ညီပြီး နိုင်ငံတ ကာ ကျင့်သုံးနေသော လူမှုဖူလုံရေး စီမံကိန်းများနှင့်လည်း ကိုက်ညီနေတာကို တွေ့ရပါတယ်။ ဒါ့အပြင် ပြည်သူအားလုံး လူမှုဖူလုံရေး ဥပဒေပါ ခံစားခွင့်များ ရရှိအောင် ရေးဆွဲထားတာကိုလည်း လေ့လာသိရှိရပါတယ်။ ဘာကြောင့်လဲဆိုရင် အလုပ်သမားများသာမက နိုင်ငံ့ဝန်ထမ်းများ ၊ လုပ်ငန်းဌာနများတွင် အလုပ်လုပ်ကိုင်ခြင်း မရှိသော အများပြည်သူများ၊ ကျောင်းသူ ကျောင်းသားများပါ လူမှုဖူလုံရေးအတွက် မိမိတို့ရဲ့ ဆန္ဒအလျောက် အာမခံထားရှိနိုင်လို့ပဲ ဖြစ်ပါတယ်။ ယခင်ဥပဒေမှ အရပ်ရပ်အာမခံစနစ်နဲ့ အလုပ်တွင် ဒဏ်ရာရမှု အာမခံစနစ်ဟူ၍ (၂)မျိုးသာရှိပါတယ်။ ယခုဥပဒေမှာ ကျန်းမာရေးနှင့်လူမှုရေးစောင့်ရှောက်မှု အာမခံစနစ်၊ မိသားစုထောက်ပံ့မှု အာမခံစနစ်၊ အလုပ်လုပ်ကိုင်နိုင်စွမ်း မရှိမှု အကျိုးခံစားခွင့်၊ သက်ပြည့်အငြိမ်းစား အကျိုးခံစားခွင့်နှင့် ကျန်ရစ်သူအကျိုးခံစားခွင့် အာမခံစနစ်၊ အလုပ်လက်မဲ့ အကျိုးခံစားခွင့်အာမခံစနစ်နဲ့ အခြားလူမှုဖူလုံရေးစနစ်ဆိုပြီး (၅)မျိုး ပြဋ္ဌာန်းထားတာကို တွေ့ရှိရပါတယ်။ ယခု ရေးဆွဲခဲ့တဲ့ ဥပဒေကြမ်းမှာ အာမခံထားသူများ၊ အငြိမ်းစားယူပြီးနောက် ဆေးဝါးကုသမှု ဆက်လက်ခံယူခွင့် ပညာသင်ကြားနေသော သားသမီးများအတွက် ပညာသင်စရိတ်ခံစားခွင့် သဘာဝဘေးအန္တရာယ် ကြုံတွေ့ရသည့်အခါ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ထောက်ပံ့ကူညီမှု အကျိုးခံစားခွင့်၊ မှီခိုသူမိသားစုများအတွက် အကျိုးခံစားခွင့်၊ အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိမှု အကျိုးခံစားခွင့်၊ သက်ပြည့်အငြိမ်းစား အကျိုးခံစားခွင့်၊ အလုပ်ကိုအကြောင်းပြု၍မဟုတ်ဘဲ သေဆုံး မှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့်၊ အလုပ်လက်မဲ့အကျိုးခံစားခွင့်တို့ဟာ အလုပ်သမားများ လုပ်ငန်းခွင်မှာ လုပ်အားအပြည့်အ ဝပေးနိုင်ဖို့၊ နောင်ရေးစိတ်အေးဖို့ စီမံရေးဆွဲထားကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒါ့အပြင် လူမှုဖူလုံရေးအိမ်ရာများတွင် နေထိုင်ခွင့်၊ ငှားရမ်းနေ ထိုင်ခွင့်၊ ဝယ်ယူခွင့်၊ ပိုင်ဆိုင်ခွင့် သို့မဟုတ် အသုံးပြုခွင့်တွေရရှိမယ့် လူမှုဖူလုံရေးစနစ်ဟာလည်း အလုပ်သမားများ ရေရှည်အကျိုးကိုမျှော်ကိုးပြီး ရေးဆွဲထား ကြောင်းကိုလည်း လေ့လာတွေ့ရှိရပါတယ်။ ထပ်မံဆွေးနွေးလိုတာကတော့ လူမှုဖူလုံရေး ဆေးရုံများ၊ ဆေးခန်းများကို ယခုထက် ပိုမိုတိုးချဲ့ဖွင့်လှစ်ခြင်း၊ လူမှုဖူလုံရေးအာမခံထားရှိသူ အလုပ်သမားများနှင့် အလုပ်ရှင်များအနေဖြင့် လူမှုဖူလုံရေးအဖွဲ့ရဲ့

ဆောင်ရွက်ချက်များ၊ ကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမိုသိရှိရယူနိုင်စေခြင်းတို့ကို ပြုလုပ်ပေးနိုင်ပါက လူမှုဖူလုံရေး လုပ်ငန်းများ ဆတက်ထမ်းပိုး တိုးတက်အောင်မြင်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၄း၁၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် နှစ်ဦးရဲ့ ဆွေးနွေးချက်နဲ့ ပတ်သက်ပြီးတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ဘဏ္ဍာရေးနှင့်အေရေးရာကော်မရှင်၏ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ (Intellectal Property Rights) ဥပဒေများဖြစ်သည့် တီထွင်မှုပိုင်ဆိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်း ဥပဒေ၊ကုန်အမှတ်တံဆိပ်ဥပဒေနှင့် မူပိုင်ခွင့် ဥပဒေများ ပြဋ္ဌာန်းအကောင်အထည်ဖော်ရေး အတွက် ဆောင်ရွက်ရန်အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၄း၁၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ဘဏ္ဍာရေးနှင် ့ဥပဒေရေးရာကော်မရှင်အဖွဲ့ဝင် တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးမောင်မောင်ကြီး တင်သွင်းထားတဲ့ အသိဉာဏ်ပစ္စည်း မူပိုင်ခွင် ့ဆိုင်ရာ (Intellectual Property Rights) ဥပဒေများဖြစ်သည့် တီထွင်မှု ပိုင်ဆိုင်ခွင် ့ဥပဒေ၊ စက်မှုဒီဇိုင်းဥပဒေ၊ ကုန်အမှတ်တံဆိပ် ဥပဒေနှင် ့ မူပိုင်ခွင် ့ဥပဒေများ ပြဋ္ဌာန်းကောင်အထည်ဖော်ရေးအတွက် ဆောင်ရွက်ရန် အစီရင်ခံစာကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ် (၂)ဦးက အမည်စာရင်း တင်သွင်းထားပါတယ်။ ဒေါက်တာမြင့်ကြည် အစည်းအဝေး သွားတက်နေတယ်။ ဦးဝင်းမောင် ရှိပါသလား။

**ဥက္ကဋ္ဌ။** ။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဝင်းမောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၁၈။**

**ဦးဝင်းမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းမောင် ဖြစ်ပါတယ်။ ကျွန်တော် အမျိုးသားလွှတ်တော် ဘဏ္ဍာရေးနှင် ့ ဥပဒေရေးရာကော်မရှင်ရဲ့ အစီရင်ခံစာကို ထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ် ။ ကျွန်တော် ဆွေးနွေးတဲ့အခါမှာ အင်္ဂလိပ်အခေါ်အဝေါ်များကို အင်္ဂလိပ်လို သုံးစွဲခွင့်ပြုပါရန် ဥက္ကဋ္ဌကြီးအား လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ စက်မှုနှင် ့ နည်းပညာဆိုင်ရာ ပစ္စည်းများကို တီထွင်မှုများကို အကာအကွယ်ပေးပြီးတော့မှ တီထွင်ဖန်တီးမှု မူပိုင်ခွင့်ပေးသည့်နိုင်ငံများမှာ ဆန်းသစ်တီထွင်မှုများ ပိုမိုပြုလုပ်လာကြပြီးတော့ စက်မှုပစ္စည်းနှင့် အီလက်ထရောနစ်ပစ္စည်းများကို ပိုမိုထုတ်လုပ်ရောင်းချကြတဲ့အတွက် ကြီးပွားသည်ထက် ကြီးပွားချမ်းသာလာတာကို တွေ့ရှိရပါသည်။ အဆိုပါ တီထွင်ဖန်တီးမှုတွေကို အကာအကွယ် မပေးတဲ့အတွက် တီထွင်ဆန်းသစ်မှုများကို ပြုလုပ်ခြင်းမရှိဘဲနဲ့ သူတစ်ပါး၏ တီထွင်ဆန်းသစ်မှုကို ခိုးယူပြီးတော့မှ လုပ်ဆောင်ထားကြတဲ့ နိုင်ငံ မှာတော့ ဆင်းရဲသည်ထက် ဆင်းရဲတဲ့ နိုင်ငံများ ဖြစ်နေကြောင်း ကမ္ဘာ့နိုင်ငံများ၏ အတွေ့အကြုံ အရ တွေ့မြင်နေရပါတယ်။ ဒါကြောင့်မို့လို့ တီထွင်ဖန်တီးသူများကို အကာအကွယ်ပေးရေးအတွက် အသိဉာဏ်ပစ္စည်း မူပိုင်ခွင် ့ဆိုင်ရာ (IP Rights) ဥပဒေများဖြစ်တဲ့ တီထွင်မှုပိုင်ဆိုင်ခွင် ့ဥပဒေ၊ စက်မှုဒီဇိုင်းဥပဒေ၊ ကုန်အမှတ်တံဆိပ်ဥပဒေနှင့် မူပိုင်ခွင့်ဥပဒေများကို ပြဋ္ဌာန်းအ ကောင်အထည်ဖော်ပေးတဲ့အတွက် နိုင်ငံအသီးသီးက တွန်းအားပေးလျက် ရှိပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာ WTO က ၁-၁-၁၉၉၅ ရက်နေ့က ကျွန်တော်တို့မြန်မာနိုင်ငံကအဖွဲ့ဝင်အဖြစ် ဝင်ခဲ့ပါတယ်။ နောက် WIPO မှာတော့ ၁၅-၅-၂၀၀၁ ရက်နေ့က အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ပါတယ်။ ထိုအဖွဲ့ နှစ်ဖွဲ့တို့ဟာ ၁၉၉၄ ခုနှစ်က ချုပ်ဆိုတဲ့ Agreement on Trade -Related Aspects of Intellectual Porperty Rights (TRIPS Agreement, 1994) အရလည်းကောင်း၊ ASEAN Framework Agreement on Intellectual Property Cooperation , 1995 သဘောတူစာချုပ်အရလည်းကောင်း

အဖွဲ့ဝင်နိုင်ငံများက ပြည်တွင်းဥပဒေများ ပြဋ္ဌာန်းပြီး IP Rights ရုံးများ တည်ထောင်ခဲ့ပါတယ်။ IP Rights ဖန်တီးသူများကိုလည်းပဲ အကာအကွယ်ပေးရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ဖို့ တာဝန် ရှိလာပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော် ပထမအချက်အနေနဲ့ ဆွေးနွေးလိုတာကတော့ တီထွင်မှုပိုင်ဆိုင်ခွင့် Patents ဖြစ်ပါတယ်။ တီထွင်မှု ပိုင်ဆိုင်ခွင့် (Patents)ဆိုတာဟာ ထုတ်လုပ်မှုပစ္စည်း သို့မဟုတ် ထုတ်လုပ်မှုနည်းစနစ်ကို နည်းပညာတီထွင်ဖန်တီးခြင်းဖြစ်ပြီးတော့ လက်ရှိနည်းပညာ တီထွင်ဖန်တီးထားမှုထက် တစ်ဆင့်ထက်တစ်ဆင့် တီထွင်မှုဖြစ်ရမှာ၊ လက်ရှိ မသိရသေးသောနည်းပညာတီထွင်မှုဖြစ်ရမှာ နည်းပညာတီထွင်မှုအသစ်ဖြစ်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် လက်တွေ့အသုံးဝင်သည့် တီထွင်မှုများလည်းပဲ ဖြစ်ရပါမည်။ ကျွန်တော် သာဓကများကို ချန်လှပ်ထားခဲ့ပါတယ်။

ဒုတိယအချက်အနေနဲ့ကတော့ စက်မှုဒီဇိုင်းမှုပိုင်ခွင့် ဆိုတဲ့ (Industrial Designs Act) ဖြစ်ပါတယ်။ အဲဒီမှာတော့ (၁) ထုတ်လုပ်တဲ့ စက်မှုလက်မှုပစ္စည်း၏ ပုံသဏ္ဌာန် (Shape)၊ မျက်နှာသွင်ပြင်အနေအထား(Surface)၊ ပုံစံ (Pattern)၊ မျဉ်းကြောင်းများ (Lines)၊ အရောင်အဆင်းများ(Color) တို့ ဖြစ်ပါတယ်။ နောက်နံပါတ် (၂)အချက်ကတော့ ဒီဇိုင်းသည် ဆန်းသစ်မှုရှိရပါမယ်။ (၃) စိတ်ဝင်စားဖွယ်ရာ အလှအပ၊ အနုသုခုမ ဖန်တီးမှုဒီဇိုင်းလည်း ဖြစ်ရပါမယ်။

နောက် တတိယအချက်အနေနဲ့ကတော့ ကုန်အမှတ်တံဆိပ် (Trade mark) ဖြစ်ပါတယ်ခင်ဗျား။ အဲဒီကုန်အမှတ်တံဆိပ်မှာ ထုတ်လုပ်တဲ့ကုန်ပစ္စည်း(Goods)၊ ဝန်ဆောင်မှု(Service) တစ်ခုနှင့်တစ်ခုခွဲခြား၍ သိရှိအောင် ပြုလုပ်ထားသည့် အမှတ်တံဆိပ် ဖြစ်ပါသည်။ အဲဒီ အမှတ်တံဆိပ်တွင် အသံအမှတ်အသား (Sound mark)၊ အနံ့အမှတ်အသား (Smell mark)၊ အထိအတွေ့အမှတ်အသား(Touch mark)၊ အရောင်အဆင်း အသွင်အပြင် (Trade dress)၊ စုပေါင်းပိုင်အမှတ်တံဆိပ်(Collective mark)၊ အသိအမှတ်ပြု အမှတ်တံဆိပ် (Certification mark)၊ ပထဝီဒေသအညွှန်း (Geographical Indication)၊ လူသိများပြီး ကျော်ကြားသော အမှတ်တံဆိပ် (Well Known mark) နှင့် ကုန်သွယ်မှုအမှတ်တံဆိပ်ဖြစ်တဲ့ (Trade mark) တို့ ပါဝင်ပါတယ်။ သာဓကများကို ကျွန်တော် ချန်လှပ်ခဲ့ပါတယ်။

စတုတ္ထအချက်အနေနဲ့ကတော့ မူပိုင်ခွင့်ဥပဒေ ဖြစ်ပါတယ်။ အဲဒီ မူပိုင်ခွင့် (Literary Copyrights)ဥပဒေမှာ စာပေ၊ အနုပညာ လက်ရာရှင်ရဲ့ သီးသန့်အခွင့်အရေးများကို လည်းကောင်း၊ ဖျော်ဖြေသူ၊ ဖိုနိုဂရမ်ထုတ်လုပ်သူ၊ ရုပ်သံထုတ်လွှင့်သည့် အဖွဲ့အစည်းများရဲ့ အခွင့်အရေးများကိုလည်းကောင်း၊ မူပိုင်ခွင့်နှင့် ဆက်နွယ်တဲ့ အခွင့်အရေးများနှင့် ရိုးရာဓလေ့ အမွေအနှစ်များ ဖြစ်ပါတယ်။ (က) စာပေလက်ရာ (Literary Work ) ဆိုတဲ့ နေရာမှာတော့ စာအုပ်၊ စာတမ်း၊ လက်ကမ်းစာစောင်၊ ကဗျာ၊ ဝတ္ထုဆောင်းပါး၊ ကွန်ပျူတာပရိုဂရမ်နှင့် တစ်ခြား ရေးသားချက်များ၊ ရေးဆွဲခြင်း၊ ရေးခြစ်ခြင်း၊ ပုံနှိပ်ခြင်း၊ ပထဝီအနေအထားနှင့် မျက်နှာသွင်ပြင် ဖော်ပြချက်၊ မြေပုံ၊ စီမံချက်ပုံကြမ်းများဟာ ဘာသာပြန်ဆိုချက်များကို မှီငြမ်း ပြုတာတွေ ပြောင်းလဲပြုပြင်တာတွေ ပေါင်းစပ်ဖော်ပြတာတွေကို ဆိုလိုခြင်း ဖြစ်ပါတယ်။ နောက်တစ်ချက် ကတော့ (ခ) အနုပညာလက်ရာ (Artistic Works and Performers , Producers of Phonograms and Broadcasting etc .) ဖြစ်ပါတယ်။ အနုပညာလက်ရာ ဆိုတဲ့ Artistic Works မှာတော့ ဂီတ၊ သဘင်၊ ရုပ်ရှင် ၊ ပြဇာတ်၊ ကဇာတ်တင်ဆက်ကပြခြင်း၊ ဖျော်ဖြေမှုများ ပြုလုပ်ခြင်း၊ နောက် ဖျော်ဖြေသူ၊ ဟောပြောသူ၊ ပို့ချသူတို့က တိတ်ခွေ၊ ဓာတ်ပြား၊ ဖိုနိုဂရမ်စတဲ့ ပစ္စည်းကိရိယာတစ်ခုခုနဲ့ ထည့်သွင်းထားသည့် ရုပ်ပုံဖြစ်စေ၊ အသံဖြစ်စေ၊ ရုပ်သံဖြစ်စေ တစ်ခုခုကို ဆိုလိုပါတယ်။

နောက်တစ်ချက်ကတော့ Copy Right ပါ။ Copy Right မှတ်ပုံတင်ခြင်းဆိုတဲ့ နေရာမှာတော့ စာပေအနုပညာမူပိုင်ခွင့် စာချုပ်အရ မှတ်ပုံမတင်မနေရ မဟုတ်ဘဲနဲ့ မှတ်ပုံတင် လိုမှ တင်နိုင်ပါတယ်။ မှတ်ပုံတင်ထားရင်လည်းပဲ အထောက်အထားခိုင်မာမှု ဖြစ်ပါတယ်။ ဒါပေမဲ့လို့ မှတ်ပုံတင်သည်ဖြစ်စေ၊ မတင်သည်ဖြစ်စေ၊ စာပေအနုပညာလက်ရာရှင်ဟာ မူပိုင်ခွင့် အရေးကို ခံစားခွင့် ရှိပါတယ်။ နိုင်ငံအများအပြားမှာ အထူးစီပွားရေးဇုန်နဲ့ အထူးစက်မှုဇုန်များ၊ အထူးသဖြင့် High တက္ကသိုလ်များမှာ တည်ထောင်လုပ်ကိုင်တဲ့အခါမှာ အဆင့်မြင့်ခေတ်မီ စက်မှုလုပ်ငန်းများ၊ သတင်းအချက်အလက်နဲ့ ဆက်သွယ်ရေး IT နည်းပညာလုပ်ငန်းများအတွက် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဥပဒေများ ပြဋ္ဌာန်းပြီးတော့ အဓိကအားဖြင့် တီထွင်မှု မူပိုင်ခွင့်နှင့် စက်မှုဒီဇိုင်းများကို အကာအကွယ်ပေးပြီးတော့ စိတ်ချယုံကြည်စွာ ရင်းနှီးမြှုပ်နှံနိုင်ရေးအတွက် ဆွဲဆောင်မှုတွေကို မက်လုံးပေး ဆောင်ရွက်လျက် ရှိပါတယ်။ မြန်မာနိုင်ငံမှာလည်းပဲ အထူး စီးပွားရေးဇုန်ဥပဒေပြဋ္ဌာန်းပြီး ဖြစ်တဲ့အတွက် IP Law တီထွင်မှုပိုင်ဆိုင်ခွင့်ဥပဒေ (Patents

Law) နှင့် စက်မှုဒီဇိုင်းဥပဒေ (Industirial Design Law ) တို့ကို ပထမဆုံး ပြဋ္ဌာန်းသင့်သည်ဟု ယူဆပါသည်။ ကုန်အမှတ်တံဆိပ်ဥပဒေနှင့် မူပိုင်ခွင့်ဥပဒေ (Copyright Law ) တို့ကိုလည်း ဆက်လက် ပြဋ္ဌာန်းရန် လိုအပ်မည်ဟု ယူဆပါတယ်။

အာဆီယံနိုင်ငံများအနက် အထူးစီးပွားရေးဇုန်များ တည်ထောင်ကြသည့် စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နှင့် ဖိလစ်ပိုင်တို့မှာ IP ဥပဒေများကို ပြဋ္ဌာန်းထားသည့် အပြင် LDC ဖြစ်သည့် ကမ္ဘောဒီးယားမှာပင်လျှင် တီထွင်မှု မူပို င်ခွင့်နှင့် စက်မှုဆိုင်ရာဥပဒေများ ပြဋ္ဌာန်းပြီးတော့ အထူးစီးပွားရေးဇုန်များ တည်ထောင်ဆောင်ရွက်နေကြောင်း လေ့လာသိရှိရ ပါသည်။ ဒါကြောင့်မို့လို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာ လိုအပ်နေပြီဖြစ်တဲ့ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ (Intellectual Property Rights ) ဥပဒေများဖြစ်သည့် တီထွင်မှုဆိုင်ရာ တီထွင်မှုပိုင်ဆိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းဥပဒေ၊ ကုန်အမှတ်တံဆိပ်ဥပဒေနှင့် မူပိုင်ခွင့် ဥပဒေများ ပြဋ္ဌာန်းအကောင်အထည်ဖော်ရေးအတွက် ဆက်လက် ဆောင်ရွက်ပေး ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အမျိုးသားလွှတ်တော် ဘဏ္ဍာရေးနှင့် ဥပဒေရေးရာကော်မရှင်ရဲ့ အစီရင်ခံစာကို ထောက်ခံဆွေးနွေးအပ်ပါတယ် ခင်ဗျား။ အာလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၄း၃၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသား လွှတ်တော်ဘဏ္ဍာရေးနှင့် ဥပဒေရေးရာကော်မရှင်အဖွဲ့ဝင် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမောင်မောင်ကြီး တင်သွင်းတဲ့ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ (Intellectual Property Rights) ဥပဒေများဖြစ်သည့် တီထွင်မှုပိုင်ဆိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းဥပဒေ၊ ကုန်အမှတ်တံဆိ ပ် ဥပဒေနှင့် မူပိုင်ခွင့်ဥပဒေများ ပြဋ္ဌာန်းအကောင်အထည်ဖော်ရေးအတွက် ဆောင်ရွက်ရန် အစီရင်ခံစာကို အတည်ပြုရန် သဘောတူ /မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူဆောင်ရွက် ပါမယ်။ ဒီလို ဆောင်ရွက်ရာမှာ စက်ခလုတ်ကို အသုံးပြုပြီးတော့ လျှို့ဝှက်စွာ ဆန္ဒပြုတဲ့ နည်းလမ်းနဲ့ ဆောင်ရွက်မှာ ဖြစ်ပါတယ်။ စက်ခလုတ်ကိုအသုံးပြုပြီး ဆန္ဒမဲပေးဖို့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ ပထမဦးစွာ အမျိုးသားလွှတ်တော်အစည်းအဝေး တက်ရောက်ကြောင်း လက်မှတ်ရေးထိုးတဲ့နေရာမှာ ကိုယ်စားလှယ် စိစစ်ရေးလက်မှတ်နဲ့

လဲလှယ်ပေးလိုက်တဲ့ ဆန္ဒမဲပေးကဒ်ကို မိမိရှေ့မှာ ရှိတဲ့ စက်ခလုတ်ရဲ့ လက်ယာဖက်ဘေးမှာရှိတဲ့ ကဒ်ထည့်ပေါက်အတွင်းသို့ ဦးစွာထည့်သွင်းရမှာ ဖြစ်ပါတယ်။ ဒီလို ထည့်သွင်းတဲ့အခါမှာ မဲပေးကဒ်ပေါ်ရှိ မြှားပြထားတဲ့ဘက်ကို အပေါ်မှာထားပြီး မြှားဦးတည်ရာအတိုင်း ထည့်သွင်းရမှာ ဖြစ်ပါတယ်။ ဆန္ဒမဲပေးကဒ်ကို စက်ထဲမှာ ထည့်မှသာ ဆန္ဒမဲပေးခြင်းကို စက်က ထည့်သွင်းရေတွက်မှာ ဖြစ်ပါတယ်။ အကယ်၍ ဆန္ဒမဲပေးကဒ်ကို စက်အတွင်း မထည့်ပါက သို့မဟုတ် ဘက်မှား၍ထည့်ပါက ဆန္ဒမဲပေးမှုကို စက်ကထည့်သွင်းရေတွက်မှာ မဟုတ်ကြောင်း ပြောကြားလိုပါတယ်။ စက်ခလုတ်နဲ့ဆန္ဒမဲပေးတဲ့အခါမှာ အတည်ပြုရန် သဘောတူရင် အစိမ်းရောင်ခလုတ်၊ အတည်ပြုရန် သဘောမတူရင် အနီရောင် ခလုတ်နဲ့ ကြားနေရင် အဝါရောင်ခလုတ်ကို နှိပ်ဖို့ ဖြစ်ပါတယ်။ ခလုတ်နှိပ်ခြင်းနဲ့ ပတ်သက်လို့ ကျွန်တော်က ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်လို့ ကြေညာတာနဲ့ လွှတ်တော်အစည်းအဝေး ခန်းမမျက်နှာစာရှိ အစိမ်းရောင် အချက်ပြမီး လင်းချီ မှိတ်ချီ ဖြစ်လာပါမယ်။ ဒီလို ဖြစ်လာတာနဲ့တစ်ပြိုင်တည်း ကျွန်တော်က ဆန္ဒမဲ ပေးနိုင်ကြပါပြီလို့ ဖိတ်ခေါ်တဲ့အချိန်ကစပြီး အချက်ပြမီးစိမ်း လင်းချီမှိတ်ချီ ရှိနေချိန်အတွင်း မိမိဆန္ဒရှိရာ ခလုတ်ကို နှိပ်ဖို့ ဖြစ်ပါတယ်။ အချက်ပြမီးစိမ်းဟာ ဆန္ဒမဲပေးဖို့ သတ်မှတ်ထားတဲ့ စက္ကန့်(၃၀)ပြည့်တာနဲ့ ငြိမ်းသွားမှာ ဖြစ်ပါတယ်။ ဆန္ဒမဲပေးစက် ခလုတ်ကို မှားယွင်း နှိပ်မိလို့ ပြင်ဆင်လိုပါက အချက်ပြမီးစိမ်း ငြိမ်းမသွားမီ အချိန်အတွင်း မိမိအမှန်တကယ် ဆန္ဒမဲ ပေးလိုတဲ့ စက်ခလုတ်ကို ထပ်မံနှိပ်ဖို့ ဖြစ်ပါတယ်။ အချက်ပြမီးစိမ်း ငြိမ်းမသွားမီအချိန်အတွင်း နောက်ဆုံး နှိပ်တဲ့ခလုတ်ဟာ ဆန္ဒမဲပေးခြင်းအတွက် အတည် ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့် ရှိစေလိုပါတယ်။ ဆန္ဒမဲ ပေးနိုင်ကြပါပြီ။

အတည်ပြုရန် ထောက်ခံမဲ(၁၄၃)မဲ၊ ကန့်ကွက်မဲ မရှိ။ ကြားနေမဲ (၃)မဲ ဖြစ်တဲ့အတွက် အဆိုအတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဘဏ္ဍာရေးနှင့်ဥပဒေရေးရာကော်မရှင်၏၁၉၅၈ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂဆိုင်ရာ နိုင်ငံခြားခုံသမာဓိဆုံးဖြတ်ချက်အား အသိအမှတ်ပြုရေးနှင့် ဆုံးဖြတ်ချက်အတိုင်း အတည်ပြုဆောင်ရွက်ရေးကွန်ဗင်းရှင်းကို နိုင်ငံတော်ကအဖွဲ့ဝင်အဖြစ် လက်ခံရေးကိစ္စနှင့် အဆိုပါကွန်ဗင်းရှင်းကိုလက်ခံပြီးနောက် နိုင်ငံခြားခုံသမာဓိ ဆုံးဖြတ်ချက် အတိုင်း အတည်ပြုဆောင်ရွက်ရေးဥပဒေကို ပြဋ္ဌာန်းရေး အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၄း၃၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ဘဏ္ဍာရေးနှင့် ဥပဒေရေးရာကော်မရှင် အဖွဲ့ဝင် တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးမောင်မောင်ကြီး တင်သွင်း ထားတဲ့ ၁၉၅၈ ခုနှစ်၊ ကမ္ဘာ့ကုလသမဂ္ဂဆိုင်ရာ နိုင်ငံခြားခုံသမာဓိဆုံးဖြတ်ချက်အား အသိအမှတ်ပြုရေးနှင့် ဆုံးဖြတ်ချက်အတိုင်း အတည်ပြုဆောင်ရွက်ရေး ကွန်ဗင်းရှင်းကို နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် လက်ခံရေးကိစ္စနှင့် အဆိုပါကွန်ဗင်းရှင်းကို လက်ခံပြီးနောက် နိုင်ငံခြားခုံသမာ ဓိ ဆုံးဖြတ်ချက်အတိုင်း အတည်ပြု ဆောင်ရွက်ရေးဥပဒေကို ပြဋ္ဌာန်းရေးနှင့် စပ်လျဉ်းတဲ့ အစီရင်ခံစာကို ဆွေးနွေးဖို့ လွှတ်တော် ကိုယ်စားလှယ် နှစ်ဦးက အမည်စာရင်း တင်သွင်းထားပါတယ်။ ဦးဆိုင်ပေါင်းနပ် အစည်းအဝေး သွားတက်နေပါတယ်။ ဦးရဲမြင့် ရှိပါသလား။

**ဥက္ကဋ္ဌ။** ။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးရဲမြင့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၃၀။**

**ဦးရဲမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကြွ ရောက်လာသူအားလုံးကို မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးရဲမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ပရင်းနှီးမြှုပ်နှံမှု ဝင်ရောက်ရေးမှာ အရေးအကြီးဆုံးဖြစ်တဲ့ ၁၉၅၈ ခုနှစ်၊ ကုလသမဂ္ဂဆိုင်ရာ နိုင်ငံခြားခုံသမာဓိဆုံးဖြတ်ချက်ကို အသိအမှတ်ပြုရေးနှင့် ဆုံးဖြတ်ချက်အတိုင်း အတည်ပြု

ဆောင်ရွက်ရေးကိစ္စဟာ ပြည်ပအရင်းအနှီးများ အရှိန်အဟုန်ဖြင့် စီးဝင်လာရေးမှာ အလွန် အရေးကြီးပါကြောင်းကို တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ နိုင်ငံတစ်ခုရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေနိုင်သော စီးပွားရေးအခြေခံ အကြောင်းအရာများအနက် ပြည်တွင်းပြည်ပမှ ရင်းနှီး မြှုပ်နှံမှုဟာ အရေးအကြီးဆုံးအချက် ဖြစ်ပါတယ်။ ဒါကြောင့် စီးပွား ရေးအမြင်ရှိတဲ့ နိုင်ငံ့ခေါင်းဆောင်တွေဟာ သူတို့နိုင်ငံတွေကို နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု မရရအောင် ဆောင်ရွက်ပြီး စီးပွားရေး ရုတ်တရက် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေကြတာ တွေ့ရပါတယ်။ ၁၉၇၀ ပြည့်ကျော်နှစ်များအထိ နိုင်ငံခြားတိုက်ရိုက်ရင်းနှီး မြှုပ်နှံမှုတွေအပေါ် ကိုလိုနီနှောင်ကြိုးရယ်လို့ ခံယူထားကြတဲ့ နိုင်ငံတွေအားလုံးဟာ ယခုအခါမှာ နိုင်ငံခြားတိုက်ရိုက်ရင်နှီးမြှုပ်နှံမှုကို အကြီးအကျယ်သွေးဆောင်စည်းရုံးပြီး စီးပွားရေးတစ်ဟုန်ထိုး တိုးတက်လာတာ တွေ့ရပါတယ်။ ဥပမာအားဖြင့် တရုတ်နိုင်ငံဖြစ်ပါတယ်။ ဘာကြော င့်လဲဆိုတော့ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူတွေဟာ သူတို့ရဲ့ ခနအင်အားဟာ အလွန်ကြီးမားတာကြောင့် ဖြစ်ပါတယ်။ နောက်တစ်ခုကလည်း ကမ္ဘာ့ဈေးကွက်ကြီးကို သူတို့က အပိုင်စည်းရုံးထားနိုင်တဲ့အတွက် ဖွံ့ဖြိုးဆဲနိုင်ငံတွေဟာ ဒီဈေးကွက် အနှံ့အပြားကို ထိုးဖောက်နိုင်ဖို့ အတွက်သူတို့နဲ့ လက်တွဲရခြင်း ဖြစ်ပါတယ်။ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူတွေဟာ စီးပွားရေးအတွေ့အကြုံ များတာကြောင့် စီးပွားရေးအားနည်းတဲ့ နိုင်ငံတွေရဲ့ စီးပွားရေး ဘဝကို တစ်ဆစ်ချိုး ပြောင်းလဲနိုင်စွမ်းရှိတာကိုလည်း ဒီဥပမာတွေအရ သိရှိခဲ့ရခြင်း ဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ ပြည်ပ ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်နိုင်တဲ့ အမေရိကန်ပြည်ထောင်စုမှာရှိတဲ့ နိုင်ငံတကာ ကော်ပိုရေးရှင်းကြီးတွေဟာ သူတို့ရဲ့ အရင်းအနှီးအင်အားဟာ ကမ္ဘာ့စုစုပေါင်း စတော့ရှယ်ယာဈေးကွက် ရင်းနှီးမြှုပ်နှံမှုအားလုံးပေါင်းရဲ့ ထက်ဝက်ကို ပိုင်ဆိုင်နေတာ ဖြစ်ပါတယ်။ တစ်ကမ္ဘာလုံး GDP စုစုပေါင်းရဲ့ (၃)ပုံ(၁)ပုံ၊ ကမ္ဘာ့စုစုပေါင်း ကုန်သွယ်မှုရဲ့ (၆)ပုံ (၁)ပုံကို ပိုင်ဆိုင်ထားပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ နိုင်ငံစုံ ရင်းနှီးမြှုပ်နှံမှုကော်ပိုရေးရှင်းကြီးတွေရဲ့ အရင်းအနှီးတွေ စီးဆင်းလာဖို့ လိုအပ်ချက်တွေကတော့ ပီပြင်သော ဈေးကွက်စီးပွားရေး စနစ်ကျင့်သုံးခြင်း၊ ပြည်တွင်းပြည်ပ ငွေကြေးစုဆောင်းမှုများတိုးတက်အောင် ဆောင်ရွက်ထားခြင်း

လိုအပ်သော စီးပွား ရေးအဆောက်အအုံများ ခိုင်မာအောင် ပြုလုပ်ထားခြင်း၊ ပြည်ပပို့ကုန် အစွမ်းကုန် တိုးချဲ့နိုင်မည့် အခြေခံများရှိခြင်း၊ စီးပွားရေးဖွံ့ဖြိုးအောင် အထောက်အကူပေးမည့် အစိုးရအုပ်ချုပ်ရေးယန္တရားကို လျှ င်မြန်စွာ ဖွဲ့စည်းပေးထားနိုင်ခြင်း၊ နိုင်ငံရေး တည်ငြိမ်သော အခြေအနေ ဖန်း တီးနိုင်ခြင်း၊ အပြည်ပြည်ဆိုင်ရာ စီးပွားရေးပဋိညာဉ်များတွင် ချိတ်ဆက်ပါဝင်ခြင်းတို့ ဖြစ်ပါတယ်။

ဒါကြောင့် ၁၉၅၈ ခုနှစ်၊ နိုင်ငံခြားခုံသမာဓိ ဆုံးဖြတ်ချက်အား အသိအမှတ်ပြုရေးနှင့် ဆုံးဖြတ်ချက်အတိုင်း အတည်ပြုဆောင်ရွက်ရေး ကွန်ဗင်းရှင်းကို စောစီးစွာ ဝင်ရောက်နိုင်ခဲ့ တဲ့ အာဆီယံနိုင်ငံများဟာ စီးပွားရေးဖွံ့ဖြိုးမှု အင်အားကောင်းခဲ့တာကို တွေ့ရမှာ ဖြစ်ပါတယ်။ ယနေ့ အာဆီယံနိုင်ငံများအနက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အများဆုံးရတဲ့ နိုင်ငံကတော့ စင်ကာပူနိုင်ငံဖြစ်ပြီးတော့၊ အာဆီယံနိုင်ငံတွေ အားလုံးရရှိထားတဲ့ ပြည်ပရင်းနှီးမြှုပ် နှံမှု စုစုပေါင်းရဲ့ (၄၉.၆)ရာခိုင်နှုန်းဖြစ်လို့ ထက်ဝက်ကို စင်ကာပူက ရရှိနေတယ်လို့ ဆိုနိုင်ပါတယ်။ ဒုတိယအများဆုံးကတော့ မလေးရှားဖြစ်ပြီး (၁၆.၈)ရာခိုင်နှုန်း၊ တတိယက ထိုင်း (၁၃.၈) ရာခိုင်နှုန်း၊ စတုတ္ထကတော့ ဗီယက်နမ် (၆.၇)ရာခိုင်နှုန်း၊ ပဥ္စမက ဖိလစ်ပိုင်၊ ဆဋ္ဌမက တော့ ဘရူနိုင်း၊ သတ္တမ က အင်ဒိုနီးရှား၊ အဋ္ဌမက မြန်မာ (၁.၆)ရာခိုင်နှုန်း ရှိပါတယ်။ နဝမ နဲ့ ဒသမမြောက်နိုင်ငံတွေကတော့ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့ပဲ ဖြစ်ပါတယ်။ ဒါဟာ ASEAN Statistical Pocket Book ရဲ့ လေ့လာဖော်ပြချက် ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ နိုင်ငံခြား FDI စီးဝင်မှုများတဲ့ နိုင်ငံဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကြီးမားတာကို တွေ့ရပါတယ်။ အမေရိကန်ပြည်ထောင်စု ကိုယ်တိုင်ကပင် FDI စီးထွက်မှုက သူ့လက်ထဲက ဒေါ်လာ ၁၃၉.၆ ဘီလီယံ ရှိနေချိန်မှာ သူ့နိုင်ငံထဲကို FDI စီးဝင်မှုက ဒေါ်လာ ၂၈၁.၁၁ ဘီလီယံ ရှိတာတွေ့ရလို့ နှစ်ဆကျော် ဆွဲဆောင်သိမ်းသွင်းနေတာ တွေ့ရပါတယ်။ ကမ္ဘာ့အချ မ်းသာဆုံး အမေရိကန်နိုင်ငံပင်လျှင် FDI စီးဝင်လာမှုကို နှစ်ဆပိုမို ဆွဲဆောင်လျက်ရှိနေတာကို တွေ့နေရပါတယ်ခင်ဗျား။ မြန်မာ့လက်ရှိ ပြည်ပရင်းနှီးမြှုပ်နှံမှုကို ကြည့်မယ်ဆိုရင် မြန်မာနို င်ငံကို လာရောက်ရင်းနှီးမြှုပ်နှံတဲ့နိုင်ငံတွေမှာ စင်ကာပူက ပထမ အများဆုံး၊ ဗြိတိန်က ဒုတိယ၊ ထိုင်းက တတိယ၊ မလေးရှားက စတုတ္ထ၊ အမေရိကန် ပြည်ထောင်စုက ပဥ္စမ အများဆုံးဖြစ်ကြောင်း ယေဘုယျအားဖြင့် တွေ့ရှိရပါတယ်။ ဂျပန်နှင့်

တောင်ကိုးရီးယားတို့ရဲ့ ရင်းနှီးမြှုပ်နှံမှုများကတော့ နဝမနဲ့ ဒသမအဆင့်တွေသာ ရှိပါတယ်ခင်ဗျား။ ဒေသအလိုက်ဆိုရင်တော့ ကျွန်တော်တို့နိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံ သူတွေဟာ အာဆီယံနိုင်ငံတွေများပြီးတော့ အာဆီယံ (၅)နိုင်ငံရဲ့ မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံမှုဟာ (၅၀)ရာခိုင်နှုန်းကျော်သာရှိပြီး ကျန်နိုင်ငံ(၂၀)ထက် သာလွန်တာကို တွေ့နေရပါတယ်။ ယခုအခါ တရုတ်နိုင်ငံဟာလည်း အခြားနိုင်ငံပေါင်း (၁၆၀)ခန့်သို့ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းပေါင်း (၅၆၀၀)ကျော် သွားရောက်လုပ်ကိုင်နေတာတွေ့ရပေမယ့် မြန်မာနိုင်ငံမှာနိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုအနေနဲ့ မြှုပ်နှံမှုနည်းပါး နေပါသေးတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကြောင့် ရရှိတဲ့အကျိုးကျေးဇူးတွေကတော့ အလွန်ပဲ များပြားလှပါတယ်။ ပြည်တွင်းကို ကုန်ထုတ် အရင်းအနှီးများ စီးဝင်လာခြင်း၊ ပြည်တွင်းငွေကြေး ချို့တဲ့မှုနှင့် အခြေ ခံအဆောက်အအုံ ချို့တဲ့မှုများကို ပြည့်စုံစေခြင်း၊ ကျွမ်းကျင်သူများ နည်းပညာ များပါလာခြင်း၊ ကမ္ဘာ့စျေးကွက်ဝင်ပြီးသား ကုန်အမှတ်တံဆိပ်ကို မိမိနိုင်ငံမှ ရရှိနိုင်ခြင်း၊ နိုင်ငံတကာစျေးကွက်နှင့် ဆက်စပ်မှုရရှိနိုင်ခြင်း၊ အသုံးမပြုရသေးသော သယံဇာတများ ဖော်ထုတ်အသုံးပြု နိုင်ခြင်း၊ စက်မှုထူထောင်မှုကို အထောက်အကူပြုခြင်း၊ ပြည်ပသို့ ပို့ကုန် ပိုမိုတင်ပို့နိုင်ခြင်း၊ နိုင်ငံသားများ အလုပ်အကိုင် ပိုမိုရရှိစေခြင်း၊ မိမိနိုင်ငံ၏ အရင်းအနှီးများ ပိုမိုလာခြင်း၊ ဒေသခံများလုပ်ငန်းစွမ်းဆောင်ရည် မြင့်တက်လာခြင်း၊ ပို့ကုန်မှတစ်ဆင့် တိုင်း ပြည် ဝင်ငွေပိုမိုလာခြင်း၊ တိုင်းပြည်ကြွေးမြီဝန်ပိခြင်းမှ ကင်းလွတ်နိုင်ခြင်း၊ ပြည်တွင်းလိုအပ်ချက် ကုန်ချောများ ထုတ်လုပ်နိုင်လာခြင်းကြောင့် ပြည်ပမှ ကုန်ချောတင်သွင်းမှု သက်သာခြင်းနဲ့ နိုင်ငံ့စီးပွားတိုးတက်လာခြင်းတို့ပဲ ဖြစ်ပါတယ် ခင်ဗျား။ ဆုံးရှုံးမှုတွေကတော့ ယေဘုယျအားဖြင့် မိမိအရင်းအနှီးများဖြင့် ပြည်ပသို့ပံ့ပိုးပေးရာရောက်ခြင်း၊ နိုင်ငံခြားမှစက်ပစ္စည်းနှင့် ကုန်ကြမ်းတင်သွင်းမှုအပေါ် မှီခိုရသဖြင့် ကုန်သွယ်ရေးလိုငွေပြ နိုင်ခြင်း။ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုအပေါ် မှ ပြန်ရချက်သည် အကူအညီချေးငွေမှ ရသော အမြတ်လောက် သက်သာမှု မရှိခြင်းတို့ (၃)ချက် တွေ့ရပါတယ်။

အဲဒီတော့ ဒီအကျိုးကျေးဇူးတွေခံနိုင်ဖို့ ကျွန်တော်တို့မြန်မာနိုင်ငံမှာ သစ်တောဧရိယာ ဧက ၈၅ သန်း၊ ပင်လယ်ရေပိုင်နက် စတုရန်းမိုင် တစ်သိန်းလေးသောင်းကျော်၊ သီးနှံစိုက်ပျိုးနိုင်တဲ့ မြေဧက ၄၅ သန်း၊ မြေအောက်ရေနံစိမ်းခိုအောင်းမှု ပမာဏ စည်သန်းထောင်ပေါင်း ၃.၄၊

သဘာဝဓာတ်ငွေ့ ၁၁.၃ ထရီလီယံကုဗပေ၊ ခဲမဖြူ အဖြိုက်နက် တန်သန်းပေါင်း (၃၇၀၀၀၀)ကျော်၊ ခဲ၊ သွပ်၊ ငွေ ၁၀၆ တန်ချိန်သန်း၊ ကြေး ၃၉၂တန်သန်း၊ သံ ၁၀၀တန် သန်း၊ နီကယ် ၁၅၀တန်သန်း၊ ကျောက်မီးသွေး ၃၂.၄ တန်သန်းနှင့် အခြားအဖိုး တန် ကျောက်မျက် ရတနာများ ပေါများစွာ ရှိနေပါတယ်။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံကို လာရောက်ရင်းနှီးမြှုပ်နှံ ချင်တဲ့ ကုမ္ပဏီ ကြီးတွေက ကျွန်တော်တို့နိုင်ငံကို မတို့မထိရသောနယ်မြေ Virgin Land လို့ ခေါ်နေ ကြတာပါ။ နိဂုံးချုပ်အားဖြင့် တင်ပြလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အများဆုံး စီးဝင်တဲ့နိုင်ငံတွေကတော့ လက်တစ်ဆုပ်စာ အရေအတွက်ဖြစ်တဲ့ ဖွံ့ဖြိုးပြီးနိုင်ငံများဖြစ်ပြီး တစ်ကမ္ဘာလုံး ရင်းနှီးမြှုပ်နှံမှုပေါင်းရဲ့ ၇၆.၁ ရာခိုင်နှုန်း ရရှိနေကြပါတယ်။ အာရှ၊ အာဖရိက လက်တင်အမေရိကနိုင်ငံ အားလုံးပေါင်းက ၃၃.၉ ရာခိုင်နှုန်းပဲ ရရှိကြတာ ဖြစ်ပါတယ်။ ဒီအထဲမှာ ဖွံ့ဖြိုးဆဲနိုင်ငံတွေထဲမှာ တရုတ်နိုင်ငံက အများဆုံးရရှိတာမို့လို့ တရုတ်နိုင်ငံကို ဖယ်လိုက်ရင် တစ်ကမ္ဘာလုံး နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအားလုံးရဲ့ (၄)ပုံ (၁)ပုံကိုသာ ဖွံ့ဖြိုးဆဲနိုင်ငံပေါင်း ၁၆၀ ကျော်က ဝေယူနေရတာ ဖြစ်ပါတယ်။ နိုင်ငံခြားတိုက်ရိုက်ရင်းနှီး မြှုပ်နှံမှုဟာ ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ စီးပွားရေးပြဿနာအားလုံးကို ကုစားပေးနိုင်တဲ့ ဆေးဝါးကြီး အဖြစ် ခံယူနေကြတာဖြစ်လို့ အလုအယက် ကြိုးစားနေကြတာကိုလည်း တွေ့ရှိနေရပါတယ် ။ ဒါကြောင့်လည်း ၁၉၈၀ ပြည့်ကျော်နှစ်တွေမှာ ကမ္ဘာ့နိုင်ငံအားလုံးလိုလိုဟာ ၁၉၅၈ ခုနှစ် ကွန်ဗင်းရှင်းကို မဖြစ်မနေ ဝင်ပြီးဖြစ်နေကြတာ တွေ့ရပါတယ်။ ဒါကြောင့် ၁၉၅၈ ခုနှစ် ကွန်ဗင်းရှင်းကို မဝင်ရောက်နိုင်သေးရင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို များများစား စား မျှော်လင့်လို့ မရနိုင်ပါကြောင်း တင်ပြရင်း ၁၉၅၈ ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂဆိုင်ရာ နိုင်ငံခြား ခုံသမာဓိဆုံးဖြတ်ချက်အား အသိအမှတ်ပြုရေးနှင့် ဆုံးဖြတ်ချက်အားအသိအမှတ်ပြုရေး ဆုံးဖြတ်ချက်အတိုင်း အတည်ပြုဆောင်ရွက်ရေးအဆိုကို လေးလေးနက်နက် ထောက်ခံရင်း နိဂုံးချုပ် အပ်ပါတယ် ခင်ဗျား။ (ဩဘာသံများ)

**အချိန်၊ ၁၄း၄၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသား လွှတ်တော် ဘဏ္ဍာရေးနှင့် ဥပဒေရေးရာကော်မရှင်အဖွဲ့ဝင် တပ်မတော်သားကိုယ်စားလှယ်

ဗိုလ်မှူးမောင်မောင်ကြီး တင်သွင်းတဲ့ ၁၉၅၈ ခုနှစ်၊ ကမ္ဘာ့ကုလသမဂ္ဂဆိုင်ရာ နိုင်ငံခြားခုံသမာဓိ ဆုံးဖြတ်ချက်အား အသိအမှတ်ပြုရေးနှင့် ဆုံးဖြတ်ချက်အတိုင်း အတည်ပြုဆောင်ရွက်ရေး ကွန်ဗင်းရှင်း ကို နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် လက်ခံရေးကိစ္စနှင့် အဆိုပါ ကွန်ဗင်းရှင်း ကို လက်ခံပြီးနောက် နိုင်ငံခြား ခုံသမာဓိဆုံးဖြတ်ချက်အတိုင်း အတည်ပြုဆောင်ရွက်ရေးဥပဒေကို ပြဋ္ဌာန်းရေးနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို အတည်ပြုရန် သဘောတူ /မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူပါမယ်။

ဒီလိုဆောင်ရွက်ရာမှာ စက်ခလုတ် အသုံးပြုပြီးတော့ ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ယခု ဆန္ဒမဲပေးဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲ ပေးနိုင်ကြပါပြီ။

အဆိုကို ထောက်ခံတဲ့မဲ (၁၃၉)မဲ ၊ ကန့်ကွက်မဲ (၈) မဲ၊ ကြားနေမဲ (၂) မဲ ဖြစ်ပါတယ်။ ထောက်ခံမဲများတဲ့အတွက် အဆိုအတည်ဖြစ်ကြောင်း ကြေညာပါတယ်(ဩဘာသံများ)

**ဦးဇော်နိုင်ဦး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၏ နိုင်ငံအတွင်းရှိ မြို့ပြများနှင့်နီးပြီး ငြိမ်းချမ်းမှု မရှိသောဒေသများနှင့် ဆက်စပ်လျက်ရှိသောကျေးရွာများတွင်နေထိုင်ကြသည့် တိုင်းရင်းသား ပြည်သူများ၏ လိုအပ်ချက်များနှင့် တွေ့ကြုံခံစားနေရသော အခက်အခဲများအား စစ်ကြောင်းကြီး များနှင့်သွားရောက်၍ တတ်နိုင်သမျှကူညီဆောင်ရွက်ပေးပါရန်ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၄း၄၁။**

**ဥက္ကဋ္ဌ။** ။ဦးဘိုးရယ် ရှိတယ်နော်။ ဦးဇော်နိုင်ဦး ရဲ့ နိုင်ငံအတွင်းရှိ မြို့ပြများနှင့် နီးပြီး ငြိမ်းချမ်းမှုမရှိသောဒေသများနှင့် ဆက်စပ်လျက်ရှိသော ကျေးရွာများတွင် နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၏ လိုအပ်ချက်များနှင့် တွေ့ကြုံခံစားနေရသော အခက်အခဲများအား စစ်ကြောင်းကြီးများနှင့် သွားရောက်၍ တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးပါရန်အဆိုနဲ့ ပတ်သက်ပြီးတော့ ဦးစောထွန်းမြအောင်၊ ဦးဘိုးရယ်၊ ဒေါက်ဗညားအောင်မိုး၊ ဦးလှဆွေ၊ ဦးမန်းကံညွန့်၊ ဦးနေဝင်းထွန်း ဒီပုဂ္ဂိုလ် (၆)ယောက်က အမည်စာရင်းပေးထားသော်လည်း

ယခုဦးဘိုးရယ်နှင့် ဦးမန်းကံညွန့် ပဲ ရှိပါတယ်။ ဒီနှစ်ဦးနဲ့ ပဲ ဆွေးနွေးဆုံးဖြတ်ချက်ယူမလား၊ ဆိုင်းငံ့မလားဆိုတာ လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဒီ နှစ်ဦးရဲ့ ဆွေးနွေးချက်ကို ဆောင်ရွက်ပြီး တော့ ဆုံးဖြတ်ချက်ယူမယ်လို့ဆန္ဒရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များ မတ်တပ်ရပ်ပြပါ။ အားလုံး ထိုင်နိုင်ပါပြီ။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ် (၃) မှ ဦးဘိုးရယ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၄၂။**

**ဦးဘိုးရယ်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ ကျွန်တော်ကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ် (၃)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဘိုးရယ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၁၂)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်နိုင်ဦး တင်သွင်းထားတဲ့ နိုင်ငံအတွင်းရှိ မြို့ပြများနှင့် နီးပြီး ငြိမ်းချမ်းမှုမရှိသောဒေသများနှင့် ဆက်စပ်လျက်ရှိသော ကျေးရွာများတွင်နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၏ လိုအပ်ချက်များနှင့် တွေ့ကြုံ ခံစားနေရသောအခက်အခဲများအား စစ်ကြောင်းကြီးများနှင့်သွားရောက်၍ တတ်နိုင်သမျှ ကူညီ ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေး သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော် ဝန်ထမ်းဘဝ လက်ထောက်မြို့နယ်ပညာရေးမှူး တာဝန်ထမ်းဆောင်စဉ်က မြို့နယ်အဆင့် ဌာနပေါင်းစုံပါဝင်တဲ့ စစ်ကြောင်းနဲ့ကျေးရွာတွေ ကွင်းဆင်းတာ ကို လိုက်ပါဆောင်ရွက်ခဲ့ ဖူးပါတယ်။ အဲဒီတုန်းက ကျွန်တော်တို့ လွိုင်ကော်မြို့နယ် တပ်နယ်မှူး၊ မြို့နယ်အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌတို့ ကြီးမှူးပြီး ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မြေစာရင်း၊ စည်ပင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး၊ သစ်တော ၊ ဥပဒေ စတဲ့ဌာန ပေါင်းစုံပါဝင်ကြ ပါတယ်။ ကျွန်တော်တို့ဟာ လွိုင်ကော်မြို့နဲ့ ၁၀ မိုင် ပတ်ဝန်းကျင်လောက်အထိဝေးတဲ့ ကျေးရွာတွေကို သွားရောက်ခဲ့ပါတယ်။ ကျေးရွာလူထုနဲ့ တွေ့တဲ့အခါမှာတော့ တပ်နယ်မှူးနဲ့

မြို့နယ်ဥက္ကဋ္ဌက နိုင်ငံတော်အစိုးရရဲ့ မူဝါဒ ဆောင်ရွက်ချက် စေတနာတွေ ကို ရှင်းပြပြီးတော့ ကျွန်တော်တို့ ဌာနဆိုင်ရာတွေက ကိုယ့်ကို ကိုယ် မိတ်ဆက်တယ်၊ နောက် ကိုယ့် ဌာနရဲ့ လုပ်ငန်းသဘောကို အကျဉ်းချုပ်ရှင်းလင်း တင်ပြကြပါတယ်။ အဲဒီနောက်မှာ ရပ်ရွာကနေကျေးရွာဖွံ့ဖြိုးရေးအတွက် တင်ပြချက်တွေ သိချင်လို့ မေးမြန်းတာတွေကို ကျွန်တော်တို့ဌာနဆို င်ရာတွေက ဝိုင်းဝန်းညှိနှိုင်းဖြေရှင်းပေးပါတယ်။ နောက် ထမင်းလက်ဆုံ စားကြတယ်။ ရင်းရင်းနှီးနှီး စကားပြောကြတယ်။ ပျော်စရာလည်း ကောင်းပါတယ်။ အကျိုးကျေးဇူးလည်း ကြီးမားပါတယ်။ အဓိက အကျိုးကျေးဇူးအနေနဲ့ဆိုရင်တော့ ဌာနဆိုင်ရာအကြီးအကဲတွေနဲ့ ရပ်ရွာလူထုတွေ ရင်းနှီးကျွမ်းဝင်မှုတွေ ရစေတယ်။ နောက် ဌာနဆိုင်ရာအချင်းချင်း လည်း စည်းလုံးညီညွတ်မှုတွေ၊ ဖေးမကူညီမှုတွေ ရှိစေတယ်။ နောက်ရပ်ရွာရဲ့ အခက်အခဲကို ဌာနဆိုင်ရာတွေက ပေါင်းစပ်အကူအညီ ပေးနိုင်တယ်။ နောက် ဌာနဆိုင်ရာလုပ်ငန်းသဘော၊ နိုင်ငံတော်အစိုးရရဲ့စေတနာကို ပြည်သူတွေလည်း ပိုမိုသိမြင်လာစေ ပြီးတော့မှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ သူတို့ကိုယ်တိုင် ပြည်သူတို့ကိုယ်တိုင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်လာကြသလို ဒေသဖွံ့ဖြိုးရေးအတွက် အပြိုင်အဆိုင် ကြိုးစားဆောင်ရွက်လာကြတဲ့ အကျိုးရလာဒ်ကောင်းတွေကိုလည်း ရရှိစေခဲ့ပါတယ်။ ဥပမာအနေနဲ့ ပြောရမယ်ဆိုရင် သီးထပ်သီးညှပ်စိုက်ပျိုးလာတာ၊ ကျေးလက်မီးလင်းရေးအတွက် အပြိုင်အဆိုင် ကြိုးစားလာကြတာတို့ သစ်တောထိန်းသိမ်းတာ၊ စာသင်ကျောင်းဆောက်ဖို့၊ လမ်းဖောက်ဖို့ လိုအပ်တဲ့ ကျောက်တွေ၊ သဲတွေ စုဆောင်းတာတို့၊ နောက် အုတ်မြစ်ချတာတို့ အဲဒါတွေကို အခုဆိုရင် သူတို့တွေ အပြိုင်အဆိုင် ဆောင်ရွက်နေကြ ပြီ။ ဒါက ရွာသူရွာသားတွေ သူတို့ အသိအမြင်ကြွယ်ဝလာလို့ သူတို့ကိုယ်တိုင် ပင်ကိုယ်အသိစိတ်နဲ့ ဒါ ဆောင်ရွက်လာကြတာပဲ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ဌာနဆိုင်ရာဝန်ထမ်းတွေနဲ့ပတ်သက်လို့ ကျွန်တော်ရဲ့ ခံယူချက်အမြင်ကို တင်ပြခွင့်ပြုစေ လိုပါတယ်။ နိုင်ငံတော်အစိုးရရဲ့ အုပ်ချု ပ်ရေးယန္တရားကြီးတစ်ခုလုံးကို လျှ င်မြန်ချောမွေ့စွာ လည်ပတ်နိုင်ဖို့အတွက် အဓိကတာဝန်ယူ မောင်းနှင်ပေးရတာ နိုင်ငံ့ဝန်ထမ်းတွေပဲ ဖြစ်ပါတယ်။ “ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်” ဆိုသလို ဌာနဆိုင်ရာဝန်ထမ်းတွေရဲ့ သစ္စာရှိမှု၊ စည်းလုံးညီညွတ်မှု၊ ကြိုးစားအားထုတ်မှုအပေါ်မှာ မူတည်ပြီးမှ နိုင်ငံတော် ရဲ့ ရည်မှန်းချက်ပန်းတိုင် လျှင်လျှင် မြန်မြန်

ရောက်ရှိမှာဖြစ်ပါတယ်။ ဒါ့အပြင် ပြည်သူတွေလည်း ယုံကြည်အားကိုးမှု ရလာမယ်။ ယုံကြည်အားကိုးခြင်းနဲ့အတူ ပူးပေါင်းမှုလည်း မြင့်မားလာမှာဖြစ်ပါတယ်။

ကျွန်တော် ကျောင်းဆရာတုန်းက အကြီးအကဲတွေက လမ်းညွှန်မှုပေးခဲ့တာ ကျောင်းဆရာ၊ ဆရာမဆိုတာ ကျောင်းသား တပည့်တွေကို စာတတ်အောင် သင်ပေးရုံတစ်ခုနဲ့ ဒါတာဝန်ကျေပြီလို့ မဆိုနိုင်ပါဘူး။ ကျောင်းသားတပည့်တွေ လိမ္မာရေးခြားရှိလာအောင်၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တွေရှိလာအောင်ဖို့ပြင်ဆုံးမညွှန်ပြပေးကြရမယ်လို့ မှာကြားလေ့ရှိပါတယ်။ ဒီလိုပါပဲ ဌာနဆိုင်ရာ ဝန်ထမ်းတွေ ဆိုတာလည်း မိမိရုံးဌာနရဲ့ လုပ်ငန်းတွေပြီးစီးအောင် ဆောင်ရွက်ရုံမဟုတ်ဘဲ ပြည်သူလူထုတွေကို လိုအပ်တဲ့ အသိပညာတွေ၊ နည်းပညာတွေ ဖြန့်ဖြူးပေးမယ်ဆိုလို့ရှိရင် ပိုပြီးမှ ထိရောက်အောင်မြင် မှာ ဖြစ်ပါတယ်။ ပြည်သူတွေကြားထဲမှာ ကွင်းဆင်းပြီး အသိပညာဗဟုသုတတွေကို ဆရာစား မချန်ဘဲနဲ့ ဖြန့်ဝေပေးတဲ့ ဌာနဆိုင်ရာ ဝန်ထမ်းတွေလည်း တော်တော်များများလည်း ရှိပါတယ်။ ပြည်သူတွေရဲ့ အကျိုးအတွက် အမှန်တကယ်ကိုယ်ကျိုးစွန့်ပြီးမှ ဆောင်ရွက်ပေးနေတဲ့ ဌာနဆိုင်ရာဝန်ထမ်းတွေကို ပြည်သူတွေရဲ့ နှုတ်ဖျားမှာဆို တဖွဖွနဲ့ ချီးကျူးတမ်းတနေတာလည်း တွေ့ရပါတယ်။ တစ်ချို့ဝန်ထမ်းတွေ ဆိုလို့ရှိရင် ဟိုရွာက လိုချင်တယ်။ ဒီရွာက လိုချင်တယ်။ အဲဒါနဲ့ တစ်ရွာနဲ့တစ်ရွာတောင်မှ အလုအယက်ခေါ်ရင်းနဲ့ စကားများတဲ့အထိလည်းဖြစ် ရပါတယ်။ ပြောမယ်ဆိုရင် " သစ်တစ်ပင်ကောင်းရင် ငှက်တစ်သောင်းနားရတယ် " ဆိုသလို မျိုးပေါ့။ ဒီ ပြည်သူရပ်ရွာအကျိုးကို စိတ်ဝင်စားတဲ့ဝန်ထမ်းတွေဟာ အင်မတန်မှ တန်ဖိုးကြီး ပါတယ်။ အခုလိုမျိုး ကျွန်တော်တို့ ဌာနပေါင်းစုံစစ်ကြောင်းနဲ့ ကွင်းဆင်းဆောင်ရွက်ပေးမယ် ဆိုရင်တော့ ဆိုဖွယ်ရာမရှိအောင် ထိရောက်အောင်မြင်မှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်သူလူထုတွေဟာ ဌာနဆိုင်ရာအကြီးအကဲတွေနဲ့ တွေ့ဆုံမှုနည်းတဲ့အတွက် ဌာနဆိုင်ရာရုံးတွေကို အကူအညီတောင်းခံဖို့ ဝန်လေးနေတတ်ကြပါတယ်။ ကျွန်တော် ဝန်ထမ်း ဖြစ်တုန်းကလည်း ပြည်သူတွေမဆိုထားနဲ့ ကျွန်တော်တို့ ဝန်ထမ်းအချင်းချင်းတောင်မှ ကိုယ်နဲ့ ခင်မင်ရင်းနှီးမှု နည်းတဲ့ ရုံးတွေကို ဝင်ထွက်သွားလာဖို့ဆိုတာ ဝန်လေးမိပါတယ်။ ဒီလိုအတွေးအမြင်၊ အယူအဆတွေကို ဖျောက်ဖျက်ပစ်

ဖို့လိုသလို ဌာနဆိုင်ရာအချင်းချင်း စည်းလုံးညီညွတ်စွာနဲ့ ပြည်သူတွေရဲ့ အကျိုးစီးပွားကို မေတ္တာစေတနာအပြည့်နဲ့ ဆောင်ရွက်ပေးနေတယ်ဆိုတာကို လက်တွေ့ပြသရမှာ ဖြစ်ပါတယ်။

ကျေးရွာအများစုဟာဆိုရင် ဌာနဆိုင်ရာအကြီးအကဲနဲ့ တွေ့ဆုံမှုနည်းခဲ့လို့ သူတို့ရဲ့ ခံစားချက် အခက်အခဲတွေကို ဘယ်သူ့ကို ရင်ဖွင့်ရမယ်၊ ကျေးရွာဖွံ့ဖြိုးရေးအတွက် ဘယ်လို ဆက်သွယ်ဆောင်ရွက်ရမယ်ဆိုတာ မသိနိုင်ကြပါဘူး။ ကျေးရွာအုပ်ချုပ်ရေးမှူးတောင်မှ ဌာနဆိုင်ရာရုံးဆိုတာ တော်တော်တန်တန်နဲ့ မသွားရဲပါဘူး။ ဒါပေမယ့် သေချာတာတစ်ခုကတော့ သူတို့တတွေဟာ ဌာနဆိုင်ရာအကြီးအကဲတွေကို မျှော်လင့်တမ်းတနေကြတယ်။ အားကိုးချင် ကြတယ်။ ဌာနဆိုင်ရာအကြီးအကဲတွေလာရင် ဝမ်းပန်းတသာနဲ့ ခရီးဦး ကြိုဆိုကြပါတယ်။ ကျွန်တော်တို့ ဒီတပ်မှာဆိုလို့ရှိရင် ဘယ်ဝန်ထမ်းပဲလာလာ အထက်ကလူကြီးလာတယ်ဟေ့ ဆိုပြီးတော့မှ ဝမ်းသာမဆုံး ဖြစ်ကြတယ်။ ဘာလာပြောမယ်ဆိုတာလည်း နားထောင်ချင်ကြတယ်။ လမ်းညွှန်သွားတဲ့အတိုင်းလည်း တသွေမတိမ်း လိုက်နာဆောင်ရွက်လေ့ ရှိကြပါတယ်။

နိဂုံးချုပ်အနေနဲ့ ဆွေးနွေးလိုတာက တော့ အဆိုရှင် တင်သွင်းတဲ့အဆိုဟာ အလွန်ပဲ သင့်မြတ်လှပါတယ်။ ဌာနဆိုင်ရာတွေဟာ စစ်ကြောင်းကြီးတွေနဲ့ အခါအားလျော်စွာ ကျေးရွာ ကွင်းဆင်းပြီး စည်းရုံးဟောပြောပေးတာဟာ တိုင်းရင်းသားပြည်သူတွေရဲ့အမြင်တွေကို ပွင့်လင်း လာစေတယ်။ ယုံကြည်အားကိုးမှု ရရှိစေတယ်။ အဲဒီကနေတစ်ဆင့် ဒေ သတစ်ခုချင်း ဖွံ့ဖြိုး တိုးတက်စေပြီးတော့ နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းကနေ အကျိုးပြု လာလိမ့်မယ်လို့ ယုံကြည်မျှော်လင့်မိပါတယ်။ ဒါကြောင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်နိုင်ဦး ရဲ့ အဆိုကို ကျွန်တော့်အ နေနဲ့ လေးလေး နက်နက် ထောက်ခံပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၄း၅၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမန်းကံညွန့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၅၁။**

**ဦးမန်းကံညွန့်၊ ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် မန်းကံညွန့် ဖြစ်ပါတယ်။ ကျွန်တော် ထောက်ခံတင်ပြဆွေးနွေးသွားမှာကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်နိုင်ဦး တင်သွင်းသော နိုင်ငံအတွင်း မြို့ပြများနှင့် နီးပြီး ငြိမ်းချမ်းမှုမရှိသေးသော ဒေသများနှင့် ဆက်စပ်လျက်ရှိသော ကျေး ရွာများတွင် နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၏ လိုအပ်ချက်များနှင့် တွေ့ကြုံခံစားနေရသော အခက်အခဲများအား စစ်ကြောင်းကြီးများနှင့် သွားရောက်၍ တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို ဖြစ်ပါတယ်။ ကျွန်တော် ဆွေးနွေးချက်ကို ဖတ်ကြားဆွေးနွေးခွင့်ပြုပါ ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ အဆိုရှင် ဦးဇော်နိုင်ဦး ကို ဤလွှတ်တော်ထဲရောက်မှ စတင်သိကျွမ်းရတာဖြစ်ပေမယ့် သူ့ကို ကျွန်တော် မိတ်ဟောင်းဆွေဟောင်း တစ်ဦးလို ခင်မင်မိပါတယ်။ ဘာကြောင့်လဲဆိုတော့ သူဟာ မွန်ပြည်နယ်သား ဗမာတိုင်းရင်းသား တစ်ဦးဖြစ်ပေမယ့် သူပြောလိုက်တဲ့စကားတိုင်း ကျွန်တော်တို့ ကရင်တိုင်းရင်းသားများအပေါ် ချစ်ကြည်လေးစားတဲ့ ရင်ထဲကစကားတွေကို ကြားနေရလို့ပဲ ဖြစ်ပါတယ်။ ယခုအဆိုဟာလည်းပဲ သူနေထိုင်ရာ ဘီးလင်းဒေသတစ်ဝိုက်က အေးချမ်းတည်ငြိမ်မှု နည်းပါးတဲ့ ကရင်တို င်းရင်းသား ကျေးရွာလေးတွေကို အခြေခံပြီး ရင်ထဲခံစားချက်တွေကို ဖော်ထုတ်တင်ပြလာတာပဲ ဖြစ်ပါတယ်။ ဒီအဆိုဟာလည်း မှန်ကန်တဲ့အဆို စေတနာပါတဲ့ အဆို ဖြစ်လို့ ကျွန်တော် ထောက်ခံရခြင်း ဖြစ်ပါတယ်။ အဆိုရှင် တင်ပြသလို အလားတူပါပဲ။ ကျွန်တော်တို့ ကရင်ပြည်နယ်မြို့တော် ဘားအံဒေသ ဘားအံမြို့နယ်အတွင်းမှာကို အေးချမ်းတည်ငြိမ်မှုနည်းပါးလှတဲ့ ကျေးရွာလေးတွေ ရှိနေပါသေးတယ်။ ကျွန်တော့် မဲဆန္ဒနယ်ဖြစ်တဲ့ ဘားအံမြို့နယ် အမှတ် (၂)မဲဆန္ဒနယ်မြေအတွင်း ကျေးရွာအုပ်စု (၄၂)စုရှိတဲ့အနက် ကျေးရွာအုပ်စု (၁၀)စု၊ ကျေးရွာပေါင်း (၆၆)ရွာဟာ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူး မခန့်နိုင်သော ကျေးရွာများဖြစ်လို့ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲမှာလည်း မဲမပေးနိုင်သော ရွာများ

ဖြစ်ပါတယ်။ ထိုကျေးရွာတွေဟာ နိုင်ငံတော်ရဲ့ ကျေးလက်ဖွံ့ဖြိုးမှုလုပ်ငန်းတွေမှာ နောက်ကျကျန်ရစ်ခဲ့တဲ့ ရွာတွေပဲ ဖြစ်ပါတယ်။ နယ်မြေမအေးတာကြောင့် မြို့ နယ်အုပ်ချုပ်ရေးအဖွဲ့တွေ မရောက်သလို၊ ကျန်းမာရေးဝန်ထမ်းတွေလည်း မရောက်ကြပါဘူး။ ထိုဒေသနေ ပြည်သူတွေဟာလည်း ကျွန်တော်တို့ ညီအစ်ကိုတိုင်းရင်းသား တိုင်းရင်းသူတွေပဲ ဖြစ်ပါတယ်။ သူတို့တွေရဲ့ လူနေမှုဘဝမြင့်မားလာဖို့ ကျွန်တော်တို့အားလုံး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက် ပေးရမှာ ဖြစ်ပါတယ်။ ဆောင်ရွက်ပေးနိုင်တဲ့နည်းလမ်းကတော့ စစ်ကြောင်းကြီးများအသွင်နဲ့ တစ်လတစ်ကြိမ်၊ နှစ်ကြိမ် သွားရောက်ဆောင်ရွက်ပေးဖို့ပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်တင်ပြတဲ့ စစ်ကြောင်းကြီးများဆိုတဲ့ အဓိပ္ပါယ်ကို ကျွန်တော် နားလည်သလို တင်ပြရမယ်ဆိုရင် စစ်ရေးစစ်ကြောင်း၊ နိုင်ငံရေးစစ်ကြောင်း၊ စီးပွားရေးစစ်ကြောင်း၊ လူမှုရေးစစ်ကြောင်းနဲ့ ပြည်သူ့ရေးရာစီမံခန့်ခွဲရေးစစ်ကြောင်း ဆိုတဲ့ စစ်ကြောင်းကြီး (၅)ကြောင်းကို ဆိုလိုတာဖြစ်မယ်လို့ ကျွန်တော် ယူဆပါတယ်။ ကျွန်တော် တပ်မတော်အရာရှိငယ်ဘဝ မြန်မာ့ဆို ရှယ်လစ်လမ်းစဉ်ပါတီ အစိုးရလက်ထက် စစ်ကြောင်းကြီး (၅)ကြောင်းအသွင်နဲ့ နယ်မြေဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ကိုယ်တိုင်အကြိမ်ကြိမ် လုပ်ခဲ့ဖူးပါတယ်။ ကျေးလက်ဖွံ့ဖြိုးရေးမှာ ပြည်သူတွေရဲ့ လိုအပ်ချက်တွေကို အမှန်တကယ် ဖော်ဆောင်ပေးနိုင်ခဲ့ပါတယ်။ စစ်ကြောင်းမှာ ပါတီယူနစ်ကော် မတီဝင်(၁)ဦးက ဦးဆောင်ပြီး မြို့နယ်ကောင်စီအလုပ်အမှုဆောင် (၁)ဦး လိုက်ပါတဲ့အတွက် ကျေးရွာရဲ့ လိုအပ်ချက် အားလုံးကိုမှတ်သားပြီး ချက်ချင်းလုပ်ပေးနိုင်တာကို ချက်ချင်းလုပ်ပေးပါတယ်။ ချက်ချင်းမလုပ်ပေးနိုင်တာကိုတော့ အမှုဆောင်အစည်းအဝေးမှာ တင်ပြပြီး တစ်လအတွင်း၊ တစ်နှစ်အ တွင်း ဆောင်ရွက်ပေးပါတယ်။ စစ်ကြောင်းမှာ ကျေးလက်ဆရာဝန်တွေ၊ ကျန်းမာရေးမှူးတွေ၊ သူနာပြုတွေပါပြီး ကုသမှုတွေပေးသလို ကြိုတင်ကာကွယ်မှုအတွက် ယင်လုံအိမ်သာဆောက်ပေးခြင်း၊ ကာကွယ်ဆေးထိုးပေးခြင်းတွေကို ချက်ချင်းလုပ်ပေးပါတယ်။ မြို့နယ်ပညာရေးမှူးတွေပါပြီး ကျေးရွာရဲ့စာသင်ကျော င်း၊ ကျောင်းသားဦးရေနဲ့ ဆရာအချိုးညီမျှမှု ရှိ/မရှိ၊ ကျောင်းရဲ့ ဥပဓိရုပ် ကောင်း/မကောင်း ကြည့်ရှုပြီး လိုအပ်တာတွေကို ဆောင်ရွက်ပေးပါတယ်။ တိရစ္ဆာန်ဆေးကုဆရာဝန်များ ပါရှိပြီး ကျွဲ၊ နွားများ ကာကွယ်ဆေးထိုးပေးခြင်း၊ ကုသပေးခြင်းများကို ဆောင်ရွက်ပါတယ်။ စစ်ကြောင်းမှာ စိုက်ပျိုးရေးမန်နေဂျာ၊ မြေစာရင်း၊ သမဝါယမ၊ စိုက် ဘဏ်၊ ကြက်ခြေနီ၊ လမ်းစဉ်လူငယ်၊ ပြန်ကြားရေး၊ ဓာတ်ပုံဆရာ အားလုံး

ပါပါတယ်။ ကိုယ့်ရိက္ခာနဲ့ကိုယ် လာကြတာဖြစ်လို့ ရွာအတွက် ဝန်ထုပ်ဝန်ပိုး မဖြစ်ပါဘူး။ ကျေးရွာရဲ့အဆင့်နဲ့ ဆောင်ရွက်ရမယ့် တာတမံ လမ်းဖို့တဲ့ လုပ်ငန်းများ လောက်ဆိုရင်တော့ ရွာလုပ်အားကို ထုတ်ပြီး တစ်ခါတည်း ဆောင်ရွက်ကြပါတယ်။ စစ်ကြောင်းမှာပါတဲ့ဝန်ထမ်းတွေ ပျော်ရွှင်ကြသလို ရွာသားတွေလည်း ပျော်ရွှင်ပါတယ်။ ရင်းနှီးချစ်ကြည်မှုတွေရကြပြီး ပြောရဲဆိုရဲ လာတာလည်း တွေ့ရပါတယ်။ အောင်မြင်တဲ့ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ခဲ့တာ အမှန်ပါပဲ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါပေမယ့် ဒီကနေ့ အခြေအနေနဲ့တော့ ကိုက်ညီအောင်လုပ်ဖို့ ခက်ခဲနိုင် ပါတယ်။ စစ်ကြောင်းကြီး (၅)ကြောင်းနဲ့ နယ်မြေစိုးမိုးရေးလုပ်ငန်းတွေကို လက်ရှိတပ်ရင်း နယ်မြေတွေမှာလည်း စီမံချက် (၄)မျိုး ဆောင်ရွက်ရာမှာ လက်တွေ့ ဆောင်ရွက်နေပါတယ်။ စီမံချက်(၂)မျိုးကိုတော့ ကျွန်တော် မပြောတော့ပါဘူး။ နယ်မြေစိုးမိုးရေးနဲ့ နယ်မြေစည်းရုံးရေး စီမံချက်တွေ လုပ်တဲ့အခါမှာ ကျွန်တော်တို့ စစ်ကြောင်းကြီး (၅)ကြောင်း အသွင်သဏ္ဌာန်နဲ့ ဆောင်ရွက်နေတာရှိပါတယ်။ ဒါပေမဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အစိုးရလက်ထက်ကလို အပြည့်အဝမအောင်မြင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ စီမံခန့်ခွဲမှုပေးရမယ့် အုပ်ချုပ်ရေးပိုင်းက ပါဝင်မှုနည်းပြီး တပ်များအစီအစဉ်နဲ့ လုပ်နေရတာကြောင့် ဖြစ်ပါတယ်။ နယ်မြေခံတပ်ရဲ့ စစ်ကြောင်းကြီး(၅)ကြောင်းဖြစ်လို့ စီမံခန့်ခွဲမှုပေးနိုင်မယ့် မြို့နယ်၊ ခရိုင်အုပ်ချုပ်ရေးမှူးတွေ မပါတော့ ပညာရေးမှူး ၊ ဆရာဝန်၊ တိရစ္ဆာန်ဆေးကု စတဲ့ လူတွေမပါလို့ လူမှုရေးစစ်ကြောင်းနဲ့ ပြည်သူ့ရေးရာစီမံခန့်ခွဲရေး စစ်ကြောင်း ပျောက်သွားပါတယ်။ ယခု ပါတီစုံဒီမိုကရေစီစနစ်မှာ နိုင်ငံရေးစစ်ကြောင်းအတွက် ပါတီအသီးသီးက ကိုယ်စားလှယ်တွေ သို့မဟုတ် လွှတ်တော် ကိုယ်စားလှယ်တွေကို တာဝန်ပေးမယ်ဆို ရင် ပါတီနိုင်ငံရေးမဟုတ်ဘဲ အမျိုးသားနိုင်ငံရေးကိစ္စ တွေသာဆောင်ရွက်ရမှာဖြစ်တဲ့အတွက် ပါတီစွဲကင်းရှင်းဖို့ လိုပါတယ်။ ဒါပေမဲ့ စစ်ကြောင်း (၅)ကြောင်းနဲ့ ကျေးလက်ပြည်သူတွေရဲ့ ဘဝမြှင့်တင်ရေးကိုတော့ မလွဲမသွေ ဆောင်ရွက်ရမှာပဲ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၇)၊ အပိုဒ် ၃၄၀ မှာ အခုလို ဆိုထားပါတယ်။ တပ်မတော်သည် အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတွင် ပြည်သူတစ်ရပ်လုံး ပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့် ရှိ သည်။ တပ်မတော်၏ ဦးဆောင်မှုဖြင့် ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်ရမယ်လို့ ဆိုထားပါတယ်။ ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်မယ်ဆိုရင်တော့ စစ်ကြောင်းကြီး (၅)ကြောင်းအသွင်နဲ့သာ

နယ်မြေစိုးမိုးရေးကို ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ စစ်ကြောင်းကြီး (၅)ကြောင်းဟာ ကျေးလက်ဖွံ့ဖြိုးမှု (၅)ချက်နဲ့ ဆင်းရဲမှုလျှော့ချရေး (၈)ချက်ကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ဟာ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးအတွက်သာ မဟုတ်ဘဲ ပြည်ပရန်အတွက် နိုင်ငံတော်ကာကွယ်ရေးကိုပါ ဆောင်ရွက်ဖို့ပြင်ဆင်ထားရမှာ ဖြစ်ပါတယ်။ အမြဲတမ်းမိတ်ဆွေဆိုတာမရှိနိုင်သလို အမြဲတမ်းရန်သူဆိုတာလည်း မရှိပါဘူး။ ကျွန်တော်တို့ ပြည်သူတွေရဲ့ ထာဝရအကျိုးစီးပွားကိုသာ ဦးထိပ်ထားရမှာ ဖြစ်ပါတယ်။ အခုဆိုရင် ထာဝရငြိမ်းချမ်းရေးရဖို့ ရောင်နီတွေလည်း သန်းနေပြီဖြစ်ပါတယ်။ ဒါကြောင့် တိုင်း ရင်းသားပြည်သူတွေအားလုံး အချိုးညီစွာ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက်လည်းကောင်း၊ နိုင်ငံတော်ကာကွယ်ရေးအတွက် အလေ့အကျင့်ကောင်းများရစေဖို့အတွက်လည်းကောင်း အဆိုရှင် ဦးဇော်နိုင်ဦး တင်သွင်းသော နိုင်ငံအတွင်း မြို့ပြများနှင့်နီးပြီး ငြိမ်းချမ်းမှုမရှိသောဒေသများနှင့် ဆက် စပ်လျက်ရှိသော ကျေးရွာများတွင် နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၏ လိုအပ်ချက်များနှင့် တွေ့ကြုံခံစားနေရသော အခက်အခဲများအား စစ်ကြောင်းကြီးများနှင့် သွားရောက်၍ တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက် ထော က်ခံပါကြောင်းတင်ပြရင်းနိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၅း၀၀။**

**ဥက္ကဋ္ဌ။** ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးလှဆွေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၅း၀၀။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ ဖြ စ်ပါတယ်။ မွန်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်

ဦးဇော်နိုင်ဦး ရဲ့အဆိုကို ကျွန်တော့်အနေနဲ့ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ထောက်ခံရတဲ့အကြောင်းအရင်းကတော့ လက်ရှိငြိမ်းချမ်းရေး တည်ဆောက်နေတဲ့ အချိန်ကာလနဲ့ တိုက်ဆိုင်နေတဲ့အတွက် လုပ်သင့်လုပ်ထိုက်တဲ့ကိစ္စတစ်ရပ်ဖြစ်လို့ ပါဝင်ဆွေးနွေးထောက်ခံရခြင်း ဖြစ်ပါတယ်။ လက်ရှိနိုင်ငံနဲ့အဝှမ်း ရရှိနေတဲ့ ငြိမ်းချမ်းရေးကာလမှာ ယခင်က လက်နက်ကိုင် ပဋိပက္ခများကြောင့် ဖွံ့ဖြိုးမှုနောက်ကျကျန်ခဲ့တာ တွေ့မြင်နိုင်ပါတယ်။ အထူးသဖြင့် ကာလရှည်ကြာ ပဋိပက္ခဖြစ်ပွားတဲ့နေရာမှာ ပိုပြီးဂရုစိုက်ပေး ရမှာ ဖြစ်ပါတယ်။ အဲဒီဒေသတွေမှာ ဒီဖွံ့ဖြိုးရေး အထောက်အကူပြုအဖွဲ့တွေ စေလွှတ်ပြီး ဒေသခံများကို ကူညီလုပ်ဆောင်ပေးဖို့ လိုပါတယ်။ အထူးသဖြင့် ဦးစားပေး လုပ်ဆောင်သင့်တာကတော့ မိုင်းရှင်းလင်းရေးလုပ်ငန်း ဖြစ်ပါတယ်။ တစ်ဖက် အပစ်အခတ် ရပ်စဲပြီးတော့ ငြိမ်းချမ်းရေးတွေ ရသွားပေမယ်လို့ မငြိမ်းချမ်းဘဲနဲ့ အမြဲအသင့်ဖြစ်နေတာက စွန့်လွှတ်ထားတဲ့ နင်းမိုင်းတွေ ဖြစ်ပါတယ်။ ဒီမိုင်းတွေက နှစ်ဖက် တပ်ဖွဲ့ဝင်တွေကြားမှာထက် အရပ်သားတွေက ပိုပြီးဒုက္ခရောက်ကြမှာ ဖြစ်ပါတယ်။ ကမ္ဘောဒီးယားနိုင်ငံမှာ ခမာနီတွေ လက်ထက်က ထောင်ထားတဲ့နင်းမိုင်းတွေက ခုချိန်ထိ ဒေ သခံများကို အန္တရာယ်ဖြစ်စေလျက်ရှိတာ လေ့လာတွေ့ရှိနိုင်ပါတယ်။ ခုခေတ်မိုင်းတွေဟာ ပလပ်စတစ် ကာဗာနဲ့ပြုလုပ်ထားလို့ ရေဒဏ်မိုးဒဏ်ခံနိုင်ပြီး နှစ်တာရှည် အသက်ဝင်နေပါတယ်။ အမေရိကန်လုပ် M-14 နင်းမိုင်းဟာ ဒုက္ခအပေးဆုံးဖြစ်ပြီးတော့ မိုင်းရှာစက်နဲ့ တော်ရုံတန်ရုံ ရှာမတွေ့နိုင်လို့ ဒေသခံများကို ခြေပြတ်လက်ပြတ် ဖြစ်ပေါ်စေပါတယ်။ ဒါတွေကို ကျွမ်းကျင်တဲ့ စစ်မြေပြင်အင်ဂျင်နီယာတပ်ဖွဲ့များ အကူအညီနဲ့ ရှင်းလင်းပေးရမှာ ဖြစ်ပါတယ်။ ဒုတိယတင်ပြ လိုတာကတော့ မှတ်ပုံတင်ကိစ္စပါ။ နှစ်ဖက်ပဋိပက္ခနယ်မြေမှာ ရွာပုန်းရွာရှောင်တွေ တစ်ဖက် ဒုက္ခသည်စခန်းတွေမှာ သွားရောက်နေထိုင်နေတာတွေ အများအပြား ရှိပါတယ်။ သူတို့ကို သေသေချာချာစိစစ်ပြီး နိုင်ငံသားကဒ် ထုတ်ပေးရမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံသားဆိုတာ နိုင်ငံသားကဒ်ကို တန်ဖိုးထား ဂုဏ်ယူစွာ ဆောင်ထားလေ့ ရှိကြပါတယ်။ မှတ်ပုံတင်မရှိရင် စိတ်ဓာတ်ကိုက သိမ်ငယ်လေ့ရှိပါတယ်။ နိုင်ငံသားကဒ်ရရင်ငါဟာ ပြည်ထောင်စုမြန်မာနိုင်ငံသားကွ ဆိုပြီးတော့ မော်ကြွားနိုင်မှာ ဖြစ်ပါတယ်။ ဖွံ့ဖြိုးရေးအထောက်အကူပြု စစ်ကြောင်းမှာ လူဝင်မှု ကြီးကြပ်ရေးအရာရှိများ မဖြစ်မနေ ပါဝင်ရမှာ ဖြစ်ပါတယ်။ တတိယအချက်ကတော့ ကျန်းမာရေးပါ။ အထူးသဖြင့် ငှက်ဖျားနဲ့ ဝမ်းပျက်ဝမ်း လျှော ရောဂါတွေ ဖြစ်တတ်ပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေလိုက်ပါပြီး ကာကွယ်ဆေးထိုးပေးခြင်း၊ ဆေးစိမ်ခြင်ထောင်များ

ထုတ်ပေး ခြင်း၊ ယင်လုံအိမ်သာများ တည်ဆောက်ပေးခြင်း၊ ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးခြင်းတို့ကို မဖြစ်မနေဆောင်ရွက်ရန် လိုအပ်ပါတယ်။ စတုတ္ထ ပါဝင်ရမယ့်အဖွဲ့ကတော့ ပညာရေးအဖွဲ့ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ (၁၀)နှစ်ကျော်က ပဲခူးတိုင်း၊ ကျောက်ကြီးမြို့အရှေ့ဖ က် ကရင်ပြည်နယ် ထီးမူစီးဘော်ဆဲခိုဒေသမှာ ကျွန်တော် တာဝန်ထမ်းဆောင်ခဲ့ဖူးပါတယ်။ တစ်ဖက်နိုင်ငံနဲ့ သံလွင်မြစ်က ခြားနေပြီးတော့ အဲဒီမှာ ထိထ၊ စောထ၊ ထိမူထ ဆိုတဲ့ မိမိစခန်း တွေရှိပါတယ်။ အဲဒီစခန်းတွေရဲ့ တစ်ဖက်မှာတော့ ဇလားဒုက္ခသည်စခန်းဆိုတာ ရှိပါတယ်။ ဒီစခန်းက လူတွေဟာ အရပ်သားတွေဖြစ်ပြီးတော့ အဲဒီအရပ်သားတွေက ဒီဘက်ကို လာပြီးတော့ ဈေးဝယ်လေ့လည်း ရှိကြပါတယ်။ အဲဒီစခန်း အခြေအနေကို ကျွန်တော် မေးကြည့်တော့ ကလေးများကို စာသင်ပေးနေ တဲ့ ကျောင်းတစ်ကျောင်းရှိကြောင်း၊ မြန်မာစာ သင်ချင်ကြသော်လည်း ပြဋ္ဌာန်းစာအုပ် (Text book) မရှိလို့ မသင်ရကြောင်း၊ ဒါကြောင့် ထိုင်းစာသင်နေရကြောင်း၊ ထိုင်းသမိုင်းစာအုပ်မှာ မြန်မာ မကောင်းကြောင်းတွေ ရေးထားကြောင်း၊ စစ်ဖြစ်လို့သာ ဒုက္ခသည်စခန်းမှာ နေရပေမယ့် မြန်မာ မ ကောင်းကြောင်း ရေးထားတဲ့ ထိုင်းစာကိုတော့ မသင်လိုကြကြောင်း ကြားသိရပါတယ်။ ဒါနဲ့ ကျွန်တော်လည်း ဇနီးဖြစ်သူက ကျောင်းဆရာမဖြစ်တဲ့အတွက် လစာပေးအဖွဲ့နဲ့ နောက်တန်းကနေ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်တွေကို သူငယ်တန်းကနေ (၁၀)တန်းအထိ (၁၀)စုံမှာကြားပြီးတော့ လက်ဆောင်အဖြစ် ပေးပို့ ခဲ့ဖူးပါတယ်။ ဆိုလိုတာ ကတော့ ဖွံ့ဖြိုးရေးသွားမယ့် စစ်ကြောင်းတွေဟာ ပညာရေးဝန်ထမ်းများ လိုက်ပါပြီးတော့ စာသင် ကျောင်းများ ဆောက်လုပ်ပေးရန် တွက်ချက်တင်ပြခြင်း၊ ကျောင်းသား အရေအတွက်နဲ့ ပြဋ္ဌာန်းစာအုပ်များ ထောက်ပံ့နိုင်ရေး၊ ဆရာ၊ ဆရာမ ခန့်ထားရေးတို့ တစ်ပြိုင်နက်တည်း ဆောင်ရွက် ပေးသင့်ပါတယ်။

ပဉ္စမအချက်အနေနဲ့ကတော့ အဲဒီအဖွဲ့တွေမှာ ဒေသခံတိုင်းရင်းသား နိုင်ငံရေးသမားတွေလည်း ပါဝင်သင့်ပါတယ်။ ဥပမာ ကချင်ပြည်နယ်ဟာဆိုရင် ကချင်ပြည်နယ်က ဦးဂျေယောဝူတို့လို၊ ဦးခက်ထိန်နန် တို့လို၊ ရှမ်းပြည်မှာဆိုရင် ဦးစိုင်းဆိုင်ကျောက်ဆမ် တို့လို၊ ဦးစိုင်းသန့်ဇင်တို့လို၊ ကရင်ပြည်နယ်မှာဆိုရင် ဦးစောထွန်းမြအောင်တို့လို၊ ဦးမန်းကံညွန့်တို့လို၊ ဦးမန်းကံညွန့် ပါရင်တော့ ငြိမ်းချမ်းရေး ပိုပြီးတော့ ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ အခု နိုင်ငံတော်အစိုးရ သွားနေတဲ့ Highest Policy တွေကို ချပြရှင်းလင်းသင့်ပါတယ်။ သို့မှသာ နိုင်ငံရေးနည်းလမ်းက ကောင်းပြီးတော့ စစ်ရေးနည်းလမ်း နောက်ကြောင်း

ပြန်မလှည့်နိုင်အောင် ထာဝရငြိမ်းချမ်းရေးရဲ့ အကျိုးဆက်များ အကြောင်းကို ပြောဆိုစည်းရုံးသင့်ပါတယ်။ အခြေခံ ဥပဒေပုဒ်မ ၃၃၈ အကြောင်းကိုလည်း ရှင်းလင်းတင်ပြဖို့ လိုမယ်လို့ ကျွန်တော့်အနေနဲ့ ထင်ပါတ ယ်။ အထူးသဖြင့် တင်ပြလိုတာကတော့ အဲဒီပဋိပက္ခဒေသတွေမှာ သစ်တွေ၊ ဝါးတွေဟာ သဘာဝတောရိုင်းတွေ ဖြစ်နေပါတယ်။ သတ္တုသိုက်တွေ ရှိနေတတ်ပါတယ်။ ဥပမာအားဖြင့် တနင်္သာရီတိုင်း၊ တနင်္သာရီမြစ်ရဲ့ အရှေ့ဖက်မှာ KNU တပ်မဟာ(၄) မင်းသမီးစခန်းကို ကျွန်တော်တို့တပ်မတစ်ခုနဲ့ ဝင်တိုက်ပြီး တဲ့နောက် အဲဒီနေရာအေးချမ်းသွားတဲ့အခါမှာ တနင်္သာရီမြစ်ကြီးထဲမှာ ရွှေကြောတွေတွေ့လို့ ရွှေကျင်နေကြလို့ အခုအချိန်မှာဆိုရင် ဒေသခံတွေဟာ အရင်ကတိုက်ပွဲသံတွေ တဒိုင်းဒိုင်း ဖြစ်နေရာကနေ အခုတော့ ရွှေမှော်လုပ်ကွက်ကြီးတွေနဲ့ မီးရောင်တွေ တထိန်ထိန်နဲ့ စည်ကားသိုက်မြိုက် ပြီးတော့ ချမ်းသာကြွယ်ဝလာကြသလို သဘာဝပတ်ဝန်းကျင် ပျက်စီးမှုဟာလည်း အတူတူဖြစ်ပေါ်လာတာကို တွေ့ရပါတယ်။ အဲဒီဒေသမှာရှိတဲ့ ပေတစ်သောင်းနီးပါးမြင့်တဲ့ မြင့်မိုရ်လက်ခတ်တောင်ဟာ အရင်ကမငြိမ်းချမ်းခင်က ဘယ်သူမှ မသွားရဲတဲ့ဒေသ ဖြစ်ပေမယ်လို့ အခုတော့ ကျားထောင်တဲ့ ချင်းတိုင်းရင်းသားတွေ မကြာခဏ သွားလေ့ရှိတဲ့နေရာ ဖြစ်တာကိုတွေ့ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒေသမှာရှိတဲ့ ချင်း တိုင်းရင်းသားတွေဟာ စတီးကြိုးတွေနဲ့ ကျားဖမ်းထွက်မယ်ဆို ဘယ်ကိုသွားမလဲဆိုရင် တနင်္သာရီတိုင်းက မြင့်မိုရ်လက်ခတ်တောင် ကို ဦးတည်ပြီးသွားတာကို ကျွန် တော် လေ့လာတွေ့ရှိရ ပါတယ်။ ဒီလို သဘာဝပတ်ဝန်းကျင် ပျက်စီးစေမယ့်ကိစ္စတွေကို ထိန်းသိမ်းဖို့လိုသလို သတ္တုသိုက်များကိုလည်း စနစ်တကျ တူးဖော်ပြီးတော့ ဒေသခံများ ဝင်ငွေရရှိအောင်ဆောင်ရွက် ပေးသင့်ပါတယ်။ ရွှေကြောကြီးတွေတွေ့ပြီး အပေါ်ကမြက်ပင်လေးတွေ သေမှာစိုးလို့ မတူးတော့ဘူးဆိုတဲ့ လူကတော့ ကမ္ဘာပေါ်မှာ ရှိမယ်မထင်ပါဘူး။ စနစ်တကျဆောင်ရွက်ဖို့သာ ကြပ်မတ်ရမှာ ဖြစ်ပါ တယ်။ ဗျတ်ကောပု၊ ဘော်ဆဲခို ဒေသမှာဆိုရင် အလေ့ကျပေါက်နေတဲ့ ဖာလာတောတွေ အချင်းတစ်ပေရှိတဲ့ ဝါးဘိုးဝါးတောကြီးတွေ ကျွန်း၊ ပျဉ်းကတိုးစတဲ့ အဖိုးတန် သစ်မာတွေဟာ သဘာဝအတိုင်းရှိနေတာကို တွေ့ရမှာ ဖြစ် ပါတယ်။ အဲဒီက ချောင်းတွေ၊ မြောင်းတွေ ထဲမှာ ဆိုရင်လည်း ငါးတွေဟာ အလွန်ပေါပါတယ်။ တစ် ခါမှ ငါးမဖမ်းဘူးတဲ့သူ ဆင်းဖမ်း ရင်တောင် နာရီဝက်အတွင်းမှာ ဟန်းကော တစ်လုံးလောက် အသာလေးရနိုင်ပါတယ်။ ခုခေတ် ချောင်းမြောင်းတွေထဲမှာဆိုရင် ငါးသေးငါးနုတ်တောင်မှ မတွေ့နိုင်တော့တာကို တွေ့ရပါတယ်။ ဒီလို (Vir gin) ဇရိယာတွေကို စနစ်တကျ ထိန်းသိမ်းသင့်

ပါတယ်။ နောက်ဆုံးအချက်အနေနဲ့ ဒေသခံများ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်ရရှိရေး ကူညီဆောင်ရွက်ပေးဖို့ တင်ပြလိုပါတယ်။ ရောက်ခါစမှာတော့ ဆန်ဝေတာတို့၊ ခြင်ထောင်ပေး တာတို့၊ ငွေကြေးထောက်ပံ့ တာတို့ဟာ ယာယီသာဖြ စ်ပြီးတော့ ရေရှည်ရပ်တည်နိုင်အောင် စိုက်ပျိုးရေးပညာပေးတာ လယ်ယာမြေတွေ ဖော်ထုတ်ပေးတာ ရေသွယ်စနစ်တွေ တူးဖော် ပေးတာ ကုန်းမြင့်လယ်ယာ စနစ်အတွက် စက်ယန္တရားတွေ ပံ့ပိုးတာဖြစ်နိုင်ခြေရှိတဲ့နေရာမှာ ဆည်မြောင်းကန်ချောင်း စီမံကိန်းတွေ ရေးဆွဲတာ တစ်ပိုင်တစ်နိုင် ရေအားလျှပ်စ စ် သို့ မဟုတ် နီးစပ်ရာ ဓာတ်အားလိုင်း စနစ်မှနေ သွယ်တန်းပေးတာတွေ ဆောင်ရွက်ပေးခြင်းဖြင့် ရေရှည် ရပ်တည်နိုင်ရေးအတွက် အထောက်အကူ ဖြစ်စေမှာ ဖြစ်ပါတယ်။ မြို့နယ် /ခရိုင် စိုက်ပျိုးရေး မန်နေဂျာများ လိုက်ပါပြီး စပါး၊ ပဲ၊ ပြောင်းစတဲ့ အထွက်တိုးစေတဲ့ ပညာပေးချက်တွေ မျိုးကောင်း မျိုးသန့် ထောက်ပံ့ဖြန့်ဝေတာတွေ ဓာတ်မြေဩဇာ ပံ့ပိုးကူညီတာတွေကို ဆောင်ရွက်သင့်ပါတယ်။ နိဂုံးချုပ်အားဖြင့် တင်ပြလိုတာကတော့ မွန်ပြည်နယ်မှ ဦးဇော်နိုင်ဦး တင်ပြတဲ့အဆိုဟာ အခုလက်တွေ့ဖြစ်ပေါ်နေတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်များနှင့် တစ်ထပ်တည်း ကျရောက်နေပြီး ဤကာလမှာ ငြိမ်း ချမ်းစနယ်မြေတွေကို အထက်ကကျွန်တော်တင်ပြတဲ့ ဌာနအသီးသီးမှ ပုဂ္ဂိုလ်များပါဝင်စေပြီး၊ ကွင်းဆင်း ဆောင်ရွက်စေခြင်းအားဖြင့် နောက်တစ်ကြိမ် လက်နက် ကိုင်လိုစိတ် ပျောက်ကွယ်သွားအောင် ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးကြွယ်ဝခြင်း၏ အရသာကို လျင်မြန်စွာခံစားလို့ရအောင် ဒေသခံပြည် သူများနှင့် အုပ်ချုပ်သူအစိုးရဟာ တစ်သားတည်း ရှိနေပါတယ်ဆိုတဲ့ ပြသနိုင်တဲ့ အခွင့်အလမ်းဖြစ်လို့ အဆိုပါလုပ်ငန်းရပ်များအား အချိန်နှင့် တစ်ပြေးညီ အကောင်အထည်ဖော် ဆောင်ရွက်သင့်ပါကြောင်း ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ် အပ်ပါတယ် ခင်ဗျား။(ဩဘာသံများ)

**အချိန်။ ၁၅း၁၀။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အစည်းအဝေး ကို မိနစ်(၂၀)ခန့် ခေတ္တရပ်နားပါမယ်။၁၅း၃၀ နာရီမှာ ပြန်လည်စတင်မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၅း၁၀ နာရီတွင်ခေတ္တရပ်နားပြီး နေ့လယ် ၁၅း၃၀ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၅း၃၀။**

**အခမ်းအနားမှူး** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့်စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၅း၃၀။**

**ဥက္ကဋ္ဌ။** ။ အဆိုနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က ပြန်လည်ဖြေရှင်းဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၅း၃၀။**

**ဒုတိယဗိုလ်ချုပ်ကြီးကိုကို (ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို ဖြစ်ပါတယ်။ ကျွန်တော်တို့ အဆိုရှင် မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇော်နိုင်ဦး ရဲ့ အဆိုနဲ့ပတ်သက်ပြီးတော့ ရှင်းလင်းတင်ပြလိုပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဖွဲ့စည်းပုံ အခြေခံဥပဒေအခန်း (၈) နိုင်ငံသားနဲ့ နိုင်ငံသားများရဲ့ မူလအခွင့်အရေးနဲ့ တာဝန်များ အခန်းကဏ္ဍမှာပါတဲ့ ပုဒ်မ ၃၈၇ မှာ နိုင်ငံသားတိုင်းဟာ ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ ပြီးတော့ တိုင်းရင်းသားလူမျိုးအချင်းချင်း စည်းလုံးညီညွတ်ရေးနဲ့ ပြည်သူတစ်ရပ်လုံး အေးချမ်း

သာယာရေးတို့အတွက် ကြိုးပမ်းအားထုတ်ဆောင်ရွက်ရန် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့် မို့လို့လည်း နိုင်ငံတော်သမ္မတကြီး ရဲ့ ၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့က ပြည်ထောင်စုလွှတ်တော်မှာ ပြောကြားခဲ့တဲ့မိန့်ခွန်းမှာ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ ဒီမိုကရေစီကျင့်စဉ်များ ထွန်းကားရေး၊ ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် သန့်ရှင်းသောအစိုးရဖြစ်ပေါ်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံသားတွေရဲ့ မူလအခွင့်အရေးများရရှိရေး၊ ပညာရေးကျန်းမာရေး အဆင့်အတန်းမြှင့်တင်ရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲရေး၊ နိုင်ငံနဲ့ပြည်သူတို့ရဲ့ အနာဂတ် လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်မြင့်မားရေးနဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပြုပြင်ပြောင်းလဲကြိုးပမ်းဖော်ဆောင်သွားမယ်လို့ နိုင်ငံနဲ့ ပြည်သူကို အသိပေးပြောကြားခဲ့ပြီး ဖြစ်ပါတယ်။ ဒီပြောကြားချက်များ နဲ့ အညီလည်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့အတွက် ဥပဒေတွင်း၊ ဥပဒေပြင်ပမှ လက်နက်ကိုင်အဖွဲ့အစည်းများနဲ့ ရေရှည်တည်တံ့တဲ့ ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်ရေးအတွက် စေ့စပ်ဆွေးနွေး ညှိနှိုင်းမှုများကို ပြုလုပ်ခဲ့ပါတယ်။ ငြိမ်းချမ်းရေးဆွေးနွေးကြရာမှာ သက်ဆိုင်ရာ တိုင်းရင်းသားအဖွဲ့အစည်းအလိုက် ပြည်သူတို့က ရွေးချယ်တင်မြှောက်ထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး / ပြည်နယ် အစိုးရဝန်ကြီးများ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်ဝန်ကြီးများပါဝင်တဲ့ ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့များ ဖွဲ့စည်းစေလွှတ်ပြီးတော့ တိုင်းဒေသကြီး ပြည်နယ်အဆင့်၊ ပြည်ထောင် စုအဆင့်စသည်ဖြင့် အဆင့်ဆင့်သော တွေ့ဆုံဆွေးနွေးမှုတွေ လုပ်ပါတယ်။ အစိုးရသစ် စတင်တာဝန်ယူချိန်မှစပြီး တိုင်းရင်းသားလက်နက်ကိုင်များနဲ့ ငြိမ်းချမ်းရေးရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများကြောင့် အရင်ကထက်ပိုပြီး ထင်ရှားပွင့်လင်းမြင်သာတဲ့ အယူအဆသဘောထားတို့ကို တိုင်း ရင်းသားလက်နက်ကိုင်တို့က သိမြင်ကြသည့်အလျောက် ယနေ့ဆိုလို့ဆိုရင် ငြိမ်းချမ်းရေးမယူရသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၁၁)ဖွဲ့လုံးနဲ့ ထိတွေ့ဆွေးနွေး ညှိနှိုင်းပြီး ဖြစ်ပါတယ်။ အဖွဲ့ (၆)ဖွဲ့နဲ့ အခြေခံသဘော တူညီချက် များကို လက်မှတ်ရေးထိုး နိုင်ခဲ့ပါတယ်။ ကျန်အဖွဲ့ (၅)ဖွဲ့နဲ့လည်း ထိတွေ့ညှိနှိုင်းဆွေးနွေးလျက် ရှိနေပါတယ်။ ဒါ့အပြင် တစ်ဖက်ကလည်း ငြိမ်းချမ်းရေးရရှိအောင် ဆွေးနွေးနေသလို တစ်ဖက်ကလည်း ဒေသတွင်းတိုက်ပွဲစဉ်ကာလအတွင်းမှာ စစ်မက်ဖြစ်ပွားရာ နေရာများမှ ရှောင်တိမ်းနေရတဲ့ ဒေသခံပြည်သူများအတွက်လည်း ရိက္ခာ၊ ဆေးဝါး၊

အဝတ်အစား၊ အသုံးအဆောင်တွေကို နိုင်ငံတော်အစိုးရရဲ့ အစီ အမံနဲ့ ပြည်တွင်း NGO အဖွဲ့အစည်းများ၊ နိုင်ငံတကာ NGO အဖွဲ့အစည်းများနဲ့ ပူးပေါင်းပြီး ထောက်ပံ့ပေးပို့မှုတွေ ရှိပါတယ်။ ဒီလိုလတ်တလော လိုအပ်ချက်များကို အချိန်မီဖြည့်ဆည်းပေးသကဲ့သို့ ဖွံ့ဖြိုး တိုးတက်မှု နောက်ကျနေတဲ့ဒေသများအတွင်းမှာလည်း နိုင်ငံတော်အစိုးရရဲ့ အစီအမံနဲ့အတူ ရေတို၊ ရေရှည်စီမံကိန်းများ ရေးဆွဲပြီးတော့မှ ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီးဌာန အသီး သီးမှ ဌာနဆိုင်ရာများပါဝင်တဲ့ စစ်ကြောင်းကြီး (၅) ကြောင်းအသွင် အဖွဲ့များဖွဲ့ပြီး နယ်စပ်ဒေသများထိ ကွင်းဆင်းဆောင်ရွက်လျက် ရှိပါတယ်။ တိုးတက်ဖွံ့ဖြိုးမှု နည်းပါးနေသည့် တိုင်းရင်းသားတွေရဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်း ဆက်သွယ်ရေး စသည်တို့ ပါဝင်သော လူမှုစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်ရမည်ဟူသည့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၂၂ (ဂ)ပါ ပြဋ္ဌာန်းထားသည်နဲ့အညီ နိုင်ငံတော်လူဦးရေရဲ့ (၇၀)ရာခိုင်နှုန်းရှိတဲ့ တိုင်းရင်းသားပြည်သူများနေထိုင်ရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးစီမံချက်ကို ၂၀၁၁ ခုနှစ်၊ ဇူလိုင်လမှ စပြီးတော့ အကောင်အထည်ဖော်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်အထိ ကာလသတ်မှတ် ထားပါတယ်။ လုပ်ငန်းကဏ္ဍ (၈)ရပ်ချမှတ်ကာ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ ပြည်ထောင်စုကြီးတစ်ခုလုံးမှာ မြို့နယ်ပေါင်း (၃၃၀)၊ မြို့နယ်ခွဲ (၈၂)ခုနဲ့ ဖွဲ့စည်းထားတဲ့ နေရာမှာ တိုင်းရင်းသား အများစုနေထိုင်ရာဒေ သတွေလည်း ပါဝင်နေပြီး ကျောသားရင်သား မခွဲခြားဘဲ တိုင်းရင်းသားအားလုံးအတွက် တစ်ပြေးညီဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ ယခင်က လုံခြုံရေးကိစ္စ အပါအဝင် အကြောင်းအမျိုးမျိုးကြောင့် အရောက်အပေါက်နည်းခဲ့ရတဲ့ တိုင်းရင်းသားတို့ရဲ့ ဒေသတွေကို လိုအပ်ချက်တွေကိုလည်း ဒီခေတ်ဒီအခါရောက် မှသာ မိမိတို့ကိုယ်တိုင်ရွေးချယ် တင်မြှောက်လိုက်တဲ့ လွှတ်တော်မှာ မိမိတို့ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်တွေကိုလည်း ဆွေးနွေး ခံရပြီးတော့မှ လိုအပ်ချက်များ ဖြည့်ဆည်းပေးနေတယ်ဆိုတာကို ပြည်သူအားလုံးအသိပဲ ဖြစ်ပါတယ်။ လက်ရှိ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု အပိုင်းကို လေ့လာကြည့်မယ်ဆိုရင် နိုင်ငံတကာနိုင်ငံများ အပါအဝင် UNDP,WEP, UNHCR, UNODC, JICA စတဲ့ INGO အဖွဲ့အစည်းများ စုစုပေါင်း (၂၃)ခုဟာ ပြည်နယ်များ တိုင်းဒေသကြီးတွေမှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအ တွက် အကျိုးဝင်တဲ့ မြို့နယ်ပေါင်း (၂၇၀)ခုကို ပြည်ထောင်စုအဆင့် ဌာနဆိုင်ရာများနဲ့ ပူးပေါင်း

ဆောင်ရွက်လုပ်ကိုင်လျက် ရှိပါတယ်။ ထို့အတူ မွန်ပြည်နယ်မှာဆိုရင်လည်း မွန်ပြည်နယ် ဒေသဆိုင်ရာ လုပ်ငန်းကြီးကြပ်မှုကော်မတီရဲ့ကြီးကြပ်မှုနဲ့ အစိုးရမဟုတ်တဲ့ INGO အဖွဲ့တွေ ဖြစ်တဲ့ UNDP-CDRT, World Concern , IOM အဖွဲ့အစည်းများကနေ ကျေးလက်လူမှု စီးပွားဖွံ့ဖြိုးရေးအတွက် ကူညီပံ့ပိုးခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ခြင်း အသေးစားဝင်ငွေတိုးမယ့် လုပ်ငန်းများဆောင်ရွက်ပေးခြင်းစတဲ့ အသက်မွေးဝမ်းကျောင်း လုပ်ငန်းတွေမှာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့အတွက် ကူညီဆောင်ရွက်နေကြောင်း တွေ့ရှိရပါတယ်။

ယခင်က နိုင်ငံတော်ကို တာဝန်ယူခဲ့တဲ့ အစိုးရအဆက်ဆက်က ဝေးလံပြီး ငြိမ်းချမ်းမှု မရှိတဲ့ ကျေးလက်ဒေသတွေကို တပ်မတော်စစ်ကြောင်းများနှင့်အတူ ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါပြီး စစ်ကြောင်းကြီး (၅)ကြောင်းနဲ့ ဆောင်ရွက်ခဲ့ပါတယ်။ လုံခြုံရေးနှင့် တရားဥပဒေ စိုးမိုးရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲရေး လုပ်ငန်းစဉ်တွေကို ကျေးလက်ဒေသတွေ အရောက်သွားရောက်ပြီး ဒေသရဲ့လိုအပ်ချက် အခြေအနေ အပေါ် မူတည်ပြီးတော့ ဆောင်ရွက်ဖြည့်ဆည်း ပေးခဲ့တာ ဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်ပေးတဲ့နေရာမှာ ကျေးလက်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေး၊ ပညာရေး ကဏ္ဍနဲ့ ကျန်းမာရေးကဏ္ဍလိုအပ်ချက်များ ဖြည့်ဆည်းပေးရေး၊ နိုင်ငံတော်အစိုးရရဲ့ အုပ်ချုပ်ရေး နဲ့ တရားဥပဒေစိုးမိုးရေးဆိုင်ရာလုပ်ငန်းစဉ်တွေ ပီပီ ပြင်ပြင် ပေါ်ပေါက်စေရေးအတွက် ရည်မှန်းချက်ထားပြီးတော့ ဆောင်ရွက်ပေးခဲ့ကြခြင်းလည်း ဖြစ်ပါ တယ်။

ယခုချိန်အခါမှာတော့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၈ နဲ့အညီ တိုင်းဒေသ ကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့များကို အင်ပြည့်အားပြည့် ဖွဲ့စည်းပေးထားပြီးဖြစ်တဲ့အပြင် နိုင်ငံတော် တစ်ဝှမ်းလုံးမှာလည်း အေးချမ်းတည်ငြိမ်မှုတွေရလာပြီးဖြစ်လို့ မဖွံ့ဖြိုးသေးတဲ့ ကျေးလက် ဒေသများရဲ့ လူမှုရေး၊ စီးပွားရေးဆိုင်ရာ လိုအပ်ချက်တွေ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်း တာဝန်ကြီး (၈)ရပ်နဲ့အညီ သက်ဆိုင်ရာအစိုးရအဖွဲ့များရဲ့ ကြီးကြပ် စီမံမှုနဲ့ ထိထိရောက်ရောက် ဖြည့်ဆည်း ဆောင်ရွက် ပေးသွားနေပြီ ဖြစ်ပါတယ်။ ဒါ့အပြင် သက်ဆိုင်ရာပြည်နယ်နဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့များက

ပြည်ထောင်စုအစိုးရထံကို ဒေသအလိုက် လိုအပ်ချက်တွေကို ပိုမိုထပ်မံဖြည့်ဆည်း ဆောင်ရွက်ပေးဖို့ တင်ပြလာတဲ့အခါမှာလည်း ပြည်ထောင်စု အစိုးရအဖွဲ့အနေနဲ့ လိုအပ်တဲ့ကိစ္စရပ်တွေကို ပံ့ပိုးဖြည့်ဆည်းမှုများ ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ဒီလိုငြိမ်းချမ်းရေး သဘောတူညီချက်တွေ ရရှိပြီးတဲ့ နယ်မြေတွေ၊ ဒေသဖွံ့ဖြိုးမှုနောက်ကျတဲ့ နယ်မြေတွေမှာ ဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက် ဒေသ ခံလူထုရဲ့ ဝင်ငွေနဲ့ လူနေမှုဘဝမြင့်မားရေး ဆောင်ရွက်ပေးခြင်း၊ အလုပ်အကိုင် ဖန်တီးခြင်းများ ဆောင်ရွက်ပေးနေသလို ဒေသတည်ငြိမ်မှု ရှိလာသည်နှင့်အမျှ စက်မှုဇုန်တွေ၊ အထူးစီးပွားရေးဇုန်တွေကို ဖော်ထုတ်ထူထောင်ခြင်းစတဲ့ လုပ်ငန်းတွေကိုလည်း ရေရှည် စီမံကိန်းများရေးဆွဲပြီး အ ကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါတယ်။ ဒါကြောင့်မို့လို့ ယခင်က နိုင်ငံအတွင်းမှာ မြို့ပြများနှင့်နီးပြီး ငြိမ်းချမ်းမှုမရှိသောဒေသများနဲ့ ဆက်စပ် လျက်ရှိသော ကျေးရွာများမှာနေထိုင်ကြတဲ့ တိုင်းရင်းသားပြည်သူများရဲ့ လိုအပ်ချက် များနဲ့ တွေ့ကြုံခံစားနေရသော အခက်အခဲတွေကို စစ်ကြောင်းကြီးများနဲ့ သွားရောက်ပြီး တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးခဲ့ကြပါတယ်။ လက်ရှိအခြေအနေမှာတော့ တိုင်းရင်းသား လက်နက်ကိုင် များနဲ့ ငြိမ်းချမ်းရေး ကြိုးပမ်းဆောင်ရွက်မှုများဟာ ယခင်အခြေအနေများကထက် ပိုမိုကောင်းမွန် လာခဲ့ပြီဖြစ်လို့ စစ်ကြောင်းကြီး(၅)ကြောင်း အသွင်သာမက တိုင်းရင်းသား ပြည်သူများနေထိုင်ရာ ကျေးလက်ဒေသများအထိ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး စီမံချက်ပါ လုပ်ငန်းကဏ္ဍကြီး (၈)ရပ်ကိုချမှတ်ကာ ပြည်ထောင်စုအစိုးရအဖွဲ့နဲ့ ပြည်ထောင်စုဝန်ကြီး ဌာနများ၊ တိုင်းဒေသကြီး /ပြည်နယ်အစိုးရအဖွဲ့များ၊ NGO, INGO အဖွဲ့များနှင့် တိုင်းရင်းသား ပြည်သူတွေဟာ အားလုံးပူးပေါင်းပါဝင်ပြီးတော့မှ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဇော်နိုင်ဦး တင်သွင်းတဲ့ နိုင်ငံအတွင်းရှိ မြို့ပြများနှင့်နီးပြီး ငြိမ်းချမ်းမှု မရှိသောဒေသများနှင့် ဆက်စပ်လျက်ရှိသော ကျေးရွာများတွင် နေထိုင်ကြသည့် တိုင်းရင်းသား ပြည်သူများ၏ လိုအပ်ချက်များနှင့် တွေ့ကြုံခံစားနေရသော အခက်အခဲများအား စစ်ကြောင်းကြီး များနှင့် သွားရောက်၍ တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို အတည်ပြုရန် သဘောတူ /မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါ့

မယ်။ ဒီလိုရယူရာမှာ စက်ခလုတ်ကိုအသုံးပြုပြီး လျှို့ဝှက်ဆန္ဒမဲပေးတဲ့ စနစ်ကိုဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခုလွှတ်တော်ရဲ့ ဆန္ဒရယူပါ့မယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

အဆိုကိုထောက်ခံမဲ (၁၁၅)မဲ၊ ကန့်ကွက်မဲ (၄)မဲနဲ့၊ ကြားနေမဲ (၄)မဲ ဖြစ်ပါတယ်။ ထောက်ခံမဲများတဲ့အတွက် အဆိုအတည်ဖြစ်ကြောင်း ကြေငြာပါတယ်။(သြဘာသံများ)

**ဦးဝင်းနောင်၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ် (၅)၏ နိုင်ငံတော်တစ်ဝန်းတွင် ယာဉ်မတော်တဆ ဖြစ်မှုများနှင့် ယာဉ်မတော်တဆမှုကြောင့် လူများထိခိုက်ဒဏ်ရာရ သေဆုံးရမှုများအမှန်တကယ် လျော့နည်းကျဆင်းသွားစေရန်အတွက် သင့်တော်သည့် နှစ်ကာလတစ်ခုကို လျာထားသတ်မှတ်၍ မဖြစ်မနေချမှတ် အကောင်အထည်ဖော် ဆောင်ရွက်သင့်ကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၅း၃၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဝင်းနောင် တင်သွင်းထားတဲ့ နိုင်ငံတော် တစ်ဝန်းတွင် ယာဉ်မတော်တဆဖြစ်မှုများနဲ့ ယာဉ်မတော်တဆမှုကြောင့် လူအများထိခိုက် ဒဏ်ရာရ သေဆုံးရမှုများ အမှန်တကယ် လျော့နည်းကျဆင်းသွား စေရန်အတွက် သင့်တော်သည့် နှစ်ကာလတစ်ခုကို လျာထားသတ်မှတ်၍ မဖြစ်မနေ ချ မှတ်အကောင်အထည်ဖော် ဆောင်ရွက် သင့်ကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ် (၆)ဦးက အမည်စာရင်း တင်သွင်းထားပါတယ်။ ဒေါက်တာတင်ရွှေ မရှိဘူး။ ဒေါက်တာခင်မောင်လေး ရှိလား။ မရှိဘူး။ ဒေါက်တာမြင့်ကြည် မရှိဘူး။ စစ်ကိုင်းတိုင်း ဦးကံညွန့် ရှိလား။ ရှိတယ်နော်။ ခဏလေးခဏလေး ရှိတယ်။ ဒေါ်ခင်ဝိုင်းကြည် ရှိတယ်။ ဦးဝင်းမောင် ရှိတယ်။

(၆)ဦးမှာ (၃)ဦးရှိပါတယ်။ (၃)ဦးကတော့ အစည်းအဝေး တက်နေပါတယ်။ ဒီ (၃)ဦးဆွေးနွေးပြီး ဆုံးဖြတ်ဖို့ သဘောတူ/မတူ လွှတ်တော်ရဲ့ ဆန္ဒရယူပါ့မယ်။ သဘောတူတဲ့ ပုဂ္ဂိုလ်များ မတ်တတ်ရပ်ကြပါ။ အားလုံးထိုင်နိုင်ပါပြီ။

**အချိန်၊ ၁၅း၄၀။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ စစ် ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၅)မှ ဦးကံညွန့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၅း၄၀။**

**ဦးကံညွန့်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ၊ပြည်ထောင်စုဝန်ကြီး၊ ကိုယ်စားလှယ်တော်ကြီးများ အားလုံးရွှင်လန်းကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး အမှတ် (၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကံညွန့် ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ် (၅)မှ ဦးဝင်းနောင် ရဲ့ အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ယာဉ်မောင်းနှင်သူများမှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာပြီး ဂရုတစိုက် လိုက်နာသူများရှိသလို ယာဉ်ထိန်းရဲ မရှိပါက စည်းကမ်းပေါ့လျော့ခြင်း၊ ဖောက်ဖျက်ခြင်းများ ပြုလုပ်နေကြသူတွေ အများကြီး ရှိနေပါတယ်။ ထိုသို့ ယာဉ်စည်းကမ်းဖောက်ဖျက်ခြင်း၊ အရက်သောက်စားခြင်း၊ ပေါ့ဆစွာ မောင်းနှင်ခြင်းတို့ကြောင့် ယာဉ်မတော်တဆဖြစ်မှုတွေ များရခြင်း ဖြစ်ပါတယ်။ ၂၀၀၇ ခုနှစ်က မြန်မာနိုင်ငံတစ် ဝန်းမှာ ယာဉ်တိုက်မှု (၆၉၃၉)မှု ဖြစ်ပွားခဲ့ပြီး၊ (၁၆၃၈)ဦး သေဆုံးကာ (၁၃၀၆၇)ဦး ဒဏ်ရာ ရရှိခဲ့ပါတယ်။ ၂၀၀၈ ခုနှစ်မှာ တစ်နိုင်ငံလုံး ယာဉ်တိုက်မှု (၇၂၀၄)မှု ဖြစ်ပွားခဲ့ပြီး (၁၈၅၃)ဦး သေဆုံးကာ (၁၂၈၀၃)ဦး ဒဏ်ရာရရှိခဲ့ပါတယ်။ ၂၀၀၉ ခုနှစ်မှာ ယာဉ်တိုက်မှု (၈၄၆၁)မှု ဖြစ်ပွား၍ (၂၁၇၃)ဦး သေဆုံးပြီး (၇၁၈၄)ဦး အပြင်းအထန် ဒဏ်ရာရရှိပြီး ၇၅၁၆ဦး သာမန်ဒဏ်ရာ ရရှိခဲ့ပါတယ်။ ဤကိန်းဂဏန်းများဟာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ဟာ ရာဇ ဝတ်မှုတစ်ခုဖြစ်တဲ့ လူသတ်မှုထက်တောင် ပိုမိုကြောက်မက်ဖွယ်ရာကောင်းလောက်အောင် လူ့အဖွဲ့အစည်းကို ခြိမ်းခြောက်နေကြောင်း ဖော်ပြနေတာတွေ့ရမှာ ဖြစ်ပါတယ်။ သုတေသနစာတမ်းများအရ မလေးရှား နိုင်ငံနဲ့ မြန်မာနိုင်ငံဟာ ယာဉ်တိုက်ခိုက်မှုကြောင့် လူ (၁၀၀၀၀၀)မှာ ၂၃ဦးနှုန်း

သေကြေမှုရှိသဖြင့် ASEAN နိုင်ငံအတွင်း၌ သေနှုန်းအမြင့်မားဆုံးနိုင်ငံများ ဖြစ်နေပါတယ်။ ကမ္ဘာကြီးတစ်ခုလုံးမှာ လမ်းအန္တရာယ်ကြောင့်နှစ်စဥ် လူ (၁.၂)သန်း သေဆုံးနေရပြီး သန်းပေါင်း (၅၀) မှာ ထိခိုက် ဒဏ်ရာရရှိခြင်း၊ မသန်မစွမ်းဖြစ်ခြင်းများ ဖြစ်ပေါ်နေပါတယ်။ တစ်နေ့တစ်ခြား ကြီးထွားလာသော ပြဿနာများကို အချိန်မီတားဆီးဖြေရှင်းခြင်း မပြုနိုင်ပါက လမ်းအန္တရာယ် သည် ၂၀၂၀ ခုနှစ်မှာ ကမ္ဘာလုံးဆိုင်ရာ အဓိကရင်ဆိုင်ရမယ့် အလွန်ကြီးမားသော ပြဿနာကြီး တစ်ရပ်အဖြစ်သို့ ရောက်ရှိလာတော့မှာ ဖြစ်ပါတယ်။ ယနေ့ မျက်မှောက်ကာလမှာ တစ်ကမ္ဘာလုံး ဆိုင်ရာ ကျင့်သုံးနေသော လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ရေပန်းအစားဆုံးမဟာဗျူဟာ (E)ငါးလုံးစနစ်ဖြစ်တဲ့ Education, Engineering,Environment, Emergency Medical Care နဲ့ Enforcement တို့ဖြစ်ကြပါတယ်။ နံပါတ် (၂)ဖြစ်တဲ့ Engineering ပတ်သက်၍ အနည်းငယ် ရှင်းလင်းတင်ပြပါမယ်။ ယာဥ်မတော်တဆဖြစ်မှုများမှာ လျှော့နည်းကျဆင်းရေး အတွက် Engineer ပိုင်းဆိုင်ရာများကို ပြုပြင်ဆောင်ရွက်ရန် လိုအပ်ကြောင်းကို သတိချပ်ရမှာ ဖြစ်ပါတယ်။ Engineer ပိုင်းဆိုင်ရာပြုပြင် ဆောင်ရွက်ကြရမယ့်အချက်များကို သာဓကအားဖြင့် ဖော်ပြရမည်ဆိုပါက (က) လမ်းအများစုပေါ်တွင် မျက်နှာချင်း ဆိုင် ယာဥ်တိုက်မှုများ များပြား လာရခြင်းမှာ လမ်းလယ်မျဥ်းသတ်မှတ်ရေးဆွဲထားမှု မရှိခြင်း၊ (ခ) အမြန်လမ်းတို့၏ အကွေ့များ တွင် ရောင်ပြန်မှန်များများ၊ အကာအရံ Guard Rays များ ကာရံပေးထားမှုမရှိခြင်း၊ (ဂ) ယာဥ် အသွားအလာ ထူထပ်သောနေရာများနှင့် ယာဥ်တိုက်မှုများပြားသော လမ်းများတွင် လမ်းလယ် ကျွန်းအကာအရံများ ပြုလုပ်ထားမှု နည်းပါးခြင်း၊ (ဃ) မော်တော်ဆိုင်ကယ်များ များပြားလာ သည်နှင့်အမျှ ယင်းတို့ အတွက် သီးသန့်လမ်းများ သတ်မှတ်ပေးပြီး သွားလာစေရန် လိုအပ်ခြင်း၊ (င) ဦးစားပေးအမှတ်အသား၊ ညွှန်ကြားချက်များနှင့် တားမြစ်ချက်များဆိုင်ရာ ဆေးရေးအမှတ်အသားများ စိုက်ထူရေးဆွဲထားမှု နည်းပါးခြင်း၊ (စ) ယာဥ်သွားလာမှုများသော လမ်းဆုံများတွင် မီးပွိုင့်များတပ်ဆင်ထိန်းသိမ်း ခြင်း၊ သုံးစွဲခြင်းများ နည်းပါးခြင်းတို့ ဖြစ်ပါတယ်။ E(5) လုံးစနစ်ကို တာဝန်ရှိသူများသာမက ပြည်သူတစ်ရပ်လုံးကပါ စိတ်ရောကိုယ်ပါစေတနာဖြင့် ဝိုင်းဝန်းကူညီ ပံ့ပိုးဆောင်ရွက်ကြမည်ဆိုပါက ယာဥ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်း၍ လှပသော လူ့အဖွဲ့အစည်းကို ထူထောင်နိုင်မည်ဖြ စ်ပါတယ်။ အလဟသ လူအများသေကြေ ပျက်စီးရမှု၊ ထိခိုက်ဒဏ်ရာရမှုမရှိတော့ဘဲ ထို့အတွက် သုံးစွဲကုန်ကျရမည့် ဘဏ္ဍာငွေအရပ်ရပ်ဟာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြည့်အ ဝအသုံးချနိုင်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော

နိုင်ငံတော်သစ်ကြီးကို အချိန်တိုတိုအတွင်း တည်ဆောက်နိုင်ရန်အတွက် ပံ့ပိုးအား တစ်ရပ်ဖြစ်လာမှာ ဖြစ်ပါတယ်။ လက်တွေ့ကျကျ ယာဉ်မတော်တဆဖြစ်မှုတွေမဖြစ်ပွားအောင် ရန်ကုန်၊ မန္တလေး၊ ပဲခူးတို့တွင်သာမက တစ်နိုင်ငံလုံးက မြို့များရွာများအထိ ထိထိရောက်ရောက် ထိန်းသိမ်းကြပ်မတ်နိုင်ဖို့ လိုပါတယ်။ ၎င်းတာ ဝန်ကို ယာဉ်ထိန်းရဲ တပ်ဖွဲ့များက အလေးထား ဆောင်ရွက်ကြရလိမ့်မည် ထင်ပါတယ်။ ယာဉ်မတော်တဆ ဖြစ်ပွားသည့်နေရာ အဖြစ်များသည့်နေရာများကို ချက်ခြင်းသိရှိနိုင်တာတော့ ယာဉ်ထိန်းရဲတပ်ဖွဲ့ ဝင်များသာ ဖြစ်ပါလိမ့်မည်။ ထို့သို့ သိရှိသည်နှင့် လမ်းကိုပြင်ဆင်ခြင်း၊ သတိပေးဆိုင်းဘုတ်တပ်ဆင်ခြင်း၊ တံတား ပြင်ဆင်ခြင်း စသည်များကို ချက်ခြင်းပြုလုပ်နိုင်အောင် အကြောင်းကြားပေးနိုင်မှာ ဖြစ်ပါတယ်။ သို့ပါ၍ Road Safety တာဝန်ကိုပါပေးထားပါက ထိရောက်စွာ ထိန်းသိမ်းဆောင်ရွက်ပေးနိုင်ဖို့ ယုံကြည်နေပါတယ်။ သို့ပါ၍ ဦး ဝင်းနောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅)၏ နိုင်ငံတော်တစ်ဝန်းတွင် ယာဉ်မတော်တဆဖြစ်မှုများနှင့် ယာဉ်မတော်တဆမှုကြောင့် လူများ ထိခိုက်ဒဏ်ရာရ သေဆုံးရမှုများ အမှန်တကယ် လျော့နည်းကျဆင်းသွားစေရန်အတွက် သင့်တော်သည့် နှစ်ကာလတစ်ခုကို လျာထား သတ်မှတ်၍ မဖြစ်မနေ ချမှတ်အကောင် အထည်ဖော် ဆောင်ရွက်သင့်ကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံပါကြောင်းနှင့် လမ်းအန္တရာယ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် အဖွဲ့အစည်း များအားလုံး၊ နိုင်ငံသားများအားလုံးက အမျိုးသားရေး အသိစိတ်ဓာတ်ဖြင့် ဝိုင်း ဝန်းပါဝင် ပူးပေါင်းကူညီဆောင်ရွက်ကြရန် လိုအပ်နေပြီ ဖြစ်ပါကြောင်း အကြံပြုတိုက်တွန်း ရင်း နိဂုံးချုပ်လိုက်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၅:၄၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါ်ခင်ဝိုင်းကြည် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၅:၄၈။**

**ဒေါ်ခင်ဝိုင်းကြည် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နှင့် ပြည်ထောင်စု ဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများရှင် အားလုံးပဲ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့

မေတ္တာပို့သအပ်ပါတယ်။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည် ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦး ဝင်းနောင် အဆိုပြုထားခဲ့တဲ့ နိုင်ငံတော်တစ်ဝန်းတွင် ယာဉ်မတော်တဆမှုများနှင့် ယာဉ်မတော်တဆမှုများကြောင့် လူများ ထိခိုက်ဒဏ်ရာရရှိသေဆုံးမှုများ အမှန်တကယ် လျော့နည်းကျဆင်းသွားစေရန်အတွက် သင့်တော်သည့် နှစ်ကာလတစ်ခုကို လျာထားသတ်မှတ်၍ မဖြစ်မနေ အကောင်အထည်ဖော် ဆောင်ရွက်သင့်ကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းသည့် အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ် တော် ဥက္ကဋ္ဌကြီး ရှင်။ ကျွန်မတို့အားလုံးဟာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များ အခြားသော နိုင်ငံတော်၏ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များကို လေးစားလိုက်နာပြီး နေထိုင်ကြရမယ့် နို ငံသားများ ဖြစ်ကြပါတယ်ရှင်။ ဒီနိုင်ငံတော်ရဲ့ ပြဋ္ဌာန်းချက်များဟာ နားလည်လက်ခံထားရုံသာမကဘဲ စည်းကမ်းစနစ်တကျ တိကျစွာနဲ့ တကယ်လက်တွေ့ လေးစားလိုက်နာကြရမယ့် ပြဋ္ဌာန်းချက်များ ဖြစ်ပါတယ်။ သို့သော်လည်း နိုင်ငံတော်က ပြဋ္ဌာန်းထားပေမယ့် တိကျစွာမလိုက်နာတဲ့ လူများလည်း ရှိနေတာကြောင့်မို့လို့ ဒါအခု ဦးဝင်းနောင် အဆိုပြုတဲ့အဆိုဟာ ပေါ်ထွက်လာရခြင်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ဦး ဝင်းနောင် တင်ပြသွားသလို ကျွန်မတို့ နိုင်ငံအတွင်းမှာ လူဦးရေထူထပ်လျှင် ထူထပ်သလို၊ ယာဉ်ပေါများလျှင် ပေါများသလို ထိခိုက်မှုများ မတော်တဆမှုများ ၊ သေဆုံးမှုများ ပိုမိုအကြိမ်များပြားလာကြောင်း တွေ့မြင်ကြားသိ နေရပါတယ်။ ဖြစ်ခဲ့ပြီးသော ဖြစ်ရပ်ဖြစ်စဉ်တွေ ပြန်ပြီးတော့ သုံးသပ်ကြည့်မယ်ဆိုလို့ရှိရင် ဖြစ်ပုံဖြစ်နည်း မတူကွဲပြားတာတွေ တွေ့ရမှာ ဖြစ်ပါတယ်။ စည်းမျဉ်းစည်းကမ်းတွေ သတ်မှတ်ထားပေမယ်လို့ ယာဉ်မောင်းရဲ့ စည်းကမ်းမဲ့မှုကြောင့် မတော်တဆမှုများရှိသလို တစ်ဖက်ကာယကံရှင်ရဲ့ စည်းကမ်းမဲ့မှု၊ စည်းကမ်းမလိုက်နာမှုတွေကြောင့်လည်း ဒါတွေ့ကြုံရ၊ ဖြစ်ပျက်ကြရတာတွေ ရှိပါတယ်။ နောက်ပြီးရာသီဥတုနဲ့ မြေအနေအထား၊ လမ်းရဲ့အနေအထား၊ ဥပမာ လမ်းသဘာဝအနေအထား၊ ဥပမာ အရမ်းကျဉ်းတဲ့ လမ်းမှာ ကားတွေ တအားကျော်တက်လို့ ဖြစ်တာမျိုးတွေ၊ အဲဒီလို အန္တရာယ်အင်မတန်ကြီးတဲ့ အခြေအနေတွေကြောင့်လည်း ဒီလို ယာဉ်မတော်တဆမှုတွေ ဖြစ်ရတာရှိပါတယ်။ ဥပမာ

လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက ဆိုလို့ရှိရင် အင်မတန်ကြေကွဲစရာကောင်းတဲ့ အဖြစ်ကြီးတွေ၊ ဒါ ယာဉ်ဆိုတဲ့နေရာမှာ ကျွန်မ ယာဉ်အမျိုး မျိုးကို ထည့်ပြီးတော့ နည်းနည်းလောက် ဆွေးနွေးချင်တာပါ။ ရာသီဥတုနဲ့ စက်ချို့ယွင်းမှုကြောင့်မို့လို့ မတော်တဆ လေယာဉ်တွေပျက်ကြပြီးတော့ အားလုံး လူ့အသက်တွေ ဆုံးရှုံးကြတာတွေ၊ နောက်တစ်ခါ ဟိုးတော်တော်ကြာကြာတုန်းက တိုးအေးသင်္ဘောကြီး နစ်မြုပ်ခဲ့လို့ လူတွေအများကြီး အသက် ဆုံးရှုံးခဲ့ကြတာတွေ ဒါရာသီဥတုနဲ့ အခြားသော အကြောင်းကြောင်းတွေကြောင့် နောက်တစ်ခါ လွန်ခဲ့သောကာလတွေက မီးရထားချင်း ခေါင်းချင်းဆိုင်ပြီး ဖြစ်တဲ့အတွက်ကြောင့်မို့ လူတွေ အသက်များစွာ ဆုံးရှုံးခဲ့ကြရတယ်။ ဒါရှေး ရှေးတုန်းက မမျှော်လင့်ပဲနဲ့ ဖြစ်ပွားခဲ့တဲ့ ထိခို က်ဒဏ်ရာ ရရှိမှုတွေနဲ့ မတော်တဆမှုတွေပါ။ နောက်တစ်ခါကျတော့ အဲဒီထက်ပိုပြီးတော့ ကြေကွဲစရာ ကောင်းတာလေး ရှိပါတယ်။ ကျွန်မတို့ ဗဟိုဝန်ထမ်းတက္ကသိုလ် ဖောင်ကြီးမှာ သင်တန်းသူတွေတက်တဲ့အခါကျတော့ ရန်ကုန်နဲ့ ဖောင်ကြီးကိုသွားတဲ့အခါမှာ လမ်းမှာ ကား Accident ဖြစ်တဲ့အခါကြတော့ မီးလောင်ပြီးတော့ ကျောင်းသူတွေ တော်တော်များများ သေသွားကြတာမျိုး၊ ဒီလိုမျိုးဆိုတဲ့ အခါကြတော့ ဒါဟာယာဉ်မတော်တဆမှုတွေက အင်မတန် ဂရုစိုက်ရမယ့် အခြေအနေတွေ ဖြစ်ပါတယ်။ အခုလောလောဆယ် ဆိုလို့ရှိရင် မကြာခင်ကမှ ရန်ကုန်၊ လှိုင်သာယာမြို့နယ်မှာ လှိုင်သာယာစက်မှုဇုန်က စက်ရုံတစ်ရုံက ဝန်ထမ်းတော်တော်များများပါတဲ့ ကားကို ဆယ်ဘီးယာဉ် မြေသယ်တဲ့ ဆယ်ဘီးယာဉ်တစ်စီးက တိုက်မိတဲ့ အခါကျတော့ ဝန်ထမ်း (၇)ဦး ပွဲချင်း ပြီး သေပြီးတဲ့အခါကျတော့ ကျန်တာတွေက အကုန်လုံး ဆေးရုံတင်လိုက် ရပါတယ်။ အဲလိုဟာတွေ အခု ဒီရက်အတောအတွင်းမှာလည်း ကျွန်မတို့ မိတ္ထီလာနှင့် တောင်ကြီးသွားတဲ့ကား (၁၀)ရက်နေ့ကပါ၊ (၁၀)ရက်နေ့ကပဲ၊ ချောက်ထဲ ထိုးကျလို့ လူ (၄)ဦးက ပွဲချင်းပြီး သေပြီးတော့ (၁၆)ဦးက ဒဏ်ရာရတာတွေ ရှိပါတယ်။ အဲဒီတော့ နောက်ဒီမှာ ဘာတွေတွေ့လည်း ဆိုလို့ရှိရင် ရာသီဥတုကြောင့် ဖြစ်တာရှိတယ်။ လူကြောင့်မို့ ဖြစ်တာရှိတယ်။ လမ်းတွေကျဉ်းလို့ ဖြစ်တာရှိတယ်။ နောက်တစ်ခုကျတော့ ဆိုင်ကယ်လိုဟာမျိုးတွေ ဆိုလို့ရှိရင် ရှေ့မီးတွေ၊ နောက်မီးတွေမပါလို့ ကျွန်မဆို မကြာခဏ အဲဒါကြုံပါတယ်။ အဲဒီလို မီးမပါဘဲနဲ့ မောင်းတဲ့ ယာဉ်တွေ အဲဒါတွေကလည်း အင်မတန် အန္တရာယ်ကြီးပါတယ်။ နောက်တစ်ခါ နယ်စပ် ဒေသတွေမှာ ဆိုလို့ရှိရင် ဥပမာ ချင်းပြည်နယ်လို ရှမ်းပြည် နယ်လိုနေရာတွေမှာ ဆိုလို့ရှိရင် တောင်ကမ်းပါးယံဘေးမှာ ဖောက်ထားတဲ့ ကမ်းပါးယံပတ်လမ်းတွေမှာ ဆိုလို့ရှိရင် ချောက်ထဲကို

မကြာခဏ ကားတွေထိုးကျသွားလို့ ခရီးသည်တွေ အသက်တွေဆုံးရှုံးတာ ကြားဖူးပါတယ်။ မေမြို့မှာဆိုလို့ရှိရင်လည်း နှစ်ပေါင်းများစွာက တည်းက အဲဒါတွေ မကြာခဏ ဖြစ်တာတွေ ကျွန်မတို့ ကြုံဖူးပါတယ်။ အခုရန်ကုန်မှာဆိုရင်လည်း ဘုရင့်နောင်တို့ ဗန္ဓုလတို့ အဲလို တံတားတွေရဲ့ အပေ ါ်ကနေပြီးတော့ အရှိန်လွန်ပြီးတဲ့ အခါကျတော့ ကျသွားတာတွေလည်း ရှိပါတယ်။ အဲဒီကျတော့ ကျွန်မတို့ ဒဂုံမြောက်ပိုင်းမှာ ဆိုလို့ရှိရင် လမ်းကျဉ်းတဲ့အတွက်ကြောင့်မို့လို့ နောက်ကားနဲ့ ရှေ့ကားကျော်အတက်မှာ ကျွန်မရှေ့တွင် ဖြစ်တာတွေလည်း ကြုံဖူးပါတယ်။ ကလေးမလေးက ဆိုင်ထဲကနေပြီးတော့ လမ်းဘေးက လက်တွန်းလှည်းနဲ့ ဇီးသီးသည်ကို ဝယ်စားမလို့ ထွက်သွားတော့ ဇီးသီးသည်ရဲ့ လှည်းရော၊ အဲဒီဝယ်စားနေတဲ့ ကလေးမလေးရော၊ တစ်ခါတည်း တိုက်သွားလို့ ပွဲချင်းပြီး အဲဒီတုန်းကလည်း သေတာ ကြုံဖူးတယ်။ နောက်တစ်ခါကျ တော့ ဟိုတစ်လောကပဲ ကျော်တက်တာဘဲ ကားဘေးကနေပြီးတော့ ဆွဲခိုလာတဲ့အတွက်ကြောင့်မို့ ကားက လဲသွားတဲ့အခါကျတော့ အဲဒီလူအပေါ်ကို ကားပိ ပြီးတော့ အဲဒီလူပွဲချင်းပြီးသေ တာလည်း သိပ်မကြာသေးပါဘူး။ ဒဂုံမြောက်ပိုင်းမှာပါပဲ ကျွန်မတွေ့ဖူးတယ်။ ကျွန်မကိုယ်တိုင် ကတော့ ဘာကြုံဖူးသလဲဆိုလို့ရှိရင် လမ်းပြောင်းပြန်သွားတာ လမ်းပြောင်းပြန်ဆိုတာက ဒီလို ခြေလျင်လျှောက်မယ်ဆိုလို့ရှိရင် ယာဉ်စည်းကမ်းတွေ၊ လမ်းစည်းကမ်း တွေရှိတဲ့အထဲမှာ လူတစ်ယောက်ဟာ ခြေလျင်သွားမယ်ဆိုလို့ရှိရင် ယာဉ်ကြောကို မျက်နှာချင်းဆိုင်ပြီးတော့ သွားရမယ်လို့ ဒါ နိုင်ငံတော်က ထုတ်ထားတဲ့ စည်းမျဥ်းစည်းကမ်းတွေ ရှိပါတယ်။ သတ်မှတ်ချက် တွေ၊ ဒါပေမယ့် ကျွန်မတို့ ဒဂုံမြောက်ပိုင်းက ရိုးရိုးလူသွားလမ်းပဲ ဆိုပြီးတော့ကာ ပြည်ထောင်စု လမ်းမဆိုတာက ဒဂုံမြောက်ပိုင်းရဲ့လမ်းမကြီးပါပဲ။ အဲဒီမှာကျွန်မက ယာဉ်ကြောကို မျက်နှာချင်းဆိုင် မသွားပဲနဲ့ ယာဉ်ကြောကို ကျောပေးသွားတဲ့အခါကျတော့ နောက်ကကားကလိုက်ပြီးတော့ ကျွန်မကို ဝင်တိုက်လို့ (၁၀)ပေလောက် လွင့်ထွက်သွားဖူးပါတယ်။ အဲဒီတုန်းက မသေတာကံကောင်း လို့ အဲဒီအခါကျတော့ ကာယကံရှင်တွေရဲ့ စည်းကမ်းမလိုက်နာမှု၊ နမော်နမဲ့ဖြစ်မှုတွေဟာလည်း ဒီပြဿနာတွေကို ဖြစ်ပွားစေတာ ဖြစ်ပါတယ်။ အထူးသဖြင့် လူဦးရေထူထပ်တဲ့မြို့ကြီးများနဲ့ တောင်ကမ်းပါးယံကို ဖောက်ထားတဲ့ ပြည်နယ်ဒေသများက တောင်ကမ်းပါးယံ ပတ်လမ်းတွေ၊ အထက်ကအောက်ကို နိမ့်ဆ င်းသွားတဲ့ တံတားဆင်ခြေလျှောလမ်းတွေ၊ မြို့တွင်းက လမ်းကျဉ်းကျဥ်းမှာ ဘတ် (စ်)ကားတွေ ကျော်တက်တာ တွေဟာ အလေးအနက်ထားပြီးတော့ ဒါပြုပြင်ရမယ့်အချက်တွေလို့ ကျွန်မကတော့ ယူဆပါတယ်။ နိုင်ငံတော်မှာရော ကမ္ဘာမှာပါ။

အာဆီယံအပါအဝင် ကမ္ဘာမှာပါ လူ့စွမ်းအား အရင်းအမြစ်ကို ရှေ့တန်းတင် တန်ဖိုးထားနေကြတဲ့ အခုလိုအချိန်မှာ အရင်ကထက်ပိုပြီးတော့ တိုင်းပြည်ရဲ့လူဦးရေနဲ့ လူ့အရင်းအမြစ်တွေကို တန်ဖိုးထားပြီးတော့ ထိန်းသိမ်းစောင့်ရှောက်ကြရမှာ ကျွန်မတို့ရဲ့တာ ဝန် ဖြစ်ပါတယ်။ အဲဒီအခါကျတော့ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ရှင်။ ကျွန်မတို့ရဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ ဝန်ကြီးဌာနအသီးသီးမှာလည်း ပြည်သူလူထုရဲ့ စား ဝတ်နေရေးနဲ့ အသက်အိုးအိမ်စည်းစိမ်တွေကို မူဝါဒ၊ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နေတာကို ကျွန်မတို့က အခုဆိုလို့ရှိရင် လေ့လာပြီးတော့ သိရှိရပါတယ်။ ဒါကြောင့်မို့လည်း လွန်စွာအားရ ကျေနပ်မှုကို ကြိုဆိုပါတယ်။ သို့သော်လည်းပဲ ခုအခါမှာ ယာဉ် မတော်တဆမှုများဟာ ယာဉ် မတော်တဆမှုကြောင့် ပြည်သူလူထုရဲ့ နှမြောစရာကောင်းတဲ့ ဆုံးရှုံးစွန့်လွှတ်ခဲ့ရတဲ့ အသက် ပေါင်းများစွာ ရှိနေဆဲဖြစ်တဲ့အတွက်ကြောင့်မို့ ကျွန်မ ဦး ဝင်းနောင် ရဲ့ နိုင်ငံတော်တစ်ဝန်းတွင် ယာဉ်မတော်တဆဖြစ်မှုများနဲ့ ယာဉ်မတော်တဆဖြစ်မှုများကြောင့် လူအများထိခိုက်ဒဏ်ရာရ သေဆုံးမှုများ အမှန်တကယ် လျော့နည်းကျဆင်းသွားစေရန်အတွက် သင့်တော်သည့် နှစ်ကာလ တစ်ခုကို လျာထားသတ်မှတ်၍ မဖြစ်မနေချမှတ် အကောင်အထည်ဖော် ဆောင်ရွက်သင့်ကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းသည့်အဆိုကို ကျွန်မ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၁(ဃ)၊ ၃၈၉၊ ၃၉၃၊ ၃၉၀(ဂ) တို့အရ ကျွန်မ အလေးအနက် ဆွေးနွေးထောက်ခံ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

**အချိန်၊ ၁၅:၅၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်မျာခင်ဗျား။ ညနေ၁၆း၀၀ နာရီ ဖြစ်ပေမယ့် လက်ရှိအစီအစဉ်ကို ပြီးစီးအောင် ဆောင်ရွက်မည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ယခု ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာတင်ရွှေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၅:၅၅။**

**ဒေါက်တာတင်ရွှေ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ် ပါသော အ မျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ၊ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး အစဉ်ထာဝရ ရွှင်လန်းချမ်းမြေ့ပါစေကြောင်း ဆုမွန်ပို့သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး အမှတ် (၅)နယ်မြေမှ

အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကြီး ဦးဝင်းနောင် ရဲ့ တင်သွင်းထားတဲ့ အဆိုဖြစ်တဲ့ ကျွန်တော်တို့ နိုင်ငံတော်တစ်ဝန်းမှာ ယာဉ်မတော်တဆဖြစ်မှုများနဲ့ ယာဉ်မတော်တဆမှုကြောင့် လူအများထိခိုက်ဒဏ်ရာရ သေဆုံးရမှုများ အမှန်တကယ်လျော့နည်းကျဆင်းသွားစေရန် အတွက် သင့်တော်သည့် နှစ်ကာလတစ်ခုကို လျာထားသတ်မှတ်၍ မဖြ စ်မနေ ချမှတ်အကောင်အထည် ဖော်ဆောင်ရွက်သင့်ကြောင်း ပြည်ထော င်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ကျွန်တော့် အနေနဲ့ ထောက်ခံသွားမှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးဝင်းနောင် ရဲ့ အဆိုဟာ ကျွန်တော်တို့ တရားတော်နဲ့ ကြည့်မယ်ဆိုရင်တော့ မေတ္တာတရား၊ ဂရုဏာတရားနဲ့ ပေါင်းစပ်ထားတဲ့အဆိုလို့ ယေဘုယျအားဖြင့် ကျွန်တော် တွက်ဆမိပါတယ်။ ဘာကြောင့်လဲ ဆိုတော့ မနုဿတဘာဝေါ ဒုလ္လဘော ဆိုတဲ့ လူအဖြစ် ရရကျိုးနပ်အောင် လူသားတွေရဲ့ အသက်တစ်ချောင်းဟာ မဆုံးရှုံးသင့်ပဲ မဆုံးရှုံးအောင်ဆိုတဲ့ စေတနာကို ထားပြီးတော့ အဆို တင်သွင်းထားခြင်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးရဲ့ အဆိုမှာတော့ အနိဋ္ဌာရုံတွေကို အသီးသီးဖော်ပြခဲ့ပါတယ်။ အဲဒီတော့ ယာဉ်မတော်တဆဖြစ်မှုဟာ ဖြစ်လို့သေရင် သေ၊ မသေရင်ဒဏ်ရာရ မိသားစုအတွက်ဒုက္ခရောက် အစရှိသဖြင့် ဖြစ်နေတာကို ဂရုဏာ တရားဖြင့် တင်ပြတဲ့အတွက် ကျွန်တော်တို့ ပထ မအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးအပြီး ဒီဇင်ဘာလထဲမှာ နံနက်ပိုင်း ကျွန်တော်လမ်းလျှောက်ထွက်တဲ့ အချိန်မှာ ကျွန်တော်ရဲ့ နယ်မြေဖြစ်တဲ့ လမ်းမတော်ဘုန်းကြီးလမ်းထောင့်မှာ အရှိန်ပြင်းစွာ မောင်းလာတဲ့ ကားတစ်စီးနဲ့ ကျောင်းသူ /ကျောင်းသားလေးတွေကို ကျောင်းပို့ ဖို့ကြိုတဲ့ ကျောင်းကြိုယာဉ်နဲ့ တိုက်မိကြပါတယ်။ ထိုအခါမှာ ကျောင်းကြိုယာဉ်က (Light Truck ) ဖြစ်နေတဲ့အတွက် အားနည်းတော့ သူက မှောက်သွားပါတယ်။ အဲဒီအချိန်မှာ ကျောင်းသူလေး နှစ်ယောက်ကတော့ လွင့်စင်ပြီးတော့ ကျသွားပါတယ်။ တစ်ယောက်ကတော့ ခေါင်းနဲ့ ခါးတိုင်နဲ့ သွားရိုက် လိုက်တဲ့ အတွက် ထိုင်ပြီးတော့ မေ့သလောက်ဖြစ်သွားတဲ့ အခြေအနေ ရှိပါတယ်။ ဝုန်းကနဲဆိုတဲ့ ကြားလိုက်တဲ့အသံကြောင့် ကျွန်တော်လည်း လှည့်ကြည့်ပြီးမှ သွားရောက်ပြီး ရဲအဖွဲ့တွေကလည်း လမ်းမတော်ရဲစခန်းနဲ့နီးတော့ ရောက်ရှိနေပါတယ်။ ဒါကြောင့်မို့လို့ ဝိုင်းဝန်းကူညီပြီး ဆေးရုံပို့၊ ဦးနှောက်နဲ့အာရုံကြောမှာတင်၊ (၄)(၅)ရက်လောက်ကို သတင်းမေးအဖြစ်နဲ့ သွားရောက်ပြီးတော့ ဆောင်ရွက်ခဲ့ရပါတယ်။ ပြီးတဲ့နောက်မှာလည်းပဲ တရားသူကြီးထံမှာ ကျွန်တော် (၄)(၅)(၁၀)ရက် လောက်ကြာတဲ့အခါကျတော့ ဒီ Case လေးတော့ ဒီလိုဖြစ်နေတယ်။ ဒါကြောင့်မို့လို့ မှန်မှန်

ကန်ကန်လေးနဲ့ ဆုံးဖြတ်ပေးပါ။ ဒီအပြစ်ချတယ် ဆိုတာကလည်းပဲ နောင်ကို ရှောင်ကျဉ်စေဖို့ အတွက် ဆောင်ရွက်တဲ့လုပ်ငန်း ဖြစ်ပါတယ်။ ဒါကြောင့်မို့ မျှမျှတတနဲ့ စနစ်ကျစွာ ဆုံးဖြတ်ပေးဖို့ ဆိုပြီးတော့ မေတ္တာရပ်ခံတဲ့အခါ တရားသူကြီးကလည်းပဲ တော်တော်လေးကို မှန်မှန်ကန်ကန် လေးကို တိကျစွာဆော င်ရွက်ပေးတဲ့ အနေအထားမျိုး ဖြစ်ပါတယ်။ နောက်ပိုင်းတော့ ဘယ်လို အခြေအနေရှိသလဲတော့ မသိဘူးပေါ့။ အဲဒီလိုရှိပါတယ်။ ကျွန်တော်တို့က နေ့စဉ်နှင့်အမျှ ဒီသတင်းတွေဟာ ကြားနေရပါတယ်။ အဲဒီတော့ ကျွန်တော်မြင်တာကတော့ဖြင့် ဒီယာဉ်တိုက်မှုဟာ တိုင်းနဲ့ပြည်နယ်တွေမှာလည်း အသီးသီးဖြစ်နေ ကြပါတယ်။ ရန်ကုန်မြို့တွင်းမှာလည်း ဖြစ်နေကြ ပါတယ်။ ကျွ န်တော်တို့ ကာတွန်းလေးတစ်ပုဒ်က ဆိုရင် ဟုတ်လား၊ အင်တာဗျူးနေတဲ့ သမီးငယ် လေးက ဘယ်လိုများမောင်းလို့ အချိန်မီရောက်လာပါသလဲရှင်လို့ မေးလိုက်တဲ့အခါကျတော့ဟာ လမ်းတည့်တယ်။ လမ်းဖြောင့်တယ်။ လမ်းဟာမတ်တယ်။ တည့်တည့်ပဲ မော င်းလာလာရတဲ့ အတွက် သတ်မှတ်တဲ့အချိန်ထက် စောပြီးရောက်လာပါတယ်။ ငါ့တူမကြီးရယ် ဆိုပြီးတော့ ဖြေတယ်။ အဲဒီတော့ ကျွန်တော် မြင်တာကတော့ ကျွန်တော်တို့ ဒီမှာ အခေါက်နှစ်ဆယ်၊ အစိတ်လောက် ရှိပါပြီ။ ဒီအတိုင်း ဒီအဝေးပြေးလမ်းမကြီး ရန်ကုန် -နေပြည်တော်ကို ပြန်တဲ့ အခါမှာ ဖြောင့်ဖြောင့်မှန်မှန်နဲ့ မှန်မှန်ကန်ကန် ရှေ့ရှုပြီးတော့ အာရုံစိုက်ပြီး မောင်းသွားတဲ့ အချိန်မှာ ပြဿနာဟာ တစ်ခုမှကြုံရခြင်း မရှိပါဘူး။ သို့သော်လည်းပဲ အဲဒီလိုဖြောင့်မတ်မှန်ကန် တိကျတဲ့လမ်းကြီးမှာတောင် တိုက်မှုတွေဖြစ်တယ်ဆိုတာကိုလည်းပဲ ကြားသိနေရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ရန်ကုန်အဝင်ဝမှာတော့ရေးထားတဲ့ ဆိုင်းဘုတ်ကလေးရှိပါတယ်။ ယာဉ်မောင်းသူများ အိပ်မငိုက်စေရန် သတိပေးပါဆိုတဲ့အချက် အဲဒီတော့ အိပ်ငိုက်တယ်ဆိုတာက ကျွန်တော်တို့ Sleeping Disease ပေါ့။ အိပ်ချင်တဲ့ရောဂါ အိပ်ချင်တဲ့ရောဂါကို ဖြစ်နေတော့ ဒီကနေ့က ဦးဖုန်းမြင့်အောင်ကလည်း ဆွေးနွေးသွားပါတယ်။ အရက်အကြောင်း နောက် ဒေါက်တာဖေသက်ခင် ပြည်ထောင်စုဝန်ကြီးကလည်း အရက်အကြောင်း ပြောသွားတယ်။ ဒါပေမဲ့လို့ ကျွန်တော်တို့ ရှင်မဟာရဋ္ဌသာရ ကနေပြီးတော့ ဆုံးမစကားလေး ရှိပါတယ်။ သေ ရည်အရက် တစ်စက်ကယ်မျှ မသောက်ကြနဲ့ဆိုပြီးတော့ ရှင်တော်ဟောတဲ့ အဆိပ်ရည် ဆိုပြီးတော့ လုပ်ထားပါတယ်။ ဒါပေမဲ့ ဆေးအဖြစ်ဝါးအဖြစ်နဲ့တော့ ကျွန်တော်တော့ မသောက်ပါဘူး။ ဆေးအမှတ်အဖြစ်ဝါးအဖြစ် နဲ့တော့ သောက်တယ်ဆိုတာကတော့ ရပါတယ်။ ဒါပေမဲ့ လွန်လွန်ကြူးကြူးသောက်လာတဲ့ အခါကျတော့ သူက SEDATION ပဲ။ ဆေးပညာမှာကတော့ ဒါတွေဟာအိပ်စေတဲ့ ဆေးတွေပါပဲ။

နောက်ဆိုကျွန်တော်တို့ ဘိန်း၊ ဘင်း၊ ကစော်၊ လျှော်စာ၊ အရက်ဟာ ဤငါးချက်သည် မူးယစ်စေတယ်လို့လည်း ဆိုထားပါတယ်။ ဒီဥစ္စာတွေသောက်ပြီးတော့ ဒီကားတွေကိုမောင်းမယ် ဆိုရင်တော့ တစ်ချီမဟုတ် တစ်ချီ သိပ်ကိုစိတ်ထိန်းနိုင်မှ မထိန်းနိုင်တဲ့လူကတော့ တိုက်မှာပဲ။ အဲဒါကြောင့်မို့လို့ အကြံဉာဏ် ပေးချင်တာကတော့ အရက်မူးတိုင်းတဲ့ကိရိယာတွေကို ဆောင်ပေးထားပါ။ နောက်တစ်ခါ လမ်းတွေမှာကြီးကြပ်ဖို့အတွက် ပုဂ္ဂိုလ်တွေလိုပါတယ်။ ဌာနဆိုင်ရာတွေကတော့ မလုပ်ဘူးမဟုတ်ဘူး။ လုပ်တယ်။ တကယ်ကို လုပ်နေကြတယ်။ လုပ်တဲ့အချိန်လုပ်တာပေါ့။ မလုပ်တဲ့အချိန်ကျတော့လည်း ဝုန်းဒိုင်းဆို တို က်နေကြတာပဲ။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ တတ်နိုင်ရင်တော့ သက်ဆိုင်တဲ့လမ်းကြောင်းကို သက်ဆိုင်တဲ့ပုဂ္ဂိုလ်များ ကုန်းလမ်းပို့ဆောင်ရေးကပဲဆိုင်တယ်ဆိုရင်လည်း ကု န်လမ်းပို့ဆောင်ရေးအနေနဲ့ ဒီအရက် မူးတိုင်းကိရိယာတွေကို ဖန်တီးပေးပါ။ ဒါမဟုတ်ရင်လည်း အခုကျွန်တော် Sea Game အတွက် ဆောင်ရွက်နေကြတဲ့ဆက်သွယ်၊ ဆက်ဆံရေးအရာရှိတွေ အဲဒီလိုမျိုး Road Safety Officer (or) Road Safety Incharge ဆိုပြီးတော့ ဒါမျိုးတွေခန့်ဖို့ လိုပါတယ်။

ကျွန်တော်တို့ ဒီမြန်မာနိုင်ငံရဲ့ HRDခေါ်တဲ့ Human Resources Development ဖြစ်ပွားအောင်ကတော့ ကျွ န်တော်တို့ နည်းနည်းတော့ အရင်းစိုက်ရမယ်။ Invest လုပ်ရမယ်။ နောက်တစ်ဖွဲ့တည်းနဲ့လည်း မရပါဘူး။ ဝန်ကြီးဌာနတစ်ခုတည်းနဲ့လည်းမရဘူး။ အဲဒီတော့ စုပေါင်းပြီးတော့ ကျွန်တော်တို့ တစ်နေ့က ပြည်ထောင်စုလွှတ်တော်မှာ ပြည်ထောင်စုလွှတ်တော်ရဲ့ ကိုယ်စားလှယ်ကြီးတစ်ယောက်ပြောသလို ဝန် ကြီးတွေလည်းပဲ ကျောချင်းမကပ်ပါနဲ့။ ရင်ချင်းကပ်စမ်းပါ။ ကပ်ပေးပါဆိုတဲ့ ဆွေးနွေးမှုတွေ ညှိနှိုင်းမှုတွေ လုပ်ရပါတယ်။ နောက်ကျွန်တော်တို့ မ .ထ.သ မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးတွေရှိတယ်။ နောက်အစရှိသည်ပေါ့။ သန်မြန်သူတွေ ရှိတယ်။ အဲဒီအဖွဲ့အစည်းတွေကလည်း တစ်ဖွဲ့နဲ့တစ်ဖွဲ့နော်၊ ညီညီညွတ်ညွတ်နဲ့စုပေါင်းပြီးတော့ ကျွန်တော်ခုနကပြောခဲ့တဲ့ Road Safety Incharge (or) Road Safety Officer ဖြစ်ဖို့ကို နည်းနည်းပံ့ပိုးပေးစေချင်ပါတယ်။ နည်းနည်းတော့ လုပ်ငန်းတွေ အားလျော့တယ်။ သက်ဆိုင်တဲ့ပုဂ္ဂို လ်တွေကလည်းပဲ မိမိတို့ရဲ့လုပ်ချင်တဲ့ဆန္ဒတွေကို စားပွဲပေါ်မှာ မထိုင်နေကြ ဘဲနဲ့ ထိထိရောက်ရောက်နဲ့ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဝင်နောင် ပြောသလို လာမယ့် ၂၀၁၃ ဟာ Sea Game ၂၀၁၄ ကျရင်လည်း ကျွန်တော်တို့ ပြည်ထောင်စုသမ္မတကြီးကနေပြီးတော့ အာဆီယံဥက္ကဋ္ဌ အဖြစ်

ခံယူမယ်လို့ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ဂုဏ်က တက်နေပြီ ဖြစ်ပါတယ်။ အဲဒီတော့ ဂုဏ်တက်နေတဲ့အလျောက်ကို နိုင်ငံအတွက်ကိုလည်း ပြုပြင်မွမ်းမံပြီးတော့ စည်းစည်းရုံးရုံးနဲ့ ဆောင်ရွက်ဖို့ အထူးလိုပါတယ်။ ဒီတစ်ဖွဲ့တည်း တစ်ယောက်တည်းကနေ ရှုနေလို့ မရပါဘူး။ တကယ်လက်တွေ့ကျကျ ဇောက်ချပြီးတော့ကို အာရုံစိုက်ပြီးတော့ ကျွန်တော်တို့ နိုင်ငံတော် အတွက် ကြိုးစားမယ်။ ဆောင်ရွက်မယ်ဆိုတဲ့အတိုင်း ဆောင်ရွက်ပေးဖို့ လိုပါတယ်။ နောက် ယာဥ်စစ်တဲ့ က .ည.န ခေါ်မယ့် ကုန်းလမ်းပို့ဆောင်ရေးက ယာဥ်စစ်တဲ့အဖွဲ့တွေ ကလည်း သေသေချာချာဒီကားရဲ့ Maintenance တွေ အဲဒါတွေကို ထိန်းသိ မ်းဖို့ လိုပါတယ်။ အခု နောက်ထပ်ဆိုရင် ကားအိုကားဟောင်းတွေကို ဖျက်လိုက်ပြီဖြစ်တဲ့အတွက်ကြောင့်မို့လို့ နောက်ကား အသစ်တွေ စုစုပေါင်း (၂၀၀၀)ကျော်လောက် သွင်းအုံးမယ်။ တော်တော်ကို ကျွန်တော်တို့ ရန်ကုန်မှာလည်း များမယ်။ နယ်တွေမှာလည်း သွားသွားလာလာ ဒါတားလို့ မရတဲ့ဟာတွေပ ါ။ နိစ္စဓူဝ ဆောင်ရွက်နေကြရမယ့် လု ပ်ငန်းတွေဖြစ်တဲ့အတွက် တွင်တွင် ကျယ်ကျယ်နဲ့ ဆောင်ရွက် နိုင်အောင် ဘေး ကင်းအောင် ရန်ကင်းအောင် ဒီအရာရှိ လောင်းတွေကို ကျွန်တော်တို့ ရွေးထုတ်ပြီးတော့ ဆောင်ရွက်ရင်ပိုပြီးတော့ မွန်မြတ်ပါလိမ့်မယ်။ ဖြစ်ပွားမှုတွေ လျော့လိမ့်မယ်လို့ ယူဆပါတယ်။ နောက်ဒီအဆိုရှင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး တင်ပြသွားသလိုပါပဲ ၂၀၁၄ ခုနှစ်ဟာ မော်စကို အဲဒါမှာ ရု ရှားနိုင်ငံမော်စကိုရဲ့ ဒီ Convention မှာ ချုပ်ဆိုထားတဲ့ Target တွေ Target Year ဖြစ်ပါတယ်။ ဒီအချိန်မှာ ကျွန်တော်တို့ မြန်မာနိုင်ငံကလည်း လက်မှတ်ထိုးပြီးတော့ Convention မှာ ဆောင်ရွက် လာခဲ့တာဖြစ်တဲ့ အတွက် ၂၀၁၄ မှာ ကျွန်တော်တို့ရဲ့ Result တွေဟာ ပြန်ကျဖို့ လိုပါတယ်။ အခုဒီ ၂၀၁၁ခုနှစ်မှာ ဆိုလို့ရှိရင် သတင်းစာမှတ်တမ်းအရကြည့်မယ်ဆိုရင်တော့ ဒီ ၂၀၁၁ ဟာ Record ချိုးတဲ့ အနေအထားမျိုး ရှိပါတယ်။ အားလုံးပေါင်း (၃၂၀)လောက် သတင်းစာတွေ စုထားပါတယ်။ (၃၂၀)လောက်ကို သေဆုံးတယ်။ ဒဏ်ရာရတဲ့ လူတွေကတော့ ထောင်ကျော်ပါတယ်။ ၂၀၁၁ကတော့ တကယ်ကို ဆိုးဆိုးဝါးဝါးနဲ့ ဖြစ်ခဲ့တဲ့ နှစ်ပါ။ ဒါကြောင့်မို့လို့ လာမယ့် ၂၀၁၂ကတော့ အခုကျွန်တော်တို့ ဖေဖော်ဝါရီဆိုရင် ဆောင်ရွက်နိုင်ပါသေးတယ်။ ရန်ကုန်တိုင်း က လည်း တော်တော်လုပ်ပါတယ်။ လုပ်တာကတော့ လုပ်တယ်။ ဒါပေမဲ့ အဆင်မချောသေးဘူးပေါ့နော်။ ကျွန်တော်ပြောသလိုပဲ လွတ်ရင်လွတ်သလို နောက်မီးပွိုင့် တွေကိုစ္စ မီးပွိုင့်တွေကလည်း ကုန်မယ့်အတူတူ မထူးပါဘူး။ ကောင်းတဲ့မီးပွိုင့်မျိုးကို ဖန်တီးဖို့လို ပါတယ်။ မီးပွိုင့် တွေကလည်း မနက် (၅)နာရီလောက်ဆိုရင်

ကျွန်တော်တို့ကတော့ လမ်းမတော်ဘက်နေတော့သာကေတဘက်က ကားလည်းလာတယ်။ အင်းစိန်ဘက်က ကားလည်းလာတယ်။ လှိုင်သာယာဘက်က ကားလည်းလာတယ်။ အဲဒီကားတွေက စုံတော့ သူတို့ရဲ့ လောဘ၊ ဒေါသ၊ မောဟ ဒီကိလေသာ စိတ်တွေပေါ့။ ဒါတွေကိုလည်းပဲ မ .ထ.သ အနေနဲ့က ကျွန်တော်တို့ ယာဥ်မောင်းတွေ၊ ယာဥ်နောက်လိုက်တွေ ပညာပေးဖို့ လိုပါတယ်။ အသိတရားတွေနဲ့ တစ်ပတ်မှာ(၇)ရက် (၇)ရက်မှာ အနားပေးဖို့သင့်ပါတယ်။ နှစ်ရက်လောက်ကို တစ်ပတ်ကို (၂)ရက် ဒါမှမဟုတ် Alternate ဒီတစ်ပတ်မှာ (၂)ရက် နောက်တစ်ပတ်မှာ (၁)ရက် နောက်တစ်ပတ်မှာ(၂)ရက် ဒီယာဥ်မောင်းတွေဟာ အရမ်းကို ရတဲ့အခြေအနေ ရှိတယ်။ ဝင်ငွေ သိပ်ကောင်းနေတဲ့ အခြေအနေ ရှိတယ်။ ဒါပေမဲ့ ကား Owner တွေကတော့ ဆွေးနေတာပဲနော်။ တစ်နေ့မှ (၁၅၀၀၀)ရ သူတို့ပြောသမျှခံနေရတယ်။ အဲတော့ မ .ထ.သ ကလည်းပဲ စည်းနဲ့ ကမ်းနဲ့ကို ဆောင်ရွက်ပေးပါ။ ဒါမှလည်းပဲ ကျွန်တော်တို့ ကားတွေရဲ့ Maintenance ကို ဆောင်ရွက်လို့ ရမှာဖြစ်ပါတယ်။ နောက်အခု ကျွန်တော်တို့ရဲ့ခန္ဓာကိုယ်က ရုပ်နဲ့နာမ်နဲ့ပဲ အဲတော့ ဒီဟာ လေးတွေက ဂရုဏာတရားနဲ့ယှဥ်ပြီးတော့ ဆွေးနွေးရမယ့်ကိစ္စလေးတွေ ဖြစ်ပါတယ်။ အခုဆိုလို့ရှိရင် ကျွန်တော်တို့ကားဆရာတွေဟာ တိုက်မိတယ်။ တိုက်မိတယ်ဆိုလို့ ရှိရင် သူတို့က ဒရိုင်ဘာတွေ ထွက်ပြေးကြတယ်။ ထွက်ပြေးတာ သူတို့ နှစ်မှုပေါ်မှာစိုးလို့ ကျွန်တော်မြင်တာ ကတော့ တိုက်မှုကလည်းပေါ်မယ်။ သူတို့ရဲ့ အာခေါင်အာရင်းကို စမ်းလိုက်တဲ့အခါမှာ အရက်နံ့ ကလည်း ထွက်လာမယ်။ ဒါကတော့ အလွန် အကျွံသောက်တဲ့ သူပါ။ ကျန်းမာရေး အတွက် သောက်တဲ့သူကတော့ သိပ်မဖြစ်ပါဘူး။ အဲ တော့ အဲဒီဥစ္စာလေးတွေ ကိုကျွန်တော်တို့က AlcoholicTester တွေနဲ့ စမ်းဖို့ လိုပါတယ်။ အဲလို Officer တွေထားမှပဲ ယာဥ်ထိန်းရဲကလည်း ရှိတော့ရှိတယ်။ ဒါပေမဲ့ အင်အားနည်းတယ်လို့ ကျွန်တော် ထင်ပါတယ်။ ဟိုဒင်းလာမယ်။ ဘယ်သူ လာမယ်။ အခမ်းအနားရှိတယ်။ အဲဒါမျိုးတွေ ပြင် ဆင်ရတာနဲ့ဘာနဲ့ဌာနဆိုင်ရာတွေကို ဘာမှ အပြစ်မဆိုလိုပါဘူး။ ကျွန်တော်တို့ လုပ်ရမယ့်အလု ပ်ကလေးကိုသာ နည်းနည်းပိုလုပ်ဖို့ လိုပါ တယ်။ ခုနက ရုပ်နဲ့နာမ်နဲ့ကိုဆက်လိုက်လို့ရှိ ရင် ကျွန်တော်တို့ လယ်တီဆရာတော် ဘုရားကြီးက ဘာပြောခဲ့လည်း နာမ်ကောင်းမှရုပ်သက်သာမယ်။ နာမ်ဆိုတာ စိတ်ပါ။ စိတ်ကော င်းမှ ရုပ် သက်သာမယ်။ နာမ်မကောင်းလို့ရှိရင် ရုပ်က Dog ဖြစ်လိမ့်မယ်။ အဲဒီလို လယ်တီဆရာတော် ဘုရားကြီးက အမိန့်ရှိပါတယ်။ အခုကျွန်တော်တို့ ပြီးခဲ့တဲ့ဒီဇင်ဘာထဲမှာဆိုရင် လှိုင်မြို့နယ်မှာ ပင်စင်သွားထုတ်တဲ့ အမျိုးသားကြီးတစ်ယောက် သူ့ကို (၂၂၇)ဆိုတဲ့ကားကဝင်ပြီး ကျုံးသွားတယ်။

အဲဒါကို မောင်းသွားတယ်။ ဘယ်ဟုတ်မလဲ ဒီကိုယ်တော်တွေ အရက်သောက်ထားကြတယ်။ နောက်တော့မှပါလာတဲ့ Passenger တွေကနေ ဟာ မဖြစ်ဘူး မဖြစ်ဘူး ဟိုမှာနှာခေါင်းသွေးတွေ ထွက်နေပြီဆိုပြီး အတင်းတားတော့မှ နောက်ပြန်ပြီး ဆုတ်ပြီးတော့ အဲဒီ လူနာကို ကားပေါ်တင် ကားပေါ်တင်ပြီးတော့ ဆေးရုံသွားပို့ပေးမယ်မှတ်တယ် နောက်တစ်နေရာ လည်း ရောက်လည်း ရောက်ရော ကဲ အားလုံးဆင်းကြပါ။ ကျွန်တော်တို့ ဆေးရုံးသွားပို့မလို့ပါ ဆိုပြီးတော့ အဲဒီတိုက်ခံရတဲ့ပုဂ္ဂိုလ်ကို ခေါ်သွားတယ်။ ခေါ်သွားပြီး တစ်နေရာကျတော့ ချပစ်ခဲ့တယ်။ ဒါပေမဲ့နည်းနည်း Intelligent ရှိတဲ့ပုဂ္ဂိုလ်ကနေ သတင်းပေး လိုက်တဲ့အခါ ပါတယ်။ ဒါ ကျွန်တော်ဖြီးပြောတာ မဟုတ်ဘူးနော်။ သတင်းစာထဲမှာကို အတိအလင်း ပါပါတယ်။ သက်သေ ပြချင်လို့ အဲဒီလို ရှိပါတယ်။ နောက်ထပ် အဲဒီ လို ကျွန်တော်တို့နာမ်က စိတ်တွေက ပြောင်းနေ ကြပြီခင်ဗျား။ အဲဒီတော့ ဒီကျွန်တော်တို့ရဲ့ အမျိုးသားလွှတ်တော် ကို ယ်စားလှယ်ကြီးရဲ့ အဆိုပြုချက်က ရာနှုန်းပြည့်ကို မှန်ပါတယ်။ သက်ဆိုင်တဲ့ဌာနတွေ၊ သက်ဆိုင်တဲ့ပုဂ္ဂိုလ်တွေက စုပေါင်းပြီးတော့ ကျွန်တော်တို့မြန်မာနိုင်ငံတော်နဲ့တကွ WHO တို့ WHO ကလည်း ဒါ သူတော်တော်လေးကို မြန်မာပြည်ရဲ့ကားတိုက်မှုနှုန်းကို သူလည်းတော်တော်အကဲခတ်ပြီး ကြည့်နေ တယ်ထင်တယ်။ အဲဒီတော့ ကျွန်တော် ၂၀၁၄ အမှီ ဒီ ကျွန်တော်တို့ရဲ့ မြန်မာနိုင်ငံ တော်ကြီး တိုးတက်နေတဲ့အမျှ ကားတိုက်မှုတွေကိုလည်းပဲ အဆိုရှင်ကနေပြီးတော့ မေတ္တာဂရုဏာ နဲ့ တင်ပြသွားသလို သက်ဆိုင်ရာပုဂ္ဂိုလ်တွေကလည်းပဲ ကျွန်တော်တို့ ကားလောကကို ထိန်းထိန်း သိမ်းသိမ်းပြင်ဆင်ပြီးတော့ ကျွန်တော်တို့မြန်မာနိုင်ငံအတွက် ဂုဏ်ယူစရာဖြစ်အောင် ဆောင်ရွက်ပေး နိုင်ကြပါစေလို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး များအား ကြားသိစေချင်ပြီး ကျွန်တော်ရဲ့ ဆွေးနွေးချက်ကို နိဂုံးချုပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၆း၁၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂)မှ ဦးဝင်းမောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၆း၁၄။**

**ဦးဝင်းမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုး သားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဝင်းမောင် ဖြစ်ပါတယ်။ ကျွန်တော် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီ ဥက္ကဋ္ဌဖြစ်တဲ့ ဦးဝင်းနောင် ရဲ့ ယာဉ်မတော်တဆမှုကြောင့် လူများထိခိုက်ဒဏ်ရာရ သေဆုံးမှုများ အမှန်တကယ် လျော့နည်းကျဆင်းသွားစေရန်ဆိုတဲ့ အဆိုကို ကျွန်တော် ထောက်ခံဆွေးနွေးမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ယာဉ်မတော်တဆ ဖြစ်ရတဲ့အကြောင်းကို ဆန်းစစ်ရင် ယာဉ်မောင်းသူရဲ့ ပေါ့ဆမှု ရှိပါတယ်။ ယာဉ်များချို့ယွင်းမှု ရှိပါတယ်။ နောက်တစ်ဖက်လူ၊ တစ်ဖက်ယာဉ် တွေရဲ့မဆင်မခြင် သွားလာမောင်းနှင်မှု တွေကြောင့် ဒီလိုအချက် (၃)ချက်ကြောင့်လို့ ကျွန်တော် သတိပြုမိပါတယ်။ ပထမတစ်ချက် အနေနဲ့ တချို့ယာဉ်မောင်း တဲ့သူတွေက အရှိန်ပြ င်းပြင်းမောင်းပါတယ်။ မြန်မြန်မောင်းပါတယ်။ မလွတ်တလွတ်နဲ့ ပွတ်ခါသီခါနဲ့ ရှောင်ပြီးတော့ မောင်းတတ် ပါတယ်။ အဝေးပြေးလမ်းမကြီး ပေါ်မှာဆိုရင် ကီလိုမီတာ (၁၂၀)ကျော်အောင် မောင်းကြတာ များပါတယ်။ ပြီးရင် အကွေ့တွေမှာ ဂီယာမချိန်းဘဲနဲ့ ဘရိတ်ကလေးနဲ့ပဲ ထိန်း ပြီးတော့ ကွေ့သွားပါတယ်။ အဲဒီလို ယာဉ်မောင်းတဲ့ သူတွေရဲ့ ပေါ့ဆမှုကြောင့် ယာဉ်မတော်တဆဖြစ်မှုတွေ ပေါ်ပေါက်လာတယ်လို့ ကျွန်တော် သတိပြုမိပါတယ်။ ဒုတိယ တစ်ချက်အနေနဲ့ ယာဉ်ချို့ယွင်းမှု ကြောင့် မတော်တဆမှုများလည်းပဲ ဖြစ်ရပါတယ်။ ဒါကြောင့်မို့လို့ ယာဉ်မတော်တဆ ဖြစ်မှုများ မဖြစ်ရအောင်ကတော့ ကြိုတင် ကာကွယ်ဖို့ လိုပါတယ်။ ယာဉ်မောင်းနှင်ခြင်းမပြုမီ ဘရိတ်၊ မီး၊ ဟွန်း၊ တာယာ၊ ဝှီးနတ်၊ စတီယာရင်၊ ဂီယာ၊ Tierod အစရှိတဲ့ အရေးကြီးတဲ့ အစိတ်အပိုင်းတွေကို ကောင်း၊ မကောင်း စစ်ဖို့လိုပါတယ်။ အထူးသဖြင့် အဝေးပြေး လမ်းမကြီးပေါ်မှာ မောင်းတော့မယ်ဆိုရင်ပိုပြီးတော့မှ ဂရုစိုက်ပြီးတော့မှ စစ်ဖို့လိုပါတယ်လို့တင်ပြလိုပါတယ်။ ဒီအချက်နဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်တဲ့ယာဉ်မောင်းသူများ လက်စွဲစာအုပ် ရှိပါတယ်။ ယာဉ်မောင်းလိုင်စင်ယူမယ်ဆိုရင် ဒီစာအုပ်ကို သူတို့ ပေးပါတယ် ခင်ဗျား ။ အဲဒီ အထဲမှာ ယာဉ်မောင်းနှင်ခြ င်းမပြုမီ စစ်ဆေးရမည့်အချက်များ ဆိုပြီးတော့မှ အသေးစိတ်

ပါရှိပါတယ်။ အဲဒီအချက် တွေဟာ ကျွန်တော်တို့မြို့တွင်းပဲ မောင်းမောင်း High Way ကြီးပဲ မောင်းမောင်း သတိပြုပြီးတော့မှ မော်တော်ယာဥ်ကို စစ်ရမယ့်အချက်ပါလို့ ကျွန်တော် တင်ပြလို ပါတယ်။ နောက် တတိယအချက်အနေနဲ့ကတော့ ကိုယ်က စည်းကမ်းနဲ့အညီ ဆင်ဆင်ခြင်ခြင် မောင်းပေမယ်လို့ တစ်ဖက်က မောင်းလာတဲ့ယာဥ် သို့မဟုတ် လမ်းလျှောက်နေတဲ့သူ အဲဒီ ပုဂ္ဂိုလ်တွေ မဆင်ခြင် ဘူး ဆိုရင်လည်းပဲ ကျွန်တော်တို့ မတော်တဆယာဥ်တိုက်မှုများ ဖြစ် တတ် ပါတယ်။ ဒါကြောင့် လမ်းလျှောက်သွားတဲ့ လမ်းဖြတ်ကူးတဲ့ လူများတွေ့တယ်ဆိုရင် ကျွန်တော်တို့ ယာဥ်မောင်းတဲ့ သူက သူ့ကို စိတ်ရှည်ရှည်နဲ့ စောင့်ကြည့်ပြီးတော့မှ အန္တရာယ်ကင်းအောင် ကိုယ်ကရှောင်ပြီးသွားဖို့ လိုအပ်မယ်။ အလားတူပါပဲ။ တစ်ဖက်က မော်တော်ယာဥ်တွေ မော်တော် ဆိုင်ကယ်တွေ မဆင်မခြင်မောင်းလာရင်လည်းပဲ စည်းကမ်းနဲ့မညီ ကြမ်းကြမ်းရမ်းရမ်း မောင်းလာရင် လည်းပဲ ကိုယ်ဘက်က လျှော့ပေးဖို့၊ ထိန်းပေးဖို့၊ ရှောင်ပေးဖို့ လိုအပ်ပါတယ်လို့ ကျွန်တော် သတိ ပြုမိပါတယ်။ ကျွန်တော့်ရှေ့က ဆွေးနွေးသွားတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများက အထူးသဖြင့် ရန်ကုန်တိုင်းဒေသကြီး(၁)ကဒေါ်ခင်ဝိုင်းကြည်၊ အခုဆရာကြီး ဒေါက်တာတင်ရွှေ တို့ သာဓကတွေ ပြသွားပြီဖြစ်တဲ့အတွက် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်ကို သာဓကများ ချန်လှပ်ခွင့်ပြုပါရန် တင်ပြပါတယ်။ ယာဥ်မတော်တဆဖြစ်မှုများရဲ့အကြောင်းအရင်းကို ဆန်းစစ်မယ်ဆိုရင် မော်တော် ကားမောင်းတဲ့သူတွေ မော်တော်ဆိုင်ကယ်စီးတဲ့သူတွေ လမ်းကွေ့ရင် အချက်ပြမီး မပြပဲနဲ့ ကွေ့တာကို ကျွန်တော်တို့တော်တော်များများတွေ့ရပါတယ်။ အဲဒါယာဥ်မတော်တဆဖြစ်မှုအတွက် အကြောင်းတစ်ချက်လို့ ကျွန်တော် သတိပြုမိပါတယ်။ ဒါ့အပြင် ကြားလမ်းက ထွက်လာရင် မိန်းလမ်းကယာဥ်ကို ဦးစားမပေးပါဘူး။ အဝိုင်းပ တ်ကို ပတ်နေရင်လည်းပဲ အဝိုင်းပတ်ယာဥ်ကို ဦးစားမပေးပါဘူး။ နောက်အကွေ့တစ်ခုကို ကွေ့တယ်ဆိုရင်လည်းပဲ နောက်က ယာဥ်က ရှေ့က ယာဥ်ကို ကျော်တက်ပါတယ်။ ဒီလိုအချက်တွေဟာ ကျွန်တော်တို့ မတော်တဆ ဖြစ်မှုများအတွက် ရှောင်ကြဥ်ရမယ့် အချက်တွေပါလို့ ကျွန်တော်တင်ပြလိုပါတယ်။ နောက် မော်တော်ဆိုင်ကယ် တွေလည်း အထက်ပါအချက်များနဲ့အတူတူပါပဲ။ သို့သော်သူတို့က ဘာတွေပိုသလဲဆိုရင် ဆိုင်ကယ် စီးတဲ့သူတွေက ဆိုင်ကယ်ဦးထုပ် မဆောင်းကြတာကို တွေ့ရပါတယ်။ လူကို(၂)ယောက်(၃)ယောက် တင်ပါတယ်။ မန္တလေးမှာဆိုရင် (၃)ယောက်စီးတာဟာ ပုံမှန်လို ဖြစ်နေပါတယ်။ ရှေ့ဝွကြားထဲမှာ ဆန်အိတ်တစ်အိတ် တင်ပြီးတော့ နောက်က ဖင်ထိုင်ခုံပေါ်မှာ ဆန်အိတ်(၂)အိတ် ထပ်တင်ပြီးတော့ သွားပါတယ်။ ဒီဝိတ်ဟာ မနည်းပါဘူး။ ဒါ့ကြောင့်မို့လို့ အဲဒီလိုစီးတာလည်းပဲ အန္တရာယ်တော်တော်

များများကြီးပါတယ်။ ဒီအချက်အကြောင်းတွေဟာ ယာဉ်တိုက်မှုကို ဖြစ်စေတယ်လို့ ကျွန်တော်တို့ သတိပြုမိပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ယာဉ်မတော်တဆ ဖြစ်မှုကြောင့် လူ အများထိခိုက် ဒဏ်ရာရတာတွေ သေဆုံး ရတာတွေ လျော့နည်းကျဆင်းသွားဖို့အတွက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းနောင် ရဲ့ အဆိုကို ကျွန်တော် အောက်ပါအချက် (၅)ချက်နဲ့ အကြံပြုထောက်ခံအပ်ပါတယ်။ (၁)အချက် ယာဉ်မောင်းလိုင်စင် သင်တန်းပေးခြင်း၊ စစ်ဆေး ခြင်းကို ကြပ်ကြပ်မတ်မတ် ဆောင်ရွက်သွားသင့်ပါတယ်။ အရင်တုန်းကတော့ ယာဉ်မောင်းလိုင်စင် ပေးမယ်ဆိုရင် ကြပ်ကြပ်မတ်မတ် စစ်ပါတယ်။ သေသေချာချာ စစ်ပါတ ယ်။ နောက်ပြီးတော့မှပဲ စိတ်ချမှပဲ သူတို့ကျေနပ်မှပဲ လိုင်စင်ထုတ်ပေးပါတယ်။ ဒီနေ့တော့ နားလည်မှုလေးတွေနဲ့ ထုတ်ပေးတာရှိနေပါတယ်။ နောက် (၂)အချက် ယာဉ်မောင်းသူ လက်စွဲစာအုပ်များ ခုန ကျွန်တော် ဥက္ကဋ္ဌကြီးကို တင်ပြတဲ့စာအုပ်ပါ။ ဒီယာဉ်မောင်းသူများ လက်စွဲစာအုပ်ကို ကျယ်ကျ ယ်ပြန့်ပြန့် ဖြန့်ဝေပေးဖို့ လိုအပ်ပါတယ်၊ ယာဉ်အန္တရာယ်ကင်းဝေးရေး ပညာပေးဟောပြောပွဲများနှင့် ပြပွဲများ အခုလည်းပဲ လုပ်နေပါတယ် ။ မြန်မာနိုင်ငံအနှံ့မှာ လုပ်နေ ကြပါတယ်။ အခုလုပ်နေတာထက် ပိုပြီးတော့မှ ပညာပေးဟောပြောပွဲတွေပြပွဲတွေ ကျယ်ကျယ် ပြန့်ပြန့် ဆောင်ရွက်သင့်ပါတယ်လို့ ကျွန်တော် အကြံပြုလိုပါတယ်။ (၃)အချက်ကတော့ မီးပွိုင့်နီတဲ့အချိန်မှာလည်းပဲ မော်တော်ဆိုင်ကယ်တွေရော၊ မော်တော်ကားတွေရောဟာ ဖြတ်သန်းသွားနေ ကြပါတယ်။ ဇွတ်မောင်းနေကြပါတယ်။ အဲဒါတွေကိုလည်း ယာဉ်ထိန်းရဲတွေက အခါအားလျော်စွာ စစ်ပြီးတော့မှ ထိရောက်တဲ့ပြစ်ဒဏ် ပေးသင့်တယ်လို့ အကြံပြုလိုပါတယ်။ (၄)အချက်ကတော့ ယာဉ်ကြီးနဲ့ယာဉ်ငယ်မတော်တဆ ဖြစ်လို့ တိုက်မိပြီဆိုရင် Law အားဖြင့် ယာဉ်ကြီးက အရှုံးပေးရပါတယ်။ ယာဉ်ငယ် အနိုင်ယူပါတယ်။ ကျွန်တော် ရတနာပုံတက္ကသိုလ်မှာ တာဝန်ထမ်းဆောင်နေစဉ်အခါတုန်းက ကျွန်တော် ကျောင်းသား ကျောင်းသူတွေ ဆရာ /ဆရာမတွေ ဝန်ထမ်းတွေ ယာဉ်တိုက်မှုဖြစ်တယ်ဆိုရင် မော်တော်ကားနဲ့ဆိုရင် ကျွန်တော်တို့ဘက်က ရှုံးပါတယ်။ စက်ဘီးတို့၊ မော်တော်ဆိုင်ကယ် တို့ဆိုရင် ကျွန်တော်တို့ ဘက်က အလျော်ရပါတယ်။ ဒါနဲ့ ကျွန်တော် ရဲစခန်းရောက်၊ ဆေးရုံရောက် ယာဉ်ထိန်းရဲရောက်တဲ့ အခါမှာ ယာဉ်ထိန်းရဲက အကြီးဆုံးဖြစ်တဲ့ ဦးမောင်မောင်စိန် နဲ့ ဒုတိယ အကြီးဆုံးဖြ စ်တဲ့ ဦးသန်းထွဋ်ရှ တို့ မေးကြည့်ပါတယ်။ အဲဒီလိုယာဉ်ကြီးယာဉ်ငယ်ဟာ ဒီအတိုင်းပဲလားလို့ မေးကြည့်

ပါတယ်။ မဟုတ်ပါဘူးတဲ့။ ယာဉ်ကြီး ယာဉ်ငယ်ဆိုတဲ့ ဥပဒေ မရှိပါဘူးတဲ့။ မှားရင်မှားတဲ့ သူက အပြစ်ပါ။ မှန်ရင်မှန်တဲ့သူက လျော်စရာမလိုဘူးလို့ ပြောပါတယ်။ အဲလိုရှိသော်လည်းပဲ ကျွန်တော်တို့ ယာဉ်ထိန်းရဲတွေကတော့ အောက်ခြေတွင် ပြေလည်အောင်ဆိုပြီးတော့မှ ယာဉ်ကြီးကိုပဲ ကြည့်သာ လုပ်လိုက်ပါဗျာ။ ခင်ဗျားတို့ ကြည့်ပြီးတော့ပဲ ညှိလိုက်ကြပါဗျာနဲ့ပဲ လုပ်နေတော့ မှန်ရက်သားနဲ့ အမှားဖြစ်သွားတာလေးကိုလည်း ကျွန်တော်တို့ တွေ့ခဲ့မိပါတယ်။ ဒါတစ်ချက်ပါ။ နောက်ဆုံး တစ်ချက်ကတော့ ခုနဆရာကြီးလည်းတင်ပြသွားပါတယ်။ ဆရာကြီး ဒေါက်တာတင်ရွှေ တင်ပြ သွားပါတယ်။ မီးပွိုင့်တွေ တိုးချဲ့ပေးဖို့လိုပါတယ်။ မီးပွိုင့်ရှိရင် သူ့အချိန်နဲ့သူ ဖြတ်စောင့် ပါတယ်။ မီးပွို င့် မရှိရင်တော့ လွတ်လွတ်လပ်လပ်ပဲ ကြိုက်သလိုကွေ့ပြု ဖြတ်သွားနေရတဲ့ အခါကျတော့ တိုက်ခိုက်မှုတွေဟာ မလိုအပ် ဘဲနဲ့ ဖြစ်ပေါ်လာပါတယ်။ ဒါကြောင့်မို့လို့ အထက် ဖော်ပြပါ (၅) ချက်ကို တင်ပြပေးရင်းနဲ့ ဆရာဦးဝင်းနောင် ရဲ့ အဆိုကို ထော က်ခံပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၆း၁၉။**

**ဥက္ကဋ္ဌ**။ ။ အဆိုနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြန်လည်ဖြေရှင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၆း၂၀။**

**ဒုတိယဗိုလ်ချုပ်ကြီးကိုကို (ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန )**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းနောင်ရဲ့ အဆိုနဲ့ပတ်သက်ပြီးတော့ ကျွန်တော် ပြည်ထဲရေးဝန်ကြီး ဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို မှ လိုရင်းအား ရှင်းလင်း တင်ပြခွင့်ပြုပါခင်ဗျား။ ယနေ့ကမ္ဘာပေါ်မှာ မတော်တဆယာဉ်တိုက်မှုများကြောင့် နှစ်စဉ်လူဦးရေ တစ်သန်းကျော်ဟာ သေကြေနေပြီးတော့မှ သန်းပေါင်း(၅၀)အထိ ထိခိုက်ဒဏ်ရာရ၊ ဒုက္ခိတဘဝသို့ ရောက်ရှိနေကြောင်း မှတ်တမ်းများအရ တွေ့ရှိရပါတယ်။ ဆုံးရှုံးမှု အနေနဲ့လည်း တစ်နှစ်ကို အမေရိကန် ဒေါ်လာ ဘီလီယံ (၇၀)လောက် ဆုံးရှုံးတယ်လို့ သိရပါတယ်။ ထို့အတူပဲ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ လည်း

ဆုံးရှုံးမှုနဲ့ ပတ်သက်လို့ ခုနကိုယ်စားလှယ်တော်ကြီးများ တင်ပြသွားတာဟာ ၂၀၀၉ ခုနှစ်၊ ကိန်းကဏန်းအထိ တင်ပြသွားပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဆက်လက်ပြီးတော့ ၂၀၁၀ ကိန်းဂဏန်းကို တင်ပြပါ့မယ်။ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ ၂၀၁၀ မတော်တဆယာဉ်တိုက်မှုပေါင်းဟာ (၉၀၂၀)ရှိပါတယ်။ ဒဏ်ရာရသူပေါင်းဟာ (၁၆၀၁၃)ဦး ရှိပြီးတော့ သေဆုံးသူပေါင်းဟာ(၂၄၆၁)ဦး အထိ ရှိခဲ့ပ ါတယ်။ ပြီးခဲ့တဲ့ ၂၀၁၁ ခုနှစ်အတွင်းမှာ ယာဉ်မတော်တဆတိုက်မှုပေါင်းဟာ (၁၀၁၂၃)ခု အထိ တိုးလာပါတယ်။ ဒဏ်ရာရသူအနေနဲ့လည်း (၁၇၀၈၀)အထိ တိုးလာပြီးတော့ သေဆုံးသူအနေနဲ့လည်း (၂၇၉၆)ဦးအထိ ကိန်းဂဏန်းတွေ တက်လာတာကို ကြည့်ခြင်းအားဖြင့် ၂၀၁၀ ခုနှစ်ထက်ကို ၂၀၁၁ ခုနှစ်က ပိုမိုပြီးတော့ များပြားလာတာကို အထင်အရှားပဲ တွေ့ရပါတယ်။ နိုင်ငံတော်တစ်ဝန်းလုံးမှာ လူဦးရေနဲ့ယာဉ်စီးရေများပြားလာတဲ့ တိုင်းဒေသကြီးတွေမှာ ယာဉ်မတော်တဆ ပိုမိုများပြားလာတဲ့အတွက် သေဆုံးဒဏ်ရာရသူတွေဟာလည်း များလာတာပဲ ဖြစ်ပါတယ်။ ဒီလို ယာဉ်တိုက်မှုတွေကြောင့် တိုင်းပြည်ရဲ့အရင်းအမြစ် နဲ့ အချိန်အားထုတ်မှုတွေဟာ များစွာထိခိုက် နစ်နာလျက်ရှိကြောင်း တွေ့ရှိရပါတယ်။

လက်ရှိမြန်မာနိုင်ငံမှာ ယာဉ်မတော်တဆလျော့နည်းကျဆင်းရေးအတွက် အပြည်ပြည်ဆိုင်ရာ ယာဉ်ထိန်းသိမ်းခြင်းနည်းစနစ် (၅)ခုဖြစ်တဲ့ “5” E System နဲ့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလို ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိတဲ့နေရာမှာ ပြည်ထဲရေးဝန်ကြီးဌာန ရထားပို့ဆောင်ရေးဝန်ကြီးဌာနရဲ့လက်အောက်မှာရှိတဲ့ (ကညန)နဲ့အတူ ကျန်းမာရေး၊ ပညာရေးဝန်ကြီးဌာနတွေနဲ့ ကျွန်တော်တို့ ပူးပေါင်းပြီးတော့မှ ယာဉ်အန္တရာယ် တားဆီးကာကွယ်ရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အတူပဲ အာဆီယံရဲ့ ရည်မှန်းချက်ဖြစ်တဲ့ ၂၀၁၅ ခုနှစ်မှာ ယာဉ်တိုက်မှုကြောင့် သေဆုံးနှုန်းတွေကို ထိထိရောက်ရောက် လျော့ချရေးအတွက်လည်း အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါတယ်။ ဒီလိုယာဉ်အန္တရာယ်နဲ့ လမ်းအန္တရာယ် ကင်းရှင်းရေးအတွက် ကြိုတင်ကာကွယ် တားဆီးမှုတွေကို အကောင်အထည်ဖော် ဆောင်ရွက်တဲ့နေရာမှာလည်း ဌာနတစ်ခုတည်း အဖွဲ့အစည်းတစ်ခုတည်းနဲ့ နေပြီးတော့မှ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ဖို့အတွက်က ကန့်သတ်ချက်တွေရှိတဲ့အတွက် ဌာနစုံနဲ့ ကဏ္ဍစုံနှင့်တကွ ပြည်သူလူထုအားလုံးကပါ ပူးပေါင်းပါဝင် ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

ဒါ့အပြင် လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် ဥပဒေနဲ့ နည်းဥပဒေထုတ်ပြန်တဲ့ ဌာန၊ အဖွဲ့အစည်း၊ ဒီဥပဒေ၊ နည်းဥပဒေတွေကို ပြည်သူလူထုက လိုက်နာ စေဖို့အတွက် စည်းကြပ်ကွပ်ကဲရတဲ့ ဌာန၊ အဖွဲ့အစည်း၊ တစ်ခါ ဒီဥပဒေကိုလိုက်နာရမယ့် ပြည်သူတွေ အတူတကွ ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်နိုင်တဲ့ကိစ္စ ဖြစ် ပါတယ်။ Check and Balance ဖြစ်ဖို့အတွက် တစ်ခုတည်း၊ တ စ်နေရာတည်းက ဆောင်ရွက်လို့မရတဲ့ ကိစ္စ ဖြစ်တဲ့အတွက် အားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုအစိုးရအဖွဲ့ကနေပြီးတော့မှ သက်ဆိုင်ရာပြည်ထော င်စုဝန်ကြီးတွေကို လမ်းညွှန်ချက်၊ ရည်မှန်းချက်တာဝန်တွေကို အောင်မြင်ဖို့အတွက် ဒါ ချမှတ်ထားပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ နိုင်ငံတော်တစ်ဝန်း ယာဉ်မတော်တဆမှုကြောင့် လူသားအရင်းအမြစ်တွေ မဆုံးရှုံးရေးနှင့် လူများထိခိုက်ဒဏ်ရာရ သေဆုံးမှု၊ အမှန်တကယ် လျော့နည်းကျဆင်းသွားရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာနနဲ့ ရထားပို့ဆောင်ရေးဝန်ကြီးဌာနတို့ တာဝန်ပေးထားပြီးတော့မှ ဝန်ကြီးဌာနတစ်ခုအနေနဲ့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် လျက်ရှိပါတယ်။ ယာဉ်အန္တရာယ်နှင့် လမ်းအန္တရာယ်ကင်းရှင်းဖို့အတွက် ဝန်ကြီးဌာနတွေအနေနဲ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသလို တိုင်းဒေသကြီးနဲ့ ပြည်နယ် တွေမှာလည်း ယာဉ်စည်းကမ်းကြီးကြပ်ရေး ကော်မတီတွေ ဖွဲ့စည်းပြီးတော့မှ တိုင်းနှင် ့ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင ့ထိ ကြီးကြပ်မှုကော်မတီတွေ အဆင့်ဆင့်ဖွဲ့စည်းဆောင်ရွက်လျက် ရှိပါတယ်။ ဒါကြောင့်လည်း ပြည်ထောင်စု ဝန်ကြီးဌာနများနဲ့ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့တွေ ပူးပေါင်းပြီးတော့မှ အာဆီယံရည်မှန်းချက် (Goal of ASEAN)ဖြစ်တဲ့ ၂၀၁၅ ခုနှစ်မှာ ဒီရည်မှန်းချက်တွေ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။ ဒီလို ဆောင်ရွက်တဲ့နေရာမှာ အာဆီယံနိုင်ငံများ ယာဉ်တိုက်မှုအန္တရာယ်ကျဆင်းရေးအတွက်ကို Action Plan တွေကို ရေးဆွဲပြီး တော့ ဆောင်ရွက်ရပါတယ်။ ထို့အတူပဲ မြန်မာနိုင်ငံမှာလည်း ဒီ Action Plan ရေးဆွဲအကောင်အထည်ဖော်ဖို့ စတင်လုပ်ဆောင်နေပြီဖြစ်ပါတယ်။ ဒီလို လုပ်ဆောင်တဲ့နေရာမှာ တစ်နှစ်ကာလ သတ်မှတ်တဲ့ လက်ရှိဆောင်ရွက်မယ့်လုပ်ငန်းတွေ၊ (၂)နှစ် (သို့မဟုတ်) ( ၃)နှစ်ကာလထိ သတ်မှတ်တဲ့ ရေတိုဆော င်ရွက်ရမည့်လုပ်ငန်းတွေနဲ့ (၅)နှစ်ကာလအထိ သတ်မှတ်တဲ့ ရေရှည်လုပ်ငန်းဆိုပြီးတော့ အပိုင်း (၃)ပိုင်းခွဲပြီးတော့ လျာထားပါတယ်။ ဒီရှေ့လုပ်ငန်းစဉ်တွေနဲ့ ပတ်သက်ပြီးတော့ ဆောင်ရွက်မှုတွေကို စတင်ပြီးတော့ လေ့လာဆန်းစစ်လျက် ရှိပါတယ်။ ဒီ Action Plan အကောင်အထည်ဖော်

ဆောင်ရွက်မှုအတွက်ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ကြီးကြပ်လမ်းညွှန်မှုနဲ့ ရန်ကုန်မြို့မှာ Action Plan ရဲ့ ရှေ့ပြေးအဖြစ် စတင်ပြီးတော့မှ ၂၀၁၁ခုနှစ်၊ ဒီဇင်ဘာလ (၁၂)ရက်နေ့က စတင်ပြီးတော့ လုပ်ဆောင်နေပြီ ဖြစ်ပါတယ်။ ဒီဇင်ဘာလ (၃၁)ရက်နေ့အထိမှာ ခြေလျင်သွားရတဲ့ လမ်း အသုံးပြုသူတွေအနေနဲ့ လူသွားစင်္ကြံတွေ၊ လူကူးမျဉ်းကျားတွေ၊ လူကူးခုံးကျော်တံတားတွေက သွားလာဖြတ်ကူးဖို့ အသိပညာပေးကာလအဖြစ် စတင်ဆောင်ရွက်ခဲ့ပါတယ်။ ပညာပေးကာလ ကျော်လွန်တဲ့ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့ကစပြီးတော့ လိုက်နာခြင်းမရှိလို့ရှိရင်တော့ ဥပဒေအရထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းကိုလည်း လူစည်ကားရာ ဒေသတွေမှာ ဒါ စပီကာတွေနဲ့ နှိုးဆော်သတိပေးနေသလို နေ့စဉ်ထုတ်သတင်းစာ၊ ဂျာနယ်၊ မြန်မာ့ရုပ်မြင်သံကြား၊ မီဒီယာတွေကတစ်ဆင့် ပြည်သူတွေအတွင်း နှိုးဆော်ခဲ့ပါတယ်။ ဒါ့အပြင် ဒီလိုပြင်ဆင်မှုပိုင်းမှာလည်း ရန်ကုန်မြို့ပေါ်မှာရှိတဲ့ လူကူးမျဉ်းကျားတွေကိုလည်း ပြုပြင်မွမ်းမံမှုတွေလုပ်ခဲ့ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ ၂၀၀၉ ခုနှစ်ကနေပြီးတော့မှ ၂၀၁၁ ခုနှစ်အထိ ဒီ (၃)နှစ်တာ ကာလအတွင်းမှာ ယာဉ်မတော်တဆမှုဖြစ်ပွားရတဲ့ အကြောင်းအရင်းတွေနဲ့ ယာဉ်မတော်တဆ ဖြစ်ပွားနှုန်းကို ဆန်းစစ်ကြည့်လိုက်တဲ့အခါမှာတော့ ယာဉ်မောင်းသူတွေရဲ့ မဆင်မခြင် မောင်းနှင်မှုကြောင့် အများဆုံး ဖြစ်တာကို တွေ့ရပါတယ်။ မတော်တဆထိခိုက်မှုလို့ ဆိုနိုင်သော်လည်း ဖြစ်စေတန်ရာသည်ကို သိလျက်နှင့် ရမ်းကားခြင်းနှင့် ပေါ့လျော့ခြင်းတွေကြောင့် အများဆုံး ဖြစ်တာကို ဒီယာဉ်တိုက်မှု အများစုကနေပြီးတော့ မှ တွေ့ရှိနေရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ ယာဉ်တိုက်မှုတွေ မဖြစ်ပွားစေဖို့အတွက် ကြိုတင်ကာကွယ်ခြင်းသည် အကောင်းဆုံးအတားအဆီး ဖြစ်တယ်လို့ သုံးသပ်ပြီးတော့ ဒီ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ကစပြီးတော့ ဥပဒေအရ ထိရောက်စွာ အရေးယူ ဟန့်တားဆောင်ရွက်ပြီးတော့မှ ထိရောက်တဲ့ပြစ်ဒဏ်တွေကိုလည်း ချမှတ်နေပြီ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဆိုရှင်တင်ပြသွားသလို နိုင်ငံတစ်ဝန်းမှာ ယာဉ်မတော်တဆမှုနဲ့ ယာဉ်မတော်တဆမှုကြောင့် လူများ ထိခိုက်ဒဏ်ရာရ သေဆုံးမှုတွေကို အမှန်တကယ် လျော့နည်းကျဆင်းသွားဖို့အတွက် သင့်တော်တဲ့ ကာလသတ်မှတ်ပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက်သွားသင့်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅)မှ ဦးဝင်းနောင် တင်သွင်းတဲ့ နိုင်ငံတော်တစ်ဝန်း တွင် ယာဉ်မတော်တဆဖြစ်မှုများနှင့် ယာဉ်မတော်တဆမှုကြောင့် လူများထိခိုက်ဒဏ်ရာရ သေဆုံးရမှုများ အမှန်တကယ် လျော့နည်းကျ ဆင်းသွားစေရန်အတွက် သင့်တော်သည့် နှစ်ကာလ တစ်ခုကို လျာထားသတ်မှတ်၍ မဖြစ်မနေ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားသင့်ကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို အတည်ပြုရန် သဘောတူမတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါ့မယ်။ ဒီလိုဆောင်ရွက်ရာမှာ စက်ခလုတ်ကိုအသုံးပြုပြီး လျှို့ဝှက်မဲပေးစနစ်နဲ့ ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အခု လွှတ်တော်ရဲ့ ဆန္ဒရယူပါ့မယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေ လိုပါတယ်။ ဆန္ဒမဲ ပေးနိုင်ကြပါပြီ။

အဆိုအတွက် ထောက်ခံမဲ (၁၄၇)၊ ကန့်ကွက်မဲ မရှိ။ ကြားနေမဲ (၁)မဲ ဖြစ်ပါတယ်။ ထောက်ခံမဲများတဲ့အတွက် အဆိုအတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ က အမျိုးသားလွှတ်တော် ပဉ္စမနေ့အစည်းအဝေး ရပ်နားကြောင်းနှင့် ဆဋ္ဌမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၆း၃၀။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး ပဉ္စမနေ့ ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြို တင်အကြောင်းကြားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ လာမည့် တနင်္လာနေ့မှာလည်း ရှိကောင်းရှိနိုင်တယ်ဆိုတာ ကြိုတင်အသိပေး ကြေညာအပ်ပါတယ်။(သြဘာသံများ)

**အချိန်၊ ၁၆း၃၀။**

**အခမ်းအနားမှူး** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ၁၆း၃၀ နာရီအချိန်တွင် ရပ်နားပါသည်။]